www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## ချစ်ခြင်းလမ်းတစ်ခုရဲ့နောက်ကွယ်မှာ



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

အစွဲအလမ်းတင်ခွါဒ်ဘောက်ကွယ်မှာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၅၀၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၉၅၁၁၀၈

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၃)၊ ၁၉ လမ်း၊ လသာမြို့နယ်
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်။


## ပြည်သူ့သဘောထား

ပြည်ပအားကိုး' ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး

## (ဆေးတက္ကသိုလ်)

## အစွဲအလမ်းတစ်ခု၏ နောက်ကွယ်မှာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







အိမ်ကနေ ကားမောင်းထွက်လာတုန်းက အကောင်း။ လမ်းကျမှ နီတူးတစ်ယောက် စိတ်ကူးတွေပြောင်းသွားပြီး ဒိုမိနို အိုက်(စ)ကရင်(မ)စားချင်သည် ဖြစ်လာသည်။

"မစားပါနဲ့လားကွာ၊ မိုးတွေရွာနေပြီး ချမ်းလည်းချမ်းနေတာ၊ ဒီအချိန်စားလို့ မကောင်းပါဘူး"

... လို့ ဘယ်လောက်ပြောပြော၊ ဘယ်လောက် ကန့်ကွက် ကန့်ကွက် သူဟာ အမြဲတမ်း နီတူးရဲ့အလိုကို လိုက်နေကျအတိုင်း နောက်ဆုံးကျတော့လည်း နီတူးစကားနားထောင် လိုက်ရတာပါပဲ။ ကားကို မြို့ထဲက အိုက်(စ)ကရင်(မ)ဆိုင်ရှေ့မှာရပ်မယ်လုပ်တော့ ..

"ဟောကောင် စားရရင်ပြီးရောဆိုပြီး ဒီလို ပြီးစလွယ်မရွေးနဲ့လေကွာ"

နီတူး ဖောက်လာပြန်သည်။

"ဒီမှာ ဆိုင်တွေ့ပြီလေ၊ အိုက်(စ)ကရင်(မ)ပဲ ဘယ်မှာစားစားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လျှာအရသာခံပြီး စားတတ်ရမယ်လေ၊ ငါဆို ဒီလိုဆိုင်မျိုး မစားဘူး"

"ဒါဖြင့် ဘယ်ဆိုင်စားချင်တာလဲ"

"ရွှေပုစွန်မှာ"

"ဟာ ... ရွှေပုစွန်ရှေ့က ကားပါကင်ကျပ်တယ်ကွ၊ အစား တစ်လုတ်စားရဖို့အရေး ပါကင်ရှာနေရမှာ မပြီးတော့ဘူး"

"ငါက မြို့ထဲမှာရှိတဲ့ ရွှေပုစွန်ဆိုင်မှာ စားမယ်လို့မပြောခဲ့ ပါဘူး"

"ဟမ် ... ဒါဖြင့် ..."

နီတူးဟာ ရယ်စရာမပါဘဲ ဟက်ဟက်ပက်ပက် ရယ် လေသည်။

"ဟား ဟား ဟား ... သာကေတကဆိုင်ကို ပြောတာ၊ ငါ အဲဒီဆိုင်ကလွဲရင် ဘယ်ဆိုင်မှမသွားဘူး၊ ဘယ်ဆိုင်ကမှလဲ မစားဘူး"

"မင်းကလည်းကွာ မြို့ထဲရောက်နေပြီးမှ တကူးတက အဲဒီ ပြန်သွားရဦးမယ်"

"မောင်ဟန် ... မင်း ငါ့ကို လိုက်မပို့ချင်ရင် မပို့နဲ့။ ငါ ဘာသာသွားမယ်၊ တက္ကစီတွေမှပေါလို့။ ကြိုက်တဲ့ကား တက်စီးပြီး စိတ်အေးလက်အေးစီးသွားရုံပဲ။ မင်းမောင်းတဲ့ ကားကို စီးမယ်ဆိုရင် ဟိုဟာကြည့်ပေးရ၊ ဒီဟာကြည့်ပေးရ





ပါကင်ဝင်လည်း ယောကျ်ားလေးဖြစ်ပြီး မကျွမ်းကျင်တော့ အကြိမ်တစ်ရာလောက် ဖင်ဆုတ် ခေါင်းဆုတ်လုပ်ပြီးဝင်တာ ကို သည်းခံရနဲ့"

နီတူး စိတ်ဆိုးပြီး ကားပေါ်ကဆင်းမယ်လုပ်တော့ သူ ဒီတိုင်းကြည့်မနေနိုင်။ သူ့မှာရှိတဲ့အားနည်းချက်က နီတူးကို ညီလေးတစ်ယောက်လိုလည်းချစ် (နီတူးက သူ့ထက်တစ်နှစ်သာ ငယ်တာပါ) သူငယ်ချင်း တစ်ယောက်လိုလည်း ချစ်ကာ သူ့မှာ သံယောဇဉ်အတွယ်ရဆုံးဆိုလို့ နီတူးတစ်ယောက်သာရှိပါသည်။ နီတူး စိတ်ဆိုးရင် သူ မနေနိုင်။ နီတူးပျော်လျှင် သူ ပျော်သည်။ နီတူး စိတ်ဓာတ်ကျလျှင် သူပါ စိတ်ဓာတ်တွေကျ။ နီတူး ဒေါသ ကြီးလျှင် သူပါ လိုက်ဒေါသကြီး။ နီတူး ဒါလုပ်မယ်ဆို သူပါ အလိုတူအလိုပါ။ နီတူး ခိုင်းရင်လည်း မငြိုမငြင်လုပ်ပေးတတ် လေသူတစ်ဦး ဖြစ်နေသည်တည်း။

"နီတူး ... နီတူး ... မဆင်းသွားနဲ့ကွာ၊ ပြန်တက်ပါ၊ ငါ လိုက်ပို့ပါမယ်၊ မင်းကလည်း ယောကျ်ားဖြစ်ပြီး စိတ်က ချက်ချင်းကောက်ချင်ပြီ"

"ဘာဖြစ်လဲကွ၊ ယောကျ်ားလည်း စိတ်ရှိတာပဲ၊ စိတ်ကောက် တတ်တာပဲ"

ကားက ပါကင်ဝင်မလိုလို ဘာလိုလိုနဲ့ ကိုးလိုးကန့် လန့်ဖြစ်နေလေရာ နောက်ကပါလာသောကားက စိတ်မရှည်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် ကားဟွန်းသုံးချက်လောက် ဆက်တိုက်ပေးသောကြော
နီတူးလည်း မူမနေအားဘဲ ကားပေါ်ပြန်တက်လိုက်ရပါသည်
နီတူး ဘေးခုံမှာပါလာလျှင် ကားကို သာကေတ ရွှေပုစွန်ဆိုင်ဘ
ဆီ လမ်းကြောင်းပြန်ပြောင်းမောင်းဖို့ ဦးတည်လိုက်ပါတော့သည်

*○*





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

နီတူးက ဒိုမိနိုအိုက်(စ)ကရင်(မ)တစ်ခွက်မှာသည်။ ဟန်မင်းဆက်ကတော့ ရိုးရိုးအိုက်(စ)ကရင်(မ)နှင့် ဆင်းဒဝစ်(ရှ) တစ်ပွဲမှာသည်။ မိုးအေးပြီး ချမ်းချမ်းစီးစီးဖြစ်နေပေမယ့် ဆိုင်ထဲမှာ အအေးမှာစားသူတချို့လည်း တွေ့သဖြင့် ဟန်မင်းဆက်မှာ နီတူးလိုလူတွေ ရှိသေးပါလားလို့ ထင်မိ၏။ နှစ်ယောက်သား စားစရာတွေစားရင်း ဆိုင်၏နံရံမှာ ချိတ်ထားသော Plasma TV ကြီးမှာပြနေသည့် ဗွီစီဒီသီချင်းတွေကို ခံစားနားထောင်ကြည့်ရှုနေမိကြစဉ် ...

“အားပါးပါး ရင်ထဲကို အေးသွားတာပဲ”

ဆိုသော နီတူးအသံကို ကြားလိုက်ရသည်။

နီတူး စူးစိုက်ကြည့်နေရာ မှန်တံခါးဆီ ဟန်မင်းဆက်ပါ လိုက်ကြည့်မိလျှင် နီတူး ရေရွတ်သလိုပဲ ရေရွတ်သွားမိချင်စိတ်တွေ ဖြစ်သွားရပါသည်။





“ဟုတ်တယ် ရင်ထဲ တကယ်အေးတယ်”

သူကလေးက မိုးရေအနည်းငယ်စိုလာသော ပခုံးထိရှည်သည့် လှိုင်းအနည်းငယ်ပါသည့် ဆံပင်တို့ကို မွေးပွလက်ကိုင်ပဝါလေးဖြင့် သုတ်လာသည်။

အသားဖြူဖြူစင်စင်လေးရှိသော သူကလေးရဲ့မျက်နှာမှာ ဘာအရောင်ဘာအခြယ်အသမှမရှိ။ ဒါပေမဲ့ တစ်ခုခုတော့ ပါးပါးပြောင်ပြောင်လေး လိမ်းထားပုံရသည်။ မျက်ခုံး မျက်လုံးတို့က မွေးရာပါအတိုင်း လှပစွာမည်းနက်ပြေပြစ်လှသည်။ မထူမပါး နှုတ်ခမ်းလေးကို အရောင်ဖျော့ဖျော့ Lip gloss လေးသာ ဆိုးထားသဖြင့် နှုတ်ခမ်းသားပြောင်ပြောင်လေးကို မြင်ရသည်။

BURMESE CLASSIC

အဝတ်အစားက သိပ်ဟော့ဟော့ရမ်းရမ်းကြီးလည်း မဟုတ်။ အဖြူဆွတ်ဆွတ် ကော်တွန်သားဘလောက်(စ)ပွပွနဲ့ အဖြူခံပေါ် အရောင်ဖျော့အမှုန်လေးတွေတင်ထားတဲ့အဆင် စကတ်အကားလေးကို လည်သာဘွ(ထ်)လည်ရှည်ဖိနပ်မြင့် တွဲဝတ်ထားပါသည်။ လက်ထဲမှာ မကြီးမသေး လက်ကိုင်အိတ်အဖြူလေးကို ကိုင်လာတာတွေ့ရသည်။ ပုံစံလေးက သိပ်ပြီး ထူးထူးခြားခြား ပိုလှနေတာတော့မဟုတ်။ သိပ်ပြီး ဆန်းပြားစွာဝတ်ထားတာလည်း မဟုတ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။ သူ့ကိုမြင်လိုက်ရချိန်မှာ ရင်ထဲတွင် အေးမြခြင်းကို ခံစားသွားရစေတာတော့ သေချာပါသည်။

“မင်း ကြိုက်လို့လား နီတူး”



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ... မင်းကြိုက်တာ ငါလွဲမချနဲ့"

"မင်း အရင်မြင်တာလေ"

"အရင်မြင်ပေမယ့် ငါက မင်းအတွက် သူကလေးဟာ အသင့်တော်ဆုံးပဲလို့ စိတ်ထဲမှာ ချက်ချင်း အမှတ်ပေးပြီး သား ဖြစ်သွားတယ်"

"မြင်မြင်ချင်း ချစ်တယ်ဆိုတာ ငါ မယုံဘူး နီတူး"

"Love at first sight ဆိုတဲ့စကားရှိတယ်လေ"

"မင်းပဲ ကြိုက်လိုက်ပါကွာ၊ ငါ မကြိုက်ချင်ဘူး"

"မင်းနဲ့သူနဲ့ပဲ သိပ်သင့်တော်တယ် မောင်ဟန်၊ မင်းဘဝမှာ ရည်းစားအဖြစ်သင့်ဆုံး မိန်းကလေးဟာ သူပဲ"

"နီတူး မင်း ဘာဖြစ်နေတာလဲ။ ဘယ်သူမှန်းမသိတဲ့ မိန်း ကလေးတစ်ယောက်ကို ချက်ချင်း ချစ်ကြည့်ဖို့ ငါ စိတ် မကူးဘူး၊ ပြီးတော့ သူ့မှာ ရည်းစားရှိရင်လည်း ရှိနေမယ် ရည်ရွယ်ပြီးသားလူ ရှိရင်လည်းရှိနေမယ်၊ ဘာကြောင့် ချက်ချင်း စိတ်ဝင်စားရမှာလဲ"

"မောင်ဟန် ... မောင်ဟန် ... မင်းတော့ စိတ်ထဲမှာ ရှိတာ တခြား၊ အပြင်မှာပြောတာတခြားဖြစ်နေပြီ။ အမှန်အတိုင်း ပြောမှပေါ့ကွာ"

နီတူးနဲ့ ဟန်မင်းဆက်တို့နှစ်ယောက်သား ကောင်မ လေးကို လိုက်ငေးကြည့်နေမိကြသည်။ သူတို့ကြားမှာ အသက်ရှူ သံကလွဲရင် ဘာမှမရှိ။ တိတ်ဆိတ်နေသည်။ ဒါပေမဲ့ သူတို့ရဲ့





အတွေးတွေကတော့ တူညီနေမှာသေချာပါသည်။ အဲဒါကတော့ ဘာလဲ မေးစရာမလို။ ကောင်မလေးရဲ့ ညင်သာအေးဆေးတဲ့ အမူအရာလေးတွေထဲမှာ စိမ့်ဝင်ယစ်မူးနေမိတဲ့ အတွေးတွေပဲဖြစ် ပါသည်။

ကောင်မလေးကတော့ ဘာမှ သတိထားမိဟန်မတူ။ သူ မှာစရာရှိတာမှာပြီး စားပွဲဝိုင်းအသေးဝိုင်းတစ်ခုမှာ ဝင်ထိုင် လိုက်သည်။ မခြောက်တခြောက်ဆံပင်တို့ကို လက်ကိုင်အိတ်ထဲမှာ ဘီးအကြီးကြီးတစ်ခု ထုတ်ပြီး ဖြီးပါသည်။ ဘီးရဲ့နောက်ကျောမှာ မှန်ပါပါသဖြင့် မှန်လည်း ကြည့်လိုက်သေးလေသည်။ ပြီးမှ အိတ်ကို ဇစ်ဆွဲပြီး ပြန်ပိတ်ပါသည်။

စားပွဲမှာ မေးထောက်ထိုင်နေရင်းမှ အိတ်ကို ပြန်ဖွင့် ပြီး ဖုန်းအပြာလေးကို ထုတ်ယူပြီး ဖုန်းဆက်နေပြန်သည်။ ဒါဟာ အခု ခေတ်ကာလမှာ မြင်နေတွေ့နေကျ မိန်းကလေးတစ် ယောက်ရဲ့လှုပ်ရှားမှုတွေပေးမဲ့ ဟန်မင်းဆက်တို့ကတော့ ကောင် လေးရဲ့ သရုပ်ဆောင်မှုတစ်ခုလေလားထင်ပြီး ပတ်ဝန်းကျင်ကိုပင် မေ့ကာ ကြည့်နေမိကြတော့သည်။

တစ်ချက်မှာတော့ ကောင်မလေးရဲ့အကြည့်တွေ ဟန် မင်းဆက်တို့ထံ ဖျတ်ခနဲ ရောက်လာလျှင်ပဲ (အမှန်တော့ လူ့သဘာဝ အရ ကိုယ့်ကို တစ်စုံတစ်ယောက်က အသေအချာလိုက်ကြည့်နေ လျှင် စိတ်မလုံမလဲဖြစ်ပြီး သတိထားရာကြည့်မိတာမျိုးကြောင့် ဖြစ်နိုင်ပါသည်) နီတူးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဟော့ကောင် ... ငါးခူပြုံးလေး ပြုံးပြလိုက် ပြုံးပြလိုက်"

ဆိုသော တိုက်တွန်းသံကို ဟန်မင်းဆက်ဟာ အလိုလို နားယောင်ပြီး ပြုံးမိပြီးသားဖြစ်နေတော့သတဲ့။

ကောင်မလေးက တစ်ချက်တော့ တွေခနဲစဉ်းစားသလိုလုပ်လိုက်ပြီးမှ ပြုံးလည်းမပြုံး၊ တည်လည်းမတည်သော ခပ်အေးအေးအမူအရာဖြင့် ပြန်ကြည့်ပါသည်။ မိန်းကလေးပေမဲ့ သူကလေးကို အကြည့်ခံရလို့ ပြုံးပြခံရလို့ ရှက်ရွံ့သွားတာမရှိ။ မူရာမာယာများပြီး ဟန်ဆောင်မျက်စောင်းထိုးပြတာလည်းမရှိ။ ခပ်အေးအေးမျက်လုံးတွေနဲ့သာ ပြန်တုံ့ပြန်ပါသည်။

"စကားသွားပြောကွာ"

နီတူးတစ်ယောက် ဒီတိုင်းအငြိမ်မနေ။ သေးကနေ တကျိကျိ ဒါပဲ ဒါပဲ ထပ်ခါလဲလဲ ပြောနေပြန်သည်။

"အံမာ ... မင်း သွားပြောပါလား"

"ဟ ... ကောင်မလေးက မင်းကို ကြည့်သလိုလေး ပြန်ကြည့်တာကွ၊ မင်း သွားပြောမှ ပြေလည်မှာပေါ့၊ ငါ သွားပြောရင် ပါးရိုက်ခံရလိမ့်မယ်"

"ဘယ်ကမှန်းမသိတဲ့ မိန်းကလေးကိုကွာ၊ အဲဒီလိုပြောင်ကျကျကြီး သွားမရောချင်ဘူး။ မိန်းကလေးချောချောမြင်တိုင်း လိုက်ရောတဲ့ နာဘူးကောင်လို့ ထင်နေဦးမယ်ကွာ"

"မင်းရုပ်ရည်သနားကမားလေးနဲ့ ဘယ်သူက ထင်မှာလဲ"





"နီတူး ... မင်း ဒီနေ့ ဘယ်လိုဖြစ်နေတာလဲကွာ၊ မင်း သွားချင်တဲ့နေရာတွေလည်း လိုက်ပို့ရသေးတယ်။ ပြီးတော့ ငါ့ကို ချောက်တွန်းဖို့လည်း ကြိုးစားသေးတယ်"

"ချစ်သူငယ်ချင်းကြီး မောင်ဟန်ရာ၊ ငါ ချောက်မတွန်းပါဘူး၊ မင်းကို ချစ်လွန်းခင်လွန်းလို့ ကူညီနေတာပါကွာ၊ မင်း အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီ၊ ခုထိ ဘယ်ကောင်မလေးကိုမှလဲ မချစ်ဖူးဘူး၊ ဘယ်ကောင်မလေးနဲ့မှလဲ ရည်းစားမဖြစ်ဖူးဘူး၊ ဒါကြောင့် မင်းကို လူငယ်ဘဝရဲ့ စိတ်ပျော်ရွှင်မှုတစ်ခုကို ခံစားကြည့်စေချင်တဲ့စေတနာနဲ့ တိုက်တွန်းတာပါကွာ၊ မင်းဘဝမှာ ငါနဲ့ပဲ အဖော်လုပ်ပြီး အချိန်တွေကုန်ရတာမဟုတ်လား၊ ဒါကြောင့် မင်းကို အထူးအဆန်းအတွေ့အကြုံလေးတစ်ခု ခံစားကြည့်စေချင်လို့ပါ"

နီတူး ဒီလိုပြေပြေလည်လည် ပြောလာတော့လည်း ဟန်မင်းဆက်မှာ လက်ခံလိုက်မိသည်ပင်။ နီတူး ပြောတာတွေက ဘယ်တော့မှ မမှန်တာမျိုးမရှိ။ အထူးသဖြင့် ဟန်မင်းဆက်ကလည်း နီတူးကို ဂရုစိုက်သလို နီတူးကလည်း ဟန်မင်းဆက်ကို ဂရုစိုက်တတ်တာမို့ နီတူးဟာ ဟန်မင်းဆက်အပေါ် ဘယ်တော့မှ မကောင်းကြံဘူးဟု ယုံကြည်မိပါသည်။ ပြီးတော့ အမှန်အတိုင်းဝန်ခံရရင် ဟန်မင်းဆက် ကိုယ်တိုင်ကလည်း ကောင်မလေးကို ရင်ထဲမှာ စွဲမက်မိသလိုဖြစ်လျက် နီတူးလည်း တိုက်တွန်းရော ငိုချင်ရက်လက်တို့ဆိုတာမျိုးဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသွားစကားပြောရမှာလဲ"

"ဟာ ... ဒီလိုပဲပေါ့"

"ဘာ ... ဒီလိုပဲလဲ နီတူးရ။ မင်းက ငါ့ကို ဆရာကြီးများ ထင်နေလား၊ ကောင်မလေးတွေနဲ့တွေ့ရင် ဘယ်လိုစကား စပြောရမှန်းတောင်မသိတဲ့ကောင်ကို အရိပ်လာပြမနေနဲ့ အကောင်မမြင်ဘူး"

"ရုပ်ရှင်ထဲမှာ ပါသလိုပေါ့"

"ငါ အသက်ကြီးမှ မြန်မာရုပ်ရှင် သိပ်မကြည့်ဖြစ်တာ မင်း သိသားပဲ၊ ရုပ်ရှင်ထဲမှာပြောသလို သွားပြောဖို့စကား လုံးတောင်ရှာမရဘူး"

"သူ့ကို တစ်နေရာရာမှာ သိပ်မြင်ဖူးတာပဲနော်လို့ သွား စ,ပြောကြည့်ကွာ"

"တစ်ခါမှ မမြင်ဖူးတဲ့ဟာ"

"ဟ ... ဒီလိုပဲ ဖြီးရတာပေါ့"

"မင်း လိုက်ခဲ့ပါလား"

"မဖြစ်ဘူးကွ၊ မင်းပဲ စဉ်းစားကြည့် မောင်ဟန်၊ မိန်းက လေးတစ်ယောက်တည်း ထိုင်နေတာကို ယောက်ျားလေးနှစ် ယောက်က သွားစကားပြောတာဟာ အနှောင့်အယှက်ပေး သလိုဖြစ်သွားစေတယ်၊ ဒီတော့ မင်းတစ်ယောက်ပဲသွား သင့်တယ်၊ မိန်းကလေးဘက်ကလည်း ဣန္ဒြေမပျက်စေဘူး၊ မင်းအနေနဲ့လည်း အနှောင့်အယှက်ပေးရာ မကျဘူး"





"မှန်လိုက်တာ ဆရာရယ်၊ ဘာလို့ မှန်တာတွေပဲရွေးပြော နေရတာလဲ"

ဟန်မင်းဆက် ရွှဲ့ပုံပေါ်တော့ပြီးပြောလျှင် နီတူး ကား ဟီးဟီးဟားဟား ရယ်ပြနေတော့သည်။ ဒါပေမဲ့ ဟန်မင်းဆက် ဟာ နီတူးကို စားပွဲမှာထားခဲ့ပြီး ကောင်မလေးရှိရာ စားပွဲဆီကို တော့ ချဉ်းကပ်သွားခဲ့လေပြီ။

အိုက်(စ)ကရင်(မ)ကိတ်တစ်လုံးကို ဇွန်းလေးဖြင့် ကော်စားနေကာ အခုမှ ဝယ်လာဟန်တူသော မဂ္ဂဇင်းစာအုပ်အသစ် တစ်အုပ်ကို ဟိုလှန်ဒီလှန် လျှောက်ကြည့်နေသော ကောင်မလေး၏ စားပွဲမှာ ဟန်မင်းဆက် ရပ်လိုက်ပါသည်။ လူရိပ်ကြောင့် မော့ ကြည့်လျှင် ဟန်မင်းဆက်ကို တွေ့လိုက်တော့ ကောင်မလေးက အံ့သြစူးစမ်းသလိုကြည့်သည်။

"ဆောရီး ... အနှောင့်အယှက် ဖြစ်သွားလားမသိဘူး"

"အဲဒါတို့ အရင်ဆုံးသေသေချာချာ အဖြေထုတ်ပြီးမှလာသင့် တယ်၊ တို့ကို လာမမေးသင့်ဘူး"

"သြော် ... အင်း ... ဟို ... ဒီလိုပါ၊ ကျွန်တော် ဒီက သူ့ကို တစ်နေရာရာမှာ တွေ့ဖူးပြီးသားမိတ်ဆွေတစ်ယောက် ထင်လို့ပါ၊ သူ့ကို သိပ်တွေ့ဖူးတာမို့လို့ လာနှုတ်ဆက်တာ ပါ"

"အဲဒီလိုလာရောတဲ့ ရောလုံးတွေက ခေတ်အောက်နေပြီ ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်မင်းဆက် ကောင်မလေးကို ဖျားသွားပါသည်။

**နီတူး — နီတူး …** ဒီကောင်မြှောက်ပေးတာနဲ့ ငါကလည်း လုပ်မိ **ပြီ။ တောက်** … ဒီကောင်တော့ ငါ့နောက်ကျောကိုကြည့်ပြီး ကောင်းကောင်းဟားနေပြီ။ ခွေးကောင် ပြီးမှ ပညာပေးရမယ်။

"သေချာတာက ရှင့်ကိုတော့ ဘယ်နေရာမှာမှ တစ်ခါမှကို မတွေ့ခဲ့ဖူးဘူး၊ ရှင်တွေ့ဖူးတယ်ဆိုတာကလည်း ဒီဘဝမှာ မဖြစ်နိုင်ဘူး၊ အရင်ဘဝက တွေ့ဖူးတာဖြစ်မယ်"

"ခင်ဗျာ"

"အရင်ဘဝတုန်းက တွေ့ဖူးတာလို့ပြောတာ"

"အရင်ဘဝကရော သူက ဒီလိုပုံစံလေးပဲလား"

ဟန်မင်းဆက် မထူးတော့ပြီမို့ ခပ်တည်တည်နဲ့ ပြန်နောက်လိုက်ပါသည်။

"အရင်ဘဝက နတ်သမီးဖြစ်ခဲ့တာလေ"

"ဒါဆို နတ်သမီးကိုမြင်ဖူးတဲ့ ကျွန်တော်လည်း နတ်သား ပေါ့"

"ရှင် မတ်တတ်ကြီး ဘာလုပ်နေတာလဲ၊ ထိုင်ရင်ထိုင် မထိုင်ရဲရင်လည်း ပြန်လှည့်"

"ထိုင်ချင်လို့လာတာပါ။ ဘာလို့ မထိုင်ရဲရမှာလဲ ထိုင်မယ်"

ကောင်မလေးက စိတ်ဆိုးဟန်မပြဘဲ ပြုံးရင်း နှုတ်ခမ်းကို တစ်ရှူးစက္ကူစလေးဖြင့် သုတ်လိုက်သည်။





"ကဲ … ရှင့်နာမည်အရင်ပြော"

"ခင်ဗျာ"

ကောင်မလေးက ရဲရဲဝံ့ဝံ့ပဲ ဟန်မင်းဆက်ကို အရင် …ာချူသလို အသံဖြင့်မေးလျှင် ဟန်မင်းဆက်လည်း ရုတ် …်မဲ့ အံ့ဩပြီး "ခင်ဗျာ"ဟု ထူးမိ၏။ ပုံစံလေးက အေးသလိုလို …ကယ်တော့ မအေးပါဘူး။ ရဲတင်းသွက်လက်ပုံရတယ်။

"ဘယ်မိဘကမှတော့ သူတို့ရဲ့ရင်နှစ်သည်းချာ သားလှ ရတနာကို 'မောင်ခင်ဗျာ'လို့ နာမည်ပေးမယ် မထင်ဘူး၊' တို့ နားကြားများ မှားသလားမသိဘူးနော်"

ဟန်မင်းဆက်မှာ မိန်းကလေးတွေနဲ့ ပတ်သက်ရင် …ားပြောဆိုတဲ့နေရာကစ ဘဝဆိုဘာမှ အတွေ့အကြုံမရှိလေရာ …်လက်ရဲတင်းပြီး လျှောင်ပြောင်တတ်ဟန်တူသော ကောင်မ …း ရှေ့မှာ ခွေးအ,ကြီး လည်းနှင်းသလိုပုံစံ ဖြစ်နေတော့သည် …ည်း။

"ရှင့်နာမည်အရင်ပြောမှ ဖြစ်မယ်လေ၊ လူတစ်ယောက်နဲ့တစ်ယောက် စကားပြောဆက်သွယ်ကြဖို့ဆိုရင် နာမည်တစ်ခုစီတော့ ရှိမှဖြစ်မယ်၊ သိထားမှဖြစ်မယ်လေ။ ဒါမှ အဆက်အသွယ်လုပ်လို့ရမှာပေါ့၊ နာမည်မသိဘဲ စကားပြောဖို့တော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဟို … အဲ … ကျွန်တော့်နာမည် …"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပေးထားတဲ့နာမည်ကို မေ့နေပြီဆိုရင် ရှင့်မှာ အတိ
မေ့ရောဂါ ဆိုးဆိုးဝါးဝါးကိုဖြစ်နေလို့ပဲ၊ စိတ်ဝေဒနာ
ဒေါက်တာဆီသွားမလား။ လိုက်ပို့ပေးမယ်လေ"

"ဟာ ... မဟုတ်ပါဘူး၊ နာမည်မမေ့ပါဘူး၊ ပြောမှာ
သူက သိပ်လောပြီး စကားပြော မြန်တာကိုး။ ပြီးတော
ကျွန်တော် ဘာမှမဖြေရသေးပါဘူး။ သူကပဲ ဖြတ်ဖြတ်
ကြီးပြောသွားတော့ ကျွန်တော် ဘယ်လိုလုပ်ပြောမလဲ"

"ရှင်က စကားကလည်း ထစ်သေး"

"မထစ်ပါဘူး"

"အံမယ် ... မညာပါနဲ့ ထစ်ပါတယ်၊ ခုလေးတင် ကြား
နေတာပဲ၊ ထစ်အ ထစ်အနဲ့"

"မဟုတ်ဘူး၊ အဲဒါ မဟုတ်ပါဘူး၊ ကျွန်တော်က စိတ်လှု
ရှားရင် စကားထစ်တာပါ။ ဂြီးတော့ သိပ်မရင်းနှီးသေးတဲ့
သူကို စကားစ,ပြောရရင် စကားထစ်တာပါ။ ရင်းနှီးသွား
ရင်တော့ အဲဒီလိုမဖြစ်တတ်ပါဘူး"

ဟန်မင်းဆက် စိတ်ထဲမှာ ခုချိန်မှာ ဘာဖြစ်ချင်သလဲ ဆိုရင် နီတူး ထိုင်နေရာဆီပြန်ပြေးပြီး အေးအေးဆေးဆေး ပြန် ထိုင်လိုက်ချင်တာပင်။ ဘာကြောင့်လဲဆိုတော့ သူ့ကို ခေါင်းပူစေ ပြီး တစ်ချက်မှနာလန်မထူနိုင်စေအောင် စကားလုံးတွေဖြင့် ဆက် တိုက်ထိုးနှက်သလို လုပ်သော ကောင်မလေးကို လန့်လာ၍ပင်။ ရုပ်ကလေးက အေးချမ်းပြီး မြင်သူရင်ထဲ အေးမြစေပေမဲ့ တကယ်





းပြောကြည့်တော့ မအေးမှန်း သိလာရသည်။ အင်မတန်မှ ာ်လက်ပြီး တစ်ဖက်သားကို စဉ်းစားချိန်မရအောင် စကားလုံး တစ်လုံးပြီးတစ်လုံး ထိုးသွင်းတတ်သော မိန်းကလေးကို သူ ာ်သက်ချင်တော့သလို ခံစားလာရသည်။

"ရှင့်နာမည် ...။ အမယ်လေးဟဲ့ ဒီမေးခွန်းကိုပဲ ထပ်ခါ ထပ်ခါ မေးနေရတာ လေတောင်ကုန်တယ် တကယ်"

"ကျွန်တော့်နာမည် ဟန်မင်းဆက်"

"ဘာရယ်"

"ဟန်မင်းဆက်"

"တရုတ်ဘုရင်နဲ့ ဘာတော်လဲ"

"ဟင် ... ဘာကိုမေးတာလဲ"

"တရုတ်ဘုရင်တွေလေ ရှင် မကြားဖူးဘူးလား၊ ဟန်မင်း ဆက်တို့၊ မင်မင်းဆက်တို့၊ ကျုန်မင်းဆက်တို့ တရုတ်သမိုင်း ရာဇဝင်တွေမှာရှိတယ်၊ ရှင်နဲ့ ဘာတော်လဲမေးတာ၊ ဘာလဲ ရှင်က တရုတ်မင်းမျိုးမင်းနွယ်ကလား"

ဟန်မင်းဆက်မှာ ကောင်မလေးမေးတာတွေ စဉ်းစား ရတာ ဦးနှောက်ပင်ခြောက်သလိုခံစားလိုက်ရသည်။ ငါ သူ့ကို ကားလာစ,မပြောမိရင် ကောင်းသားဆိုသော နောင်တတွေအကြိမ် တစ်ရာလောက်ရနေသည်။

"ကျွန်တော် မသိဘူး၊ ကျွန်တော့်အဖေနာမည်ကတော့ ဦးမင်းဆက်မို့လို့ ကျွန်တော့်ကို ဟန်မင်းဆက်လို့ နာမည်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာပဲသိတယ်၊ တရုတ်ဘုရင်တွေနဲ့ အမျိုးတော်ခဲ့ဖူးသ
ဘာလားတော့ အိမ်ရောက်မှ ပြန်မေးကြည့်လိုက်မယ်

"အဟင်း ... မဆိုးဘူး၊ စကားသွက်လာပြီ"

"ကျွန်တော် စကားမထစ်ပါဘူးလို့ ပြောပြီးသားပဲ၊ မ
ဘူး"

"ရှင့်အသက်"

ကောင်မလေးက ဟန်မင်းဆက်စကားကို ဆုံး
နားမထောင်ဘဲ ထပ်မေးလိုက်ပြန်လျှင် ...

"နှစ်ဆယ့်သုံး"

"ပညာအရည်အချင်း"

"အင်္ဂလိပ်ရှိနဲ့ ကျောင်းပြီးထားတယ်၊ အခု ဟိုတယ်
သွားကဖွင့်တဲ့ Chef(စားဖိုမှူး)သင်တန်းတက်နေတ

"မောင်နှမ"

"မရှိဘူး၊ တစ်ဦးတည်းသောသား"

"ဘယ်မှာနေလဲ"

"ခြံအမှတ် (...) ကန်ရိပ်သာလမ်း"

"ကဲ ... ပြီးပြီ၊ စိတ်အေးအေးထားလိုက်တော့၊ ဘာမှ
စရာမကျန်တော့ဘူး"

ကောင်မလေးက လူကို တရားခံစစ်,စစ်သလို
ဖြင့်မေးခွန်းတွေကို အသက်မရှူစတမ်း တောက်လျှောက်စိတ်
နပ်အောင်မေးပြီးမှ ထိုသို့အဆုံးသတ်လိုက်ပါသည်။





"တို့နာမည် မမေးဘူးလား"

"မေးမလို့ပါ"

"ဘာစဉ်းစားနေတာလဲ"

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပါလာတယ်၊ သူ့ကို
ခေါ်ပြီး မိတ်ဆက်ကြရင်ကောင်းမလားလို့ စဉ်းစားနေတာ
ပါ"

"တို့က နာမည်ကြီးမင်းသမီးတို့ အဆိုတော်တို့မဟုတ်ဘူး
နော်။ မိတ်ဆက်စရာ မလိုပါဘူး"

"မိတ်ဆွေဖွဲ့တာပေါ့"

"အဟင်း ... မဆိုးဘူး၊ ရှင် စကားအသုံးအနှုန်း မှန်လာပြီ၊
ဒါနဲ့ နေပါဦး၊ ဘယ်မှာလဲ ရှင့်သူငယ်ချင်း"

ဟန်မင်းဆက်လည်း နီတူးကို ခေါ်ပြီး အဖော်လုပ်လို့
ရပြီဟု ဝမ်းသာအားရတွေးမိကာ လှည့်ကြည့်ပြီး လှမ်းခေါ်မလို့ပြင်
လျှင် နီတူးကား စားပွဲမှာ ရှိမနေတော့။ တောက် ... ဒီကောင်
ဘယ်ကိုများထွက်သွားသလဲ။ အိမ်သာများ ထ,သွားသလား။
လိုအပ်တဲ့အချိန်မှာ နီတူးကို မတွေ့ရတော့ ဒေါသဖြစ်ချင်သလိုလို။

"ဟောဗျာ ... ဒီကောင် ဘယ်ထွက်သွားလဲမသိဘူး၊ ခုန
က ထိုင်နေတာပါ"

"ကဲလေ ... ထားပါတော့၊ တို့က စားပြီးနေပြီ၊ သွား
တော့မလို့ ဟန်မင်းဆက် သူငယ်ချင်းကို မစောင့်နိုင်တော့
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒီလိုမလုပ်နဲ့လေ၊ သူ့နာမည်မပြောရသေးဘူး"

"လိုလို့လား"

"လိုတာပေါ့၊ ကျွန်တော့်နာမည်ပြောပြီးပြီလေ"

"ရှင့်နာမည်ပြောပြီးရင် တို့နာမည်ပြောပါ့မယ်လို့ စာချုပ်ချုပ်ထားမိလား"

ဟာ ... ဒီကောင်မလေးတော့ လူလည်ကျပြီ။ လူကို အရူးလုပ်ပြီး လှည့်စားတတ်လှချည်လား။ မလွယ်ပါလား။ ဟန်မင်းဆက် ဘာပြန်ပြောရမှန်းမသိဖြစ်နေချိန်မှာ ကောင်မလေးရဲ့ဖုန်းအဖြူရောင်လေးက တီးလုံးသံလေး သာယာစွာထွက်ပေါ်လာလျက် ခေါ်သံပေါ်လာသည်။ ကောင်မလေးဖုန်းကို လက်ခံနားထောင်လိုက်၏။

"ဟေး ... ရှုဘီလား၊ အေးပါ ... ငါ လာတော့မှာပါ၊ ရွှေပုစွန်ရှေ့ဖြတ်တော့ တစ်ခုခုစားချင်လာတာနဲ့ ခဏဝင်ထိုင်နေတာ။ အချိန်လည်း နည်းနည်းစောနေသေးလို့လေ။ သိပါတယ် ငါ လာမယ်ပြောထားရင် အရောက်လာမှာပေါ့၊ အေး ... အေး ... ဒါပဲ ... ဒါပဲ၊ ငါ အခုပဲ ထွက်လာပြီ ဘိုင့်ဘိုင်၊ See you soon (ဆီးယူဆွန်း)"

ဖုန်းခဏပြောပြီးတာနဲ့ ကောင်မလေးက ဖုန်းကို လက်ကိုင်အိတ်ထဲ ထည့်ပြီး ထရပ်လိုက်လေသည်။

"သွားတော့မယ်ကွယ်"





ဟု လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ချော့မော့ပြောဆိုသော အသံမျိုးဖြင့် နှုတ်ဆက်လိုက်လေသည်။

"နာမည်မပြောရသေးဘူး"

"နောက်တစ်ခါဆုံမှ ပြောမယ်"

"ဟာ ... နောက်တစ်ခါ ဘယ်လိုလုပ်ဆုံမလဲ"

"အေးပေါ့၊ အဲဒါပဲပေါ့၊ ရန်ကုန်မြို့ကြီးထဲမှာ ဒီလူတစ်ယောက်နဲ့ ဒီလူတစ်ယောက် နောက်တစ်ခါ ဘယ်လိုလုပ်ဆုံနိုင်မယ်မှန်းတောင်မသေချာတာကို ဝို့နာမည် သိထားတော့ ဘာလုပ်မှာလဲ၊ ဒါကြောင့် လေကုန်ခံပြီး ပြောမနေတော့ဘူး"

ဟန်မင်းဆက် ဘာပြောရမှန်းမသိဖြစ်ပြီး ကျန်ခဲ့စဉ် ကောင်မလေးကတော့ မှန်တံခါးပေါက်ဝသို့ပင် လျှောက်သွားနေပြီ။

ဟန်မင်းဆက် ငေးကြောင်ပြီးကြည့်နေစဉ်က ဖြုန်းဆို နီတူး အနားရောက်လာသည်။

"ဟာကွာ ... နီတူး၊ မင်း ဘယ်ရောက်သွားတာလဲကွာ"

"ဟေ့ကောင် အူကြောင်ကြောင်လုပ်မနေနဲ့၊ လိုက် ... လိုက်၊ ကောင်မလေးကားနောက်ကလိုက်။ အဲဒီလိုမှ မလုပ်ရင် မင်း သူ့ကို ဘယ်လိုမှ ပြန်တွေ့ဖို့ မသေချာဘူး"

"သူ့ကားနောက်လိုက်ပြီး ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေဆက်ပြောနေရင် ကောင်မလေးကား ဘယ်ထွက်သွားမှန်းတောင် သိမှာမဟုတ်ဘူး၊ ခုပဲ ထ,လိုက်သွားရအောင်"

ဒီလိုနဲ့ပဲ နီတူး တွန်းတွန်းထိုးထိုးလုပ်တာနဲ့ပဲ ဟန်မင်းဆက်တစ်ယောက် သူ့ကားပေါ် အမြန်ရောက်ရတော့လေသည်။ ကောင်မလေးကတော့ ကားစက်ပင်နှိုးပြီးနေပြီ။ ဟန်မင်းဆက်လည်း နီတူးဘေးမှာ တက်ပြီးပြီးချင်း ကားစက်နှိုးရတော့သည်။ ကားလေးနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းထွက်လာသောအခါ နီတူးဟာ ဟန်မင်းဆက်အစား ဝမ်းသာလုံးဆို့ပြီး သီချင်းတွေအော်ဆိုလာလေသည်။

"နားငြီးတယ်ကွာ၊ အသံလည်းမကောင်းဘဲနဲ့၊ တိုးတိုးဆိုစမ်းပါ"

"မင်းတို့နှစ်ယောက်ရဲ့ဇာတ်လမ်းဇာတ်ကွက်ကို ရုပ်ရှင်ထဲမှာပြရင် ဒီလိုအသံတိတ်မပြဘူးလေကွာ၊ Play back(ပလေးဘက်(ခ))အနေနဲ့ နောက်ခံသီချင်းတစ်ပုဒ်နဲ့ပြတာမျိုးလေ ဟား ဟား ... ဒီဇာတ်လမ်းမှာ ငါက ဒါရိုက်တာ ဟန်မင်းဆက်က မင်းသား၊ အမည်မသိ ကောင်မလေးက မင်းသမီးပေါ့"

"အံမာ ... အမည်မသိဘူးလို့ ဘယ်သူပြောရသေးလို့လဲ"

"သိလာပြီလား၊ သိရင် ပြောစမ်းပါကွာ၊ ငါ မင်းကို အထင်ကြီးပါတယ်"





နီတူးက စ,သလိုလို နောက်သလိုလို လုပ်သဖြင့် ဟန်မင်းဆက် မခံချင်သလိုဖြစ်သွားပါသည်။ ဒီနေ့ ကောင်မလေးနာမည် မသိရရင် အိမ်မပြန်ဘူးတွေဘာတွေ စိတ်ထဲ ကျိတ်တွေးလျက် ကောင်မလေးကားကို မျက်ခြည်မပြတ်အောင် နောက်ကလိုက်တော့လေသည်။

ကောင်မလေးကလည်း သူတို့ကားလိုက်လာမှန်းသိပုံရပါသည်။ နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းလှမ်းကြည့်နေကြောင်း မီးပွိုင့်တွေမှာ ရှေ့ဆင့်နောက်ဆင့်ကားရပ်တိုင်း သတိထားမိသည်။ ကောင်မလေး ဘယ်ကိုသွားမှန်းမသိဘဲ လိုက်လာခဲ့သည်မှာ လူနေရပ်ကွက်ကြီးတစ်ခုရဲ့ အိမ်ကြီးတစ်အိမ်ရှေ့ သူကလေးရဲ့ ကားရပ်မှပဲ ဟန်မင်းဆက်တို့လည်း ခရီးဆုံးတော့လေသည်။

ခပ်ပြုံးပြုံးလေး စ,သလိုနောက်သလို စိန်ခေါ်သလိုလို ကြည့်သွားသော ကောင်မလေးကို အငေးသားကြည့်ပြီး ကျန်ခဲ့သူက ဟန်မင်းဆက်တည်း။

"ဟား ဟား ... ကဲ ... ဘယ်လိုလုပ်မလဲ မောင်ဟန်"

နီတူးက ဟန်မင်းဆက်၏အဖြစ်ကို ရယ်စရာမရှိရှာကြံပြီး ခွက်ထိုးခွက်လန်ရယ်ပြနေသည်။

"ဘယ်လိုလုပ်ရမလဲ စောင့်ရုံပဲပေါ့"

"စောင့် ... စောင့် ... သေအောင်စောင့်။ ဟိုက ပြန်ထွက်လာပါမယ်လို့ အာမခံနိုင်လို့လား"

www.burmeseclassic.com



"ဒါ သူ့သူငယ်ချင်းအိမ်ပါကွ"

"မင်း ဘယ်လိုလုပ်သိလဲ မောင်ဟန်"

"ငါ သူ့ကို စကားသွားပြောတုန်းမှာ ရှဘီဆိုတဲ့တစ်ယောက်က ဖုန်းဆက်ခေါ်လို့ အခုပဲ လာပြီတွေ ဘာတွေပြောပြီး သူ ထွက်လာတာပဲ၊ ရှဘီဆီ လာတာပဲလေ"

"ငါတော့ သိပ်မထင်ဘူး၊ သူ့အိမ်သူပြန်လာပြီး သူ့အိမ်မှာ လာစောင့်နေမဲ့သူငယ်ချင်း ရှဘီကို ပြန်လာတွေ့တာရော မဖြစ်နိုင်ဘူးလား"

"ဘာပဲဖြစ်ဖြစ် စောင့်မယ်ကွာ"

"အေးပါ မင်းသဘောပါ၊ စောင့်ပါ၊ ငါက မင်းမောင်းတဲ့ကား လိုက်စီးရတဲ့သူပဲ။ မင်း အိမ်ပြန်မှ ပြန်လို့ရမှာပေါ့"

နီတူး ထိုသို့ပြောတော့ ဟန်မင်းဆက် ရင်ထဲမှာ အားနာသလိုလို ဖြစ်သွားပါသည်။ နီတူးဟာ ယောကျ်ားလေးတန်မဲ့ ကားမောင်းသင်၍မရပါ။ ကားမောင်းသင်လျှင် ဒူးတုန်လက်တုန်၊ အကြောက်ကြောက် အလန့်လန့် အမှားမှားအယွင်းယွင်းတွေဖြစ်လွန်းသူတစ်ဦးပင်။ ဒါကြောင့် ဘယ်တော့မှလဲ ကားမောင်းတတ်ဖို့ မကြိုးစားသလို ကားမောင်းဖို့လည်း စိတ်မပါတတ်ပါ။

"ကားမမောင်းတတ်လည်း ဘာဖြစ်လဲကွာ၊ တကယ့်ကိုချမ်းသာတဲ့သူဌေးကြီးတွေဆို ကားကို ကိုယ်တိုင်မမောင်းပါဘူး၊ နောက်ကနေ ဇိမ်နဲ့ စတိုင်လ်ကျကျ လိုက်စီးတာကွ။ ဒီတော့ ငါလည်း ကိုယ်တိုင် မမောင်းဘဲ ဒရိုင်ဘာ





မောင်းတဲ့ကားကိုပဲ စီးပါတော့မယ်ကွာ၊ ဟဲ ဟဲ ... ခုလောလောဆယ်တော့ မင်းက ငါ့ရဲ့ဒရိုင်ဘာပေါ့"

ဆိုကာ ဟန်မင်းဆက် မောင်းသောကားကို မညည်းမညူ လိုက်စီးတတ်လေသည်။ နီတူးတို့များ ဘယ်လောက်အနိုင်ကျင့်ပြီးခိုင်းသလဲဆိုရင် ဘယ်ပဲသွားချင်ချင် ဟန်မင်းဆက်ကိုပဲ ချော့ဆွဲပြီး ကားမောင်းပို့ခိုင်းတတ်လေသည်။ နီတူးနဲ့ ဟန်မင်းဆက်တို့က ခြံချင်းကပ်ရပ်၊ အိမ်ချင်းကပ်ရပ်နေကြသော ငယ်သူငယ်ချင်း အရင်းကြီးတွေဖြစ်လေရာ နီတူးအတွက် ဟန်မင်းဆက်ဟာ ဒရိုင်ဘာကြီးလုံးလုံး ဖြစ်နေတော့၏။

"မင်း ပြန်ချင်လို့လား နီတူး"

"မပြန်ချင်ပါဘူး"

"ပြန်ချင်ရင်ပြောကွာ၊ ငါ ပြန်လိုက်မယ် ရတယ်"

"မပြန်ချင်ပါဘူးကွာ၊ ငါလည်း မင်းဇာတ်လမ်းကို စိတ်ဝင်စားတာပဲ၊ ဇာတ်လမ်းအဆုံးထိ ကြည့်ပါရစေဦး"

"တကယ်တော့ ငါ မိန်းကလေးတစ်ယောက်ကို အခုလိုလိုက်ထိုင်စောင့်ပိုးပန်းရတာ လုံးဝ စိတ်မဝင်စားဘူး နီတူး"

"မင်း တကယ်ချစ်တဲ့သူ မတွေ့သေးလို့ပါကွာ"

"အံမာ ... အချစ်အကြောင်းပြောရအောင်၊ မင်းကရော ဘယ်လောက်ချစ်ဖူးလို့လဲ"

"အချစ်ဆိုတာ ချစ်တတ်ဖို့မလိုဘူးကွ၊ အံချစ်အကြောင်းတို့ ဒဿနရှာဖွေတွေ့ရှိဖို့သာလိုတယ်၊ ဥပမာကွာ တချို့တရေး

www.burmeseclassic.com



ဆရာ၊ စာရေးဆရာမတွေလည်း ရည်းစားတောင်မရှိတဲ့သူတွေရှိတယ်၊ ဒါပေမဲ့ သူတို့ အချစ်ဝတ္ထုရေးတဲ့နေရာမှာကျတော့ ပြောင်မြောက်ပြီး ဖတ်လို့ကောင်းနေတာတွေရှိတယ်၊ အဲဒါမျိုးပေါ့”

ဟန်မင်းဆက်နဲ့ နီတူးတို့ စိတ်ရှည်လက်ရှည်ပဲ ထိုင်စောင့်လို့ကောင်းနေခဲ့ကြသည်။ ကားထဲမှာ ကားခုံနောက်မှီကိုလှဲချပြီး သီချင်းနားထောင်ရင်းစောင့်လိုက်၊ အပြင်ခဏထွက်လမ်းလျှောက်ပြီးစောင့်လိုက်ဖြင့် ညနေခင်းတစ်ခုဟာ ကုန်မှန်းမသိကုန်ဆုံးသွားပါသည်။ ဒီနေရာမှာ စောင့်ပြီးချိန် သုံးနာရီနီးပါးကြာလာခဲ့သောအခါ ...

“ပြန်ကျရင်ကောင်းမယ်ထင်ပါရဲ့ကွာ”

ဆိုသော ဟန်မင်းဆက်ရဲ့ စိတ်လျှော့လက်လျှော့စကားကို ဒီတစ်ခါတော့ နီတူးတစ်ယောက် ရယ်မောဟားတိုက်၊ မခံချင်အောင် စနောက်မနေခဲ့တော့ဘဲ အလွယ်တကူပဲ သဘောတူလက်ခံလိုက်လေတော့သည်။

*○*





## ၂

“သမီးရေ ... ကြာယံရေ ... ဈေးဘက်ပြေးလိုက်ပါဦးကွယ်၊ မေမေ ဘုရားပန်း မေ့လာလို့”

“ဟာ ... မေမေကလည်း ...”

“မေမေကလည်း လုပ်မနေနဲ့၊ မနက်ဖြန် ဥပုသ်နေ့၊ ဒီနေ့ ဘုရားပန်း လဲကိုလဲရမယ်ကွယ်။ ဈေးထဲဝင်ခါစကတော့ သတိရသားပဲ။ ဝယ်နေကျဈေးသည်က မရောက်လာသေးတော့ ပြန်အထွက်ကျမှ ဝယ်မယ်စဉ်းစားလိုက်〔 〕 ဈေးထဲကပြန်ထွက်တော့ တခြားအပေါက်က ပြန်ထွက်မိလိုက်တာနဲ့ မေ့သွားတယ်”

“ဈေးထဲမှာ ရွှံ့တွေနဲ့ ခြေသည်းတွေညစ်ပတ်ကုန်မှာစိုးလို့ မသွားချင်တာ”

မြကြာယံသည် မနေ့ကမှ အသစ်ပြင်လာသော ခြေသည်းလက်သည်း အလှလေးတွေကို နမြောပြီး ကြေးထူနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို မကူညီချင်တာတော့မဟုတ်။ ခြေသည်းလက်သည်းက မနေ့ကပဲ ပြင်လာပြီးခါစ၊ ပိုက်ဆံလည်း အများကြီးကုန်ထားရ သဖြင့် နမြောကာ မသွားချင်။ ပန်းသွားဝယ်တာမို့ လက်သည်းတော့ ဘာမှမညစ်ပတ်ပေမဲ့ ခြေထောက်ကို ဖွက်စင်ပြီး ခြေသည်းထဲလည်း ရွှံ့တော့နည်းနည်းဝင်မှာပင်။

အထူးသဖြင့် မေမေပြောသော ဈေးမှာ ပန်းအရောင်းဆိုင်တန်းသည် ပန်းတွေကို လန်းဖို့ မပြတ်ဖျန်းပေးသောရေတွေကြောင့် ခြေထောက်နင်းရာမြေကြီးမှာ ရွှံ့ဗွက်အတော်ထလှပါသည်။ ရွှံ့တွေထဲ မနင်းမိဖို့ အုတ်အကျိုးတို့၊ ကျောက်ပြားအကွဲတို့ချပြီး အဲဒီပေါ်ကနင်းဖြတ်လျှောက်သွားရန်လုပ်ထားသော်လည်းမရပါ။ အနည်းအကျဉ်းတော့ ရွှံ့ပေတာပါပဲ။

"မမကြီးကို ခဏသွားဝယ်ခိုင်းပါလား"

"မမကြီး စာကျက်နေရတယ်လေ"

"စာကျက်လည်း ပန်းခဏသွားဝယ်တာတော့ သွားဝယ်နိုင်ပါတယ်"

"ဟယ် ... ကြာယံရယ် ဘယ်လိုများဖြစ်နေလဲ၊ ဘုရားပန်းဝယ်ခိုင်းတာလေးကိုတောင် မလုပ်ပေးချင်ဘူးလားဟယ် နင့်မှာ ဘာအလုပ်ရှိလို့လဲ"

မေမေ စိတ်မရှည်တော့ဘဲ အော်ငေါက်တော့လည်း မြကြာယံလည်း ငေါက်ခနဲထ,ပြီး ဖြစ်နေတော့သည်။ မေမေက သဘောတော့ကောင်းပေမဲ့ ဆူစရာရှိလျှင် နားထဲက အရည်ထွက်သည်းပါး ထပ်ခါထပ်ခါမပြီးနိုင်မစီးနိုင် ဆူတတ်လှသဖြင့် မြကြာယံ ဒါတော့ အတော်စိတ်ပျက်လှပါသည်။ တစ်ခါတလေ ဘာမဟုတ်တာလေးကိုပဲ အကြာကြီး ဗျစ်တောက် ဗျစ်တောက် ပြောနေတတ်သဖြင့် မြကြာယံလို ဂျစ်ကန်ကန်အငယ်ရော၊ မမကြီးမြမိုးသူလို ငြိမ်လိမ်မာမာ အကြီးမရော ထိုဒဏ်ကိုတော့ ကြောက်လှသည်။

"မေမေက ဆူရင်မပြီးတော့ဘူး၊ သိပ်နားအူတာပဲ၊ ဒါကြောင့် အဆူမခံရအောင်နေမှ"

လို့ ကွယ်ရာမှာ ညီအစ်မချင်းပင် ကျိတ်တိုင်ပင် ကြောင်းပြောရတဲ့အထိပင်။

အခုလည်း မြကြာယံတစ်ယောက် မသွားချင်ပါဘဲနဲ့ကို သုတ်ခနဲ ထ,ထွက်လာရတော့သည်။ အိမ်နေရင်းဝတ်စား ဂျင်းအကြေသား ဘောင်းဘီပွပွ အနက်ရောင်တီရှပ်အဟောင်းကိုဖြင့် မပြင်မဆင်ထွက်လာသော မြကြာယံသည် ဈေးထဲရောက်တော့ ပန်းဆိုင်ကို ရွေးမနေတော့ဘဲ ပြီးပြီးရော တွေ့တဲ့ဆိုင်ဝင်ဝယ်ပစ်လိုက်ပါသည်။

မေမေ လှမ်းမှာလိုက်သော ...

"ဟဲ့ ... သွားဝယ်ရင် မေမေဝယ်နေကျ ရခိုင်မကြီးသားအမိဆိုင်ကပဲဝယ်နော်၊ သူ့ဆိုင်ကပန်းက ပိုလတ်ပြီး လှလည်းလှတယ်"

ဟူသည့် စကားလုံးတွေကို တမင်ပဲ အမေ့ခံပစ်လိုက်သည်။ မေမေ မေးရင်တော့ "ရခိုင်မကြီးသားအမိဆိုင်"က







www.burmeseclassic.com

www.burmeseclassic.com



ဝယ်တယ်ပဲပေါ့။ ပြီးမှ ကွယ်ရာကျ ကိုယ်ဝယ်ချင်တဲ့ဆိုင်ကဝယ် လာမှာ။ ပန်းဟာ ဘယ်ဆိုင်ကထွက်တဲ့ပန်းရယ်လို့ မေမေ ဘယ်လိုလုပ် စစ်ဆေးနိုင်မှာလဲလေ။

ရိုးပန်းအဖြူရောင် ကြွားကြွားကြီးတစ်စည်းဝယ်ပြီး ဒီဘက်ပြန်အလှည့်တွင် ရုတ်တရက်ဆုံလိုက်ရသော မျက်လုံးတစ်စုံကိုတော့ မြကြာယံ ချက်ချင်းမှတ်မိသွားသည်တည်း။ ဟီဟိ ... ကြည့်စမ်း ... ယောက်ျားလေးဖြစ်ပြီး အမေ့ဈေးခြင်းဆွဲပြီး ဈေးဝယ်သတဲ့။ ရှင် ဘယ်လိုလူလေးလဲ ဟန်မင်းဆက်ရယ်။ မြကြာယံ မှတ်မိပြီး ပြုံးစိစိ ကြည့်သလို ဟန်မင်းဆက်လည်း အံ့သြမှင်တက်ပြီး ကြည့်လေသည်။

လွန်ခဲ့တဲ့သုံးရက်တုန်းက ဆုံခဲ့သော ဒီလူနဲ့ဒီလူကို မမှတ်မိစရာလည်းမရှိ။ အံ့သြစရာကောင်းလှစွာ အခုလို တိုက်တိုက်ဆိုင်ဆိုင်ဆုံရတော့လည်း ဒါဟာ ရေးရေစက်လို့ ပြောရမလား ဟန်မင်းဆက်ရယ်။

အမေ သွားရာ ဆက်လိုက်မသွားတော့ဘဲ မြကြာယံကို မေ့ပြီးငေးရပ်ကြည့်နေလေရာ နည်းနည်းခြေလှမ်းလွန်နေပြီဖြစ်သော သူ့အမေက သတိထားမိပြီး လှည့်ကြည့်လိုက်ပါသည်။

"သား ... မောင်ဟန်"

"ခင်ဗျာ"

ဟယ် ... ထူးပုံလေးကလည်း လိမ္မာလိုက်တာ။ ဒီလိုလိမ္မာယဉ်ကျေးပြီး အမေ့ကို ကူတဲ့သားဟာ အခုခေတ်မှာ





ခေါ်ရှားရှားရယ်။ သူကတော့ ပုဆိုးတိုတိုလေး ဒူးနှစ်လုံးကြား ညှပ်လို့ "ခင်ဗျာ"လို့ထူးသတဲ့။

"ဩော် ... သား သူငယ်ချင်းတွေ့လို့လား"

သူ့အမေက ချက်ချင်းပဲ မြကြာယံကို ပြုံးပြရင်း မေးပါသည်။

"ဟို ... အမေ သူက ..."

"အေး ... အေး ... ဒါဖြင့်လည်း ခဏစကားပြောကြဦး။ အမေ ဒီမှာ ပန်းရွေးလိုက်ဦးမယ်"

သူ့အမေက သူ့စကားဆုံးအောင်တောင် နားမဆောင်တော့ဘဲ ပန်းစည်းတွေဘက်မဲနေသည်။ အခုမှကြည့်မိတယ်။ သူ့အမေဝယ်နေတဲ့ပန်းသည်က မေမေ သေသေချာချာမှာလိုက်တဲ့ ရှိုင်မကြီးသားအမိတွေပဲ ... ဟီဟိ။

အမေတွေဟာ ဒီလိုပဲ ဈေးသည်ဆိုရင် သတ်မှတ်ပြီး ဒီလူ့ဆီကမှလို့ ဝယ်တတ်ကြပုံပဲ။

မြကြာယံ သူမဘာသာ ပြုံးစိစိ စဉ်းစားနေတုန်း ဟန်မင်းဆက်ထံမှ ...

"ဒီနားမှာ နေတာလား"

ဆိုသော မေးသံကြားရသည်။

"ဟုတ်တယ်"

"ကျွန်တော်တို့လည်း ဒီနားမှာနေတာပါပဲ။ တစ်ခါမှမတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူးဆို တို့က ဈေးခြင်းလိုက်ဆွဲပေးတတ်တဲ့သမီး လီမွှာမှမဟုတ်ဘဲ"

ထိုသို့ စောင်းမြောင်းသလိုပြောလိုက်တော့ ဟန်မင်းဆက် သူ့ဘာသာ သဘောပေါက်ပြီး ပြုံးပါသည်။ သူ့ဘာသာလည်း ဈေးခြင်းကို ပြန်ငုံ့ကြည့်လိုကြည့်။ အမေကို လှမ်းကြည့်လိုကြည့်နဲ့ အမူအရာတွေ ရှုပ်ထွေးနေပြန်သည်။ မြကြာယံသည် ဒီကောင်လေးကို နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခွင့်ရပြီးသည့်အခါမှ ကောက်ချက်တစ်ခုချနိုင်သွားသည်။ အဲဒါက ဘာလဲဆိုတော့ သူဟာ သိပ်ကိုရိုးသား၊ လိမ္မာ။ ယဉ်ကျေးပြီး ပရိယာယ်သိပ်မများသူတစ်ယောက်ဆိုသော သူနဲ့ပတ်သက်တဲ့မှတ်ချက်၊ ကောက်ချက်တစ်ခုသာဖြစ်ပါသည်။

"ဘာစားပြီးပြီလဲ"

ဟင် … မေးပုံကလည်း။ အဆက်အစပ်မရှိ မေးချင်ရာစွတ်မေးလိုက်တဲ့ပုံစံမျိုး။

"ဘာလုပ်မလို့လဲ"

"အိမ်မှာမုန့်မစားရသေးရင် ကျွန်တော်နဲ့ မုန့်လိုက်စားပါလို့ ခေါ်ချင်လို့"

"အံမယ် … ရှင်အမေ ပါနေတာကို"

"အမေက သူငယ်ချင်းတစ်ယောက်ကို ခေါ်ကျွေးတာကို ဘာမှ မပြောပါဘူး"





"သြော် … ဒါတော့ ရှင်ပြောမှလား၊ တို့ပြောတာ အဲဒီသဘောမဟုတ်ပါဘူး၊ လူကြီးတစ်ယောက်ပါနေတာမို့ မနေတတ်လို့ပါ"

"ဒါဆို နောက်နေ့ကျ ထွက်လာခဲ့ပါလား၊ ကျွန်တော်တို့ မုန့်အတူထွက်စားကြတာပေါ့"

"အမေ့ဈေးခြင်း လိုက်မဆွဲပေးဘူးလား"

"အမေက နေ့တိုင်း ဈေးမလာပါဘူး၊ နှစ်ရက်သုံးရက်စာ လောက်ဝယ်ထားပြီး ရေခဲသေတ္တာထဲထည့်ထားတယ်လေ"

"ရှင်တို့အရပ်က မီးမှန်တယ်ပေါ့"

"ဟဲ ဟဲ … မီးစက်ရှိတယ်လေ"

"နားငြီးကငြီးနဲ့"

"နားမငြီးပါဘူး၊ ခြံအစွန်ဆုံးထောင့်မှာထားလိုက်တယ်"

"ဘေးအိမ်တွေကို ဒုက္ခပေးတာပေါ့"

"ဘာတွေလာရစ်နေမှန်းမသိဘူး၊ သူနဲ့စကားပြောရရင် ကျွန်တော် ခေါင်းရှုပ်လာတယ်၊ ဒါနဲ့ နေပါဦး၊ ကျွန်တော် သူ့နာမည်မသိလို့ သူ့သူနဲ့ နာမ်စားသုံးပြီးပြောနေရတယ်၊ နာမည်ဘယ်လိုခေါ်လဲ"

"သူလေ … သူ … သူ"

"ဟာ … မနောက်ပါနဲ့"

မြကြာယံလည်း ရိုးသားသောကောင်လေး၏ စိတ်ရှုပ်ထွေးသောအမူအရာကို သနားမိလာပြီး နာမည်ပြောပြလိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်မိသည်။ တကယ်တော့ မခင်ချင်လို့၊ နာမည်မပြောချင်လို့ အိုက်တင်လုပ်ချင်လို့ မပြောဘဲနေတာမဟုတ်ပါဘူး။ ဘာဖြစ်လို့မှန်း မသိဘူး။ သူ့ကို စ,ချင်လို့ နာမည်မပြောဘဲ ကတ်သတ်နေမိတာ။

"တို့နာမည် မြကြာယံ"

"မြကြာယံ"

သူက သံယောင်လိုက်သလိုအသံဖြင့် လိုက်ခေါ်ပါသည်။

"ဘာလဲ ... မကောင်းလို့လား"

"မဟုတ်ပါဘူး၊ နာမည်လေးက ကြားလိုက်ရင် ရင်ထဲမှာ အေးသွားသလိုခံစားရလို့ပါ"

"မြှောက်မနေနဲ့၊ ကဲ ... တို့သွားမယ်"

"ဟာ ... ခဏနေပါဦး၊ ကျွန်တော် မုန့်ကျွေးချင်လို့ ပြောထားတဲ့အကြောင်းကို မြကြာယံ ဘာမှ ပြန်မဖြေရသေးဘူးလေ"

"မနက်စာကို တကူးတကြီး အပြင်မှာထွက်စားရတာပျင်းတယ်၊ အနုတောင်ကြည့်ပါလား၊ မထွက်ချင်ဘဲထွက်လာရတာ၊ လုပ်ပုံက စတ်ပြတ်နေတာပဲလေ။ တို့က နေ့လယ်နေ့ခင်းလောက်မှ အပြင်ထွက်ဖို့စိတ်ပါပြီး သေသေချာချာ ပြင်ဆင်ပြီးထွက်တာ၊ မနက်အိပ်ရာထပုံစံကတော့ စုတ်စုတ်ပြတ်ပြတ်ပဲ"





ဟန်မင်းဆက် သဘောကျသလိုပြုံးသည်။ တခြားမိန်းကလေးတွေလို ကိုယ့်ကိုယ်ကိုယ် စုတ်တယ် ပြောရသဖြင့် ရှက်နေဟန်လည်း မတွေ့ရသော မြကြာယံအကြောင်း နီတူးကို ပြန်ပြောရမည်။

အဲဒီကျ နီတူးဆိုတဲ့အကောင်က သူ့ကိုယ်သူ ဂုဏ်ယူပြီး ...

"တွေ့လား ငါရွေးပေးတာ မမှားပါဘူးကွာ"

ဆိုတာမျိုးတွေ ကြားရဦးမယ်လေ။ မြကြာယံကို သဘောကျဖို့ တွန်းအားပေးတာလည်း နီတူး။ မြကြာယံကို စိတ်ခင်စားဖို့ အကြံပေးတာလည်း နီတူး။ ဘာပဲဖြစ်ဖြစ် နီတူး ပေးတဲ့ အကြံတွေဟာ ဟန်မင်းဆက်အတွက်တော့ အကောင်းတွေကြုံဖို့ များနေတတ်သဖြင့် သူ့အကြံတွေကို ဟန်မင်းဆက် ဘယ်တော့မှ မငြင်းမိခဲ့ပါ။

"ဟယ် ... စကားပြောနေရင်း ရည်းစားဟောင်းကို သတိရသွားတာလား"

"ခင်ဗျာ"

"ဘာ ... ခင်ဗျာလဲ၊ ရှင့်နာမည်ခေါ်နေတာမဟုတ်ပါဘူး။ မထူးပါနဲ့ စကားပြောနေရင်း မျက်နှာကြီးက အတိတ်မေ့သလိုလိုနဲ့ ပြုံးပြီး စိတ်တွေအဝေးတစ်နေရာကို လွင့်သွားပုံမျိုးမို့ ရည်းစားဟောင်းကိုများ သတိရသွားလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်ပြောတာမှန်တယ်လို့ တွေးမိသွားလို့ပါ"

"ဘာမှန်လို့လဲ"

"သူက မြကြာယံကိုလေ့လာပြီး စိတ်သဘောထားမဆိုးဘူး ပွင့်လင်းတယ်၊ ဟန်မများဘူးလို့ ဝေဖန်ထားလို့ပါ"

"အံမာ ... သူကများ"

"သူက ကောင်းပါတယ် မြကြာယံရဲ့။ သူ့ကို ခေါ်လာပြီး မိတ်ဆက်ပေးဦးမယ်လေ"

"ဟန်မင်းဆက် ရှင့်အမေ ပန်းဝယ်တာ ပြီးသွားပြီထင်တယ်"

"ဩော် ... ဟုတ်တယ်၊ ဒါဆို ကျွန်တော် သွားရတော့မယ်၊ မနက်ဖြန် ဘယ်အချိန်တွေ့ကြမလဲဟင်"

"အံမာ ... ချိန်းဝုံကလည်း သမီးရည်းစားကျနေတာပဲ"

"သူငယ်ချင်းတွေလေ၊ သူငယ်ချင်းတွေလည်း ဒီလိုပဲချိန်းပြီးဆုံကြတာပဲ"

မြကြာယံသည် စိတ်ထဲမှာလည်း ဟန်မင်းဆက်ကို တဖြည်းဖြည်း ခင်မင်လာမိသည်ဖြစ်ရာ မငြင်းနေချင်တော့ဘဲ သူနဲ့တွေ့ဆုံဖို့ သဘောတူလာမိသည်။ မြကြာယံမှာလည်း သူငယ်ချင်းယောကျ်ားလေးတချို့ရှိသည်ဖြစ်ရာ သူ့ကို သူငယ်ချင်းစာရင်းသွင်းဖို့ ဝန်မလေးနေတော့ပါ။





"ကြာယံ နေ့လယ်တစ်နာရီမှာ သင်တန်းသွားရမယ်၊ ဟန်မင်းဆက် စောင့်ချင်ရင် ဆယ့်နှစ်နာရီလောက်မှာ (...)လမ်းကိုလာခဲ့။ အဲဒီလမ်းထိပ်မှာ ရပ်စောင့်နေလေ။ ကြာယံ အိမ်က ထွက်လာရင်တွေ့မယ်၊ ကြာယံက တစ်နာရီသင်တန်းစမှာဆိုတော့ ဟန်မင်းဆက်နဲ့ စကားပြောဖို့ အချိန်ရပါတယ်၊ ကဲ ... ကျေနပ်ပြီလား"

"ဟေး ..."

ဟန်မင်းဆက် တစ်ယောက် လက်သီးကိုဆုပ်ကာ ပျော်သွားသလို ခေါင်းမော့ပြီး ဟေးခနဲ အော်လိုက်ပြီးလျှင် အမေ ရပ်စောင့်နေရာသို့ ပုဆိုးလေးမ,ကာ ခပ်သွက်သွက်လျှောက်သွားခဲ့ပါတော့သည်။ တစ်ယောက်နဲ့တစ်ယောက် ကျောခိုင်းပြီး ကိုယ့်လမ်းကိုယ်သွားနေကြပေမဲ့ သူတို့အသီးသီး မျက်နှာမှာ အပြုံးကိုယ်စီတွေတင်နေခဲ့တာတော့ ဘာကြောင့်မှန်းမသိ။

အမေကတော့ ဘာတွေ သဘောကျပြီး ပြုံးနေမှန်းမသိ တစ်ချိန်လုံးပြုံးပြုံးကြီးဖြစ်နေသော ဟန်မင်းဆက်ကို ကြည့်မရတော့ဟန်ဖြင့် ...

"ဟယ် ... မောင်ဟန်ရယ်၊ တစ်ယောက်တည်းပြုံးနေလိုက်တာဟယ်၊ နင့်ကို သူများမြင်ရင် အရူးထင်တော့မှာပဲ၊ တကတဲ ကောင်မလေးက ဘာတွေများ ပြောလိုက်လို့ ဒီလောက် သဘောတွေကျလာတာလဲ"

ဟု မေးယူရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည် မြကြာယံတဲ့ အမေ"

"ရည်းစားဖြစ်နေကြရင်လည်း ဟိုတွဲဒီတွဲသိပ်တော့မသွားနဲ့ပေါ့။ အဖေ အမေကို အသိပေး၊ အိမ်မှာ စကားသွားပြောပေါ့"

"ဟာ ... အမေကလည်း ရည်းစားမဟုတ်ပါဘူး သူငယ်ချင်းပါ"

"အမယ်လေးကွယ် ငါလည်း ဒီအရွယ်ကနေ လူကြီးဖြစ်လာတာပါ။ မင်းတို့ကြည့်ပုံရှုပုံတွေမြင်တာနဲ့ အခု ရည်းစားမဖြစ်တောင် နောင်တော့ ရည်းစားဖြစ်မယ်ဆိုတာ သိကိုသိပါကွယ်"

ဟန်မင်းဆက်ကတော့ အမေ့ကို ဆက်မငြင်းနေတော့ဘဲ အိမ်ကိုသာ မြန်မြန်ပြန်ရောက်ဖို့ စိတ်စောနေသည်။ အိမ်ရောက်ရင် ဟိုဘက်ခြံက နီတူးကို အချက်ပေးခေါ်ပြီး ဒီဘက်ကူးလာဖို့ခေါ်ရမည်။ နီတူး ရောက်လာရင် ကောင်မလေးနဲ့ဆုံခဲ့တဲ့အကြောင်း၊ ကောင်မလေးနာမည် မြကြာယံဆိုတာပါ သိခဲ့တဲ့အကြောင်းတွေ ကြွားရမည်။

*○*





၃

နီတူးက ကလေးလိုပဲ ဟန်မင်းဆက်၏ရေမြှုပ်မွေ့ရာ အကောင်းစားကြီးပေါ်မှာ တက်ခုန်နေသည်။ ဟန်မင်းဆက် စိတ်ထဲမှာတော့ အမေမြင်ရင် ဆူတော့မှာပဲလို့တွေးနေမိသည်။ အမေက မွေ့ရာတွေပေါ် တက်ခုန်ရင်မကြိုက်။ ဆူလည်းဆူ ရိုက်လည်းရိုက်သည်။ တစ်ဦးတည်းသောသားပေမဲ့ အဖေအမေတို့က သင့်တော်သလောက်ပဲ အလိုလိုက်ကာ သွန်သင်ဆုံးမတာတွေက အများကြီးဖြစ်နေတတ်သည်။ အမေက နီတူးကို သိပ်သဘောမကျကြောင်း ဟန်မင်းဆက် ရိပ်မိသလို နီတူးကလည်း ရိပ်မိသဖြင့် ...

"ငါ မင်းဆီ လာတော့လာမယ်ကွာ၊ ဒါပေမဲ့ မင်းမားသားကြီးမသိအောင်လာချင်တယ်။ မင်းအခန်းကို တက်လို့ရတဲ့ နောက်ဖေးဘက်လှေကားရှိတယ်မဟုတ်လား ။ နောက်ဖေးကနေပတ်ပြီး မင်းအခန်းဘက်ကနေဖြစ်ဖြစ် ဒါမှမဟုတ် အိမ်ရှေ့ဝရန်တာထိ တောက်လျှောက် လှေကားရှိတယ်လေ။ ငါ အဲဒီ

www.burmeseclassic.com



ကနေ ခိုးတက်လာခဲ့မယ်။ အိမ်ရှေ့အပေါ်က မဝင်ဘူးနော်။ ငါလာတဲ့အခါတိုင်း အဲဒီလှေကားကနေလာခဲ့မယ်။ ဒါမှ မင်းမားသားရဲ့မျက်လုံးတွေနဲ့ အကြည့်မခံရမှာ"

ထိုသို့ နီတူး တိုင်ပင်လာတုန်းက ဟန်မင်းဆက်မှာ နီတူးကို အားနာသနားပြီး ဘယ်လိုနှစ်သိမ့်ရမှန်းမသိ စဉ်းစား မရတော့သလိုဖြစ်သွားခဲ့သည်။

"ဘာမှ စိတ်မကောင်းမဖြစ်နေနဲ့။ လူကြီးတွေဆိုတာ အဲဒီလိုပဲကွ။ သူတို့စိတ်ထဲမကြိုက်ရင် ဘယ်လိုမှ ကြိုက်အောင်လုပ်ပြလို့မရဘူး။ အေး ... သူတို့ကြိုက်မိရင်လည်း အပြစ်မမြင်တော့ဘူး၊ အဲဒါမျိုးကွ။ အရေးကြီးတာက မင်းနဲ့ငါ Best friend forever ဖြစ်နေဖို့ပဲ"

ဟန်မင်းဆက် အတွေးလွန်နေစဉ် နီတူး ခုန်နေရာမှ ရပ်လိုက်ပြီး ဟန်မင်းဆက်အနား ခုန်ဆင်းလာ၊ ဟန်မင်းဆက်၏ မျက်နှာရှေ့ သူ့လက်ဖဝါးကို ဟိုယမ်းဒီယမ်းလာလုပ်လိုက်ပါသည်။ ဟန်မင်းဆက် မျက်တောင်ခတ်မိသွားတော့မှ နီတူး ဟက်ခနဲရယ် လေသည်။

"တော်သေးတာပေါ့၊ မင်း အသက်ရှိသေးတယ်"

"ဘာဖြစ်လို့လဲကွ"

"ဟ ... မင်းပုံစံကြီးကကွာ ထိုင်ရက်ကြီး အသက်ပျောက်နေသလိုပဲ၊ မျက်တောင်တောင် မခတ်တော့ဘူး"

"အတွေးလွန်သွားလို့"





"ဘာတွေတွေးတာလဲ"

"စုံနေတာပဲ"

"မြကြာယံအကြောင်း ပါတယ်မဟုတ်လား"

"မပါပါဘူးကွာ"

"အံမာ ... မင်း လိမ်နေတာ ရုပ်ကြီးက"

"မင်းကို မလိမ်ပါဘူးကွာ၊ လိမ်လို့ ဘာအကျိုးထူးမှာလဲ၊ ဒီဇာတ်လမ်းက မင်းစ,ပေးလို့ ဖြစ်လာတဲ့ ဇာတ်လမ်းပဲ။ ငါကမလိမ်ပါဘူး"

"စ,တာကို ဖြေရှင်းနေလိုက်ရတာကွာ အမြုပ်တောင်ထွက်နေပြီလား၊ မှန်းစမ်း"

"ဟော့ကောင် နှောက်မနေနဲ့၊ စကားအကောင်းပြောရအောင်"

နီတူး ဒီတော့မှ မျက်နှာပိုးသတ်ပြီး ဟန်မင်းဆက် ကျက်ရင် ဖိမ်ယစ်ပြီးထိုင်တတ်သော ကြိမ်လျှပ်ကုလားထိုင်မှာ င်ထိုင်သည်။ ပြီးတော့ ခေါင်းမူးလောက်အောင် ယိမ်းထိုးပြီး ယ်ကိုလှုပ်ကာ ကုလားထိုင်ကို စီးနေတော့သည်။ အင်း ... ကောင် ဒါကြောင့်လည်း အမေက သူ့ကို ကြည့်မရတာ။ ဘယ် ာ့တွေ့လိုက် တွေ့လိုက် မျောက်လို အငြိမ်မှုမနေတာကိုး။

"မနက်ဖြန် သူနဲ့တွေ့ရမယ်ကွ။ ငါ စိတ်လှုပ်ရှားနေမိတယ်"

"ဘာလဲ မင်းက တစ်ခါတည်း ရည်းစားစကားပါပြောဖို့ စိတ်ကူးထားလို့လား မောင်ဟန်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါ တစ်ခါမှ မိန်းကလေးတစ်ယောက်နဲ့ ချိန်းပြီး စကားပြောကော်ဖီသောက်မှုမလုပ်ဖူးဘာ။ ဒါကြောင့် မင်း လိုက်ခဲ့ပါလို့ အဖော်ခေါ်တာပေါ့ကွ"

"မင်းဥစ္စာက မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ"

"မင်းပဲချိန်းလာပြီ ဟာကယ်သွားလည်းတွေ့ရော မင်းမှာ နောက်ထပ်ယောက်ျားလေးတစ်ယောက် အဖော်ပါနေရင် မြကြာယံ စိတ်ထဲ ဘယ်လိုထင်မလဲ စဉ်းစားကြည့်၊ ပြီးတော့ သူက မင်းကိုပဲ တွေ့ချင်လို့ မင်းချိန်းတာကို လက်ခံတာလေကွာ၊ ငါပါနေရင် ဘယ်ကြည်မလဲ၊ သူလည်း အနေခက်မှာပဲ"

နီတူးပြောတာ ဟုတ်နေသဖြင့် ဟန်မင်းဆက် ငြိမ်သွားပါသည်။

"သူနဲ့တွေ့ရင် ငါ ဘာပြောရမလဲ မသိဘူး"

"ဟန်လုပ်မနေနဲ့၊ မောင်ဟန် ... မောင်ဟန် ...။ မင်းဟာ နာမည်နဲ့လိုက်အောင်ကို ဟန်ကလည်းလုပ်ပါ၊ ငါ သင်ပေးမှ မင်းက စကားပြောတတ်မှာလား၊ ဒီနေ့မနက် ဈေးမှာ တွေ့ခဲ့တော့ ရုတ်တရက် မင်း ဘာတွေ ပြောဖြစ်ခဲ့လဲ ကြိုတင်ပြင်ဆင်ပြီး ပြောတာ... ်မပြင်ဆင်ဘဲပြောတာက ပိုပြီးမိုက်တယ်ကွ"





"သူလည်း ရိုပ်မိမှာပဲကွ၊ ယောက်ျားလေးတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို အလကားနေရင်း ခင်ပါရစေ၊ တွေ့ပါရစေ၊ စကားပြောပါရစေ၊ ကော်ဖီအတူသောက်ပါရစေ ဆိုတာဟာ ဘယ်လိုမှ ရိုးရိုးသားသား မဖြစ်နိုင်ဘူးလေ"

"ရိပ်မိတဲ့အတူတူ ချက်ချင်းကြီး ရည်းစားစကားပြောမယ် ပေါ့ ဒီလိုလား"

"ဟာ ... မဟုတ်ပါဘူး၊ နည်းနည်းတော့ စောင့်ရမှာပေါ့၊ တစ်လလောက်စောင့်ပြီးမှ ပြောမှာပေါ့"

"မောင်ဟန် ... ဟော့ကောင် ငါ စကားပြောရတာ ပျင်းလာပြီကွာ၊ အပြင်သွားကြရအောင်"

"ဖောက်လာပြီ"

"ဟ ... ငါတို့က ယောက်ျားလေးတွေကွ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ယောက်ျားလေး ဆိုတာ အိမ်မှာမနေကြဘူးကွ။ လမ်းသလားကြတာများတယ်၊ အိမ်မှာနေပြီး အိမ်ကပ်ပြီး ဘာလုပ်မှာလဲကွာ၊ အခြောက်ကျနေတာပဲ၊ အမေနဲ့ အိမ်အလုပ် ဝိုင်းကူမလို့လား"

"မကူပါဘူး"

"မကူရင် သွားမယ်"

"ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"Bowling (ဘိုးလိမ်း)သွားပစ်မယ်"

ဒီလိုနဲ့ပဲ ထုံးစံအတိုင်း ဟန်မင်းဆက် ကားကိုမောင်းပြီး နီတူး ဘေးကပါလာကာ ဘိုးလိမ်းကစားကြဖို့ အပြင်ထွက်လာကြတော့သည်။ ဟန်မင်းဆက်နဲ့ နီတူးတက်သော စားဖိုးမှူးကြီး (Chef (ရှက်ဖ်))သင်တန်းက တနင်္လာမှ သောကြာထိ မနက်ကိုးနာရီကနေ ငါးနာရီတက်ရသဖြင့် စနေ၊ တနင်္ဂနွေလိုနေ့မျိုးတွေမှာ အားလပ်နေတတ်ပါသည်။ အားလပ်ပေမဲ့ ဘယ်တော့မှ အိမ်မကပ်ချင်သော နီတူးကြောင့် တစ်နေကုန်နီးပါး လမ်းပေါ်ရောက်ရသည်ပင်။

မနက်ဖြန်တော့ ဆယ့်နှစ်နာရီမှာ မြကြာယံနဲ့ ချိန်းထားတာမို့ နေ့လယ် ထမင်းစားချိန်မှာ သင်တန်းကထွက်လာပြီး မြကြာယံပြောတဲ့ လမ်းထိပ်ရှေ့သွားစောင့်၊ မြကြာယံ သင်တန်းသွားတက်တော့ ဟန်မင်းဆက်လည်း ကိုယ့်သင်တန်းကိုယ်ပြန်လာ။ မီတဲ့အတန်း ဆက်တက်ရုံပေါ့။ မြကြာယံကတော့ ဘာသင်တန်းတက်သလဲ မသိ။ မနက်ဖြန်မှ မေးကြည့်ရဦးမည်။ နေဦး မြကြာယံနဲ့ သွားတွေ့ရင် ပန်းလက်ဆောင်တို့ ဘာတို့ ယူသွားရသလားမသိဘူး။ ဆရာကြီးနီတူးကို အခါတော်ပေးဖို့ မေးဦးမှ၊ မေးဦးမှ။

"ဟာ ... မောင်ဟန်ရာ ဘာဖြစ်နေတာလဲကွာ၊ တလွဲတွေချော်တွေပဲ၊ ပစ်နေတာ၊ ခါတိုင်း မင်း ဒီလိုမဟုတ်ပါဘူး"





"မင်း ကစားချင်တာကွာ၊ မင်း အကုန် လက်မှန်းတည့်ဖို့ အရေးကြီးပါတယ်၊ ငါ မတည့်တာဘာဖြစ်လဲ၊ စိတ်ပူမနေပါနဲ့"

"ငါက လက်ရည်တူမှ ပြိုင်ပစ်ချင်တာကွ၊ အခုတော့ မင်းကချည်း ဆက်တိုက်ရှုံးနေတာ"

"မနက်ဖြန်ကျ မြကြာယံကိုသွားတွေ့ရင် ပန်းစည်းဝယ်သွားရမလား"

ဟန်မင်းဆက်မှာ စကားအဆက်အစပ်မရှိဘဲ မေးချလိုက်လျှင် နီတူးတစ်ယောက် ဝမ်းခေါင်းသံကြီးဖြင့် ရယ်မောတော့သည်တည်း။

"ဟော့ကောင် တိုးတိုးလုပ်ပါကွ၊ ဘေးလူတွေကြည့်ကုန်ပြီ"

"ရယ်စရာရှိလို့အော်ရယ်တာကွာ၊ ရှက်စရာလား"

"မင်းက ငါ့ဆို အမြဲဟားလိုက်၊ ကဲ့ရဲ့လိုက်၊ ဝေဖန်လိုက်နဲ့"

"ချိုပ်မချူးပါနဲ့ ငယ်ပေါင်း ပေါက်ဖော်ကြီး ဟန်မင်းဆက်ရာ၊ ငါက မင်းကို ခင်လို့စ,နေတာပါကွ။ မင်းဆိုတဲ့ကောင်က ဘာမှန်းကိုမသိဘူး။ စ,နေမှန်းသိရက်နဲ့ အတည်ကြီးယူပြီး စိတ်ထဲမှာ ခံစားလိုခံစားနဲ့"

"မင်း ရယ်လိုက်တော့ ပြောရတဲ့သူက ဖီလင်အောက်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြော ပြော၊ ဖိလင်ပြန်သွင်းပြီးပြော။ ငါ မရယ်ဘူး"

"အပိုတွေ လုပ်မနေနဲ့၊ ငါ ဘာပြောလိုက်လဲဆိုတာ မင်းကြားပြီးပြီလေ"

နီတူး ဆက်ပြီး ရယ်မနေ၊ နောက်မနေတော့ဘဲ သူ့နှုတ်ခမ်းသူ ဖစ်ဖြင့်ဆွဲပိတ်သလို ပုံစံလုပ်လည်းလုပ်၊ ဖွိခနဲ စစ်ပိတ်သံပါ မြည်အောင်လုပ်ပြီး မျက်နှာကို ချက်ချင်းပဲ တည်လိုက်ပါသည်။

"မင်း မေးလိုက်ပြောလိုက်တာကို ငါ ကြားပါတယ်ကွာ။ မင်း ပြောပုံက အတော်ရယ်စရာကြီးမို့ရယ်မိတာ"

"ဘာဖြစ်လို့လဲ"

"မင်း ဘယ်လိုစိတ်ကူးနဲ့ ပန်းစည်းဝယ်သွားရင်ကောင်းမလားလို့ လာပြောတာလဲ"

"မသိဘူးလေ၊ ရုပ်ရှင်ထဲမှာတွေ့ဖူးလို့"

"ရုပ်ရှင်ထဲမှာက ဘိုတွေ အဖြူတွေလုပ်တာလေ၊ ငါတို့က မြန်မာတွေ အာရှန်း (Asian)တွေ တူမှမတူတာ"

"ဒါဆို ဝယ်မသွားသင့်ဘူးပေါ့"

"စဉ်းစားနေစရာတောင်မလိုပါဘူးကွာ၊ မင်းပဲဆုံးဖြတ်ပါ။ ဝယ်ပြီးသွားပါပြီတဲ့ သူ့ကို ဘာသဘောနဲ့ပေးပါတယ်လို့ ပြောမလဲ၊ ခင်မင်မှုအထိမ်းအမှတ်ဖြင့် ပန်းစည်းပေးပါတယ်လို့ပြောမလား၊ ဟား ဟား ... နိုင်ငံတစ်နိုင်ငံရဲ့ခေါင်း





ဆောင်ဖြစ်ဖြစ်၊ အကြီးအကဲဖြစ်ဖြစ်ဟာ တခြားသောတစ်နိုင်ငံကို သွားလည်ရင် ကြိုဆိုတဲ့အထိမ်းအမှတ်နဲ့ ပန်းစည်းပေးတာက ကြည့်ကောင်းတယ်ကွ၊ မင်းကတော့ ကောင်မလေးကို သွားစောင့်ပြီး တွေ့လည့်တော့ရော ပန်းစည်းကြီး ထိုးထည့်ပြီး ကြိုဆိုပါတယ်ပြောရင်တော့ ပေါချာချာကြီးဖြစ်နေမှာပေါ့"

နီတူး ပြောပြနေတာတွေ ဟာက်ခနဲသဖြင့် ဟန်မင်းကလည်း အလွယ်တကူလက်ခံလိုက်ပါသည်။ စိတ်ထဲမှာ ဘာဖြစ်နေမှန်းမသိဘဲ မြကြာယံနဲ့ သွားတွေ့ရဖို့ကိုသာ ဟိုဘက်ကတွေး၊ ဒီဘက်ကတွေးလိုက်ဖြင့် ဗျာများနေမိတာမျိုးဖြစ်နေသည်။ မင်းဆက်ဟာ ဒီအရွယ်ပဲရောက်နေပြီ။ မိန်းကလေးသူငယ်ချင်း မရှိ။ မိန်းကလေးတစ်ယောက်နဲ့ နှစ်ယောက်တည့်ချိန်းပြီး လည်း မတွေ့ဖူးခဲ့။ စကားပင်မပြောဖူးခဲ့သည်ဖြစ်ရာ ဒီအဖြစ် တကယ့်ကို အတွေ့အကြုံအသစ်ကြီးလိုပဲ ဖြစ်နေတော့သည်။ စိတ် လှုပ်ရှားစရာ သိပ်မရှိပါဘဲ စိတ်တွေ ကြိုလှုပ်ရှားပြီး နေ့တွေကို မြန်မြန်ပဲ ကုန်ချင်ပြီး မနက်ဖြန် မြန်မြန်ရောက်၊ မြန်ပြီးဆုံးစေချင်သလိုလို၊ ဒါမမဟုတ် မနက်ဖြန်ကို မြန်မြန်ရောက်ပါစေနဲ့ဦး စိတ်လှုပ်ရှားရတာတွေ ငြိမ်သက်အောင် ကျင့်ပြီးချိန်ကျမှ ရောက်ပါစေလို့ ဆုတောင်းချင်သလိုလို။

ဘိုးလိမ်းပစ်ပြီးပြန်တော့ နီတူးရဲ့ အအေးဝင်သောက်၊ အနည်းငယ်ထိုင်ပြော၊ ညနေတော်တော့်ကိုစောင်းပြီ၊ မှောင်



www.burmeseclassic.com

www.burmeseclassic.com



ခါနီးမှပြန်လာ၊ နီတူး အိမ်ရှေ့ ခြံရှေ့မှာ ကားရပ်ပြီး ချပေး နှုတ်ဆက်။ အဲဒီနောက်မှ ဟန်မင်းဆက်လည်း အိမ်ဘက်ဆက်မောင်းလာပြီး ကားကို ဂိုဒေါင်ထဲ အပြီးထည့်ရပ်လိုက်ပါသည်။

"သား ... မောင်ဟန်လားဟေ့"

"ဟုတ်ကဲ့ အမေ"

"ဘယ်ထွက်သွားတာလဲ မပြောမဆိုနဲ့"

"ဘိုးလိမ်းသွားကစားတာပါ အမေ"

"သား ထမင်းစားရင်စားတော့"

"မဆာသေးပါဘူး၊ သား အအေးသောက်လာလို့"

"အအေးတွေ သိပ်မသောက်နဲ့လေကွယ်၊ သားမှာ Tonsil (အာသီး)ရောင်တဲ့ရောဂါ ခဏခဏဖြစ်တာ သတိထားမှပေါ့"

နီတူးက အအေးကြိုက်လို့ ခဏခဏသောက်ဖြစ်နေတယ်လို့တော့ အမေ့ကို မပြောရဲ။ အမေက နီတူးကို သိပ်မှသဘောမကျတာ။

ဟန်မင်းဆက် တစ်ခုခု ဖြစ်ရင် ဒါ နီတူးကြောင့် နီတူးလုပ်လို့ ဆိုတာမျိုး ပြန်သိသွားတဲ့အခါ အမေ နီတူးကို ပိုမဲမှာ စိုးရိမ်ပါသည်။ တကယ်တော့ ဟန်မင်းဆက်မှာ အအေးကို ဒီလောက်ကြီးလည်း ခုံခုံမင်မင်ကြိုက်လှသူမဟုတ်လှပါ။ သူ့မှာ အာသီးရောင်တတ်တဲ့ ရောဂါလည်း ရှိတာကြောင့် အအေးတွေ ရှောင်ရမယ်ဆိုတာလည်း သိထားသလို အအေးလည်း သိပ်မကြိုက်





ဘူး၊ ဒါပေမဲ့ နီတူးကတော့ ကော်ဖီ၊ လက်ဖက်ရည်ကို မနက်အိပ်ရာထသောက်တာကလွဲရင် တစ်နေကုန် အအေးသောက်နေတတ်သူဖြစ်လေသည်။ ပူသောရာသီ၊ အေးသောရာသီရယ်လို့မရှိ။ အချိန်တိုင်း အအေးကြိုက်နေသူတစ်ဦးဖြစ်သည်။ ဒီတော့ဟန်မင်းဆက်လည်း နီတူးနဲ့ပေါင်းပြီး နီတူးအကြိုက် လိုက်စားနေရသလော နှစ်လတစ်ခါလောက်ကို အာသီးရောင်နေတော့တာ။ အမေသိသည့်အခါလည်းသိ။ မသိလိုက်သည့်အခါမှာလည်း ကိုယ့်ဘာသာ ဆရာဝန်တိတ်တိတ်သွားပြပြီး ညွှန်တဲ့ဆေးဝယ်သောက်နဲ့ ရောဂါရှင်းပစ်ခဲ့ပေါင်းမနည်းတော့။

"သား ထမင်းမစားသေးရင် အမေ့ကို e-mail တစ်စောင် ပို့ပေးပါဦး။ စင်ကာပူက သားအဒေါ် အန်တီနွယ့်ဆီကို နော်"

"အမေ စာရေးပြီးပြီလား"

"ပြီးပြီး ရော့ ရော့ ... ဒါအကုန်ရိုက်ပို့ပေါ့၊ သား ရေးချင်တာလည်း ထည့်ရေးပေါ့"

အမေက ကွန်ပျူတာကို အနည်းအကျဉ်းရပေမဲ့ စာရိုက်တဲ့အခါကျတော့ အင်္ဂလိပ်စာလုံးသာ ပုံမှန်လေးရိုက်တတ်ပြီး မြန်မာစာလုံးကျ ရိုက်လျှင် တော်တော်နှေးလေသည်။ အက္ခရာတစ်ခုရိုက်ဖို့အရေး ဘယ်နေရာမှာရှိတယ်ဆိုတာကို ပြန်ကြည့်လိုက်၊ တစ်လုံးရိုက်လိုက်ဖြစ်လေရာ အကြာကြီးရိုက်ရသဖြင့် စိတ်လည်းရှုပ်တော့ပါ။ ခေါင်းလည်းကိုက်၊ မျက်ရိုးလည်းကိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒူးဇေဘာ်ဇော၊ အင်္ဂလိပ်လိုပါ မြန်မြန်လေးရိုက်တတ်သည့် အ
ဘော်ဆောင်ကိုသာ စာရိုက်ပေးဖို့ ခိုင်းတတ်လေသည်။စင်ကာ
အနေ့ညီမ ဟန်မင်းဆက်၏အဒေါ်ဆီသို့ မြန်မာလို e-mailပို့
သည့်ဖြစ်ရာ ဟန်မင်းဆက်ကို စာရိုက်ပို့ခိုင်းတာဖြစ်သည်။ အ
မှာ ညီမနှစ်ယောက်ရှိပြီး နှစ်ယောက်စလုံး စင်ကာပူမှာ အ
များနေထိုင်နေသဖြင့် ဟန်မင်းဆက်တို့သွားလည်လျှင် တည်းဖို့
က နေ့စဉ်အိမ်ဘောင်ရှိသည်။

သို့သော် ဟန်မင်းဆက်က အဒေါ်တွေအိမ်ဆို
အဖေ စာရိုက်ပို့သော အန်တီနွယ်အိမ်ထက် အန်တီမွန်အိမ်မှာ
တည်းလိုသည်။ အန်တီနွယ်က Psychiatric(စိတ်ရောဂါကုဆ
ရာဝန်)တစ်ယောက်ဖြစ်ပြီး ဟန်မင်းဆက်ကို ကြည့်ရှုစကားပြော
သုနာပုံစံမျိုး ဆေးကုသလိုသို့ကြည့်တတ်သည်။ လူတိုင်း
ဒ်ဘ်ရောဂါဝင်နေတယ်ဆိုတဲ့ သံသယအကြည့်နဲ့ကြည့်တတ်သည်
ထင်ကာ အဲဒီအဒေါ်ကိုတော့ ဟန်မင်းဆက် မကြိုက်လှ။

အမေကလည်း ...

"မမ သားကို ဂရုစိုက်နော်၊ သူ့ကြည့်ရတာ သူငယ်ချင်း
လည်းမရှိ၊ ရည်းစားလည်းမရှိ၊ ဘယ်သူ့မှ စိတ်မဝင်စား
ဒါဟာ အသက်အရွယ်ငယ်ရွယ်ပျိုမျစ်တက်ကြွတဲ့ ယောက်
လေးတစ်ယောက်အတွက် သိပ် Normal မှုမဟုတ်ဘူ
Society(လူ့အဖွဲ့အစည်း)နဲ့ သူနဲ့ တခြားစီဖြစ်ပြီး သီးသ
လွတ်နေသလိုလိုဖြစ်တာမျိုးက မကောင်းဘူး။ တစ်





ခံစားစရာရှိရင် သိပ်ကို Seriousဖြစ်တတ်တယ်။ သတိထား
ရမယ်"

ဟု ဘာတွေချောက်တွန်းမှန်းမသိ ချောက်တွန်းသည်
ကိုထင်ကာ မကြည်ပါ။

ကျွန်တော့်မှာ သူငယ်ချင်းရှိကယ်၊ နီတူး ရှိတယ်လို့
ဘယ်သူ့ကိုမှ ဖွင့်မပြောချင်။ ပြောလည်းမပြောရဲပါ။ အမေ့
စကားတွေကြောင့် အဒေါ်တွေက နီတူးကို အလိုလိုကြည့်မရဖြစ်
ပြီး မပေါင်းနဲ့တွေ ဘာတွေ ပိုင်းတားမှာကြိုမြင်လို့ပါ။ နီတူးဟာ
ဟန်မင်းဆက်ကို ဖျက်ဆီးနေတာ။ နီတူးဟာ စည်းမရှိကမ်းမရှိ
နေတတ်တိုင်း ဟန်မင်းဆက်ကို သူ့လိုဖြစ်အောင် ဆွယ်နေတာ။
စသဖြင့် အမေ ထင်သမျှလိုပဲ အဒေါ်တွေကလည်း အကြားနဲ့ထင်
ကြမှာမို့ နီတူးကို သူငယ်ချင်းပါလို့ ထုတ်မပြောရဲပါ။

ပြီးတော့ အခုကျမှ ကောင်မလေးတစ်ယောက်ကို
နီတူး စ,ရှာတွေ့ပြီး သူ့ပဲမြှောက်ပေး၊ သူပဲ ကောင်မလေးကို
စိတ်ဝင်စားကြည့်ဖို့ တိုက်တွန်းနေတာနဲ့ပဲ ခုတော့ ကောင်မလေး
ရှိတော့မယ်လေ။

ကောင်မလေးရှိလာတဲ့အခါကျမှ ကြွားရမယ်။ ဘယ်
လိုအဒေါ်မှန်းကိုမသိဘူး။ ဒီအရွယ်ရောက်နေပြီ။ ကောင်မလေးကို
စိတ်မဝင်စား၊ ရည်းစားမရှိဖြစ်နေတာကိုပဲ Normal မဟုတ်ဘူးလေး
ဘာလေးနဲ့ အန်တီနွယ်ဆီ စာရိုက်ရင် မြကြာယ်အကြောင်းပါ
ဟန်မင်းဆက် နည်းနည်းကြွားလိုက်ချင်စိတ်ပေါက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလည်း မကြာခင်ရည်းစားထားတော့မယ် အန်တီနွယ်။ အဲဒီကျရင် သားကောင်မလေးဆီက ဓာတ်ပုံတောင်းလို့ရရင် အန်တီနွယ့်ဆီ **e-mail** နဲ့ ပို့ပေးလိုက်ဦးမယ်"

* ○ *





၄

"မင်း မျက်နှာအမူအရာမပျက်စေနဲ့၊ ငါ မင်းတို့ကို လိုက်စောင့်ကြည့်နေမှန်း မြကြာယံ သိသာအောင်မလုပ်နဲ့ပေါ့။ မင်းအာသာ စိတ်လွတ် ကိုယ်လွတ် တစ်ယောက်တည်း သွားတယ်ဆိုတဲ့ပုံစံမျိုး ဖြစ်ပစေ"

နီတူးကို အတင်းမရမကခေါ်လွန်းသဖြင့် နီတူး ပါတော့ပါလာပေမဲ့ ထိုသို့စီစဉ်ပေးကာ ဟန်မင်းဆက် ရောက်လာမည်ဆိုသော ကော်ဖီဆိုင်မှာ နီတူးကို အရင်ကြိုပြီးချထားပေးခဲ့ပါသည်။ နီတူး ပါလာသဖြင့် ဟန်မင်းဆက် ပိုပြီး ပေါ့ပါးပျော်ရွှင်နေတတ်တာတော့အမှန်ပင်။ တစ်ရက်ကျမှ (မြကြာယံနဲ့ ပိုပြီးခင်လာတော့မှ) နီတူးနဲ့ မိတ်ဆက်ပေးမည်ဟု ရင်ထဲမှာ တေးထားမိသည်။ နီတူးကတော့ ရယ်စရာ။ သူ့ကို မြကြာယံလည်း လုံးဝမသိပါဘဲ၊ မတွေ့ဖူးပါဘဲ ကက်(ပ)ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး ခေါင်းကြီးငုံ့ကာ ပုန်းလျှိုးကွယ်လျှိုးလိုပုံစံနဲ့ နေပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြကြာယံကို သွားစောင့်ခေါ်။ ဆုံတွေ့။ ပြီးတော့ ဟန်မင်းဆက် ကားက ရှေ့ကမောင်း။ မြကြာယံရဲ့ကားလေး နောက်ကပါလာ။ နီဝူးကို ချထားပေးခဲ့သော ကော်ဖီဆိုင်လေး ရှေ့မှာ ကားဝင်ရပ်။ အားလုံးက အစီအစဉ်အတိုင်း စနစ်တကျ ဖြစ်နေပါသည်။

မြကြာယံသည် သူမ၏ကားလေးကို ရပ်ပြီးလျှင် အသင့်ရပ်စောင့်နေသော ဟန်မင်းဆက်ရှိရာဆီ လျှောက်လာပါသည်။ မြကြာယံ မျက်စိထဲမှာတော့ ဟန်မင်းဆက်ဟာ ချစ်စရာကောင်းပြီး ရိုးသားလှသော ကောင်လေးတစ်ယောက်မှန်း သိသော်ပေမဲ့ တစ်ခါတလေတွေမှာ သူဟာ ဘာတွေလျှို့ဝှက်နေမှန်းမသိသောရုပ်လေ. ပေါ်ပေါ်လာတတ်တယ်လို့ထင်မိပါသည်။ ဒီနေ့လည်း အဲဒီလိုပဲ။ ရုပ်လေးက ရိုးသားနေပေမဲ့ အမှားတစ်ခုလုပ်ထားသလိုလို အပြစ်ကျူးလွန်ထားသလိုလိနဲ့။

"ရှင် ဘာလုပ်ထားလဲ"

"ဟမ် ..."

မြကြာယံ သူ့နားရပ်ရပ်ချင်း ဒီလို ဆိုင်းမဆင့်ဗုံမဆင့် မေးချလိုက်တော့ ဟန်မင်းဆက် ကြောင်သွားပါသည်။

"ရှင့်ရုပ်က တစ်ခုခု ခိုးလုပ်ထားတာ လူမိမှာစိုးတဲ့ရုပ်ဖြစ်နေတယ်"

"ဘာ ... ဘာမှ ခိုးမလုပ်ထားပါဘူး"

"စကားက ထစ်နေရပြန်ပြီ"





"စိတ်လှုပ်ရှားနေမိလို့ပါ"

"ဘာဖြစ်လို့ စိတ်လှုပ်ရှားရတာလဲ"

"ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ တစ်ခါမှ အခုလို တွဲမသွားဖူးဘူး"

မြကြာယံ မျက်စောင်းကြီး ထိုးလိုက်ရင်း ...

"ကြာယံကတော့ ခဏခဏသွားဖူးတယ်"

ဟု ရွဲ ပြောလိုက်လေသည်။ သူက စိတ်မကောင်းဖြစ်လာဟန်ဖြင့် 'သြော်'လို့ တစ်ခွန်း သာတုံ့ပြန်သည်။

မှန်တံခါးရှိသောဆိုင်လေးကို တွန်းဖွင့်လိုက်လျှင် ခေါင်းလောင်းသံလေးတွေ ဆူသွားပါသည်။ ဆိုင်ထဲမှာ လူက အများကြီးလည်းမဟုတ်။ နည်းနည်းလေးလည်းမဟုတ်။ အနေတော်လေး။ မြကြာယံကတော့ ဟန်မင်းဆက် နေ့တုံ့နေ့သဖြင့် စောင့်မနေတော့ဘဲ ကိုယ်ဘာသာပဲ စားပွဲရွေးကာ ဝင်ထိုင်နေနှင့်လိုက်သည်။ မြကြာယံ ထိုင်တော့မှ ဟန်မင်းဆက်လည်း လိုက်ထိုင်ပါသည်။

"ကြာယံ အချိန်သိပ်မရတော့ဘူးနော်၊ တစ်နာရီအမီ သင်တန်းသွားရမှာ။ ဒီမှာ နာရီဝက်လောက်ပဲထိုင်နိုင်မယ်"

"ရပါတယ်"

"ကြာယံ ထမင်းတော့ နည်းနည်းစားလာတယ်"

"မုန့်ကျွေးချင်လို့ ချိန်းတာလို့ပြောထားသာနဲ့ မြ... မြ... အဲ ... ကြာယံ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပါ ... ခေါ်ပါ ... ကြာယံလို့ခေါ်ပါ၊ ရပါတယ်၊ တကတဲ စကားကထစ်ပြန်ပြီ"

"အဟဲ"

"မုန့်စားမှာပါ စိတ်ချ။ ထမင်းကသုံးဇွန်းလောက်ပဲ မေမေ မြင်ရုံစားပြခဲ့တာပါ"

မြကြာယံက သူမဘာသာပဲ Apple pie တစ်ခုနှင့် Cafe latte တစ်ခွက်မှာလိုက်သည်။ ဟန်မင်းဆက်ကတော့ ဘယ်သူ့ကိုရှာဖွေမှန်းမသိ တစ်ချက်ရှာလိုက်ပြီးမှ သူ့ဘာသာ ကော်ဖီနဲ့ မုန့်တစ်ခုမှာပါသည်။ မြကြာယံလည်း ဟန်မင်းဆက် ရှာဖွေသော နေရာသို့ လိုက်သတိထားကြည့်ဖို့ ကြိုးစားမိသည်။ သူ ဘယ်ကြည့်မှန်းမသိပေမဲ့ သူ့ပုံစံက သူ့ရဲ့အသိမိတ်ဆွေတစ်ယောက်ကို ကြည့်လိုက်သလိုပဲ မြကြာယံ ထင်မိသည်။

"ကြာယံက IELTS တက်နေတာဆိုတော့ စာမေးပွဲဖြေဖို့ ပြင်နေတာလား"

"ဟုတ်တယ်"

"ဖြေပြီးအောင်ရင် ဘယ်မှာကျောင်းသွားတက်မလို့လဲ"

"ဩစတေးလျမှာ"

"အဝေးကြီးပဲနော်"

"အဲဒီမှာ အမျိုးတွေရှိတယ်၊ သူတို့က အကြံပေးတာလေ။ အစက စင်ကာပူလောက်ပဲသွားပြီးတက်မယ်ပေါ့၊ အဲဒီလို စီစဉ်ထားတာ။ သူတို့သိသွားတော့ ဩစတေးလျက ပညာ





ရေးပိုကောင်းတယ်။ ပိုက်ဆံလည်းပိုအကုန်ခံမယ်ဆိုရင် လာတက်ပါလားဆိုတာနဲ့ အဲဒီကိုသွားမယ်ဆုံးဖြတ်လိုက်တာ။ ဒီမှာတည်းက IELTSဖြေသွားရင် ပိုကောင်းမယ်ဆိုလို့ ဒီမှာ သင်တန်းတက်ပြီးဖြေရမှာလေ။ အမှတ်ကိုကြည့်ပြီး မိတဲ့ကျောင်း လျှောက်ရုံပဲ"

"ကျွန်တော်လည်း စင်ကာပူမှာသွားတက်ဖို့တော့ရှိတယ်၊ ဒါပေမဲ့ အခုမဟုတ်သေးဘူး၊ ဒီက Chef သင်တန်းပြီးမှ သွားတက်မှာ"

"Chef ပဲ လုပ်မလို့လား"

"ဟုတ်တယ်၊ ကျွန်တော် စင်ကာပူမှာသွားတက်ရင်လည်း အဲဒါမျိုးပဲတက်ဖြစ်မယ်။ ကျွန်တော် ချက်တာပြုတ်တာ စိတ်ဝင်စားတယ်ဗျ။ ကိုယ်ပိုင် Recipe(ရီဆက်ပီ)နဲ့ထွင်ပြီး ချက်ကြည့်ချင်တယ်၊ အထူးသဖြင့် မုန့်လုပ်တာပေါ့။ ရုပ်ရှင်တွေထဲမှာ မြင်ဖူးသလို သိပ်လှပြီးလက်ရာမြောက်တဲ့ ကိတ်မုန့်လှလှလေးတွေ လုပ်တတ်ချင်တယ်"

"ရှင် အိမ်မှာရော ချက်လား"

"ပြောရင် ယုံမှာမဟုတ်ဘူး"

"ဟင် ... ဘာပြောမှာမို့လဲ"

သူ တစ်ချက်ရယ်လိုက်ရင်း မျက်လုံးကိုလည်း ထောင့်ကပ်ပြီး တစ်စုံတစ်ယောက်ကို ခိုးကြည့်တာမျိုး ဖျတ်ခနဲ သတိပြုမိလိုက်လျှင် မြကြာယံပါ ကမန်းကတန်း လိုက်တော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသေးသည်။ သို့ပေမဲ့ သူ့အမူအရာက ခဏလေးမို့ မြကြာယံ ဘယ်လိုမှမမြင်လိုက်။ သူ ဘယ်နေရာကိုကြည့်မှန်းမသိလိုက်။ ဆိုင်ထဲမှာတော့ ကောင်လေးသုံးယောက်အုပ်စု ထိုင်နေတာရှိတယ်။ ကောင်မလေး လေးယောက် အုပ်စုတစ်စု ရှိတယ်။ စုံတွဲ တစ်တွဲ ရှိတယ်။ ကောင်လေးတစ်ယောက်တည်း ခေါင်းကြီးငုံ့ပြီး Harry Potter မှုရင်းဝတ္ထုကြီးကို သဲကြီးမဲကြီးဖတ်နေတာ တွေ့တယ်။ နောက်ကောင်လေးတစ်ယောက်တည်းကကျတော့ ခေါင်းကြီးငုံ့ပြီး စားပွဲပေါ်မှာ စာအုပ်နဲ့ဘောလ်ပင်နဲ့ ဘာတွေကုန်းရေး နေမှန်းမသိ ရေးနေတာတွေ့တယ်။ နောက်ထပ် ကောင်မလေးတစ်ယောက်လည်း ရှိတယ်။ သူကတော့ တစ်ယောက်ယောက်နဲ့ချိန်းထားလို့ စောင့်နေတဲ့ပုံနဲ့ မေးလေးထောက်ပြီး မျှော်နေတာ။ ဟန်မင်းဆက်နဲ့ ပတ်သက်နေတာ ဘယ်သူပါလိမ့်။ သူ ဘာကြောင့် ငါ့ကို အသိမပေးချင်ဘဲ အဲဒီသူကို ခဏခဏ ခိုးကြည့်ရသလဲ။

"ကျွန်တော် အိမ်မှာ လုံးဝမချက်ဘူး"

"ဒါဖြင့် Chef သင်တန်းကျသွားတက်တယ်"

"အဲဒါ သူငယ်ချင်းကတက်ချင်လို့ လိုက်တက်တာ၊ သူက သိပ်ဝါသနာပါတာလေ။ သူကပဲ အတင်းဆွယ်လို့ အဲဒီသင်တန်းကို ကျွန်တော်ပါသွားတယ်"

"ဒါနဲ့များ စင်ကာပူထိတောင် သွားတက်ဦးမတဲ့"

"အဲဒါလည်း သူ့ကြောင့်ပဲ"

"သူက ဘယ်သူလဲ"





"ယောက်ျားလေးသူငယ်ချင်းပါ၊ မိန်းကလေး မဟုတ်ပါဘူး။ သူက သဘောကောင်းပါတယ်၊ ကျွန်တော့်ကို ခင်လွန်းလို့ သူနဲ့ မကွဲစေချင်တာနဲ့ ဘယ်သင်တန်းတက်တက် သူနဲ့ လိုက်ဖို့ ဆွဲခေါ်တဲ့သဘောပါ။ သူက ဘာဖြစ်ချင်လဲဆိုတော့ အင်္ဂလန်က နာမည်ကြီး Chef လေ၊ သူတို့ဆီမှာတော့ Celebrity Chef (ဆီလီဘရိုတီရှက်(ဖ်))လို့ခေါ်တဲ့သူပေါ့၊ Jamie Oliver(ဂျေမီအော်လစ်ဗာ)ဆိုတဲ့သူကို အရမ်းအားကျနေတာ။ သူ့လိုဖြစ်ချင်နေတာ"

မြကြာယံမှာ သူငယ်ချင်းကို အမွှမ်းတင်လွန်းသော ...ကို စိတ်တိုင်းမကျနိုင်သလိုဖြစ်သွားပါသည်။ ဟိုကောင်ဖြစ်ချင် ...၊ လုပ်ချင်တာတွေပဲ လိုက်လုပ်နေရအောင် ဟိုကောင်က ...မို့လို့လဲ။ သူ့အပေါ် အလွှမ်းမိုးခံပြီးတော့တောင် ဟိုကောင့် ...ားကို နာ်းယောင်သတဲ့လား။

"သူနဲ့ ဘယ်တုန်းကစ,ပြီးခင်လို့ ဒီလောက်ထိ သူ လုပ်တာလိုက်လုပ်ရတဲ့အထိခင်ရတာလဲ"

မြကြာယံ ရွဲ့ပြီးမေးလိုက်ပေမဲ့ ဟန်မင်းဆက်က ...ာ ရွဲ့လို့ရွဲ့မှန်းသိပုံမရ။ သူ့သူငယ်ချင်းအကြောင်း အင်မတန် ...ချင်ဟန်ဖြင့် အားပါးတရပြောဖို့ ပါးစပ်တောင်ပြင်နေပြီတည်း။

"သူနဲ့ ဖွားဖက်တော်လို့တောင်ပြောရင်ရတယ်၊ မွေးကတည်းက ခြံချင်း အိမ်ချင်းကပ်ရပ်နေလာတာလေ။ သူက ကျွန်တော့်ထက် သုံးလပဲငယ်တယ်၊ နှစ်ယောက်စလုံး...

www.burmeseclassic.com



လည်း တစ်ဦးတည်းသော သားဖြစ်နေတော့ ညီအစ်ကို မောင်နှမလည်းမရှိတော့ တစ်ယောက်နဲ့တစ်ယောက် အရမ်းခင်ကြတာပေါ့။ ဘယ်သွားသွား ဘာလုပ်လုပ် အတူတူပဲ တစ်သဘောတည်းပဲ။ ဘယ်တော့မှ တစ်ယောက်နဲ့တစ်ယောက် မဆန့်ကျင်ကြဘူး"

"တစ်ခါမှရန်မဖြစ်ဖူးဘူးလား"

"ဖြစ်တော့ဖြစ်ဖူးပါတယ်၊ ဒါပေမဲ့ ခဏပဲ ဘယ်တော့မှ တစ်နာရီပြည့်အောင် စကားမပြောဘဲ မနေနိုင်ကြတာမို့ ပြန်ခေါ်ကြတာ များတယ်"

"သူ့မှာ ကောင်မလေး မရှိဘူးလား"

"အဟဲ ... မရှိဘူး။ ကျွန်တော်တို့နှစ်ယောက်က အသုံးမကျဘူးဗျ။ နီတူးဆို အာကျယ် အာကျယ် ယောင်ဖွာယောင်ဖွာနဲ့ နေတတ်ပေမဲ့ မိန်းကလေးတွေရှေ့ရောက်ရင် ဆွံ့အသွားတတ်တယ်၊ ရှက်လည်းရှက်တတ်တယ်၊ စကားမပြောရဲတော့ဘူး"

"ဩော် ... သူ့နာမည် နီတူးလား၊ ဒါ အိမ်နာမည်လား ကျောင်းနာမည်လား"

"နီတူးမှာ နာမည်တစ်ခုပဲ ရှိပါတယ်"

မြကြာယံမှာ ဘာကြောင့်ရယ်မသိ လူကိုမမြင်ဖူးသေးပါဘဲ နီတူးဆိုသောနာမည်ကို ကြားရုံမျှနဲ့ပင် သဘောမကျနိုင်သလို ဖြစ်သွားပါသည်။ ဒါဟာ ဘာကြောင့်ရယ်မှန်းတော့မသိ။ သူ့ဘာ





သာစိတ်ထဲက အလိုလိုပေါ်လာသော ခံစားချက်ပဲဖြစ်လေသည်။ စိတ်ထဲမှာလည်း ဟန်မင်းဆက်ကို ဒီကောင်က သိပ်လွှမ်းမိုးလွန်းနေတယ်လို့ မကျေမနပ်တွေးမိသေးသည်။ အေလေ စောင့်ကြည့်သေးတာပေါ့။ ငါနဲ့ယှဉ်ရင် ဟန်မင်းဆက် ဘယ်သူ့ရဲ့လွှမ်းမိုးမှုကို ပိုခံယူမလဲလို့ ... ဟင်း ဟင်း။

"မြကြာယံမှာရော မောင်နှမတို့ ညီအစ်မတို့ရှိလား"

"အစ်မတစ်ယောက်ရှိတယ်၊ ဆေးကျောင်းတက်နေတယ်၊ ကြာယံက အငယ်"

"သူငယ်ချင်းရော"

"သူငယ်ချင်းတွေမှ အများကြီး"

"အခင်ဆုံးသူငယ်ချင်းရှိလား မေးတာပါ"

"အခင်ဆုံးသီးသန့်ကြီး တစ်ယောက်တို့ နှစ်ယောက်တို့တော့မရှိပါဘူး။ အကုန်လုံးကို ခင်တယ်။ အကုန်လုံးနဲ့ ပေါင်းတယ်။ ယောကျာ်းလေးလည်း ပေါင်းတာပဲ။ မိန်းကလေးလည်း ပေါင်းတာပဲ။ အားလုံးကိုလည်း ခင်တာပဲ"

"ကျွန်တော့်မှာတော့ နီတူးတစ်ယောက်တည်းပဲ သူငယ်ချင်းရှိတယ်"

သိပါတယ် ... သိပါတယ်။ ဒါပဲ ထပ်ခါ ထပ်ခါ ပြောနေတော့တာပဲ။ ဘယ်လိုမှန်းကိုမသိဘူး။ ရီးရောရီးရဲ့လား။ ဟား ဟား ... ရုပ်ရှင်တွေထဲမှာပြသလို ယောကျာ်းချင်းကြိုက်နေကြတာမျိုးလား။ Gay(ဂေး)တွေဖြစ်နေကြလို့ ဒီလောက်တဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပြောရတဲ့အထိ ခင်နေကြသလား။ ကြိုကြိုဖန်ဖန် တွေးစ
တွေ လျှောက်တွေးရင်း မြကြာယံဟာ ဟန်မင်းဆက်၏ အမူအရ
နဲ့ အခြေအနေကို သတိထားစောင့်ကြည့်ဖို့ ဆုံးဖြတ်မိလေသည်

ဟန်မင်းဆက်ကလည်း မြကြာယံ မျက်နှာကို ကြည့်
ရင်း စကားပြောတာကနည်းနည်း နိုတူးကို မသိမသာလှမ်းလှ
ကြည့်မိတာကများများ။ နိုတူးကတော့ ဟန်မင်းဆက် အမူအရ
ပျက်လှတာကြောင့် စိတ်အညစ်ကြီးညစ်နေဟန်ဖြင့် ခေါင်းတခါခါ
လုပ်နေလေသည်။

"ကျွန်တော့်ဖုန်းနံပါတ် ယူထားလိုက်ပါလား"

"အမယ် ... ဘာလုပ်ဖို့လဲ"

"ဒီလိုပါပဲ မိတ်ဆွေသူငယ်ချင်းတွေဆိုတော့ ဖုန်းနံပါတ်
တော့ အလဲအလှယ်လုပ်ထားသင့်တယ်လို့ တွေးမိလို့ပါ"

"ကြာယံကတော့ ဆက်စရာအကြောင်းအရာ မရှိဘူးနော်"

"ကျွန်တော့်မှာတော့ ရှိရင်ရှိမှာလေ"

မြကြာယံလည်း ဟန်မင်းဆက်ဆိုသော ကောင်လေး
တစ်ယောက်ကို လေ့လာအကဲခတ်ချင်တာနဲ့ပဲ သူနဲ့ အဆက်အသွယ်
မပြတ်အောင် ဖုန်းနံပါတ်ပေးလိုက်ဖို့ ဆုံးဖြတ်ပါသည်။ နှစ်ယောက်
သား ဖုန်းနံပါတ်တွေ အပြန်အလှန်ပေးကြတော့ ဟန်မင်းဆက်က
မြကြာယံ၏ ဖုန်းနံပါတ်ကို သူ့ရဲ့ Nokiaဖုန်းလေးရဲ့ Memory
ထဲမှာ ထည့်ထားလိုက်သည်။ မြကြာယံအလှည့်ကျတော့ မြကြာယံ
ဟာ ပန်းရောင် Bratzအရုပ်လေးအပုံးပါသည့် စာအုပ်လှလှလေး





ကို သော့သေးသေးလေး ခတ်ထားသဖြင့် သော့တံလေးထည့်ကာ
ဖွင့်သည်။ စာအုပ်ထဲမှာပါတဲ့ အမွှေးရနံ့တစ်မျိုးပါသော ပန်းရောင်
ဆေါ်မှာ Bratzအရုပ်မလေးတွေက တစ်မျက်နှာမှာ တစ်ယောက်စီ
ပုံလေးတွေပါသည်။

"စာအုပ်ထဲမှာရေးမှတ်မှာလား"

"ဟုတ်တယ်လေ၊ ကြာယံ့မှာ ဖုန်းမှမရှိဘဲ"

"အဖေအမေတွေကို ဝယ်ခိုင်းပေါ့"

"မဝယ်နိုင်ပါဘူး၊ သူဌေးမှမဟုတ်တာ"

"သူဌေးမှကိုင်နိုင်တာမဟုတ်ပါဘူး၊ လူတိုင်းနီးပါးကိုင်နေ
တာပဲ"

"တချို့က ငှားကိုင်တာလေ"

"ကျွန်တော့်ကို စောင်းပြောတာလား"

"ရှင်က ငှားကိုင်လို့လား"

"မကိုင်ပါဘူး"

"ဒါဖြင့် ဘာလို့ အဲဒီလို ပြန်မေးလဲ"

"စာအုပ်လေးက တစ်မျိုးလေးပဲ၊ သော့နဲ့ဖွင့်ပိတ်ရတယ်
နော်၊ ကျွန်တော် မမြင်ဖူးဘူး"

"အဲဒါ ဘိုးတော်ဘုရားခေတ်လောက်တည်းက ပေါ်နေတဲ့
စာအုပ်မျိုးပါရှင်"

"မိန်းကလေးတွေသုံးတာဖြစ်မှာပေါ့၊ ဒါကြောင့် ကျွန်တော်
မမြင်ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်မလေးတွေရောသိလား"

"မသိဘူး"

"အဲဒါ အခုခေတ်ပေါ်တဲ့ Bratz(ဘရက်(စ်))ဆိုတဲ့ ကာတွန်းရုပ်လေးတွေထဲက ဇာတ်လိုက်အရုပ်မလေးတွေပဲလေ။ အရင်က Barbie (ဘာဘီ)ခေတ်စားတာ။ အခုခေတ်ကျတော့ Bratz တွေက Barbie ကို နိုင်သွားပြီ။ သူတို့က ပိုလူကြိုက်များ ... အဲ ... အဲလေ ကလေးတွေအကြိုက်များပြီး သူတို့ရဲ့ Brand(ဘန်(ထ်))တွေက ပိုဈေးကြီးတယ်လို့ နိုင်ငံခြားရောက်နေတဲ့မိတ်ဆွေတွေရော အမျိုးတွေရော ပြောဖူးတယ်လေ။ ကြာယံလည်း Bratzကာတွန်းကား သုံးကားလောက်ကြည့်ဖူးပြီး ကြိုက်သွားလို့ အခု Bratzအရုပ်လေးတွေဝယ်စုနေတယ်။ ဒီစာအုပ်လေးကတော့ အဒေါ်တစ်ယောက် ဇန်ကောက်သွားတုန်းက ဝယ်လာပေးတာ၊ ဒီမှာ ဒီစာအုပ်မျိုးတော့ရှိပါတယ်၊ ဒါပေမဲ့ Bratzအရုပ်ပုံမပါဘူး"

ဟန်မင်းဆက် ခေါင်းထဲမှာတော့ မှတ်စရာတစ်ခုရသွားပါသည်။ မြကြာယံက Bratz ဆိုတဲ့အရုပ်လေးနဲ့ပတ်သက်တာတွေကြိုက်တယ်။ ကလေးဆန်သေးတယ်။ အရုပ်တွေဝယ်စုတယ်။ အင်း ... ဒါတွေ နီတူးကို ပြန်ပြောပြရမယ်။

Bratzနဲ့ပတ်သက်တာလေးတွေ မတော်တဆတွေ့ရင် ကြာယံ့ကို ဝယ်ပြီးလက်ဆောင်ပေးရမယ်။ နီတူးကိုလည်း ကူပြီးရှာခိုင်းမှပါ။ Internet ထဲမှာ ရှာကြည့်ရင်တော့ Bratz





ဆိုတာ ဘယ်ပုံစံလေးလဲလို့သိပြီးရှာရင် ပိုလွယ်တာပေါ့။ အိမ်ရောက်ရင် Google(ဂူးဂဲလ်)ကတစ်ဆင့် Bratzဆိုတဲ့စာလုံးရိုက်ထည့်ပြီး ရှာကြည့်ဦးမှ။

"တစ်နာရီမှာ သင်တန်းသွားရမှာမို့ ကြာယံတို့ သွားကြရအောင်နော်"

မြကြာယံ သတိပေးမှပဲ ပြန်ဖို့သတိရသည်။ ရင်ထဲမှာတော့ မခွဲချင်သေးသလိုဖြစ်နေသည်။ မျက်လုံးနက်နက်လေးတွေကိုကြည့်ပြီး စကားပြောရတာလောက် စိတ်ထဲမှာ ချမ်းမြေ့ပြီး နှစ်သိမ့်ကြည်နူးရတာမျိုး တစ်ခါမှမခံစားဖူးဘူး။

လမ်းခွဲကြသောအခါ ...

"ညကျရင် ဖုန်းခဏဆက်ပြီးစကားပြောလို့ရမလား"

ဟု မရဲတရဲ မေးမိတော့ ဘာမှအဖြေမရဘဲ မျက်စောင်းကြီးတစ်ခုသာရလျက် ဟန်မင်းဆက်တစ်ယောက် ငူငူငေါင်ငေါင် ကျန်ရစ်လေသည်။

❋ ⦿ ❋



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၅ ❋

ဟန်မင်းဆက်သည် သူကြိုးစားပမ်းစား ရှာဖွေဝယ်လာသော Bratzတံဆိပ်ကထုတ်သည့် ဘေးလွယ်သားရေအိတ်လေးကို တယုတယနဲ့ သိမ်းနေတာမြင်လျှင် နီတူး ကြည့်မရ။

"ဘာလို့ အဲဒီလောက်ကြီး အိတ်ကို သိုဝှက်ထားရလဲ။ ဘယ်သူမှမယူပါဘူး"

"ဒီ Brandက မြန်မာပြည်ထဲမှာ သိပ်ခေတ်မစားသေးလို့ အဝင်နည်းတယ်ကွ။ ဒီမှာက Barbieတို့ Poohတို့လောက်ပဲအသိများသေးတာ၊ ဒါကြောင့် ရှားရှားပါးပါး ဖေဖေ့မိတ်ဆွေဆိုင်မှာ ရှာတွေ့လာလို့ ယုယနေရတယ်ကွ။ အိတ်ကလည်း တစ်အိတ်တည်းရှိတာ၊ မတော်တဆ တစ်ခုခု စွန်းပေသွားခဲ့ရင်တောင် အစားထပ်ဝယ်စရာမရှိလို့ သနေရတာကွ"

"ကောင်မလေးကဖြင့် မင်းကို သိပ်မကြည့်ဘဲနဲ့"





"အံမာ ... ဘာလို့ အဲဒီလိုပြောတာလဲ"

"ဖုန်းဆက်ရင်လည်း စကားပြောချင်သလိုလို မပြောချင်သလိုလိုနဲ့ဆို"

"အခုမှ စ,ဆက်တာဆိုတော့ သူ ရှက်နေတာလား မသိဘူး"

"ပြီးတော့ နေ့တိုင်း သူ့ကို တွေ့ပြီးပေမဲ့ ဆိုင်ထိုင်ရတဲ့ရက်က ဟာစ်ပတ်တစ်ခါလောက်ပဲခွင့်ပြုတာ။ ကျန်တဲ့ရက်တွေကျ မင်းက သွားရပ်စောင့် စကားနည်းနည်းရပ်ပြော။ သူက သူ့လမ်းသူသွား၊ မင်းက မင်းလမ်း မင်းသွားပြီး တပ်ခေါက်ပြန်ရတာမျိုးချည်းပဲ ငါ သိနေတာပဲ"

"မိန်းကလေးဆိုတော့ ဒီလောက်တော့မူမှာပေါ့ကွာ။ မင်းမကျေနပ်ပေမဲ့ ငါကတော့ ကျေနပ်ပါတယ်။ အညာလွယ်တဲ့ မိန်းကလေးမျိုးဆို ငါလည်းမကြိုက်ဘူး။ သူ ဒီလောက်တော့ မူသင့်ပါတယ်"

နီတူး ဂျစ်ကန်ကန်ရပ်နေ ...

"အေးပါ ... အေးပါ၊ မင်းကျေနပ်ရင် ပြီးတာပဲ"

ဟုပြောရင်း ...

"ဘယ်လိုလဲ ငါပါ မင်းနဲ့အပြိုင်လိုက်ရင် သူ ဘယ်သူ့အပေါ် ညွတ်မယ်ထင်လဲ"

လို့ စိန်ခေါ်သလို ရတ်တရက် ဆက်ပြောလာလျှင် ဟန်မင်းဆက် ခေါင်းကဆံပင်တွေရော၊ ကြက်သီးမွေးတွေရောထောင်သွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်။ ဒါမျိုး ဘယ်တော့မှ မဖြစ်ချင်။ နီတူး ပြိုင်လုရမဲ့အဖြစ်မျိုး။ နီတူးနဲ့ယှဉ်ပြီး သူ့ကို အနိုင်ယူလိုက်ရ အဖြစ်မျိုး မဖြစ်ချင်ပါပေ။ နီတူးကိုလည်း အနိုင်မယူချင်သ နီတူးက သူ့ကိုနိုင်သွားမှာကိုလည်း မကြိုက်ပါ။ တခြားနေရာတွေ သာ နီတူ နိုင်သွားရင် ဝမ်းသာကျေနပ်နိုင်မှာပေမဲ့ မြကြာယ ပတ်သက်လာရင်တော့ သူ ဘယ်လိုမှပျော်နိုင်မှာမဟုတ်။ ဘာကြော လဲဆိုတော့ စတွေ့တုန်းကတော့ နီတူး မြှောက်ပေးလို့ (ကို တိုင်လည်း နည်းနည်းတော့သဘောကျမိလို့) ဇာတ်လမ်းစ,တာ ပေမဲ့ အခုကျတော့ မြကြာယံကို နေ့တိုင်းသွားစောင့်၊ သွားတွေ စကားဖောပဲပြောရပြောရ ဆိုင်ထိုင်ခွင့်ရသောရက်တွေမှာ အာ ဝက် မိနစ်လေးဆယ်လောက်ပဲ စကားပြောရပြောရ၊ ဖုန်းထဲ ခဏပဲ စကားပြောရပြောရ၊ ဘာကြောင့်မှန်းမသိ တစိမ့်စိမ့် ရင်ထဲမှာ မြကြာယံကို နင့်နင့်နဲနဲ ခင်တွယ်မိလာသည်။ ဆုံတွေ ချိန်နည်းလှပေမဲ့ သူကလေးဟာ နှစ်ပေါင်းများစွာ ဆုံတွေ့ခဲ့ တဲ့ မိန်းကလေးတစ်ယောက်လိုပဲ ခံစားပြီး ရင်ထဲမှာ ရင်းနှီးနေသည

ပြီးတော့ တဖြည်းဖြည်းနဲ့ ချစ်လည်းသိပ်ချစ်လာ သည်။ သူကလေးထက်လှသော မိန်းကလေးတွေရှိပေမဲ့ ဒီမိန်း လေးရဲ့အလှကိုမှ စွဲစွဲနစ်နစ်ဖြစ်မိကာ ဘယ်သူနဲ့မှ အစားထိုး နိုင်အောင် ချစ်သွားမိတာမျိုးဖြစ်နေပါသည်။ ဒါကြောင့် နီတူး ပြိုင်ပြီး မလုချင်။ မလုလိုပါ။





“နီတူးရာ မင်း သူ့ကို တကယ်လည်းချစ်တာမဟုတ်ဘဲနဲ့ ဘာလို့လိုက်ချင်ရတာလဲ”

“အဲမှာ ... ဘာလို့ မချစ်နိုင်ရမှာလဲ။ မင်းတောင် ချစ်နိုင်သေးတာ။ ငါလည်း ချစ်တာပေါ့။ မြကြာယံလို မိန်းကလေးကို မချစ်ဘဲနေနိုင်တဲ့ကောင် မရှိဘူး။ ချစ်လို့ရရင် ချစ်ကြတာပဲ။ မချစ်တတ်မှသာ ဒါဟာ Normal မဟုတ်လို့။ အခြောက်စိတ်ဝင်နေလို့”

“နီတူး မနောက်နဲ့ကွာ စကားအကောင်းပြောပါကွာ။ ငါ မင်းနဲ့ မပြိုင်ချင်ပါဘူး”

“ဘာလို့မပြိုင်ရဲရတာလဲ၊ မင်း ယောကျ်ားမဟုတ်ဘူးလား။ မိန်းကလေးတစ်ယောက်ကို ပြိုင်ချစ်ပြီး ပြိုင်လိုက်ကြတာမျိုး၊ ဝတ္ထုတွေထဲမှာလည်း ရေးလို့ကောင်းတဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းပဲ။ ဗီဒီယိုရုပ်ရှင်တွေထဲမှာလည်း မင်းသားနှစ်ယောက်နဲ့ မင်းသမီးတစ်ယောက် ဇာတ်လမ်းမျိုးပဲ။ နိုင်တဲ့သူက ပထမမင်းသား၊ ရှုံးတဲ့သူက ဒုတိယမင်းသားပဲ ဒါ မဆန်းဘူး”

“မင်း ငါ့ကို တမင်နောက်ချင်လို့ပြောနေတာ မဟုတ်လား”

“မနောက်ချင်ပါဘူး အတည်ပြောတာ။ စိတ်ကူးထဲမှာ ပေါ်လာလို့”



www.burmeseclassic.com

"ငါ တခြားသူနဲ့ပဲ ပြိုင်ချင်တယ်၊ မင်းနဲ့ မပြိုင်ချင်ဘူး။ မင်းက ငါ့အခင်ဆုံးသူငယ်ချင်း၊ မင်းနဲ့ငါ ပြိုင်ဘက်ဖြစ်ရမဲ့ သူတွေလည်းမဟုတ်ဘူး"

"ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာကွာ သိပ်ခင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်က မိန်းကလေးတစ်ယောက်ကို ပြိုင်ချစ်မိကြတာမျိုး ရှိတတ်တာပဲ"

"မင်း မချစ်ပါဘူးကွာ၊ မင်း သူ့ကို မချစ်ပါဘူး၊ ဟုတ်တယ်မဟုတ်လား"

ဟန်မင်းဆက် သူ ကြားချင်တာကိုပဲ ထပ်ခါထပ်ခါ မေးနေမိသည်။ နီတူး ဘာစိတ်ကူးပေါက်ပြီး ဒီလိုပြောလာသနည်း။ စတွေ့တွေ့ချင်းတုန်းက နီတူး အရင်စတွေ့ပြီး ...

"ရင်ထဲကို အေးသွားတာပဲ"

ဆိုသော စကားကို နီတူး အရင်ပြောခဲ့တာ။ နီတူး အရင်တွေ့လို့ နီတူး စိတ်ဝင်စားရင် လိုက်ပါလားလို့ ဟန်မင်းဆက်ကတောင် တိုက်တွန်းခဲ့သေးတာ။ ဒါပေမဲ့ နီတူးက အဲဒီတုန်းကတော့ စိတ်မဝင်စားပါဘဲ အခုကျမှ(ဟန်မင်းဆက် ဘက်က ရောဂါသည်းလာမှ) သူကပါ ကောက်ခါငင်ခါ မြကြာယံကို ချစ်မယ်၊ ကြိုက်မယ် ဖြစ်လာတာ။ နီတူး တကယ်များကြိုက်သွားပြီလား။ ဟန်မင်းဆက်တို့ ဆုံကြရာသို့ နောက်က အမြဲပါလာပြီး လိုက်စောင့်ကြည့်ရင်း ကြည့်ရင်းကနေ တစိမ့်စိမ့် ကြည့်ရပါများတော့ မြကြာယံကို စွဲလမ်းလာတာများလား။





"စောင့်ကြည့်နေကွာ"

"နီတူး ငါ မင်းနဲ့ ပြိုင်ဘက်လည်းမဖြစ်ချင်ဘူး၊ ရန်သူလည်း မဖြစ်ချင်ဘူးကွာ၊ မင်း အေးအေးဆေးဆေးနေပေးပါလား"

"ငါလည်း ချစ်တတ်လာတယ် ဆိုရင်ရော"

"မယုံဘူး၊ မင်း ငါ့ကို တမင်နှောင့်ယှက်တာ"

"မနှောင့်ယှက်ပါဘူး ငယ်ပေါင်းကြီးရာ၊ ကဲ ... ကဲ ... ငါ ပျင်းလာပြီ၊ အိမ်ပဲပြန်တော့မယ်၊ ဒီနေ့ မင်းဆီကို ခိုးလာရတာ မမိုက်ပါဘူး၊ ပျော်လည်းမပျော်ရဘူး၊ ငါ့ဘာသာ အိမ်ပြန်ပြီး Internet ကြည့်တော့မယ်။ သူများတွေနဲ့ပဲ သွားပြီး Chat (ချက်ထ်)လုပ်တော့မယ်၊ မင်းနဲ့ Chat ရတာ မကောင်းတော့ဘူး"

ပြောပြောဆိုဆိုပဲ နီတူးတစ်ယောက် သူခိုးပြီးပြန်နေကျ ဟန်မင်းဆက် အခန်းရဲ့ထွက်ပေါက်ဝရန်တာမှပင် ထွက်ပြီး နောက်ဖေးကြောင်လိမ်လှေကားမှတစ်ဆင့် ဆင်းသွားတော့လေသည်။ နီတူးနဲ့ ဟန်မင်းဆက်တို့ခြံက ခြံချင်းကပ်ရပ် ဖြစ်သလို အလယ်မှာ အုတ်တံတိုင်းတို့၊ ခြံစည်းရိုးခိုင်ခိုင်တို့မကာထားဘဲ ပုဏ္ဏရိက်ပင်တန်းကိုသာ ခြံစည်းရိုးလုပ်ထားပါသည်။ ဟိုဘက် ဒီဘက် ခြံချင်းလည်း ရင်းနှီးခင်မင်ကြသဖြင့် အကာအရံ အစည်းအတားကို သဘောလောက်သာကာထားတဲ့ပုံစံမျိုးဖြစ်ရာ နီတူးဖြစ်ဖြစ်၊ ဟန်မင်းဆက်ဖြစ်ဖြစ် ဟိုဘက်ဒီဘက်ကူးရင် သစ်ပင်ခွေပြီး

www.burmeseclassic.com



ဝင်ထွက်ကြရုံပင်။ မိဘတွေကတော့ မကြိုက်လှပေမဲ့ သူတို့ကတော့ ခိုးလုပ်လို့ကောင်းဆဲ။

အထူးသဖြင့် နီတူးပေါ့။ ဟန်မင်းဆက်အမေက နီတူးငယ်ငယ်ကတော့ သိပ်ဂရုမပြုမိပေမဲ့ နီတူးနဲ့ဟန်မင်းဆက် ရွယ်တူဖြစ်လာရော နီတူးအမူအရာ ယောက်ယက်ခတ်တာတွေ တဟီးဟီး တဟားဟား ရယ်ချင်ရယ်တတ်တာတွေ၊ အထူးသဖြင့် ဟန်မင်းဆက်နဲ့ မတည့်ပါဘူးပြောထားသော ရေခဲနဲ့ပတ်သက် တာတွေကို သူကိုယ်တိုင်တင် စားတာမဟုတ်ဘဲ ဟန်မင်းဆက်ကို ပါ ဆွဲထည့်ပြီး အတင်းစားခိုင်းလို့ ဟန်မင်းဆက် ခဏခဏ အာသီးယောင်ပြီး နေမကောင်းဖြစ်ရမှန်း သိထားတာတွေကြောင့် အမေက နီတူးကိုကြည့်မရတော့။ မုန်းနေတာတော့မဟုတ်ပေမဲ့ နီတူးလာရင် ဟန်မင်းဆက်ပါ အပြင်ရောက်ပြီး ထမင်းမစား ဘာမစား အပြင်မှာအချိန်ကုန်လေ့ရှိတတ်တာမို့ အမေက မကြိုက် တာ။ နီတူးနဲ့မသွားစေချင်တာ။ ယောက်ျားလေးဖြစ်ပြီး ထစ်ခနဲ အအေးမိ၊ ဖျား၊ အာသီးရောင်ဖြစ်တတ်လှသော ဟန်မင်းဆက်ကို အပြင်သိပ်ထွက်ပါများရင် နေမကောင်းဖြစ်မှာစိုးတာတွေကြောင့် မသွားစေချင်တာ။

ဒါကြောင့် နီတူးလာရင် အမေ မျက်နှာကြီးပုပ်နေ တယ်လို့ ကြာတော့နီတူးပါ ရိပ်မိလာပြီး အခုလိုပဲ ခိုးပြီးလာတဲ့ အကျင့်ကြီးကို စွဲပြီးလုပ်လာတော့တာပင်။





နီတူး ပြန်သွားတော့မှ ဟန်မင်းဆက်လည်း မြကြာယံ ဖုန်းအေးအေးဆေးဆေးဆက်လိုက်ဦးမည်ဟု စဉ်းစားကာ ခေါ်ပါသည်။ ဖုန်းက ပထမတစ်ခါခေါ်တော့ အင်ဂေ့(ချ်)။ နဲ့ ဆယ့်ငါးမိနစ်လောက်ကြာတော့မှ ထပ်ခေါ်တော့ မိန်းကလေး တစ်ယောက်လာကိုင်ပါသည်။

"ဟဲလို"

"မြကြာယံလား"

"မဟုတ်ပါဘူး သူ့အစ်မပါ"

သူ့အစ်မဆိုတော့ ဟန်မင်းဆက် နည်းနည်းရှိန်သွား သည်။

"ကျွန်တော် သူ့သူငယ်ချင်းတစ်ယောက်ပါခင်ဗျာ၊ သူနဲ့ စကားပြောလို့ရမလား"

"အေး ... ရပါတယ်၊ ခဏကိုင်ထား ခေါ်ပေးမယ်လေ"

ထိုအစ်မက ပြေပြေလည်လည်ပြန်ပြောသဖြင့် စိတ် အေးသွားပါသည်။

စက္ကန့်ပိုင်းလေးလောက်အကြာမှာ မြကြာယံ အသံကို ကြားရသည်။

"ဟန်မင်းဆက်လား"

"ဟုတ်တယ်၊ ဘယ်လိုလုပ်သိလဲ၊ ကျွန်တော် ခုန ကြာယံ့ အစ်မကို နာမည်မပြောလိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နီတူးဆိုတဲ့သူ ခုနလေးတင် ဖုန်းဆက်သွားတယ်၊ သူက ပြောတယ်၊ ကျွန်တော် ဆက်ပြီးတာနဲ့ မောင်ဟန့်ဆီက ဖုန်းဆက်လာရင်ဆက်လာမယ်ထင်တယ်တဲ့"

"ဘာ ... ဘာ ... ဘာရယ် နီတူး ဖုန်းဆက်တယ်ဟုတ်လား"

ဟန်မင်းဆက် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားလျက် ဖုန်းခွက်ကိုပင် လက်ထဲက ပြုတ်ကျတော့မလောက် တုန်ယင်ထိတ်လန့်သွားပါသည်။

နီတူး ... နီတူး ... ခြေလှမ်းတွေ စနေပြီပေါ့။ ချက်ချင်းကို စ,တာပါပဲလား။

"ရှင်ပဲ ဖုန်းနံပါတ်ပေးလိုက်တာဆို"

"ဟာ ... မပေးပါဘူး။ သူ ကျွန်တော့်ဖုန်းကို ဖွင့်ကြည့်ပြီး ရှာယူသွားတာဖြစ်မှာပါ"

"အဲဒီ နီတူးအသံက ဘယ်လိုမှန်းမသိဘူး။ အသံဝင်နေသလိုလို၊ အအေးပတ်နေသလိုလိုနဲ့"

"သူကတော့ သူ့ကိုယ်သူ ရောဒ်စတီးဝပ်တို့ ဘာတို့ရဲ့အသံမျိုးတဲ့။ ဒီအသံမျိုးက စကားပြောရင်သာ အသံဝင်တင်တင် အက်ရှရှဖြစ်ပေမဲ့ ရော့(ခ်)သီချင်းတွေဆိုရင်တော့ အပျံစား အမိုက်စားအသံတဲ့"

"ရှင်ဟာလေ ဘယ်လိုလူစားမှန်းကိုမသိဘူး။ သူငယ်ချင်း အတွက်ဆို အမြဲအကောင်းပြောပေးတဲ့သူပဲ။ ဟိုကောင်က





တော့ ရှင့်အကြောင်းဆိုလို့ သေသေချာချာ ဘာမှတောင်ပြောမသွားဘူး။ သူနဲ့ပတ်သက်တာမျိုးတွေပဲ ရွေးပြောသွားတယ်"

မြကြာယံမှာ ဟန်မင်းဆက်အစား နီတူးကိုပင် မကျေမချမ်းဖြစ်ကာ မုန်းနေမိသည်။ ဘာကောင်မှန်းကို မသိဘူး။ သူနဲ့လည်း တစ်ခါမှ ဆုံလည်းမဆုံဖူးပဲ စကားတောင်မပြောဖူးဘဲ ရဲရဲတင်းတင်းဖုန်းဆက်ရဲတယ်။ နီတူး ဖုန်းဆက်တုန်းက မြကြာယံဟာ ဟန်မင်းဆက် ဆက်လာတယ်ရယ်လို့ထင်ပြီး မမကြီးမကိုင်ခင် ပြေးတောင်ကိုင်လိုက်တာပါ။

"ဟဲလို"

ထူးသံကြားတာနဲ့ ...

"မြကြာယံလား"

ဆိုပြီး အပိုင်တွက်ထားပြီးပုံစံနဲ့မေးလိုက်တဲ့ အဲဒီအသံဆပ်ဝင်ဝင်ကို ကြားကြားချင်း မုန်းလိုက်တာလေ။

"ဘယ်သူပါလဲရှင်"

"ကျွန်တော် နီတူးပါ"

"သြော် ..."

မြကြာယံဟာ ဟန်မင်းဆက်ထံမှ အကြိမ်အခါပေါင်းများစွာ ကြားဖူးနေခဲ့ပြီးဖြစ်သော ထိုနာမည်ကို အထူးတလည် ပတ်ဆက်နေစရာမလိုအောင်ပင် မှတ်မိနေခဲ့လေသည်။

"ကျွန်တော့်ကိုသိပြီးသားဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



လို့ နီတူးကလည်း အပိုင်တွက်ပြီးပြောခဲ့ပါသည်။

"ဟန်မင်းဆက် ခဏခဏပြောထားလို့ပါ"

"ကျွန်တော်ကတော့ မြကြာယံကို မြင်ဖူးပါတယ်"

"ကျွန်မကတော့ ရှင့်ကို မမြင်ဖူးဘူး"

"တစ်ရက်ကျ တွေ့မယ်လေ"

"ဘာကြောင့်တွေ့ရမှာလဲ"

"တွေ့ချင်တယ်ထင်လို့"

"ကျွန်မ ရှင့်ကို မတွေ့ချင်ပါဘူး။ တွေ့ချင်တယ်လို့လည်း မပြောပါဘူး"

"ကျွန်တော့်ကိုလည်း မောင်ဟန့်ကိုခင်သလို ခင်ပါလား"

"ကျွန်မကို လာမိတ်ဆက်တိုင်း ပြန်ခင်တတ်တဲ့မိန်းကလေး မျိုးမဟုတ်ဘူး"

"ဒါဖြင့် မောင်ဟန့်ကိုရော"

"အို ... ဒါကတော့ ဘယ်တူမလဲ။ သူ့ဟာနဲ့သူ ရှေးရေစက် ပါလို့ သူ့ကိုတော့ခင်တယ်။ စကားပြောချင်တယ်၊ သူနဲ့ ဆုံရတာကို လိုလားတယ်"

မြကြာယံဟာ စိတ်ပေါက်ပေါက်နဲ့ တမင်အပိုတွေပါ ထည့်ပြောလိုက်မိပါသည်။ အလကားကောင် သူငယ်ချင်းအပေါ် သစ္စာမရှိတဲ့ကောင်။ ဟန်မင်းဆက်ကတော့ သူ့ကို ခင်လိုက်ရတာ။ ယုံလိုက်ရတာ။ သူကတော့ ဟန်မင်းဆက်အပေါ် သစ္စာမရှိဘူး။ သူငယ်ချင်းကွယ်ရာမှာ လက်သီးပုန်းနဲ့ ထိုးချချင်တဲ့ကောင်မျိုး။





"ကျွန်တော့်ကိုတော့ မခင်ဘူးပေါ့"

"မခင်ဘူး"

"ဟာဗျာ ... ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

မြကြာယံဟာ စိတ်ပေါက်ပေါက်နဲ့ပဲ ...

"ဘာဖြစ်လို့မှန်းတော့မသိဘူး။ ရှင့်နာမည်ကို သူ စ,ပြောကတည်းက နာမည်ကြားပြီး အလိုလိုသဘောမကျတာ။ နာမည်ကစပြီး ကျွန်မစိတ်ထဲမှာ မလိုလားတာ အမှန်ပဲ။ ဒါကြောင့် ရှင်ဟာ ဒဏ္ဍာရီထဲကမင်းသားတစ်ယောက်နီးပါး လောက်ပဲ ချောနေနေ လှနေနေ ကျွန်မ စိတ်မဝင်စားဘူး။ မခင်ဘူး။ ကဲ ... ဒါပဲ ... ရှင်းပြီနော် ဖုန်းချမယ်၊ ဖုန်း ထပ်မဆက်ပါနဲ့"

မြကြာယံ ချက်ချင်း ဖုန်းချမလို့လုပ်စဉ် ...

"ဟာ ... ဟာ ... ခဏနေပါဦး၊ ဖုန်းမချပါနဲ့"

လို့ ခပ်သဲ့သဲ့ပြောသံကြောင့် ဖုန်းချက်ချင်းမချဖြစ်ခဲ့ အခါ ...

"ကျွန်တော်လည်း ဖုန်းချပေးမှာပါ။ ဘာကြောင့်လဲဆိုတော့ ခုချိန်ဆို မောင်ဟန်တစ်ယောက် မြကြာယံဆီဖုန်းဆက်ဖို့ ဖုန်းခေါ်ရင်ခေါ်နေလောက်ပြီ။ ဒီဘက်မှာ အင်ဂေ့(ချ်)ဖြစ်နေ လို့ သူ ခဏခဏကြိုးစားနေလောက်ပြီ၊ ဒါကြောင့် ဖုန်းချ ပေးတော့မှာပါ။ ဖုန်းချပေးပြီးလို့ မကြာခင် ဖုန်းသံတစ်ခု ဝင်လာရင် မကိုင်ဘူးလို့ မငြင်းပါနဲ့နော်။ အဲဒီဖုန်းဟာ

www.burmeseclassic.com



မောင်ဟန့်ဖုန်းဖြစ်မှာသေချာလို့ပါ။ ဒါပါပဲ မြကြာယ်
ကျွန်တော် ဖုန်းချပါပြီ"

ဆိုကာ သူပဲ အရင်ဖုန်းချသွားတာကိုလည်း ကြုံရ
သည်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ဒီအဖြစ်ကို ဘဝင်မကျနိုင်
သဘောမကျနိုင်။ စိတ်တိုင်းမကျနိုင်ဖြစ်ကာ အလိုလိုနေရင်း
နီတူးကို ပိုပိုမုန်းလာမိနေသည်။

"ရှင်တို့ ကွယ်ရာမှာ ကြာယ့်အကြောင်းပြောပြီး ဟားနေ
ကြတာလား။ အမှန်အတိုင်းပြော"

"မဟားပါဘူး ကြာယ်ရယ်။ ကျွန်တော်တို့ ကြာယ့်
အကြောင်း ပြောတော့ပြောပေမဲ့ ဘာဟားစရာရှိလို့လဲ"

"နေစမ်းပါဦး သူက အခုမှ ဘာလို့ ရှင့်ဆီကဖုန်းနံပါတ်
ယူပြီး ကြာယ့်ဆီကို ဘာလို့ ဆက်လာရတာလဲ"

ဟန်မင်းဆက် အသံတိတ်သွားပါသည်။

"ဘာလဲ မဖြေဘူးလား"

"မဖြေချင်ဘူး ကြာယ်။ ကျွန်တော် ဘာမှ မပြောပါရစေနဲ့
သူ့ဘက်က ဘာတွေပြောလာမလဲသာ စောင့်ကြည့်နေပါ"

"အံမာ ... ရှင့်ပုံစံနဲ့လေသံက သိပြီးသားပါ။ ဘာလဲ
သူက ကြာယ့်ကို ချစ်တယ်ကြိုက်တယ်တွေ လာပြောမှာစ
မဟုတ်လား"

"......"

"သက်ပြင်းချပြီး အသံတိတ်ကားရိုက်ပြမနေနဲ့"





မြကြာယ်ဟာ နီတူးကို မုန်းမုန်းနဲ့ ဟန်မင်းဆက်ကို
ပြီး ဖိဆူပူဟိန်းဟောက်နေမိသည်။ အဲဒါတွေ အားမရတာပေါ့။
မိန်းကလေးကို ငါ ကြိုက်နေတယ် မင်းဝင်မပါနဲ့ လို့ ဘာကြောင့်
နီတူးဆိုတဲ့ကောင်ကို သူ မတားရဲတာလဲ။ ဘာကြောင့် အလျှော့
ပေးချင်ရတာလဲ။ သူ ဖွင့်မပြောသေးပေမဲ့ သူဟာ ကြာယ့်ကို ချစ်
နေပါတယ်ဆိုတာ မိန်းကလေးပီပီ အလိုလိုသိပြီးဖြစ်နေလျှင်
သူဟာ ကိုယ်ချစ်နေတဲ့ မိန်းကလေးကို မကာကွယ်တော့ဘူးလား
လို့ အားမရစွာ အပြစ်တင်ချင်နေမိသည်။

"ဒီမှာ နီတူးကို ပြောလိုက်စမ်းပါ အသေအချာပြန်ပြော
ပေးစမ်းပါ။ နောက်တစ်ခါ ဖုန်းဆက်ရင် လုံးဝ စကားမပြော
ဘဲ ဖုန်းချက်ချင်းချမယ်လို့။ အိမ်ကိုလည်း မှာထားမယ်။
ဘယ်ယောက်ျားလေးဖုန်းပဲဖြစ်ဖြစ် ခေါ်မပေးပါနဲ့မှာထား
မယ်၊ ကဲ ... အဲဒါဆို ရှင်ပါ ဆက်လို့မရတော့ဘူး"

"ဟာ ... ဟာ ... မလုပ်ပါနဲ့၊ ကျွန်တော် နီတူးကို ပြန်
ပြောပါ့မယ်"

"ကောင်းပြီလေ ဒါဆို ဖုန်းချမယ်"

"နေ ... နေပါဦး ခဏလောက် ကျွန်တော် ပြောစရာရှိလို့ပါ"

"ဘာလဲ"

"မနက်ဖြန် IELTSသင်တန်းဆင်းရင် လာစောင့်ချင်လို့"

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

"ကြာယံ အံ့သြသွားအောင် လက်ဆောင်တစ်ခု လာပေးချင်လို့ပါ"

မြကြာယံဟာ သူ့အပေါ်တော့ မတင်းမာလိုတာနဲ့ ...

"ဒါဆိုလည်း လာခဲ့"

ဟု ပြန်ခွင့်ပြုလိုက်ပြီးနောက် ခေါင်းထဲမှာ ဖျတ်ခနဲ ရောက်လာသောအတွေးတစ်ခုဖြင့် ...

"မောင်ဟန်"

လို့ ရုတ်တရက်ထပ်ခေါ်လိုက်မိသည်။

"ခင်ဗျာ ... ဗျာ ... ဘာလဲ"

ဟန်မင်းဆက် အံ့သြသလိုအသံဖြင့် ထူးသည်။

"အဟင်း ... ဘာမှ မဟုတ်ပါဘူး၊ ရှင့်ကို နာမည်ကြီး ခေါ်ခေါ်နေရတာ တစ်မျိုးပဲမို့ နီတူးကို မကြိုက်ပေမဲ့ သူ ခေါ်တဲ့ မောင်ဟန်လို့ခေါ်တာကိုတော့ သဘောကျမိလို့၊ အဲဒီလိုခေါ်ရင်ကောင်းမလားတွေးမိသွားလို့ပါ"

ဟန်မင်းဆက်က သဘောတူသလိုအသံဖြင့် ခပ်သဲ့သဲ့ ရယ်မောပါသည်။ မြကြာယံကတော့ ဆုံးဖြတ်ချက်ချပြီးသောအသံဖြင့် ...

"မောင်ဟန်လို့ပဲ ခေါ်တော့မယ်"

✻ ○ ✻





✻ ၆ ✻

မနက်လင်းတာနဲ့ တစ်ခေါက်လောက်တော့ ရောက်လာတတ်သည့် နီတူး ဒီမနက်တော့ ရောက်မလာခဲ့။ မနေ့က သူ မြကြာယံဆီ ဖုန်းဆက်လိုက်ကြောင်း ဟန်မင်းဆက် ပြန်သိမည်ဆိုတာ ရိပ်မိသဖြင့် ရောက်မလာဖြစ်ကြောင်းသိလျှင် ဟန်မင်းဆက်လည်း ဒီကောင့်ကို နည်းနည်းစိတ်ဆိုးမိတာကြောင့် သူ့ဆီလာခဲ့ဖို့ ခေါ်မနေတော့ပါ။

မနက်ထ မုန့်စား၊ အမေထည့်ပေးတဲ့ ထမင်းချိုင့်ယူကာ တက်နေဆဲ Chef သင်တန်းကို သွားတက်ပါသည်။ သင်တန်းက ပြီးလည်းပြီးခါနီးပြီဖြစ်ရာ အချိန်ပြည့်မတက်တော့ရင်လည်းရသည်။

သင်ပြီးသားစာတွေ့တွေကိုတော့ ရိုးပေးရှင်းပြန်လုပ်ရသလို လက်တွေ့ချက်ပြုတ်ပြခြင်းကလည်း ဆရာစောင့်ပြီးသင်ပေးနေတာမျိုးမရှိတော့ဘဲ ကိုယ့်ဘာသာ လေ့ကျင့်ချက်ပြုတ်ကြသောမျိုး

www.burmeseclassic.com



ဖြစ်ရာ ကျောင်းမှာ အချိန်ပြည့်နေချင်လည်းနေ၊ Practise (ပရိက်
တစ်စ်)လုပ်ရင်လုပ်၊ မလုပ်ရင်လည်း ပြန်သွားပြန်နိုင်သည်။

ဒါကြောင့် ဟန်မင်းဆက်လည်း ဒီနေ့တော့ မြကြာယ
ကိုသွားစောင့်မည်ဖြစ်ရာ မြကြာယ သင်တန်းဆင်းသောလေးနာ
မှာ အရောက်သွားစောင့်ဖို့ ကျောင်းကစောစောဆင်းမည်ဟုတွေးနေ
ပါသည်။ နီတူးလည်း သူ့အပြစ်နဲ့သူ ဟန်မင်းဆက်ကို ရှိန်နေတာ
ကျောင်းတောင်မလာပါ။ ခါတိုင်း ဟန်မင်းဆက်ကားကို ကပ်
စီးပြီး ကျောင်းသွားကျောင်းပြန် အတူတူလုပ်နေကျ။ နီတူး မန
တည်းက ဖုန်းလည်းတစ်ခေါက်မဆက်၊ ကျောင်းလည်းမလာသော
အခါ ဟန်မင်းဆက် ရင်ထဲမှာ မပျော်။ ဘာလိုအပ်နေမှန်း မသ
လိုအပ်သလိုလိုကြီးဖြစ်လျက် သူ့မှာရှိသော မိုဘိုင်းလ်ဖုန်းလေးဖြ
နီတူးအိမ်ကို ဆက်ကြည့်ဖို့ လေးငါးခါမက တွေးကြည့်မိသေး
သည်။ သို့သော် နီတူးကို ဒီနေ့ ဖုန်းဆက်ခေါ်လိုက်လို့မဖြစ်သေ
ဒီနေ့ မြကြာယံကို ညနေဘက် သွားစောင့်ရဦးမည်ဖြစ်ရာ နီတူ
ရှုပ်နေမှာစိုးရသေးသည်။ ဒါနဲ့ပဲ ...။ ...။

သင်တန်းကနေ သုံးနာရီခွဲမှာ ထွက်လာခဲ့သည်
မြကြာယ တက်နေသော IELTSသင်ရာသင်တန်းရှေ့ရောက်တော
လေးနာရီထိုးဖို့ ဆယ်မိနစ်။ ကားပေါ်ကဆင်း၊ ကားတံခါးပြန်ပိတ်
ကားဘော်ဒီမှာမှီရပ် လက်ပိုက်နေစဉ် ...

"အံမာ ... ရုပ်ကြီးက ကောင်မလေးနဲ့ကြည့်တော့မယ့်
ပေါ့လေ"



ဟူသော အသံတစ်သံ ဘေးမှာရုတ်တရက်ပေါ်လာ
တာကြောင့် ဟန်မင်းဆက် အံ့သြကာ ...

"ဟာ ... ဟော့ကောင်"

"မေ့နေပြီလား၊ တစ်မနက်လောက် မတွေ့လိုက်ရတာနဲ့
မမေ့ပါနဲ့၊ ငယ်ပေါင်းကြီးရာ"

နီတူးသည် သူအပြစ်လုပ်တာ ဘာမှမရှိသလိုပုံစံ
ဖြင့် ရယ်ဖြဲဖြဲလုပ်လျက် ဟန်မင်းဆက်ဘေးမှာ ပြိုင်စက်ဘီးဖြင့်
ရပ်နေလေသည်။ စက်ဘီးကို ခြေထောက်တစ်ဖက်ထောက်ရပ်ရင်း
စက်ဘီးစီးလျှင်ဆောင်းရသော ဟဲလ်မက်ကို ချွတ်လျက် ...

"နီတူးလေကွာ"

ဟု ထပ်ကွန့်နေသေးသည်။

"ငါသိပါတယ်၊ ဘာကိစ္စ နာမည်ပြောပြီး မိတ်ဆက်နေ
ရတာလဲ"

"မသိဘူးလေ မင်းက ကြောင်တောင်တောင်ကြီး ကြည့်
နေတာကိုး"

"မင်းက ရုတ်တရက်ကြီး ဘယ်လိုရောက်လာမှန်းမှမသိတာ။
ငါက မင်းမလာတော့ဘူးထင်လို့။ နောက်ပြီး ငါ ဒီအချိန်
ဒီမှာလာစောင့်မယ်ဆိုတာလည်း မသိဘူး ထင်လို့"

"မင်း ဘာလုပ်လုပ်ပါ ငါ မသိတာမရှိဘူး၊ မင်းနောက်က
အရိပ်လို နောက်ယောင်ခံ လိုက်ကြည့်နေတာကွ"





www.burmeseclassic.com

www.burmeseclassic.com



"မရှုပ်နဲ့ကွာ၊ ငါ ကြာယံ့ကို လာစောင့်နေတာ၊ သူ့
လက်ဆောင်ပေးပြီး အေးအေးဆေးဆေး စကားပြော
လို့"

"မင်း ငါ့ကို စိတ်ဆိုးနေလား"

"မဆိုးပါဘူး"

"ငါ ကြာယံ့ကို ဖုန်းဆက်ထားမိတယ်"

"ကြာယက မင်းကို သဘောမကျဘူးတဲ့"

"သူ သဘောကျလာတဲ့အထိ ကြိုးစားမယ်ကွာ"

"နီတူး မင်း သွားတော့ကွာ၊ ဟိုမှာ သူတို့သင်တန်းကလ
စပြီးဆင်းလာပြီ။ သူ မင်းနဲ့ငါ့တွဲတွေ့သွားရင်မကောင်း

"ဘာလဲ ငါနဲ့ မပေါင်းရဘူး၊ မခေါ်ရဘူးလို့ ပြောထာ
လား"

"မရှုပ်စမ်းပါနဲ့ကွာ"

ဟန်မင်းဆက် နီတူးကို ဒီတစ်ခါတော့ စိတ်
တော်ကုန်နေပြီး နီတူးသဘောကိုလည်း နားမလည်နိုင်တော့
ဖြစ်နေပါသည်။ အစကတော့ အေးအေးနေနေရတာကနေ ဘ
ဖြစ်ပြီး ကြာယံ့ကို ချစ်ပါတယ် ကြိုက်ပါတယ်ဖြစ်လာရသ
ဘာကြောင့် သူ စိတ်ရှုပ်၊ စိတ်ညစ်၊ စိတ်အခန့်မသင့်ဖြစ်
အောင် လိုက်နှောင့်ယှက်ချင်ရသနည်း။ သူ့ဘက်က နီတူး
သည်းခံအလိုက်သိပေးခဲ့တာတွေများခဲ့တာကို မထောက်ထ
ဘာကြောင့် နီတူး သူ့ကို အလိုက်ပြန်မသိပေးရသနည်း။





"ဟော ... ကြာယံ ဆင်းလာပြီ"

လို့ ဟန်မင်းဆက် ရေရွတ်လိုက်ချိန်တွင် နီတူးကား လှစ်ခနဲ စက်ဘီးကို အားကုန်နင်းပြီး ထွက်သွားဖော်ရပါသည်။ ထို့အတွက် ခုနက နီတူးအပေါ် မုန်းသလိုလို စိတ်ကုန်သလိုလို ဖြစ်ချင်နေသောစိတ်တွေဟာလည်း ဟန်မင်းဆက်ထံမှာ မြူမှုန်တစ်မှုန်စာမျှပင် မကျန်တော့ပြီတည်း။ ဒီလိုတော့လည်း ဒီကောင် အလိုက်သိသားပဲ။ ငါ့အပေါ် ဥပ္ပာသားပဲ။

"ကဲ ... ပြပါဦး။ ဘာလက်ဆောင်နဲ့ Surprise လုပ်မှာ
လဲ"

"ကြာယံ့ကို လမ်းမကြီးမှာပေးလို့ ဘယ်ဖြစ်မလဲ"

"အံမယ် ... ဆိုင်ထိုင်ပြီးစကားပြောချင်တယ်ဆိုလည်း
အမှန်အတိုင်းပြောပါနော်။ လက်ဆောင်ကို လမ်းမကြီးမှာ
ပေးလို့မဖြစ်ဘူးလေးဘာလေးနဲ့"

ကြာယက မျက်စောင်းလေးထိုးလျက်ပြောလျှင် ဟန်မင်းဆက် ရင်ထဲမှာ ပွစ္စေ့ရှိန်းမြနေတော့သည်။ ချစ်စနိုးနဲ့ထိုးတဲ့ မျက်စောင်းဟာ ရင်ခုန်သံတွေကို မြန်စေပါတယ် ကြာယံရယ်။

ဟန်မင်းဆက်ဘာသာ ဖီလင်တက်တာ အေးအေးဆေးဆေးတောင်မတက်ရပါ။ နီတူးဟာ ကြာယံ မမြင်နိုင်သော ဟန်မင်းဆက်သာမြင်နေရသော မြင်ကွင်းထဲမှာ လမ်းသလားပြလျက် ဟန်မင်းဆက်ကို စနောက် လှောင်ပြောင်တဲ့ အမူအရာတွေ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြနေ၍ပင်၊ ဟန်မင်းဆက်မှာ စိတ်လည်းရှုပ်၊ နီတူး အမှုအရာတွေကို ရယ်လည်းရယ်ချင်နဲ့ ရင်ခုန်နေရ[illegible] ဘယ်ရောက်သွားမှန်းမသိတော့။

"ဝေးဝေးလံလံတော့ မသွားတော့ပါဘူး၊ ဒီနားက ဘာဂါဆိုင်မှာပဲ ထိုင်လိုက်ကြမယ်လေ"

"ကြာယံ့ သဘောပါ"

"ကြာယံလည်း မောင်ဟန့်ကို ပြောစရာတွေ ရှိနေသေးတယ်"

ကြာယံ့ထံမှ မောင်ဟန်ဆိုသောခေါ်သံကို ရင်ထဲမှာ ကျေနပ်စွာလက်ခံမိပါသည်။ ရွယ်တူနီးပါး အသက်ချင်းမတိမ်းမယိမ်းတွေပေမဲ့ ကြာယံက မောင်ဟန်လို့ ခေါ်တာဟာ တင်စီးသလိုလို သဘောနဲ့မပါဘဲ ချစ်စနိုးနဲ့ တရင်းတနှီး ခေါ်တာပဲလို့ ခံစားလို့ရကာ ဒီနေ့မနက်ဖြန်ပဲ ကြာယံ့ကို ဖွင့်ပြောလိုက်ရင်ကောင်းမလားလို့တောင် စဉ်းစားမိနေသည်။

"ကြာယံ ဘာမှမစားတော့ဘူး၊ ချောကလက်မေ့ခ်ရှိတ်ပဲသောက်မယ်"

"ကျွန်တော်လည်း မစားချင်ပါဘူး၊ အရည်ပဲသောက်တော့မယ်"

ဟန်မင်းဆက်က Lipton ခပ်ကျကျလေးတစ်ခွက်မှာပြီး ကြာယံကတော့ ချောကလက်ဖျော်ရည် မှာလိုက်ပါသည်။



"လက်ဆောင်က သိပ်ထူးထူးခြားခြားတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနိုင်ငံမှာရှားနေသေးတဲ့ **Brand** မို့ ကြာယံ အံ့ဩဝမ်းသာသွားစေချင်လို့ပါ"

ဟုပြောပြီး ဟန်မင်းဆက်ဟာ သူလွယ်နေကျ သားရေအကောင်းစား ဘေးလွယ်အိတ်ညိုကြီးထဲမှ လှပစွာထုပ်ပိုးထားသော လက်ဆောင်ထုပ်ကို ထုတ်ယူပြီး ကမ်းပေးလိုက်ပါသည်။

"ဟယ် ... **Bratz** အိတ်လေးပါလား"

ပလတ်စတစ်အကြည်ရောင်ဖြင့် ထုပ်ထားသော အထုပ်ဖြစ်၍ ဖွင့်မကြည့်ရသေးပေမဲ့ အပြင်ကအမြင်နဲ့တင် ဘာဆိုတာသိရသဖြင့် ကြာယံမှာ အံ့ဩဝမ်းသာသလိုအသံဖြင့် ပြောလိုက်သည်။ အိတ်လေးက လေးထောင့်စပ်စပ်သားရေအိတ်ကြီးအရှည်နဲ့ပေမဲ့ တိုချင်ရင်လည်းရအောင်၊ ရှည်ချင်ရင်လည်းရအောင် **Buckle**(ဘက်ကယ်လ်)ပဲပါသည်။ အရောင်က အသည်းကွဲရောင်ဟုခေါ်သော အရောင်အောက်ခံမှာ **Bratz** အုပ်စုထဲမှ အလှဆုံးလို့ထင်ရတဲ့ **Chloe** (ကလိုဝီ)အမည်ရှိ အရုပ်မလေးရဲ့ ကိုယ်တစ်ပိုင်းပြတ် ရုပ်ပုံဖောင်းကြွစတစ်ကာနဲ့ဖြစ်သည်။

"ဘယ်ကရှာဝယ်လာတာလဲ"

"အဖေတို့မိတ်ဆွေတစ်ယောက်ဆီမှာ အဲဒီလိုပဲရှားပါးတဲ့ အိတ်လေးတွေ၊ ဖန်စီပစ္စည်းလေးတွေ၊ အရုပ်လေး၊ စာအုပ်လေးတွေရောင်းတဲ့ဆိုင်ရှိတယ်၊ အဲဒီဆိုင်မှာ သွားမွှေရင်းတွေ့လာတာ၊ အိတ်ကလည်းတစ်အိတ်တည်းရှိပြီး ဈေးစ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိဘူး၊ ဒါကြောင့် ဒီအရောင်ကြီးယူလာရ
ကြာယံ ကြိုက်ရဲ့လား"
"ကြိုက်ပါတယ်၊ အရောင်ကအရေးမကြီးပါဘူး၊ ကြာယ
Bratzနဲ့ပတ်သက်တာလေးတွေ စုနေတာဆိုတော့ ဘာ
ကြိုက်တယ်၊ ဝမ်းလည်းသာတယ် သိလား။ မောင်ဟ
ကြာယံအတွက် သတိတရလေး ဝယ်လာပေးတာမို့
ကျေးဇူးလည်းအရမ်းတင်ပါတယ်"
"ရပါတယ်၊ နောက်ဆို ကြာယံကြိုက်တဲ့ Bratzတွေ
ဝယ်စုပေးမယ်"
"အမှန်တော့ အဲဒါ ကလေးတွေနဲ့ ဆယ်ကျော်သက်
မလေးတွေကြားမှာ ခေတ်စားပြီးကြိုက်တဲ့ အရုပ်မလေ
ပါ။ ကြာယံကသာ ကလေးဆန်ပြီး လိုက်ကြိုက်နေ
"ကျွန်တော်ဆို ခုထိ ကာတွန်းကားကြိုက်တုန်းပဲ"
"ဟင် ... ဟုတ်လား"
"ဟုတ်ပါတယ် မညာပါဘူး။ ကာတွန်းကားဆို
(ရှရက်)လည်းကြည့်တယ်၊ Nemo(နီမို)လည်းကြည့်
Bee Movie (ဘီးမူဗီ)လည်းကြိုက်တယ်။ Dream W
(ဒရင်း(မ)ဝေါ့မ်)နဲ့ Walt Disney(ဝေါ့ထ်ဒစ္စနေး)က
တဲ့ ကာတွန်းကားလေးတွေဆို လုံးဝ အလွတ်မပေးဘဲ
တာပဲ။ ကာတွန်းကား ကွန်ပျူတာအန်နီးမေးရှင်းဆို
ပြတာက အဆင့်မြင့်တယ်လေ၊ ဒါကြောင့် ကြိုက်တ





ကြာယံသည် ဟန်မင်းဆက်ရှေ့မှာပင် အိတ်အသစ်
းကို ပြောင်းပြီးလွယ်လိုက်ပါသည်။ ကြာယံ လွယ်လာသော
ာပုံချိုင်းအောက်လွယ်အိတ်အကြီးကြီးထဲမှ ဘီး၊ Loreal
ကပ်ဘူး၊ Revlon နှုတ်ခမ်းဆိုးဆေးနှစ်တောင့်၊ အိတ်ဆောင်
ူးထုပ်၊ ပီကေဘူး၊ ပရုတ်ဆီဘူး၊ Bratzအရုပ်ပုံလေးပါသည့်
Book၊ ကားသော့၊ ခဲတံတွေ ဘောပင်နဲ့ ပေတံလေးနဲ့
erတွေထည့်ထားသောအိတ်နှင့် မိန်းမကိုင်ပိုက်ဆံအိတ်လေး
ို ပြောင်းထည့်နေပါသည်။
"ဒီအိတ်လေးက ကြာယံ ခုနလွယ်လာတဲ့အိတ်ထက်စာရင်
တော်တော်သေးနေတယ်"
"ကြာယံက တမင်ပဲခေတ်စားနေတဲ့အိတ်အကြီးတွေ လွယ်
နေတာပါ။ တကယ်တော့ကြည့် ကြာယံအိတ်ထဲမှာ ဘာမှလဲ
များများစားစားထည့်စရာမပါဘူး။ ကျူရှင်ကသင်တာက
လည်း ဘာမှ သိပ်ရေးစရာမရှိဘူး။ သူတို့ရိုက်ပေးထားတဲ့
စာရွက်ပဲကြည့်ပြီးသင်တာလေ။ ဒါကြောင့် ဗလာစာအုပ်
လည်း သယ်စရာမလိုဘူး။ ဖိုင်လ်ထဲပဲ စာရွက်တွေညှပ်ထည့်
လာလိုက်ရင် ရပြီလေ"

ကြာယံရဲ့ဖိုင်လ်လေးကတော့ ရိုးရိုးဖိုင်လ်ပြာမာမာ
ပဲမို့ ဟန်မင်းဆက် စိတ်ထဲမှာ နောက်တစ်ခါကျရင် ကြာယံ
ွက် Bratz တံဆိပ်ပါတဲ့ ဖိုင်လ်လေးရှာဝယ်ပေးရမယ်လို့
ံမှတ်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ပြောရဦးမယ်သိလား၊ ရှင့်သူငယ်ချင်း နီတူးကို ကြာယံ့ e-mailလိပ်စာပါပေးသိထားတယ်ထင်တယ်။ သူ ကြာယံ့ဆီ e-mail တွေပို့နေတယ်"

"ဟင် ... ဟုတ်လား"

နီတူး ဘယ်ကတွေ့သွားပါလိမ့်လို့။ ရုတ်တရက် မွှန်ပြီးတွေးလိုက်ပေမဲ့ နီတူးဆိုတာက ဟန်မင်းဆက် အိပ်ခန်းထဲ မှာဘယ်နေရာ ဘာထားသလဲဆိုတာအစ သိသူဖြစ်လေရာ e-mail လိပ်စာရှာတွေ့သွားတာမဆန်းပါပေ။ နောက်ပြီး ဟန်မင်းဆက် ကွန်ပျူတာကိုလည်း နီတူး စိတ်ကြိုက်မွှေနိုင်လေရာ ကြာယံ့ နဲ့ ဟန်မင်းဆက်ရဲ့အဆက်အသွယ်မှန်သမျှကို သိနိုင်တာ ဘာမှ မထူးဆန်းပါ။

"ဒီမနက်ကမှ e-mailစစ်ရင်းတွေ့တာ၊ ပို့ထားတာ တစ်ပုံ ကြီးပဲ။ ကြာယံလည်း စိတ်ဆိုးပြီး အကုန်လုံးမဖတ်ဘဲ delete လုပ်ပစ်လိုက်တယ်၊ သူရေးတဲ့အကြောင်းအရာ ရေးပုံသာပြောင်းသွားတယ်၊ အဓိပ္ပာယ်က ဒီတစ်ခုတည်း ဖြစ်နေတာလေ"

"သူ ... သူ ဘာလို့ e-mail ပို့လဲ မသိဘူး"

"ကြာယံ့ဆီ ဖုန်းဆက်တုန်းက နောက်ဆို သူ့ဖုန်းဆိုရင် မကိုင်ဘူး ပြောလိုက်လို့ ဒီနည်းသုံးတာ ထင်တယ်"

ဟန်မင်းဆက်သည် ခုနက သူ့မြင်ကွင်းထဲ လာ သလော်းနေသော နီတူးကို စိတ်ဆိုးဆိုးဖြင့် လှမ်းခေါ်ပြီး ကြာ





ရှေ့မှာ ရှင်းမိုင်းမည်ဟုတွေးကာ ကြည့်လိုက်တော့ နီတူးတစ်ကောင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေပြီ။ နီတူးဟာ စိတ်စွမ်း အင်များရပြီး ကြိုသိနေသလားတောင်မသိ။ သူ့အကြောင်းပြောနေ မှန်းသိတာနဲ့ လစ်တော့တာပဲ။

"သူ ဘာရေးထားလို့လဲ"

"အစုံပါပဲ၊ ဒါပေမဲ့ နောက်ဆုံးတော့ သူရေးတဲ့သဘောက ကြာယံ့ကို သူ ချစ်နေပါပြီဆိုပြီး ဖွင့်ပြောတဲ့သဘောပါပဲ။ ကဲ ... ဘယ်လိုလဲ မောင်ဟန်၊ သူ့ကို ကြာယံ သိလည်းမသိ ဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ မောင်ဟန် ပြောပြောနေလို့ သာ နီတူးဆိုတဲ့နာမည်ကို သိထားတာပဲရှိတယ်၊ မောင်ဟန့် ကို ခင်တာနဲ့ သူ့ကိုခင်ရမယ်ဆိုတဲ့သဘောနဲ့ လာရေးတာ တော့ လုံးဝမကြိုက်ဘူး၊ ကြာယံ့အတွက် စိတ်အနှောင့် အယှက်လည်းဖြစ်တယ်၊ ယောက်ျားလေးနှစ်ယောက်ကြား မှာ ဟိုရှုပ်ဒီရှုပ်လုပ်တတ်တဲ့ မိန်းကလေးမျိုးလည်း မဟုတ် ဘူးဆိုတာ မောင်ဟန် သိထားဖို့လိုတယ်"

"သိပါတယ် ကြာယံရယ်။ ကျွန်တော်လည်း သူ့ကို သတိ ပေးပါတယ်။ ဒါပေမဲ့ နီတူးက ဘယ်လိုပုံစံမျိုးလဲဆိုတော့ ပြန်မပြောနားမထောင်ပုံစံမျိုးပါ။ သူ့ကို ကျွန်တော် ဘယ် တုန်းကမှလဲ ပြောမရခဲ့ဘူး။ သူလုပ်ချင်တာလုပ်တာပဲ၊ သူ ဇာမင်ဝင်ရှုပ်နေတာလို့ထင်ပြီးတားပေမဲ့ သူက နားမ မထောင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟန်ရယ် ရှင်ဟာ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ။ ရွယ်တူချင်းကို ကြောက်နေတဲ့ပုံစံမျိုးပါလား"

ကြာယံ ဒေါသဖြစ်ဖြစ်နဲ့ ဝေဖန်ပစ်လိုက်ပါသည်။ သူ့ကိုလည်း အားမလိုအားမရဖြစ်ရပေါင်း မနည်းတော့လှသလို အခုတစ်ခါလည်း ထပ်ပြီး အားမလိုအားမရဖြစ်ရပြန်သည်။ မတုန်မလှုပ်၊ ငူငူငေါင်ငေါင်နဲ့ ဝေခွဲမရသလိုလို။ သူငယ်ချင်းကိုပဲ အလျှော့ပေးတော့မလိုလိုဖြစ်နေသောပုံစံကြီးက ကုတ်ဆွဲပစ်ချင်စရာ။

"မောင်ဟန့်သဘောကရော ဘယ်လိုလဲ"

"ခင်ဗျာ ဘာကိုမေးတာလဲ"

ကြာယံ့ကို ချစ်နေပြီမဟုတ်လား။ ရင်ထဲမှာ အော်မေးလိုက်ပေမဲ့ အပြင်မှာတော့ ထုတ်မမေးရဲသေးပါ။ ကိုယ်က မိန်းကလေးဖြစ်နေတော့လည်း ယောက်ျားလေးဘက်က ဖွင့်ပြောလာမှာကို စောင့်ရုံကလွဲရင် ဒီ့ထက်လည်းမပိုပြနိုင်ပါ။

"နီတူးနဲ့ပတ်သက်ပြီးတော့ပြောတာပါ၊ သူက ကြာယံ့ကို တကယ်သဘောကျတယ်ထင်လား။ မောင်ဟန် သူ့ဘက်က ထောက်ခံပေးနိုင်လား"

မြကြာယံဟာ တမင်ပဲ ဟန်မင်းဆက် ဆုံးဖြတ်ရခက်စေသောမေးခွန်းကို မေးပစ်လိုက်ပါသည်။

"စောင့်ကြည့်ပါဦး ကြာယံရယ်၊ ကျွန်တော် ဘယ်သူ့ဘက်မှမပါချင်ဘူး"





ဟု ဖြေခဲ့သော ဟန်မင်းဆက်ကို မုန်းမုန်းနဲ့ ချက်ချင်း ...

"ကြာယံ ပြန်ချင်ပြီ၊ ပြန်တော့မယ်"

ဟူ၍ ပြောပြောဆိုဆို ကောက်ခါငင်ခါ ထရပ်လိုက်မိပါတော့သည်။ ဟန်မင်းဆက်ကား ခွေးအကြီးလှည်းနင်းခံရသလိုလို၊ ကြက်ကြီးလည်လိမ်ထားခံရသလိုလို စကားအပြောအဆို ထစ်ထစ်ငေါ့ငေါ့၊ အီးအီးအဲအဲတွေ ငူငူငေါင်ငေါင် အမူအရာတွေနဲ့ ဝဲ ဆိုင်မှာ ပိုက်ဆံရှင်းပြီး မြကြာယံနောက် ပြေးလိုက်လာလေသည်။

မြကြာယံကား စိတ်မြန်လက်မြန်ပင် ကားကို မောင်းနှင် ထွက်သွားနှင့်နေပြီတည်း။

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)



၇

## နောက်နှစ်ပတ်ခန့်အကြာ

မြကြာယံသည် ဖုန်းခွက်ကို ကောက်ကိုင်လိုက်၊ ...ဘဲ့ဖြစ်လိုက်၊ နံပါတ်တချို့ကိုနှိပ်လိုက်၊ တစ်ဝက်တစ်ပျက်နဲ့ ...လိုက် ဖြစ်နေခဲ့သည်မှာ အကြိမ်ပေါင်းမနည်းတော့။ နောက် ...တော့လည်း စိတ်ထဲမှာ ပေးနေသော တွန်းအားတစ်ခုရဲ့အဟုန် ...ပြင်းထန်လှသဖြင့် ဖုန်းကို ဆက်ဖြစ်သွားပါသည်။

အိမ်ဖုန်းတစ်ခု၏ မြည်သံရှည်ရှည် လေးငါးချက်မြည် ...ား ထောင်ပြီး ဖုန်းကို ပြန်ချလိုက်ဖို့အခါခါ စဉ်းစားမိနေ ...သော မြကြာယံသည် ဖုန်းလာကိုင်လိုက်သံကြားမှပဲ ဆုံးဖြတ် ...ရေမရာတွေ ပျောက်ကွယ်ကုန်တော့လေသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူ့အမေအသံလား ...။

"ဘယ်သူပါလဲကွယ်၊ ပြောပါ နားထောင်နေပါတယ်"

"ဩော် ... ဟုတ်ကဲ့ရှင် အန်တီ။ သမီး မြကြာယံ
ဟန်မင်းဆက်ရဲ့သူငယ်ချင်းပါရှင်၊ သူ့ကို အဆက်အသွ
မရတာ နှစ်ပတ်လောက်ရှိသွားပြီမို့ သူ ဘာများဖြစ်လို့
သိချင်လို့ ဖုန်းဆက်ကြည့်တာပါ"

"အို ... ဟုတ်လား၊ သမီးလေးက မြကြာယံလား အန်
သိပါတယ်။ ဈေးမှာ တစ်ခါတွေ့ဖူးပါတယ်။ သားလ
ခဏခဏပြောလို့သိပါတယ်။ သားလေးကကွယ် လွန်ခဲ့
ဆယ်ရက်ကျော်လောက်ပါပဲ သူ အမြဲဖြစ်နေကျ အာ
ရောင်ပြီး အဆုတ်အအေးပတ်ဖျားရာကနေ ဒီတစ်ခါ နမ
ယားပါ ဝင်သွားလို့ အိပ်ရာထဲလဲနေတယ်ကွယ်။ ဒီ
မှ ထူထူထောင်ထောင်ဖြစ်ပြီး အစာလေးစားဝင်တ
ဒါကြောင့် သမီးနဲ့ အဆက်အသွယ်မရတာပါ"

ဖြစ်ရလေ မောင်ဟန်ရယ်။ လူကြည့်တော့ အ
ကောင်းမောင်းသန်ပုံစံပါပဲ။ ဒီလောက်တောင် ဗျူဗျာရသလ
နောက်ဆုံးတွေ့ခဲ့တဲ့နေ့က သူ့ကို စိတ်ဆိုးပြီး နှုတ်တောင်မဆ
တော့ဘဲ ကားကို မောင်းထွက်ခဲ့မိတယ်။ သူ နောက်နေ့ကျ
စောင့်နေမှာပေါ့၊ သူ လာချော့မှာပေါ့ ... ဆိုတဲ့ အတွေးနဲ့ တ
နေခဲ့တာ တစ်ရက်ပြီးတစ်ရက် သူက ရောက်မလာ။ ဖုန်းဆက်နေ





ချိန်လည်းဖုန်းမဆက်။ သူ့ဆီ e-mail ပို့မေးရင်ရပေမဲ့ ကိုယ်က
ပြီး ဆက်သွယ်ရမှာရှက်လို့ မပို့ဖြစ်ခဲ့။ ဒါနဲ့ပဲ နှစ်ပတ်လောက်
ဆက်အသွယ်ပြတ်သွားတာ။

သူ့အပေါ်မှာ မြကြာယံဘက်က ချစ်ခင်တွယ်တာ
တ်တစ်မျိုးလေးနဲ့ စိတ်ဝင်စားနေခဲ့မိပြီမို့ ဒီလိုအဆက်အသွယ်
တ်သွားခဲ့တာကို လက်မခံနိုင်ဘဲ တမြည့်မြည့် စိတ်မကောင်းဖြစ်
လွန်းတဲ့အခါ စိတ်ကိုမတင်းနိုင်တော့။ ဒါနဲ့ပဲ ဒီနေ့ကျမှ သူ့ဆီ
ယ်ကစပြီး ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးမိတာပါ။ သူ ပေးထား
Mobileဖုန်းကိုဆက်တော့လည်း "ဆက်သွယ်၍မရနိုင်ပါ"ဆိုတဲ့
သံကိုပဲ ထပ်ခါတလဲလဲကြားနေရလို့ နောက်ဆုံးတော့ အိမ်ဖုန်း
ို ခေါ်လိုက်မိတာပါ။

"သူ စကားမပြောနိုင်သေးဘူးဆိုလည်း ရပါတယ် အန်တီ။
ကြာယံ ဖုန်းဆက်သတင်းမေးတယ်လို့ပဲပြောပေးပါ"

"အို .... ဒီလိုလည်းဘယ်ဟုတ်မလဲ။ သား စကားတော့
ပြောနိုင်ပါတယ်၊ အန်တီ သူ့အခန်းကိုသွားကြည့်ပေးမယ်
နော်။ သူ ခုနကတော့ နိုးနေပေမဲ့ ခုတော့ ပြန်အိပ်ပြီလား၊
မအိပ်သေးဘူးလားလို့ မအိပ်ရင်တော့ စကားပြောလို့ရပါ
တယ်"

ဟန်မင်းဆက်အမေ ကြည့်ရတာ မြကြာယံကို
တ်တော်သဘောတကျ လိုလိုလားလားဖြစ်နေပုံရသည်။ သားမှ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမိတ်ဆွေတစ်ယောက်ရနေတာကိုပဲ ကျေနပ်နေပုံရသည်
ဟန်မင်းဆက် သူမအကြောင်း ဘာတွေများပြောထားလို့လဲဆိုသော
အတွေးကို မြကြာယံ တွေးကြည့်နေမိပါသည်။

တစ်မိနစ်တောင်ပြည့်အောင် မစောင့်လိုက်ရဘဲ ဖုန်း
ခွက်ကို ရာကိုင်သံကြားရသည်။

"ဟဲလို သမီး မြကြာယံ"

"ရှင် ဟုတ်ကဲ့"

"သား နိုးနေတယ်ကွယ်၊ သူ့အခန်းထဲက Cordless ဖုန်း
စကားပြောလိမ့်မယ်၊ အန်တီ အပြင်ကဖုန်းချလိုက်ပြီ
သမီးကို နှုတ်ဆက်တာပါ"

"ရပါတယ် အန်တီ"

"အိမ်လာလည်ပါဦး သမီးရဲ့"

"ဟုတ်ကဲ့ပါ အန်တီ၊ ကြာယံ မောင်ဟန့်သတင်းမေးရင်း
လာခဲ့ပါ့မယ်"

"အေး ... အေး ... ဒါပါပဲကွယ်၊ ဆက်ဆက်သာလာခဲ့"

ဖုန်းတစ်ခုချသံ ထောက်ခနဲကြားလိုက်ရပေမဲ့ လိုင်း
တော့ပြတ်ကျမသွားပါ။ ဘာကြောင့်လဲဆိုတော့ ဟန်မင်းဆက်
အဆင်သင့် Cordless ကိုဖွင့်ကာ သူ့အမေနဲ့ မြကြာယံတို့ ပြော
ကြဆိုကြတာကို စောင့်နေ၍ပင်။ သူ့အမေ ဖုန်းချသွားတော့မှ

"ကြာယံ"





ဆိုသော ခပ်သဲ့သဲ့၊ လေသံပျော့ပျော့ကို ကြားရသည်။

"မောင်ဟန် ဘယ်လိုဖြစ်ရတာလဲ၊ တော်တော်နေမကောင်း
ဖြစ်သွားတာပဲနော်"

"အင်း ဟုတ်တယ်"

"ဆောရီးနော် ကြာယံ မသိလို့ မောင်ဟန့်သတင်းကို
လာတောင်မမေးဖြစ်ဘူး"

"ကြာယံ့ကိုလည်း ကျွန်တော် သတိရပါတယ်၊ ဖုန်းဆက်ဖို့
e mail ပို့ဖို့ အကြိမ်ကြိမ်ကြိုးစားပေမဲ့ ခေါင်းတောင်မထူ
နိုင်ဘူး၊ အဖျားတွေက ဆက်တိုက်တက်တယ် ဆိုတော့
လူက စိတ်ပဲရှိတယ်၊ ထတောင်မထနိုင်တော့ဘူးလေ"

ထိုစကားတွေကို မောင်ဟန့်ခမျာ မောလျှနွမ်းနယ်
နေတဲ့လေသံပျော့ပျော့နဲ့ နားကာ နားကာ ပြောရခြင်းဖြစ်သည်။
တောက်လျှောက်တောင်မပြောနိုင်။ ဘယ်လိုများဖြစ်သွားရတာလဲ။
ဒီလောက်တောင် ပြင်းပြင်းထန်ထန်နေမကောင်းဖြစ်ရသတဲ့လား။

"ကြာယံ အိမ်လာပြီး တွေ့ရမလား"

"ကြာယံ့သဘောပါ၊ မလာရင်လည်း ကျွန်တော် နားလည်
ပါတယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားလေး
တစ်ယောက်အိမ်ကို ဘယ်လာချင်မလဲလေ။ လာခွင့်ရှိလို့
လာနိုင်တယ်ဆိုရင်လည်း ကျွန်တော် အရမ်းပီတိဖြစ်ရမှာ
ပါ။ ကျွန်တော့်အပေါ်ထားတဲ့ခင်မင်မှု သိပ်ကြီးမားပါလား
ဆိုပြီး ကြည်နူးရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြကြာယံ တစ်ချက်စဉ်းစားလိုက်ပြီး ...

"ကြာယံ ကတိတော့မပေးသေးဘူး။ ဒါပေမဲ့ လာတွေ့ဖြ
တော့များပါတယ်၊ ကြာယံ မိဘတွေကို ပြောပြပြီး
တောင်းချင်သေးတယ်"

ဟု မယုတ်မလွန်ဖြေလိုက်ပါသည်။

"ဒါနဲ့နေပါဦး၊ ဘယ်လိုကဘယ်လိုဖြစ်ပြီး ဒီလောက်ရော
သည်းသွားရတာလဲ၊ အာသီးရောင်ပြီးဖျားနာတာတော့
တော်တော်များများဖြစ်ကြပါတယ်လေ။ ကြာယံတော့ မ
ဖူးပေမဲ့ ကြာယံ့အစ်မဆို မကြာခဏဖြစ်တာပါပဲ။ အိပ်ရာ
လဲလောက်အောင်ထိ ဘာတွေများဆိုးဆိုးရွားရွားဖြစ်ရတာ
မောင့်ဟန်ရယ်"

ဟန်မင်းဆက် သက်ပြင်းသဲ့သဲ့ချရင်း ...

"နီတူးကြောင့်လို့ မစွပ်စွဲချင်ပေမဲ့ သူနဲ့ပတ်သက်ပြီး
ရမှာပါပဲ"

"ဟင် ... လာပြန်ပြီ ဒီ နီတူး"

မြကြာယံ မကျေမချမ်းရေရွတ်မိသည်။ ဟန်
ဆက်နဲ့ မတွေ့ကြရတဲ့နှစ်ပတ်လောက်မှာ နီတူးဆီက e
တွေတော့ အဆက်မပြတ်ရနေသားပဲ။

"ကြာယံ့ကို မြင်မြင်ချင်း သဘောကျခဲ့တာပါ။ မောင်ဟ
ဦးစားပေးလိုက်လို့ ကျွန်တော်က နောက်ဆုတ်လိုက်ရ





ဆိုသော မနေ့တစ်နေ့ကဖတ်ရသည့် e mailကိုပင် ပြန်သတိရနေသေးသည်။ e mail တွေသာပို့နေတယ် သူဟာ မောင်ဟန့် ဒီလောက်အသည်းအသန်ဖြစ်နေတာကိုသိပါရက်နဲ့ ထည့်တောင်မရေးဘူး။ မပြောဘူး။ သူပြောချင်တာပဲ ရေးပြောတယ်။ တော်တော့်ကို သစ္စာမရှိတဲ့သူငယ်ချင်းပဲ။ သူ့အကျိုးအတွက်ပဲ ကြည့်တယ်။ ဒီလိုသူငယ်ချင်းမျိုးဟာ စွဲစွဲမြဲမြဲပေါင်းနေဖို့မသင့်ဘူးလို့ မောင်ဟန့်ကို ဖြည်းဖြည်းတော့ပြောယူရမယ်။

"ကြာယံနဲ့ ပတ်သက်ပြီး သူနဲ့ ကျွန်တော် ရန်ဖြစ်ကြတယ်"

"ဟယ် ... ဟုတ်လား"

"ကြာယံ ကျွန်တော့်ကို ဘာဂါဆိုင်မှာ စိတ်ဆိုးပြီးထားခဲ့တော့ ကျွန်တော်လည်း တော်တော်စိတ်မကောင်းဖြစ်မိတာကြောင့် နောက်နေ့ကျတော့ နီတူးနဲ့ရှင်းကြတယ်၊ သူနဲ့ ကျွန်တော် နည်းနည်းထိုးကြိတ်မိကြတယ်၊ နီတူးက ပိုအားသန်တော့ ကျွန်တော့်ကိုနိုင်တယ်လေ၊ သူထိုးလို့လဲကျနေတုန်း သူက တမင်ညစ်ပြီး ကျွန်တော့်ကားသော့ကို ယူပြီး ထွက်ပြေးသွားတယ်၊ ကျွန်တော် ကားမောင်းပြီးအိမ်ပြန်လို့ မရတော့အောင်ပေါ့။ နီတူးက ကားတော့မောင်းတတ်ပေမဲ့ အနည်းအကျဉ်းပဲမောင်းရဲတယ်၊ သူက ယောက်ျားလေးဖြစ်ပြီး ဘာကြောင့်မှန်းမသိဘူး။ ကားကို လမ်းမပေါ်မှာ တခြားကားတွေယှဉ်မောင်းရရင် Panic(ပန်နစ်(စ်))ခံရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အမှားအရှုံးတွေ့လို့ ကားမမောင်းဘဲ ကျွန်တော့်ကားနဲ့ပဲ ဘယ်သွားသွား ဘယ်လာလာ လိုက်တတ်တာလေ"

အင်း ... ပြောနေရင်းနဲ့ အသံကိုက နီတူးကိုမုန်းသံ၊ နာကြည်းသံ၊ အပြစ်တင်သံ လုံးဝမပါဘဲ ဘာတွေလိုလားနေမှန်း မသိတဲ့ အသံနဲ့။ မြကြာယံသည်မောင်ဟန့်အသံနေအသံထားကို လေ့လာအကဲခတ်ရင်း မှန်းဆမိသည်။ သူဟာ ဘာကြောင့်များ နီတူးကို ဒီလောက်အနွံအတာခံမှု၊ ခွင့်လွှတ်သည်းခံမှုတွေနဲ့ ပေါင်းနေနိုင်ရတာလဲ။

"ထားပါတော့ သူ ကျွန်တော့်ကားယူသွားလည်း ကျွန်တော့်ကားကို တက်မောင်းပြီး ပြန်လို့မရဘူးဆိုတာ ကြာယံ့ကို ရှင်းပြတာပါ။ ကားသော့ကိုတော့ တမင်ညစ်ပြီး ကောက်ယူသွားပြီး သူကတော့ တက္ကစီတစ်စီးပေါ်တက်သွားတယ်။ ကျွန်တော်ကတော့ သူ ထိုးလိုက်တဲ့ဒဏ်နဲ့ လဲကျသွားလို့ ပြန်ထပြီး ကားသော့မရှိတဲ့ကားတစ်စီးနဲ့ ဘာလုပ်ရမှန်းမသိဘဲကျန်ခဲ့တုန်း မိုးက ချက်ချင်းသဲသဲမဲမဲရွာချလာတယ်လေ"

မိုးရွာထဲမှာ ကားသော့မရှိသောကားတစ်စီးနဲ့ ကြံရာမရဖြစ်နေမည့်သူ့အဖြစ်ကို မှန်းဆမြင်ယောင်ကြည့်လျက် မြကြာယံကတော့ နီတူးကို မုန်းပြီးရင်းမုန်းလို့မဆုံး။ ငါနဲ့ တစ်နေ့တွေ့မယ် နီတူး။ နင် မောင်ဟန့်ကို အနိုင်ကျင့်နေတာတွေရယ်တော့၊ မောင်ဟန့် အနားမှာ ဒုက္ခပေးဖို့သက်သက်နေနေတာတွေရယ်တော့လို့ လက်သီး ငေါက်ငေါက်ထိုးပြီး ရန်တွေ့ပစ်ချင်တယ်။



"ရုတ်တရက်တော့ ကျွန်တော် ဘာလုပ်ရမှန်း မသိဘဲ ကားထဲ ဝင်ထိုင်မိတယ်။ ကားမှန်တွေက ချထားပြီးသား ဆိုတော့ သော့မရှိတော့ မှန်လည်း ပါဝါဝင်းဒိုးမို့ ပြန်တင်လို့ မရဘူး။ ကားထဲထိုင်နေလည်း မိုးကပက်နေတာပဲလေ။ ကားထဲမှာ မိုးကာတို့၊ ထီးတို့လည်း အသင့်ဆောင်မထားမိတော့ မိုးရေထဲထွက်ပြီး ကားတွားပြန်ဖို့ကိုလည်း အကြာကြီး စဉ်းစားယူရတယ်။ နောက်ဆုံးတော့ ကားကို ဖြစ်ချင်ရာဖြစ် ဆိုပြီး မထားခဲ့နိုင်တာနဲ့ အဲဒီမိုးရေတွေ ရွှဲနစ်နေတဲ့ကားထဲမှာပဲ မိုးပက်ခံထိုင်နေမိတော့တာပေါ့။ နီတူး စိတ်ကောင်းဝင်ပြီး ကားသော့လာပြန်ပေးချိန်မှာ ကျွန်တော့်ကိုယ်တွေ တောင် စ,ပွနေပြီ၊ အဲဒီနေ့က အိမ်ပြန်ရောက်အောင် ကားမောင်းပြီးပြန်ခဲ့ပေမဲ့ ကျွန်တော် နေမကောင်းရက်ကြီးနဲ့ ပြန်ခဲ့ရတာလေ"

"ဖြစ်ရလေ မောင်ဟန်ရယ်။ ရှင့်ကို ဒီလောက်ဒုက္ခပေးတဲ့ ကောင်ကို ဘာကြောင့်များ သည်းခံခွင့်လွှတ်နေရသလဲ။ သူနဲ့ မပေါင်းပါနဲ့တော့။ သူက ရှင့်ကို ကောင်းကျိုးပေးမဲ့လူ မဟုတ်ဘူးလို့ ကြာယံ သိကိုသိနေတယ်"

"ကြာယံ"

မြကြာယံ စကားအဆုံးမှာ ဟန်မင်းဆက် အသံသဲ့သဲ့ ခြင့် သူမအမည်ကို ထပ်ခေါ်လိုက်၍ မြကြာယံလည်း ...

"ဟင် ... ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆေးသောက်ထားရတော့ မျက်လုံးပြန်စင်းပြီး အိပ်ချင်လာပြီမို့ ဖုန်းချရင်ရမလား"

မြကြာယံမှာ အားနာနေသောလေသံကို အသနားကြီး သနားလျက် ကြင်နာစွာပင် ...

"အို ... ရပါတယ် မောင်ဟန်ရယ် ရပါတယ်၊ ဖုန်းချလိုက်ပါ။ အိပ်လိုက်ပါ။ ကြာယံ နားလည်ပါတယ်။ ကြာယံ အခုတော့ တကယ်ကတိပေးတယ်သိလား။ မောင်ဟန့်အိမ်ကို လာဖြစ်အောင် လာခဲ့မယ်နော်"

မြကြာယံသည် သူမဘဝအတွက် အရင်ဆုံးပေါက်ဖွားလာခဲ့သော အချစ်တစ်ခုကို ပေးအပ်ရမည့်သူအား အခုမှ တကယ်တွေ့လိုက်သလို ခံစားမိနေလေသည်။

✻○✻





❋ ၈ ❋

မြကြာယံ ရောက်သွားသောအခါ ကြိုတင်မျှော်လင့်နေဟန်ဖြင့် မောင်ဟန့်အမေက စောင့်ကြိုနေလေသည်။ ကြာယံ မလာခင်ကတော့ အိမ်ကို ဖုန်းတစ်ခါကြိုဆက်ထားရာ မောင်ဟန့်အမေက တကူးတကပဲ ထိုင်စောင့်နေပုံရပါသည်။ ဈေးမှာ တစ်ခါဆုံဖူးကြပေမဲ့ တစ်ခါမြင်ရုံဖြင့် ဘယ်လိုမှ မေ့မသွားစရာ ရှိသော ရုပ်ရည်ခန့်ခန့်ချောချော၊ သဘောကောင်းသည့် မျက်နှာပိုင်ရှင် မောင်ဟန့်အမေကို မြကြာယံ ရင်ထဲမှာ ရင်းနှီးပြီးသားလိုပဲ ခံစားရသည်။

"လာ ... လာ ... သမီးလေး၊ သမီးလာမယ်ပြောထားလို့ အန်တီ မုန့်တွေလုပ်ပြီးစောင့်နေတာ"

"အို ... ဒုက္ခရှာလို့ အန်တီရယ်။ ကြာယံ့ကို အထူးတလည် ညှိခံဖို့မလိုပါဘူး"



www.burmeseclassic.com

လိမ္မော်သီး၊ ပန်းသီးနဲ့ စတော်ဘယ်ရီတွေပဲ ဝယ်လာတယ်။ ဒီမှာလေ Fruit Market က လက်ဆောင်ခြင်းလေးတွေနဲ့ ပြင်ဆင်ပြီးရောင်းတာတွေ့လို့ စိတ်ဝင်စားပြီးဝယ်ကြည့်လာတာ"

အသီးအနှံလေးတွေကို ကြိမ်ခြင်းလှလှလေးနဲ့ လက်ဆောင်ပုံစံပြင်ဆင်ထားသည့် ခြင်းတောင်းလေးကို စားပွဲပေါ်တင်လိုက်သည်။ ပန်းသီးက အစိမ်းရောင်ရော၊ အနီရဲရဲရော၊ ပန်းရောင်ရော သုံးမျိုးပါသည်။ စတော်ဘယ်ရီကတော့ တကယ့်ခေါင်အသီးအကြီးကြီးတွေချည်း။ လိမ္မော်သီးကလည်း ပွပွအကြီးကြီးတွေ စပျစ်သီးကလည်း Red Globe အမည်ရ အကြီးကြီးတွေ သဖြင့် အားလုံးကို လှပစွာပြင်ဆင်ထားသောခြင်းကို မောင်ဟန် သဘောတကျကောက်ယူလိုက်ပါသည်။

"ခြင်းလေးက ပြင်ဆင်ထားတာ လှလိုက်တာ၊ စားတောင်မစားရက်တော့ဘူးနော် အမေ"

"အေးကွယ် သမီးလေးက ရှာရှာကြံကြံဝယ်လာတတ်တယ်၊ လှလိုက်တာလေ"

"အမေ့မုန့်တွေ ကျွေးမလို့ဆို အမေ"

"ဩော် ... ဟုတ်သားပဲ၊ သားပါ နေ့လယ်စာ ကော်ဖီနဲ့မုန့်စား၊ ဆေးလည်းသောက်ရမှာ အတော်ပဲ။ သမီးလည်း သူ့စိမ်းမှမဟုတ်တာ၊ လာ ထမင်းစားခန်းထဲဝင်လာခဲ့ပါလား။ အဲဒီက စားပွဲမှာပဲ အတူတူစားကြရအောင်"



"ဘယ်ဟုတ်မလဲ အန်တီက အန်တီ့လက်ရာ မုန့်တွေကို စားစေချင်တာ"

"အမေက အဲဒီလိုပဲ သူ့မုန့်တွေလုပ်ထားပြီး စားပြရင် သိပ်သဘောကျတာလေ"

မြကြာယံနှင့် သူ့အမေတို့ စကားထိုင်စကားပြောနေတုန်း မောင်ဟန်တစ်ယောက် အနားကို ဘယ်အချိန်ကရောက်လာမှန်းပင်မသိလိုက်။ ခြေသံက လုံလုပြီး ညင်သာလှတာပဲလား။ ဒါမှမဟုတ် နေမကောင်းပြီးခါစမို့ အားနည်းပြီး ခပ်ဖြည်းဖြည်းပဲ လျှောက်လာနိုင်လို့လားမသိ။ အရင်က တွေ့ဖူးသော မောင်ဟန် ထက်စာရင် တော်တော်ကြီးပိန်ကျသွားသော အသွင်ကိုမြင်ရတော့ မြကြာယံ ရင်ထဲမှာ စိတ်မကောင်းဖြစ်သလိုလို ခံစားလိုက်ရပါသည်။

"ဟော ... သားလေး ဆင်းတောင်လာပြီ"

"ကြာယံ မောင်ဟန့်အခန်းထဲ လာထိုင်နိုင်ပါတယ်၊ ဘာကြောင့် ဆင်းလာရလဲ"

"ကျွန်တော် အခု နေကောင်းသွားပါပြီ၊ အဖေအမေတို့ကရော ဒေါက်တာကရော အိမ်မှာ တစ်ပတ်လောက်ထော့နားပါဦးဆိုလို့နားနေတာပါ"

"မောင်ဟန် ဘာကြိုက်တတ်လဲတော့မသိဘူး၊ ကြာယံကတော့ အသီးအနှံတွေကြိုက်တယ်၊ နေမကောင်းရင် အသီးအနှံပဲစားတာများတယ်၊ ဒါကြောင့် အခုတော့ စပျစ်သီး၊

www.burmeseclassic.com



သူစိမ်းမှမဟုတ်တာဆိုသော စကားသည် မြကြာယ ကို ရှက်သွေးဖြာစေသည်။ မလုံမလဲ မောင်ဟန့်ကိုကြည့်လိုက် တော့ သူကပါ ကြာယံ့ကို တစ်မျိုးလေးကြည့်လျှင် ကြာယံ့ရင်ထ တသိမ့်သိမ့်ခုန်ရတော့သည်။

မောင်ဟန့်အမေလုပ်ထားသော မုန့်တွေကတော အမျိုးစုံလှသည်။ ကွတ်ကီးမုန့်တွေရော၊ မြေပဲထောပတ်ပါသ ဘီစကတ်ရော၊ Cheeseပါသည့် Pastry(ပေစရီ)မုန့်လေးတွေရော အာလူးပိုင်မုန့်လေးတွေရော စုံလှသည်။ ပန်းကန်အကြီးကြီးထဲမ စီစဉ်ပြီး ပြင်ဆင်ထားပုံမှာ စားချင့်စဖွယ်။ မုန့်တွေက အကြီးကြ တွေမဟုတ်ဘဲ တစ်ခါစားမုန့်အရွယ်လေးတွေသာ လုပ်ထားပ သည်။

"ကော်ဖီပဲလား သမီး"

"ဟုတ်ကဲ့ အန်တီ"

ကော်ဖီကတော့ ကော်ဖီစက်အသေးလေးထဲမှ အသင့် လောင်းထည့်လိုက်ရုံပင်။ ကော်ဖီကမွှေးပြီးအခန်းထဲမှာ ကော်ဖီနံ့ မွှေးနေသည်မှာ ကော်ဖီကြိုက်သူတွေအတွက် စိတ်ကျေနပ်စရာပင်။

"မောင်ဟန်က Chefသင်တန်းတက်ပြီး ဘာမှမချက်ဘူးဆို ဟုတ်လား အန်တီ"

"တစ်ခါတလေ သူ စိတ်ပါရင်တော့ ချက်ပါပြီ၊ တကယ့် ဟိုတယ်စာအဆန်းအပြားတွေလုပ်တာလေ"

"ဟုတ်လား"





"သမီးကို တစ်ခါချက်ကျွေးလိုက်ပါဦး"

"ရပါတယ် သူ မချက်ချင်ရင် အတင်းမချက်ခိုင်းပါနဲ့"

"ဟာ … ဘယ်ဟုတ်မလဲ၊ ကြာယံ့အတွက်ဆိုရင် တစ်ရက် တော့ ချက်ပြနိုင်ပါတယ်"

မောင်ဟန်က စိတ်ပါလက်ပါပြောလိုက်ပါသည်။

ောင်ဟန့်အမေကတော့ …

"သမီးမိဘတွေပါ ခေါ်လာခဲ့ပေါ့၊ အန်တီတို့လည်း မိတ်သစ် ဆွေသစ်ရတာပေါ့၊ သားမှာ သူငယ်ချင်းလည်း မရှိတော့ သမီးဟာ သားရဲ့ပထမဦးဆုံး သူငယ်ချင်းမိတ်ဆွေပဲ။ ဒါကြောင့် အန်တီက သားရဲ့ပထမဦးဆုံး သူငယ်ချင်းအဖြစ် အမှတ်တရလည်းဖြစ်တယ်။ လူငယ်ချင်း မိတ်ဆွေဖြစ်ကြ သလို မိဘချင်းလည်း မိတ်ဆွေတွေဖြစ်ထားကြရင် ပိုကောင်း တာပေါ့။ တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက်သွားလာ လည်ပတ် လို့ အဆင်ပြေတာပေါ့"

သားမှာ သူငယ်ချင်းမရှိဘူး။ သားရဲ့ပထမဦးဆုံး ငယ်ချင်းဆိုသော စကားကြောင့် ကြာယံ စဉ်းစားစရာဖြစ်သွား သည်။ နီတူးဆိုတာ မောင်ဟန့်သူငယ်ချင်းမဟုတ်ဘူးလား။ တို့ ဒီလောက်ရင်းနှီးချစ်ခင်ကြတာ။ ပြီးတော့ မောင်ဟန် လောက် တဖွဖွ စကားထဲထည့်ပြောရတဲ့အထိ ခင်ကြတာပဲ။ အမေ မသိဘူးလား။ ဒါမှမဟုတ် အမေမသိအောင်ဘဲ ခိုးပေါင်း လား။ မြကြာယံ ခေါင်းထဲ တွေးစရာတွေဖြစ်သွားပြီး မောင်ဟန့်



www.burmeseclassic.com

www.burmeseclassic.com



ကို အကဲခတ်လိုက်လျှင် မောင်ဟန်က မြကြာယံကို တစ်စုံတ
သတိပေးလိုသော မျက်လုံးတွေဖြင့် အဓိပ္ပာယ်ပါပါ လှမ်းကြည့်နေ
သည်။ ဩော် ... သူ နီတူးအကြောင်း မပြောစေချင်ဘူးထင်တယ်
အေးလေ ... ဒါဆိုလည်း မပြောပါဘူး။ ကွယ်ရာကျမှ ဘာကြော
အဖေအမေကို မပြောလဲဆိုတာ မေးကြည့်ရဦးမယ်။

"မုန့်လေးတွေကကောင်းလိုက်တာ အန်တီ။ အန်
ဘယ်လိုလုပ် လုပ်တတ်နေတာလဲ"

"ဒီလိုပဲ ချက်နည်း၊ ပြုတ်နည်းတွေကြည့်၊ စာအုပ်တွေဝယ်
ဖတ်၊ Satelliteကလာတာတွေ မပြတ်ကြည့်ရင်းက စမ်း
လုပ်ကြည့်ရင်း လုပ်တတ်လာတာပဲ သမီးရယ်။ အန်တီက
မုန့်ဆို မြန်မာမုန့်၊ တရုတ်မုန့်၊ ကုလားမုန့်၊ ဗိုလ်တွေလုပ်
တဲ့မုန့် အကုန်ကြိုက်တာလေ။ ထမင်းဟင်း အဲဒီလောက်
ကြီးမကြိုက်ဘူး၊ မုန့်ကြိုက်တဲ့လူဆိုတော့ ကိုယ့်ဘာသာ
မုန့်လုပ်စားရင်း လုပ်တတ်လာတာပဲ။ သမီး ကြိုက်ရင်
အိမ်ကိုပါ ထည့်ပေးလိုက်မယ်"

"ဟာ ... နေပါစေ အန်တီ"

မောင်ဟန်က ရယ်မောလျက် ...

"မငြင်းနဲ့ ကြာယံ ရမှာမဟုတ်ဘူး။ အမေက အဲဒီလိုပဲ
သူ့မုန့်တွေ ကြိုက်တယ်ပြောရင် အိမ်မှာရှိသမျှ ချကျွေး
လက်ဆောင်လည်း ပေးလိုက်ရမှ ကျေနပ်တာ"

ဟု ဝင်ပြောပါသည်။



မြကြာယံရယ်၊ ဟန်မင်းဆက်ရယ်၊ သူ့အမေရယ်တို့
တစ်ခဏချင်းမှာပင် မိသားစုတွေပမာ ရင်းနှီးသွားလျက်
ားဝိုင်းဟာ ရယ်သံတွေ၊ စကားသံတွေ၊ တစ်ယောက်မိသားစု
ကြောင်း တစ်ယောက် ဖလှယ်သံတွေဖြင့် မြိုင်ဆိုင်နေပါသည်။

မုန့်စား၊ ကော်ဖီသောက်ပြီးသောအခါ အိမ်ဖုန်းခေါ်
ကြား၍ မောင်ဟန့်အမေ ဖုန်းသွားပြောနေတုန်း မောင်ဟန်က
မအလစ်မှာ ...

"ကြာယံ့ကို အမေက ဘာကြောင့်မှန်းမသိဘူး ကြိုချစ်နေ
တာသိလား"

လို့ စကားစ,လာသည်။ မြကြာယံက ရှက်နေပေမဲ့
ဆောင်ကောင်းကောင်းနဲ့ မျက်စောင်းကို အဓိပ္ပာယ်ပါပါထိုးရင်း...

"သူ့မှာ သားလေးတစ်ယောက်တည်းရှိလို့ သမီးလိုချင်ပြီး
ချစ်နေတာဖြစ်မှာပေါ့"

"အဲဒီလိုလည်း မဟုတ်ဘူးလေ"

"ဘာ အဲဒီလိုမဟုတ်ရတာလဲ။ ဒါနဲ့နေပါဦး အန်တီ
အနားမှာမရှိတုန်းမေးရဦးမယ်။ ရှင့်မှာ နီတူးဆိုတဲ့ သူငယ်
ချင်းရှိတာ အန်တီ ဘာလို့မသိလဲ။ ဘာလို့ ထည့်မပြော
တာလဲ။ ကြာယံကပဲ ရှင့်ရဲ့ပထမဦးဆုံးသူငယ်ချင်း၊ တစ်ဦး
တည်းသောသူငယ်ချင်းလို့ ဘာလို့ပြောတာလဲ"

"ရှူး ... တိုးတိုးမေး ကြာယံ။ အမေ မသိစေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဟန့်မျက်နှာက အစိုးရိမ်ကြီးသည့် မျက်နှာမျိုးဖြစ်နေပါသည်။ မျက်လုံးတွေက တည်ငြိမ်မှုမရှိဘဲ အမေသိသွားမှာ အလွန်အမင်းကြောက်ရွံ့နေဟန် အထင်းသားတွေ့နေရသည်။

"အမေက နီတူးကို သဘောမကျဘူး ကြာယံ၊ ဒါကြောင့် ကျွန်တော်ကလည်း နီတူးနဲ့ အဆက်အသွယ်မရှိပါဘူး။ မပေါင်းပါဘူးလို့ ညာထားရတယ်"

"နီတူးက ရှင်နဲ့ခြံချင်းကပ်ဆို"

"ဟုတ်တယ် ဟိုဘက်ခြံပဲ"

ထမင်းစားခန်းမှာရှိသော မှန်ပြတင်းပေါက်မှ လှမ်းကြည့်လျှင် တစ်ဖက်ခြံမှ နှစ်ထပ်တိုက်ကို လှမ်းမြင်ရပါသည်။

"ရှင်တို့ အသွားအလာရှိတာ အန်တီ မသိဘူးပေါ့"

"နီတူးအမေလည်း မသိပါဘူး"

"ဘာလဲ အမေချင်းလည်း မကြည်ကြဘူးလား"

"တစ်ခါက ပြဿနာလေးတစ်ခုဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးသွားကြရာက ခုထိ စကားမပြောကြဘူး"

"အဖေချင်းကရော"

"နီတူးမှာ အဖေမရှိဘူး၊ သူ့အဖေက သူသုံးနှစ်သားမှာကတည်းက ဆုံးသွားတာ"

"ဪ ... သနားပါတယ်"

"ဟုတ်တယ် နီတူးက သနားဖို့လည်းကောင်းပါတယ်။ မိဘမပြည့်စုံတဲ့ ကလေးတွေရဲ့ ပုံစံအတိုင်းပါပဲ။ နီတူးမှာ





လိုအင်ဆန္ဒမပြည့်တာတစ်ခုကြောင့် စိတ်က အစွန်းရောက်နေတယ်၊ ကောင်းချင်ရင်လည်းတအားကောင်းပြီး ဆိုးချင်ရင်လည်း တအားဆိုးတာလေ၊ သူ့ကို သည်းခံတာဆိုလို့ ကျွန်တော်ပဲရှိတယ်"

"အင်း ... ယုံပါတယ် ... ယုံပါတယ်၊ မိုးရေထဲမှာထားပစ်ခဲ့ပြီး နမိုးနီးယားဝင်အောင်ထိ ဒုက္ခပေးတတ်တာကိုသိရတော့ ယုံပါတယ်"

"အမေ့ကို တစ်ခွန်းမှသွားမပြောမိပါစေနဲ့နော်၊ အမေသိရင် နီတူးကို ပိုအပြစ်တင်မှာ။ ပြီးတော့ ကျွန်တော့်ကိုလည်း ညာထားရလားဆိုပြီး ဒေါသဖြစ်လိမ့်မှာ"

ဒါကတော့ သူတို့သားအမိကြား၊ နှစ်ဖက်မိသားစုကြား အဆင်မပြေမှုကြောင့်လို့ မြကြာယံ သိသွားသောအခါ ဝင်မပါဖို့ ကိုယ့်ဘာသာ ဆုံးဖြတ်ပါသည်။ ဒါပေမဲ့ မှန်တာပြောရရင် မြကြာယံ မတွေ့ဖူးပါဘဲ နီတူးကို မကြိုက်လှ။ မောင်ဟန်နဲ့ သိပ်မပေါင်းစေချင်။ သူဟာ မောင်ဟန့်ကို ဒုက္ခသာပေးချင်သူ ထင်သည်။

သူငယ်ချင်းက စိတ်ဝင်စားနေမှန်းသိရက် မြကြာယံဆီ ဖုန်းဆက်လိုဆက်။ ဖုန်းလက်ခံနားမထောင်တော့ e-mail ပို့ပြီး ရည်းစားစာရေးပေးလိုပေးနဲ့လုပ်နေတာ။ မောင်ဟန့်ကို မြကြာယံ ပြန်တိုင်တာတောင် မောင်ဟန်ဟာ ဘာကြောင့် ဒါကို စိတ်မဆိုးရသလဲ။ ဘာကြောင့် ဒီလောက်သည်းခံခွင့်လွှတ်ထားနိုင်ပါလဲ။

www.burmeseclassic.com



မောင်ဟန့်မှာ ဘာအားနည်းချက်ရှိလို့ နီတူးကို ဒီလောက်ခွင့်လွှ
ပေးနေနိုင်ရသလဲ။

"ရှင် နေမကောင်း ဒီလောက် ဖြစ်နေတာတောင် သူ
e-mail ထဲမှာထည့်မပြောဘူး။ ကြာယံ့ကို သူ ချစ်နေတ
တွေ၊ သတိရတာတွေ၊ ကြာယံကြိုက်တဲ့ Bratz ရုပ်လေးတေ
ရှာပြီး ဝယ်ပေးချင်တာတွေပဲ ပြောနေတယ်၊ တကယ်
သူ နည်းနည်းပြောပြဖို့ သင့်ပါတယ်။ ရှင်နဲ့သူက ရန်သူ
ပြိုင်ဘက်တွေလည်းမဟုတ်ဘူး။ ပြီးတော့ ရှင်ကဖြင့် သူ့
ခင်လိုက်ရတာ သူကတော့ တစ်စက်မှတောင် သိတတ်
မရပါဘူး"

နီတူးကိုဝေဖန်သံကြားလိုက်ရတော့ ဟန့်မင်းဆ
အသံတိတ်နေကာ ငူငူကြီး ထိုင်နေသည်။ ကိုယ်က သူ့ဘက်
နာရသလောက် သူကတော့ မထုံတက်တေးနဲ့ မနာတတ်တဲ့အတို
ဒီတိုင်းပဲ အနိုင်ကျင့်ခံနေတာဟာ တော်တော်အသည်းယား
ကောင်းတယ်။ ပြီးတော့ သူ ကြာယံအပေါ် ချစ်မြတ်နိုးနေမှု
ကြာယံလည်း ရိပ်မိသလို သူလည်း ဖွင့်မပြောရုံတစ်မယ် အမူအ
တွေပြနေပါရက် ဘာကြောင့် ဖွင့်ပြောဖို့နောက်ကျနေရသလဲ
တာ စဉ်းစားမရပြန်။

သူ့နောက်မှ ရောက်လာပြီး ကြာယံ့ကို အရေး
ချင်တဲ့ နီတူးကတောင် နှုတ်ရဲဇက်ရဲနဲ့ e-mail ပို့ပြီး ရည်းစားစ
ပြီးနေပြီ။ သူသိအောင်လည်း ကြာယံ ပြန်ပြောပြီးနေပြီ။ ရည်း





လူလု အုန်ကျွဲခတ်ဖြစ်အောင်လည်း ကြာယံ ခဏခဏဆွပြီးပြောပြပြီးနေပြီ။တကယ်ဆို သူ မြန်မြန်ဖွင့်ပြောလိုက်ပါလား။ မြန်မြန် နီတူး ရေ့တိုးလို့မရတော့အောင် (သူလည်း ကြာယံ့သဘောကို ရိပ်မိပြီးသားမို့) သူ ကြာယံအချစ်ကို အပိုင်သိမ်းထားလိုက်ပါတော့လား။ ကြာယံဟာ မောင်ဟန့်ကို အားမလိုအားမရဖြစ်ရလေလေ၊ စိတ်ထဲမှာတော့ စိတ်တိုင်းကျ ထုရိုက်ဆောင့်ဆွဲပြီးလေလေ။

မောင်ဟန့်အိမ်က နှုတ်ဆက်ပြန်တော့ လက်ဆောင်ပြန်ထည့်ပေးလိုက်သော မုန့်တွေတစ်ထပ်ကြီး ပြန်ပါလာခဲ့သည်။ နီတူး အိမ်ရှေ့ကဖြတ်တော့ မသိမသာလေး အိမ်ကို အကဲခတ်ကြည့်မိသေးလေသည်။ လူအရိပ်အယောင်တော့မတွေ့ရဘဲ ခြံကြီးနဲ့ အိမ်ကြီးဟာ တိတ်ဆိတ်ငြိမ်သက်စွာ ကြာယံ့ကို ပြန်ကြည့်သလို ခံစားရပါသည်။

ကြာယံ အိမ်ပြန်ရောက်ပြီးနောက် ခဏနားပြီးသောအခါ e-mail ကြည့်ဖို့ ကွန်ပျူတာရှေ့ထိုင်မိသည်။ ဘာကြောင့်လဲဆိုတော့ ကြာယံ့ခေါင်းထဲမှာ အတွေးတစ်ခုရသွား၍ပင်။ e-mail ကြည့်လိုက်တော့ ထင်တဲ့အတိုင်း နီတူးဆီက သုံးစောင်လောက်ဝင်နေတာတွေ့ရသည်။

"ချစ်တဲ့ ကြာယံလေး"

ဆိုသောအရေးအသားကို စတွေ့ရလိုက်တော့ ကြာယံ ရင်ထဲမှာ ဒီလိုအခေါ်အဝေါ်ကို မောင်ဟန့်ဆီကသာ ကြားရသိရရင်ကောင်းမှာပဲဟု တမ်းတမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟန့်ဆီလာတာ တွေ့လိုက်တယ်"

ဟင် ... ဒီကောင်။ ဒါဆို ဒီကောင် သူ့အိမ်ထဲ
ရှိနေတယ်ပေါ့။

ဒါကြောင့် တစ်ယောက်ယောက် ကြည့်နေပါတ
လို့ထင်သား။

"ဒီကောင် အခု လုံးဝနေကောင်းသွားပါပြီ၊ သတင်း
စရာတောင်မလိုတော့ပါဘူး။ ဘာမှလဲ စိတ်ပူလောက်
အခြေအနေမရှိတော့ပါဘူး။ ကြာယံ ဘာလို့ အချိန်ကု
ပြီး လာသတင်းမေးရလဲ။ ကိုယ် မနာလိုဘူးကွာ။ တက
တော့ ကိုယ်က ကြာယံ့ကို ချစ်နေတာပါ၊ ဒါကြေ
ကြာယံ ဘာလုပ်လုပ် ခွင့်လွှတ်ပြီး လက်ပိုက်ကြည့်နေတ
ကိုယ်ချစ်တဲ့သူက သူစိမ်းယောကျ်ားလေးတစ်ယောက်
မကောင်းဖြစ်တာကို အိမ်တိုင်ရာရောက် သတင်းသွား
တာကိုတော့ လုံးဝမကြိုက်ဘူး"

အံမာ ... သတင်းသွားမေးတဲ့သူက သူ့သူငယ်ချင်း
ပြီးတော့ သူ့ကို မသိခင်ကတည်းက ကြာယံ့ဘဝထဲကို အရင်ဝ
လာသူဟာ မောင်ဟန်ပဲ။ ဟန်မင်းဆက်ဆိုတဲ့ ယောကျ်ားတ
ယောက်ပဲ။ ကြာယံ စာဖတ်ရင်း နီတူးကို မုန်း၍မဆုံးဖြစ်နေသည်
သူဟာ မောင်ဟန်နဲ့ လုံးဝကိုမတူ။ စိတ်ဓာတ်ချင်းကိုက ကွာခြ
နေတာ။ သဘောထားချင်းကိုက ကွဲပြားနေတာ။





မောင်ဟန်ကတော့ ယောကျ်ားပီသတဲ့စိတ်နဲ့ သူငယ်ချင်းဘက်က ဖေးဖေးမမ ဘာမဆိုပြောပေးဖော်ရတယ်။ နီတူးကတော့ အမြဲ ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြောဖို့လောက်ပဲကြည့်သလို သူ့စိတ်ထဲမှာ မောင်ဟန့်ကို Best Friend ရယ်လို့ သတ်မှတ်ထားပုံတောင်မရ။

"ကိုယ် ကြာယံ့ဆီက ပြန်စာတစ်စုံတစ်ခုလောက်များ ရမလားလို့ အမြဲမျှော်နေမိတယ် ကြာယံရယ်။ ဘာကြောင့် ကိုယ့်အပေါ် စိမ်းကားနိုင်ရတာလဲ"

အင်း ... မစိမ်းကားပါဘူး။ မစိမ်းကားပါဘူး။ ရှင့်ကို အသုံးချတော့မှာပါ။ ရှင့်ကို အသုံးချပြီး နဲ့ချင်သလိုလို မနဲ့ချင်သလိုလို ဘယ်လိုကြီးမှန်းမသိ အကဲခတ်ရ ခက်နေတဲ့ မောင်ဟန့်ကို နဲ့ယူရတော့မယ်လေ။ သူလည်း ကြာယံ့ကို ချစ်နေတာ ကြာယံ သိတယ်။ ကြာယံကလည်း သူ့အပေါ် ပြန်တိမ်းညွှတ်နေတာကို သူ သိတယ်။ နှစ်ယောက်ကြားမှာ ဖွင့်ပြောဖို့ပဲ လိုတော့တာ။ ဒါတောင် သူက ဘာတွေ တွေဝေနေမှန်း မသိနိုင်တာမို့ ရှင့်ကို အသုံးချပြီး သူ သဝန်တိုလာအောင် လုပ်ရမယ်။ ဒါပဲရှိတော့တယ်။ ဒီနည်းပဲ ရှိတော့တယ်။ ဒီနည်းနဲ့ပဲ မောင်ဟန်ရဲ့ နီတူးအပေါ် အနိုင်းမဲ့ ချစ်ခင်နိုင်မှုတွေ၊ ခွင့်လွှတ်သည်းခံပေးနိုင်မှုတွေ၊ သဘောထားကြီးမှုတွေကို ဖယ်ရှားပစ်နိုင်မှာ။

မြကြာယံသည် တစ်ခါမှ စာမပြန်ဖူးသေးသော နီတူးထံသို့ စာပြန်ရန် e-mail တစ်စောင်ရိုက်လိုက်တော့သည်။ ✿



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီတူး ...

ဘာကြောင့် e-mail တွေ တစ်ရက်ကို သုံးစောင် လေးစောင် ပို့ပို့နေရတာလဲ။ စာတွေအကုန်လုံးကို ကြာယံ မဖတ်ဘူးဆိုတာတော့ အမှန်အတိုင်းပြောမယ် ...

မောင်ဟန့်ဆီက ပတ်သက်ပြီး ကိုနီတူးကို နာမည် ကြားဖူးပါတယ်၊ ဖုန်းတစ်ခါဆက်ဖူးလို့ အသံကြားဖူးပါ တယ်။ စာတွေ့ မပြတ်ပို့နေလို့ စာဖတ်ပြီးတော့ ရင်းနှီးနေ သလိုဖြစ်ပါတယ်။ ဒါပေမဲ့ လူကိုတော့ မတွေ့ဖူးသေးဘူး။ ဖြစ်နိုင်ရင် မောင်ဟန် ကြာယံ့ဆီလာတဲ့အခါမှာ ကိုနီတူးပါ လိုက်လာခဲ့ပါလား၊ ကြာယံတို့ သုံးယောက်အတူတူ ကော်ဖီ ဆိုင်ထိုင်ကြတာပေါ့"

ကြာယံ သူမ၏စာကို တစ်ခေါက်ပြန်စစ်ပြီးသော အခါ ကျေနပ်သလို ဟက်ခနဲတစ်ချက်ရယ်လျက် နီတူး၏ e-mail ထံပို့ဖို့ send ခလုတ်ကို ထပ်ခနဲ နှိပ်လိုက်တော့လေသည်။

* ○ *





## ၉

ဟန်မင်းဆက် နေကောင်းလာသောအခါ ထုံးစံ အတိုင်း ကြာယံ သင်တန်းတက်နေရာဆီသို့ အပြန်မှာ လာစောင့် ပါသည်။ ကြာယံသည် သင်တန်းမှဆင်းဆင်းချင်း ဟန်မင်းဆက် တစ်ယောက်တည်းကိုတွေ့လိုက်ရတော့ အလိုမကျသလို မျက်နှာ ပေးဖြင့် ဟန်မင်းဆက်ထံ လျှောက်လာပါသည်။

ဟန်မင်းဆက်က ...

"ကြာယံ ဘာဖြစ်လို့ မျက်နှာမကြည်တာလဲဟင်"

ဟု စိုးရိမ်သလို မေးလေသည်။

"နီတူးကြောင့်ပေါ့"

"ဗျာ ... နီတူးကြောင့်ဟုတ်လား"

"ဟုတ်တယ်လေ ကြာယံ သူ့ဆီ e-mail ပို့ပြီး သေသေချာချာ မှာထားသားနဲ့"

"ဘာမှာထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တွေ့ချင်တယ်လို့၊ မောင်ဟန် ကြာယံ့ဆီလာတဲ့ အခါမှာ လိုက်လာခဲ့ပါလို့ မှာထားခဲ့တာလေ"

ကြာယံသည် ပြောရင်းနဲ့ ဟန်မင်းဆက် မျက်နှာ အမူအရာကိုလည်း လေ့လာလိုက်ရသေးလေသည်။ သူ့ဆီမှာ သဝန်တိုမှုတစ်ခုခုတော့ရှိနေဖို့ မျှော်လင့်နေချင်သည်။ သို့သော် အံ့သြစရာကောင်းတာက သူ့မျက်နှာမှာ သဝန်တိုတဲ့အမူအရာ တော့ရှိမနေဘဲ သူကပင် ပြန်ပြီး အံ့သြနေသလိုလို၊ မယုံနိုင်သလိုလို ဖြစ်နေဟန်တွေ့ရပါသည်။

"သူ ကျွန်တော့်ကို ဘာမှလဲပြောမထားဘူး"

ဟု စက္ကန့်ဝက်လောက်အကြာမှာ သူ့ဆီက ပြန်ကြား ရသည်။

"ရှင်တို့ အမြဲတွေ့ကြတယ်ပေါ့"

"တွေ့ပါတယ်၊ မတွေ့လည်း သူ ကျွန်တော့်ကို ဖုန်းဆက် ပြီး အမြဲသတင်းမေးပါတယ်၊ ဒါပေမဲ့ ကြာယံနဲ့သူ့ အကြောင်းတော့ လုံးဝပြန်အသိမပေးဘူး"

"ဒါဖြင့် သူက ဘာသဘောလဲ၊ မိန်းကလေးတစ်ယောက်ကို လူမြင်တော့မခံဘဲ ချစ်ပါတယ် ကြိုက်ပါတယ်တွေပြောပြီး အဖြေတော့တောင်းတယ်၊ လာတွေ့ပါဆိုတော့ လာမတွေ့ ဘူး"

ဟန်မင်းဆက်က မဖြေတတ်သလိုလို ဟန်ဖြင့် ခေါင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ရင်း ပခုံးတွန့်ပြပါသည်။





ရှင် သဝန်မတိုဘူးလား မောင်ဟန်ရယ်။ ရှင့်သူငယ်ချင်းအရင်း ကြီးက ရှင့်မိန်းကလေးကို လုယူတော့မလို့ ကြိုးစားနေပြီလေ။ ရှင် လှုပ်လှုပ်ရှားရှားဖြစ်သင့်တယ်။ သဝန်တိုသင့်တယ်။ ကိုယ့်ချစ်သူ ကို လက်လွှတ် အဆုံးရှုံးမခံနိုင်တော့ဘူးဆိုတဲ့စိတ်နဲ့ အမြန်ဆုံး ဖွင့်ပြောပစ်လိုက်သင့်တယ်။

အခုတော့ ... ဟင်း ... အခုတော့။

"သူ့ကို တွေ့ချင်တယ်"

ကြာယံ ဆက်ပြောလိုက်သည်။ မောင်ဟန်ကတော့ မတုန်မလှုပ်နဲ့ ကြာယံကို စောင့်ကြည့်နေတာတွေ့ရသည်။ တကယ် ဆို သူ စိတ်နာတတ်ရင် နာလို့တောင်ရတယ်။ သူက တွေ့ချင်လို့ လာတွေ့တဲ့မိန်းကလေးက သူ့ကိုကျော်ပြီး သူ့သူငယ်ချင်း နီတူး ကိုပဲ တွေ့ချင်ပါတယ်ပြောနေတာဟာ ဘယ်လောက်စိတ်နာဖို့ ကောင်းလဲ။ ပြီးတော့ နီတူးကို ဘယ်လောက် မနာလိုချင်စရာ ကောင်းလဲလေ။

"မောင်ဟန် ခေါ်လာခဲ့ပေး"

"ရပါတယ်"

"တစ်နေရာရာမှာ သုံးယောက်ပြိုင်ပြီး စကားတွေပြောကြ တာပေါ့၊ လူတစ်ယောက်ကို ပြန်လက်ခံဖို့၊ လက်မခံဖို့ဆို တာဟာ သူ့အသံကို ဖုန်းထဲမှာ ကြားဖူးရုံ၊ သူ့အရေးအသား တွေဖတ်ရုံနဲ့တော့ ဘယ်ဖြစ်နိုင်မလဲနော်။ စကားလေး ဘာလေးပြောကြည့်ရမယ်၊ ရင်းနှီးအောင်ပေါင်းကြည့်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဟင်း။ စကားပုံတောင်ရှိတယ်၊ လူအကြောင်း ပေါင်းမှသိတဲ့"

"ကြာယံ သူ့ကို သိပ်တွေ့ချင်နေတဲ့ဆန္ဒကို ကျွန်တော်လည်း ဖြည့်ပေးချင်ပါတယ်လေ၊ ဒါပေမဲ့ နီတူးက စိတ်တစ်မျိုးဗျ။ သူက သူ့စိတ်သဘောနဲ့သူပဲ ထလုပ်ရင်လုပ်တာ၊ သူများ လုပ်ခိုင်းရင် မလုပ်ဘူး။ သူများ သွားခိုင်းရင် မသွားဘူး။ သူ စိတ်မပါဘဲနဲ့ ဘာမှ လုပ်ခိုင်းလို့ မရတတ်ဘူး"

"ဩော် ... ဒါဖြင့် ပြန်ပြောလိုက်၊ အဲဒီလို အချိုးချိုးမယ်ဆိုရင် ဘယ်တော့မှ ကြာယံ့ဆီကအဖြေကို မရဘူးလို့သာ ပြောလိုက်"

"ဘာလဲဟင် ကြာယံက သူ့ကို အဖြေပေးဖို့တောင် စဉ်းစားပြီးနေပြီလား"

"ဒါက ကြာယံ့ကိုယ်ရေးကိုယ်တာပဲ၊ ပြောမပြပါဘူး"

ဟန်မင်းဆက် တစ်စုံတစ်ရာကို အတွေးနက်လျက် လက်ပိုက်ရင်း ကားကို မှီရပ်ကာ ငြိမ်နေသည်။ ကြာယံလည်း သူ့ရဲ့ မထုံတက်တေးပုံစံကြီးကို မုန်းလာတာနဲ့ ...

"ကြာယံ သွားတော့မယ်"

"ကော်ဖီသွားမသောက်တော့ဘူးလား"

"ဒီနေ့ မသောက်ချင်ဘူး၊ ကြာယံ ကားလည်းမပါဘူး။ တက္ကစီနဲ့ပြန်ရမှာ"

"ဟင် ဟုတ်လား၊ ကားဘာဖြစ်လို့လဲ"





"ကား ဆားဗစ်ဆင်းလုပ်ချင်တာနဲ့ ဝပ်ရှော့ကို မနက်တည်းက ဖေဖေ သွားပို့ပေးထားတယ်၊ ကြာယံက သင်တန်းအပျက်မခံချင်လို့ တက္ကစီနဲ့ပဲလာလိုက်တာ၊ IELTS ဖြေဖို့ နီးနေပြီလေ၊ ဒါကြောင့် အတန်းမပျက်ချင်ဘူး"

"ကျွန်တော် ပြန်လိုက်ပို့ပေးပါ့မယ် ကြာယံရယ်၊ ကျွန်တော် တစ်ယောက်လုံးရှိတာပဲ"

"ရပါတယ် မပို့ပါနဲ့ မောင်ဟန့်မှာ တခြားကိစ္စတွေရှိရင်လည်း ရှိမှာပေါ့။ အဲဒီကိစ္စတွေပဲ လုပ်စရာရှိတာလုပ်ပါ၊ ကြာယံ တက္ကစီနဲ့ ဒီလိုပဲသွားနေကျပါ"

"မဟုတ်တာပဲ။ ကျွန်တော် ပို့နိုင်ပါတယ် ကျွန်တော် အားပါတယ်"

"နီတူးကို လိုက်ပို့ပေးစရာတွေများ ရှိနေဦးမလားလို့ပါ"

မောင်ဟန် ခပ်သဲ့သဲ့ ပြုံးပါသည်။ ကြာယံ ခနဲ့လိုက်တာကို သူလည်း သဘောပေါက်ပုံရပေမဲ့ ဘာတုံ့ပြန်ချက်မှ မပေးတော့ပါ။ ကြာယံ တက်ဖို့သာ ကားတံခါးကို အသင့်ဖွင့်ပေးနေသည်။ ကြာယံလည်း ဆက်မငြင်းတော့ဘဲ သူ့ကားထဲဝင်ထိုင်လိုက်ပါသည်။ မောင်ဟန်က ကားကို ညင်သာစွာ ငြိမ့်ခနဲမောင်းထွက်လေသည်။

ကားစက်နိုးစဉ်မှာ ကားထဲတွင် အသင့်ထည့်ထားပြီးဖြစ်သော စီဒီစက်မှ သီချင်းကလည်း သူ့အလိုလိုဖွင့်လိုက်ပြီးသားဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"It's too late to apologize ....

It's too late ..."

... ဟူသော သီချင်းစာသားအေးအေးလေးနဲ့အတူ သီဆိုလိုက်သည့် One Republicအဖွဲ့၏ သီချင်းက ခပ်သဲ့သဲ့ပျံ့လွင့်လာပါသည်။ မောင်ဟန့်ကားလေးမှာ ယောကျ်ားလေးတစ်ယောက်ရဲ့ကားနဲ့ မတူဘဲ သပ်ရပ်သန့်ရှင်းနေပြီး သီချင်းကလည်း လူငယ်တွေအကြိုက် ဟစ်(ပ)ဟော့(ပ)နဲ့တူတဲ့အခွေဆိုလို့ ရှိမနေပါ။ သီချင်းချိုချိုအေးအေးလေးတွေ ဆိုတတ်သော James Blunt တို့၊ Brian Mcfadden တို့ စီဒီလောက်သာ ကားထဲမှာရှိသည်။

"ကြာယံ့ကို လိုက်ပို့ရတဲ့အတူတူ တစ်နေ့ရာရာမှာ ခဏထိုင်စကားပြောကြမလား"

ကားမောင်းလာရင်းမှ မောင်ဟန့်ထံမှ တစ်ချက်တောင်းဆိုသံကြားရသည်။

"စကားတွေ အမြဲပြောနေတာပဲ၊ ဘာတွေ ထပ်ပြောစရာရှိသေးလို့လဲ"

"သြော် ... ဒီလိုပဲပေါ့၊ ကြာယံ သီချင်မယ်ထင်တဲ့ နီတူးအကြောင်းတို့ ဘာတို့ ပြောလို့ရတာပေါ့လေ"

အလို ... ဘုရားရေ ... သူက တကယ်ထင်နေပါလား။ ကြာယံ နီတူးကို အဖြေပေးတော့မယ်၊ နီတူးကို ပြန်စိတ်ဝင်စားတော့မယ်လို့ တကယ်များထင်နေပြီလား။





"နီတူးအကြောင်း နီတူးကိုယ်တိုင်ကပဲ ပြောတာကြားချင်တယ်"

"ဘာဖြစ်လို့လဲ"

"မောင်ဟန်ပြောရင် မောင်ဟန်က သူ့ကို ဘက်လိုက်ပြီးတော့ပဲ ပြောမှာလေ"

"ဟား ဟား ... ဘာလို့ ဘက်လိုက်ပြောရမှာလဲ".

"မောင်ဟန်က သူ့ကိုသိပ်ချစ်၊ သိပ်ခင်တယ်လေ၊ ဒီတော့ သူနဲ့ပတ်သက်ရင် ကောင်းတာချွေးပြောမှာပဲ"

"ဒါဆို နီတူးကိုယ်တိုင်ကလည်း သူ့အကြောင်း သူပြောရင် သူကောင်းတာပဲချွေးပြောမှာပေါ့"

"ဘာလဲ မောင်ဟန်က သူ့မကောင်းတာပါထည့်ပြောမယ်၊ အဲဒီသဘောလား"

ဟန်မင်းဆက် အသာအယာပြုံးရင်း တိတ်နေမိသည်။ တကယ်တော့ ကြာယံရယ် ကြာယံ့ကို ကျွန်တော် သိပ်ချစ်နေတာပါ။ ခက်တာက နီတူး အခုမှ ကောက်ခါငင်ခါ ကြာယံ့ကို ချစ်တယ်ဘာတယ် ဖြစ်လာတော့ ကျွန်တော် ဝေခွဲရခက်လာတယ်။ ကြာယံ့အချစ်ကို ကျွန်တော်ပဲ ရအောင်ယူပြီး နီတူးနဲ့လမ်းခွဲကြမန်းကြ၊ ပြိုင်ဘက်ကြီးတွေဖြစ်ကြတာကို ချွေးမလား။ ဒါမှမဟုတ် ကြာယံ့ကို ဖွင့်မပြောဘဲ မျိုသိပ်ထားရင်း ဘေးကနေ အခြေအနေကို စောင့်ကြည့်နေခဲ့တဲ့ ပွဲကြည့်ပရိသတ်ပဲ လုပ်ရမလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုယ့်ချစ်သူကို ဘယ်သူက လ
လွှတ်ခံချင်မှာပဲ ကြာယံရယ်။

"အင်းလျားမှာ ဘူးသီးကြော် ထိုင်စားကြရင်ကောင်းမလ
ကြာယံ"

ကြာယံဟာ သူ့စကားကြောင့် အသာအယာ ရ
သံပြုသည်။ သဘောက တဂျိဂျိနှားပူနာဆာလုပ်နေသော က
တစ်ယောက်ကို အလိုလိုက်ချင်တဲ့သဘောနဲ့ ရယ်တာမျိုးလ
ဖြစ်နေပါသည်။ ကြာယံ့အမူအရာလေးက သူ့အပေါ် ချစ်စနိုးလ
ဆန်တာမို့ ဟာန်မင်းဆက် ရင်ထဲ ဆွေးသွားသည်။ ကြာယံ
ချစ်ရဲ့သားနဲ့ ဘာကြောင့် နီတူးဘက်က လိုက်ငဲ့ပြီး တွေးပေး
ပါလိမ့်။ နီတူးကို ငါ ဘာကြောင့် ဒီလောက်သနားနေမိပါလိ
ဘာကြောင့် နီတူး ဝမ်းနည်းကြေကွဲသွားရမှာကို ငါ မလုပ်ရက်
လိမ့်။

ထိုသို့တွေးမိလျှင် ငယ်ငယ်ကမြင်ကွင်းတစ်ခု
တစ်ချက်မြင်ယောင်သတိရသွားပါသည်။ လူက ထိုမြင်ကွင်း
မြင်ယောင်လိုက်တော့ ကြေကွဲမိသလိုလို နောင်တရမိသလို
နီတူးကို ခုချက်ချင်းပဲ အရှုံးပေးပြီး ကြာယံ့ဆီက အချစ်
နီတူးအတွက်ဖြစ်သွားအောင် ကူညီပေးချင်သလိုလို ခံစားလိုက်
ပါသည်။

ဘူးသီးကြော်တစ်ပွဲစီ အသီးသီးမှာပြီးသောအ
ဟာန်မင်းဆက်သည် အင်းလျားရေပြင်ကြီးကိုကြည့်ရင်း ...





"နီတူးကို ကျွန်တော် ဘာကြောင့် သိပ်ခင်ရသလဲ သိပ်အနွံ
အတာခံရသလဲဆိုတာ ကြာယံ သိချင်မှာပဲနော်"

ဟု စကားစလျှင် ကြာယံသည် ခုံပုလေးမှာ ထိုင်ရင်း
ူးပေါ်လက်တံတောင်ထောင်တင်၊ တံတောင်ထောက်ထားသော
လက်ဖဝါးပြားထဲ မေးစေ့လေးတင်ရင်း နားစွင့်လေသည်။

ဟာန်မင်းဆက် အသွင်အပြင်က နီတူးနဲ့ သူ့ရဲ့
ငယ်ဘဝအကြောင်းပြောရတော့ သူကိုယ်တိုင် ခုချက်ချင်း
အဲဒီကာလတွေဆီ ပြန်ရောက်သွားသလို ခံစားရပြီး သူ့မျက်လုံး
တွေက ရီဝေသွားပါသည်။ သူ တကယ်ပဲ ရင်ထဲမှာ နင့်နင့်နဲနဲ
င် ပြန်ပြီး ခံစားလာရသည်။

ဖြစ်နိုင်ရင် အဲဒီကာလဆီကို ပြန်ရောက်အောင်သွား
ြီး ပြင်လို့ရနိုင်မဲ့ အဖြစ်အပျက်တွေကို ပြန်ပြင်ချင်သည်။
ာရွက်ပေါ်မှာ စာအမှားရေးမိရင် Correction Pen နဲ့ပြန်ဖျက်လို့ရ
သလို ဖျက်လိုက်ချင်သည်။

ဒါမှမဟုတ် တချို့ရုပ်ရှင်တွေထဲမှာ စိတ်ကူးယဉ်
ဆန်ဆန်ပြကြသလိုပဲ အတိတ်ကဖြစ်ခဲ့တာတွေထဲမှာ မဖြစ်စေချင်
တာကို မဖြစ်အောင် အတိတ်ကာလဆီပြန်သွားပြီး ပြန်တားလို့
ရသမျှ တားပစ်နိုင်တာလုပ်နိုင်တဲ့ Power မျိုးရချင်သည်။

ဒါပေမဲ့ ဖြစ်ခဲ့တာက ဖြစ်ပြီးနေပြီ။ ပြင်ချင်လည်း
ပြင်လို့မရတော့တာဟာ တကယ့်လက်တွေ့လူ့ဘဝမှာ ကြုံရတဲ့
ဖြစ်ရပ်တွေသာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့သူ မွေးကတည်းက ခြံချင်းကပ် အိမ်ချင်းက
ရပ်နေခဲ့ကြတယ်လေ။ ကလေးဘဝက သူငယ်ချင်းစ,ဖြ
လာတယ်ပဲဆိုရမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ သူ့မိဘ
နဲ့ ကျွန်တော့်မိဘတွေက အခုလို မဟုတ်ဘူး။ အခ
အနေစိမ်းသွားကြတာ၊ အရင်ကတော့ တကယ်အိမ်နီး
ကောင်းတွေအဖြစ် ခင်ခဲ့ကြတာမို့ ကလေးချင်းလ
လမ်းလျှောက်တတ်ခါစအရွယ်တည်းက အတူဆော
ဆော့ဖက်ဖြစ်လာခဲ့ကြတာပေါ့"

✻ ○ ✻





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အမြဲတမ်း တစ်တန်းတည်း အတူတူ၊ တစ်ခုံတည်း အတူတူထိုင်ခဲ့ကြသော သူတို့လောက် ဘယ်သူကမှ ချစ်နိုင် ခင်နိုင်ကြမယ်မထင်။ ဟန်မင်းဆက်အတွက်ဆို နီတူးမှာ ... ကောင်းဖြစ်သလို နီတူးအတွက်ဆိုလည်း ဟန်မင်းဆက်သည်သ... ကမ္ဘာပေါ်မှာ ပေါင်းစရာရှိတဲ့ သူငယ်ချင်းတစ်ဦးဖြစ်ပါသည်။

လေးနှစ်မှာ မူကြိုတက်တော့လည်း အတူတူ၊ ငါး... မှာ သူငယ်တန်းအပ်ကြတော့လည်း ကျောင်းအတူတူဖြစ်ရာကစ... နှစ်စဉ်နှစ်တိုင်း သူတို့ တစ်တန်းတည်း၊ တစ်ခုံတည်း။ အိမ်ချ... ကလည်း ကပ်ရပ်ဆိုတော့ ကျောင်းမှာ ခြောက်နာရီလောက်ထ... ပြီး သူများတကာတွေလို ကိုယ့်အိမ်ကိုယ်ပြန်ရတာမို့ မတွေ့ရစ... လည်းမရှိ။ ခြံထဲဆင်းဆော့ကြဖို့၊ ဒါမှမဟုတ် တစ်ယောက်... ကျန်တစ်ယောက်သွားလည်ပြီး ဆော့ဖို့လည်း အဆင်ပြေလှလေရာ နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန်ဆယ်နာရီနုတ်ရင် ကျန်တဲ့ဆယ့်သုံး...





...လောက် (ကျန်တစ်နာရီကတော့ ထမင်းစားတာတို့ ဘာတို့ ...ည့်တွက်ပြီးထားလိုက်တာပါ၊ ဒါတောင် တစ်ခါတလေ ထမင်း ...တူတူစား၊ ရေအတူတူချိုးတာတောင်ရှိသေးတာ) သူတို့ အတူတူ ...နေကြရလေရာ သူတို့လောက်နီးစပ်ခင်မင်သူလည်း ရှိမည်မထင် ...ပါ။

ဟန်မင်းဆက်မှာကား ညီအစ်ကိုမောင်နှမ မရှိ၍ နီတူးကိုသာ အဖော်လုပ်ပေါင်းရသလို နီတူးမှာကျတော့ အစ်မချည်း နှစ်ယောက်။ ရှိတဲ့အစ်မတွေကလည်း သူနဲ့ အသက်အတော်ကွာ သည်။ အစ်မအကြီးဆုံးနဲ့ဆို ဆယ်နှစ်ကွာပြီး အစ်မအငယ်နဲ့ကျ ...နှစ်ကွာသည်။ တစ်အိမ်လုံးမှာ သားအငယ်ဆုံးလေး မောင်အငယ် ဆုံးလေးတစ်ယောက်တည်းမို့ ဖူးဖူးမှုတ် အလိုလိုက်ချစ်ကြပေမဲ့ နီတူးက အိမ်မှာမပျော်။ ဟန်မင်းဆက် အိမ်သို့သာ ကူးလာပြီး ဟန်မင်းဆက်နဲ့သာ အနေများသည်။

ထမင်းမစား ရေပြန်မချိုးဘဲတောင် ကျောင်းပိတ် ရက်တွေမှာ တစ်နေကုန် တစ်နေခန်း ဆော့တတ်သည်။ မိဘချင်း ကလည်း ရင်းနှီးခင်မင်ကြလေရာ ဒီဘက်က မိဘတွေကလည်း သူတို့သား ဟိုဘက်အိမ် ရောက်နေတာကိုပင် ကျေနပ်စွာ ခွင့်ပြု ထားတတ်ကြသလို ဟန်မင်းဆက် မိဘတွေကလည်း နီတူး အိမ် ဆို စိတ်ချလက်ချ ပေးလွှတ်ကြသည်။

ဟန်မင်းဆက်ဘဝမှာ နီတူးအမြဲခွဲ့သော ထမင်းကို စားဖူးသလို နီတူးလည်း ဟန်မင်းဆက်အမြဲခွဲ့သော ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



စားဖူးတာ အကြိမ်ပေါင်းမနည်း။ ညစ်ပတ် ပေရေနေအော
ဆော့ထားလို့ အမြင်မတော်တာနဲ့ သူ့သား၊ ကိုယ့်သား ခွဲခြားမ
ဘဲ ဆူပူမှာန်မဲပြီး ရေခေါ်ချိုးပေး အဝတ်လဲပေးခဲ့ဖူးတာ ခံရ
အကြိမ်ပေါင်းလည်းမနည်း။

"အရုပ်ဝယ်ရင် ဆင်တူ နီတူးဖို့ပါ တစ်ခုဝယ်ပေး
အမေ"

လို့ ဟန်မင်းဆက်မှာထား၍ အဖေအမေတွေ
မမေ့မလျော့ဝယ်ပေးတတ်သလို ...

"နီတူးက မောင်ဟန်လေးနဲ့ ဆင်တူဝတ်ချင်လို့ ဝယ်လာ
တာ"

ဆိုပြီး အကျႌ ဘောင်းဘီဆင်တူတွေ နီတူးအ
ဝယ်ဝယ်လာပေးတာလည်း ခဏခဏ။

ဤသို့တကယ့်ကို ညီအစ်ကိုရင်း အမြှာညီအစ်
တွေပမာ ဘာပဲဝယ်ဝယ်၊ ဘာပဲလုပ်လုပ် ဆင်တူဝယ်ပေးခံရတဲ့အ
ဟန်မင်းဆက်နဲ့ နီတူးတို့ကလည်း အကြိုက်ချင်းတူနေကြတဲ့အ
စိတ်ချင်းကလည်းညီခဲ့ပါသည်။

"မနေ့က နှစ်ယောက်စလုံး ကျောင်းမလာဘူး၊ ဘယ်
နေမကောင်းတာလဲ"

ဟုအတန်းထဲက အတန်းဖော်တွေကဖြစ်ဖြစ်၊ အတန်း
ပိုင်ဆရာမကဖြစ်ဖြစ် ကြာတော့ သတိထားမိပြီး မေးလာခံရခြင်း
အကြောင်းရင်းကတော့ ...





"နီတူး နေမကောင်းဘူးတဲ့ အမေ၊ သားလည်း ကျောင်း
မသွားချင်တော့ဘူး။ နီတူးနားမှာပဲ သူနဲ့အတူတူ အဖော်
လုပ်နေချင်တယ်"

"ဘာဖြစ်လို့လဲ သားရယ်။ နီတူး နေမကောင်းနေတာ
သွားမနှောင့်ယှက်ပါနဲ့"

"မဟုတ်ဘူး အန်တီ။ သားလည်း မောင်ဟန့်ကို သားနား
မှာနေစေချင်တာပါ။ သား နေမကောင်းတော့ အိပ်ရာထဲ
လှဲပြီး ကာတွန်းဖတ်လိုက်၊ TV ကြည့်လိုက်လုပ်နေတုန်း
မောင်ဟန်ပါအနားမှာရှိတော့ မပျင်းဘဲ အဖော်ရတာပေါ့၊
ဒါကြောင့်ပါ အန်တီ။ သား ခေါ်ထားလို့ပါ"

"အေး ... အေး ... ကောင်းပြီလေ၊ ဒါဆိုလည်း သားက
နီတူးနား ငြိမ်ငြိမ်လေးနေခဲ့နော်၊ နီတူး အိပ်ချင်ရင်လည်း
မနှောင့်ယှက်နဲ့"

ဟူ၍ နီတူး နေမကောင်းလျှင် ဟန်မင်းဆက်ပါ
ကျောင်းမသွားရာကစပြီး မကြာခဏ အာသီးရောင်ပြီးဖျားတတ်
သော ဟန်မင်းဆက် နေမကောင်းရင် နီတူးကလည်း ...

"မောင်ဟန် ကျောင်းမှာမရှိရင် သားမှာ ဘယ်သူမှပေါင်း
စရာမရှိဘူး အမေရာ။ သား ကျောင်းမသွားဘူး၊ မောင်ဟန်
နေကောင်းမှ သွားမယ်၊ သူ့နားမှာ သွားစောင့်ပေးချင်
တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တောင်းဆိုကာ ဟန်မင်းဆက်နားမှာ တ
နေကုန် အိပ်လိုက်၊ စားလိုက်၊ ကာတွန်းအတူဖတ်လိုက်၊ ဗီဒီ
အတူတူကြည့်လိုက်နဲ့ အဖော်လုပ်ပေးတတ်လေသည်။

ကြာတော့ တစ်ယောက်ပျက်ရင် နောက်တစ်ယော
ပါ လိုက်ပျက်တတ်တာကို အတန်းဖော်အားလုံးရော၊ အတန်းပို
ပါ ရိပ်မိလာကာ ဒီနေ့ နှစ်ယောက်စလုံးကျောင်းပျက်ပြီး နော
တစ်နေ့ ကျောင်းပြန်တက်လျှင် အဲဒီလိုမေးကြတာခံရပါသည်

ငယ်ငယ်ကတော့ နီတူးက အေးပြီးလိမ္မာပေ
ဆယ်နှစ်သားလောက်ရောက်တော့ စိတ်ကပြောင်းချင်လာသည်
သူတို့နေသောကျောင်းက ယောကျ်ားလေးချည်းနေသောကျောင်
ဖြစ်ရာ အတန်းကြီးက အစ်ကိုတွေရဲ့အတုကို ခိုးချင်လာသည်

တစ်ရက်မှာ ...

"ဟေ့ကောင် မောင်ဟန့် ကိုးတန်းက ကိုမျိုးအောင်ကပြော
တယ်၊ ရုပ်ရှင်သွားကြည့်မယ် လိုက်မလားတဲ့၊ သွားရအောင်
ကွာ"

ဟု စပြောလာသည်။

နီတူး ပြောလာတဲ့အချိန်က ကျောင်းရောက်ခါ
အချိန် မနက် ရှစ်နာရီခွဲကျော်ကျော်။ သူတို့ကျောင်းက ကိုးနာရီ
ကနေ သုံးနာရီကျောင်းဖြစ်သည်။

"ကျောင်းဆင်းရင် သွားမှာလား"





ဟန့်မင်းဆက်ကတော့ မလည်မဝယ် အငိုက်အတ်နဲ့
ထိုသို့ပြန်မေးခဲ့သေးလေသည်။

"(xxx)မှပဲ ကျောင်းဆင်းရင်သွားလို့ရမလား"

"ဟာ ... ဟေ့ကောင် မဆဲနဲ့လေကွာ၊ မင်း ဘယ်ကအဆဲ
တတ်လာတာလဲ"

"ဟားဟား ... ဆဲတာများကွာ သင်စရာမလိုပါဘူး၊ သူ
များတွေ ဆဲတာနားထောင်ပြီး လိုက်ဆဲကြည့်ရုံပေါ့"

"မဆဲပါနဲ့ကွာ၊ မင်းအမေတွေ အစ်မတွေသိရင် အရိုက်ခံ
ရလိမ့်မယ်"

နီတူး အဖေ အမေ အစ်မတွေက နီတူးကို တုန်နေ
အောင်ချစ်ကြပေမဲ့ စည်းကမ်းတော့မဖျက်ပါ။ ရိုက်စရာရှိရိုက်ပြီး
ဘုရားတရားလည်း ကိုင်းရှိုင်းအောင် လိမ္မာယဉ်ကျေးအောင် ဆုံးမ
တတ်ပါသည်။

"သူတို့ရှေ့မှာတော့ ဘယ်ဆဲမလဲကွ၊ မင်းသာ အခြောက်
လိုလိုနဲ့ အမေပုံသွင်းတာခံနေ။ မှတ်ထား မောင်ဟန်ရ။
ယောကျ်ားလေးဖြစ်ပြီး မဆိုးရင်၊ မမိုက်ရင် ဒါ ယောကျ်ား
လေးမပီသဘူး။ မဆဲတတ်ရင် ခေတ်မမီဘူး"

"မင်းကို ဘယ်သူပြောလဲ"

"ကိုမျိုးအောင်တို့ ကိုတိုးကြီးတို့အုပ်စု"

"ဟာ ... အဲဒီအစ်ကိုကြီးတွေက သိပ်ဆိုးတဲ့အုပ်စုလေကွ၊
မင်း ဘာလို့သွားပေါင်းလဲ"

"သူတို့ ဘာဆိုးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြေးတယ်"

"အင်း ..."

"သူတို့အရွယ်လေးနဲ့ ရည်းစားထားတယ်"

"အင်း ..."

"ကောင်မလေးတွေကိုလည်း ခဏခဏစ,တယ်၊ စာတွေ လိုက်ပေးတယ်"

"ဒါပဲလား"

"ငါသိတာ ဒါပဲ"

"အဲဒါ ဆိုးတာလားကွာ၊ အလကား လူကြီးတွေဆိုတာက ငါတို့လူငယ်တွေဘာလုပ်လုပ် မကောင်းမြင်နေတာ"

"မင်းက လူငယ်တောင်မဟုတ်သေးပါဘူး။ ခုမှ ဆယ်နှစ် ငါးတန်းပါ။ ကလေးပဲ ရှိပါသေးတယ်ကွာ၊ အကြီးတွေ ကိုးတန်း ဆယ်တန်းတွေနဲ့ မပေါင်းပါနဲ့"

"ဟေ့ကောင် မင်း ငါ့အဖေလား။ ငါ့ကို လာဆုံးမ မနေနဲ့ ငါ မင်းကို အရင်စမေးတာက ရုပ်ရှင်သွားကြည့်မယ် လိုက်မလား ဒါပဲ"

"ကျောင်းဆင်းချိန်မှ သွားကြည့်မှာမဟုတ်လား၊ ဒါဆို အမေ့ကိုပြောပြီး မေးကြည့်မယ်လေ"

နီတူးက ဟန်မင်းဆက်စကားကို ကြားလိုက်ရတော့ ကမ္ဘာပေါ်မှာ ရယ်စရာအကောင်းဆုံးဟာသကို ကြားလိုက်ရတဲ့ အတိုင်း ခွက်ထိုးခွက်လန် ရယ်မောလိုက်ပါသည်။



"ဘာရယ်တာလဲကွာ"

"မင်းအမေလား လွှတ်မှာ"

"ငါတို့ရယ် အမေတို့ရယ် သွားမယ်လေ၊ ဒါဆို ရုပ်ရှင် ကြည့်ရတာပဲ"

အရင်ကလည်း နီတူးအဖေအမေတွေနဲ့ ဟန်မင်း ဆက် ရုပ်ရှင်လိုက်ကြည့်ဖူးသလို ဟန်မင်းဆက်အဖေအမေတွေနဲ့ လည်း နီတူး ရုပ်ရှင်လိုက်ကြည့်ဖူးပါသည်။

"လူကြီးတွေမပါဘဲ ငါတို့ပဲ ကိုမျိုးဇော်တို့အုပ်စုနဲ့ သွား ကြည့်မှာလေ"

"ဟာ ... ဒါတော့ ပေးလွှတ်မှာ မဟုတ်ဘူးထင်တယ်"

"အေး ... မင်း ကြိုသိနေသားပဲ၊ ဒါနဲ့များ အမေ့သွားပြော မယ်လေး ဘာလေးနဲ့"

"ဘာလဲ မင်းက မပြောဘဲ ခိုးသွားမလို့လား"

"ကြာတယ်ကွာ ကျောင်းတက်တော့မယ်၊ ကျောင်းဝင်းထဲ မပိတ်ခင် အပြင်ရောက်အောင် ပြန်ထွက်လာလို့ ကိုမျိုးဇော် မှာလိုက်တယ်ကွာ၊ မင်းပါလိုက်ခဲ့၊ လာ ... သွားကြမယ်"

နီတူးက ဟန်မင်းဆက် ပခုံးကို ဖက်ပြီးခေါ်သည်။ ဟန်မင်းဆက် ရုန်းလိုက်ရင်း ...

"ဟာ ... ဟာ ... နီတူး မင်း ကျောင်းပြေးတော့မလို့လား"

ဟု အလန့်တကြား မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်ရတာ အရသာရှိတယ်တဲ့၊ လူကြီးတွေမပါဘဲ သွားကြည့်ကြမယ်တဲ့၊ ဒါ ယောကျာ်း လေးတိုင်းလုပ်တယ်တဲ့၊ ဘာမှ ကြောက်နေစရာမရှိဘူးတဲ့"

"ငါ မလိုက်ချင်ဘူးကွာ"

"ဟော့ကောင် ... အံမာ ... ဘာလဲ မင်းက ငါ့ကို မခေါ်ဘူး ပေါ့လေ၊ ငါ မရှိဘဲ မင်းတစ်ယောက်တည်း ကျောင်းလာ တက်တယ်ဆိုတဲ့ရာဇဝင်ကို တွင်ချင်လို့လား"

"ငါလည်း ကျောင်းမပြေးဘူး၊ မင်းလည်း ကျောင်းမပြေးနဲ့"

ထိုသို့ အငြင်းပွားနေချိန်တွင် ကျောင်းဝင်းထိပ်မှာ ပြုံုတစ်ပြုံတစ် ရပ်စောင့်နေကြသော ကိုးတန်း၊ ဆယ်တန်းကျောင်း သားအုပ်စုကြီးက နီတူးကို လက်ဖျောက်တီးပြီးခေါ်သူခေါ်၊ လက် ခေါက်မှုတ်ပြီးခေါ်သူခေါ်ဖြင့် အချက်ပြနေကြတာတွေ့ရသည် ကျောင်းတက်ခါနီးလာသလို ကျောင်းတက်ဖို့ ငါးမိနစ်အလိုမှာ တီးသည့် ပထမဦးဆုံးခေါင်းလောင်းတီးသံပင် စပြီးကြားရလေရာ ကျောင်းစောင့်ကြီးက ဝင်းတံခါးကြီးတစ်ခြမ်းကို စပြီးပိတ်ဖို့ပြင် ဆွဲနေပြီ။

"ဟာ ... ရှုပ်တယ်ကွာ၊ မင်း လုပ်တာနဲ့ အပြင်ထွက်လို့ မရတော့ဘဲဖြစ်နေမယ်၊ လာ ... မရဘူး၊ မင်းပါ၊ ငါနဲ့လိုက် ခဲ့"

ဆိုကာ နီတူးဟာ ဟန်မင်းဆက်လက်ကောက်ဝတ် ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ဝင်းတံခါးဝကို တစ်ဟုန်ထိုးပြေး



တော့လေသည်။ ကျောင်းတက်ခါနီးမို့ ကျောင်းချိန်အမီဝင်သူတွေ၊ ကလေးအငယ်ဝင်ပို့ပြီး ပြန်ထွက်ကြသော လူကြီးတွေ မိဘတွေနဲ့ ဝင်းတံခါးဝမှာ ရှုပ်ထွေးနေသည်ဖြစ်ရာ ကျောင်းစောင့်ကြီးလည်း သူတို့ထွက်သွားတာကို မမြင်လိုက်ပါ။ နီတူးကတော့ ဘာမှ စိုးရိမ်တုန်လှုပ်ဟန်မပြပေမဲ့ ဟန်မင်းဆက်မှာ ဒူးတွေတုန် ရင်တွေ တုန်၊ ချွေးစေးတွေပြန်ပြီး ခေါင်းမူးသလိုလို ဖြစ်နေသည်။

ဘာလိုလိုနဲ့ ဟန်မင်းဆက်မှာ ကျောင်းဝင်းတံခါးဝ ကြီးကို ဖြတ်ကျော်ခဲ့ကာ ခပ်လှမ်းလှမ်းကားမှတ်တိုင်အောက်တွင် လူစုနေကြသော နီတူး၏ဆရာကြီး ကိုမျိုးဇော်တို့အုပ်စုနားကို အုတ်အုကြောင် ရောက်လာခဲ့လေပြီတည်း။ ထိုအချိန်မှာ ကျောင်း တက်ချိန်၏ နောက်ဆုံးခေါင်းလောင်းသံကို ကြားလိုက်ရလေသည်။ နီတူးကား အတွေ့အကြုံသစ်တစ်ရပ်အဖြစ် ဝူးခနဲ ထခုန်အော် လိုက်လေသည်။ ဟန်မင်းဆက်မှာ ငိုချင်သလိုလို၊ ထွက်ပြေးချင် သလိုလိုဖြစ်လျက် နီတူးကို နားမလည်နိုင်စွာ ငေးကြည့်နေမိခဲ့သည်။

"ဘယ်လိုလဲ ကိုမျိုးဇော် ကျွန်တော်ကို အဖွဲ့ထဲသွင်းပြီလား"

"သွင်းဖို့အချိန်စောပါသေးတယ်ကွာ၊ ဒါ အစမှ အစပဲရှိသေး တယ်၊ ကျောင်းတစ်ခါလေးပြေးရုံနဲ့ ဒီအဖွဲ့ထဲဝင်ဖို့တော့ အရည်အချင်း မပြည့်သေးဘူး မောင်ရင်"

"ဟာဗျာ"

"ကျန်သေးတယ်၊ အဲဒီကျန်တာတွေလုပ်နိုင်မှ မင်း ငါတို့ အဖွဲ့ထဲဝင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးဇော်တို့အဖွဲ့ဆိုတာ ဘာလဲ။ နီတူး ဘယ်... ဘယ်လိုသိတာလဲ။ ဘယ်အချိန်ကစပြီး ကိုမျိုးဇော်နဲ့ နီ... ရင်းနှီးသွားသလဲ။ ဟန်မင်းဆက်မှာ စဉ်းစားမရဖြစ်နေသည်... နီတူးဟာ သူနဲ့အတူတူမခွဲမခွာရှိခဲ့တယ်ဆိုပေမဲ့ ကျောင်းအ... တွေမှာ အိမ်သာဆိုပြီး ထွက်သွားရင် တော်တော်ကြာတတ်တာ... နေ့လယ်စာ ထမင်းစားချိန်မှာ အစားမြန်သော နီတူးက အ... ပြီးနေပြီး သူ့ဘာသာ ကျောင်းကစားကွင်းထဲ အရင်သွား... တာတွေကို အခုမှ ပြန်စဉ်းစားကြည့်မိလာသည်။ အဲဒီအချိန်... မှာ နီတူး ကိုမျိုးဇော်တို့နဲ့ အဆက်အသွယ်ဖြစ်ပြီး သွားပေါ... ကြည့်နေတာလား။

"ဒါ ကျွန်တော့်သူငယ်ချင်း ဟန်မင်းဆက်လေ"

"သိပါတယ်ကွာ သိပါတယ်၊ မင်းတို့နှစ်ယောက်က တက... အမြှာညီနောင်ပါပဲ၊ တပူးတွဲတွဲနဲ့ တစ်ခါမှ မခွဲဖူးဘူး၊ ... နောက်ပိုင်းမှ မင်း ငါတို့ဆီရောက်ရောက်လာလို့ ဒီကောင်... ခွဲခွဲလာတာ"

"ဒီကောင်က ကြောက်တတ်လို့ဗျ"

"ဟေ့ကောင် ညီလေး ဟန်မင်းဆက်၊ မကြောက်ရဘူး... အလကားနေရင်း မကြောက်ရဘူး။ ကြောက်တတ်ရ... ယောက်ျားမဟုတ်လို့ပဲ။ အခြောက်ဖြစ်နေလို့ပဲကွာ။ ဒီတော... မင်း အခြောက်ဖြစ်ချင်လား ယောက်ျားဖြစ်ချင်လားပြော...





ဟန်မင်းဆက် သူ့ကို အခြောက်ဖြစ်ချင်လားမေး တော့ မခံချင်။

ကလေးပီပီ အတွေးက ဒီမျှသာ တွေးတတ်သဖြင့် သူ အခြောက်မဖြစ်ချင်ကြောင်း သက်သေပြချင်သည်။

"ကျွန်တော် အခြောက်မဖြစ်ချင်ဘူး"

လို့ မခံချင်စွာ အကျယ်ကြီးအော်ပြောပစ်လိုက်၏။ ကိုမျိုးဇော်တို့က သူတို့အကွက်ထဲ ဝင်သွားဟန်ဖြင့် အီး,အား အသံတွေပြုကြပြီး ...

"ဟုတ်ပြီ အခြောက်မဖြစ်ချင်ရင် မကြောက်ရဘူး၊ မကြောက်ကြောင်း ငါတို့သိစေချင်ရင် မင်း ကျောင်းပြေးရဲရမယ်၊ လူကြီးတွေသိရင် ဆရာတွေသိရင်လည်း အရိုက်ခံရဲရမယ်။ အိမ်စာမလုပ်ချင်ရင်လည်း မလုပ်ဘဲနေရဲရမယ်။ ကြောက်လို့ဖျစ်ညှစ်လုပ်ပြီး ဆရာမ အရိုက်မခံရအောင် နေပြဖို့မလိုဘူး။ ဘာဖြစ်လဲ ယောက်ျားပဲ။ ပျင်းလို့ အိမ်စာမပြီးလာလို့ အတန်းရှေ့မှာအရိုက်ခံရတယ် ဘာဖြစ်သေးလဲ။ ယောက်ျားလေးဆိုတာ မိုက်ပြရဲရတယ်ကွ။ စီးကရက်လည်း သောက်ရဲရတယ်၊ ရော့ ... သောက်"

"ဟာ ... ကျွန်တော် အာသီးရောင်"

"ဟေ့ကောင် နီတူး မင်းဘော်ဒါကို သောက်ပြလိုက်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နီတူးဟာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ အစ်ကိုကြီးတ

ယောက်လက်ထဲမှာ သောက်လက်စ စီးကရက်တိုကို လှမ်းယူပြ

ကျွမ်းကျင်စွာ ဖွာရှိုက်သောက်ပြလိုက်လေသည်။ နီတူး ဘယ်အချိ

က စီးကရက်သောက်တတ်နေပါလိမ့်။ စသောက်ခါစလူနဲ့တော

မတူ။ ရှူသွင်းပုံ အငွေ့ပြန်မှုတ်ထုတ်ပုံတွေက ကျွမ်းကျင်နေသည်

"မင်း ဘယ်တုန်းက သောက်တတ်နေတာလဲ"

"ဒါ မဆန်းဘူး၊ မင်းလည်း သောက်တတ်ချင်ရင်သောက်

"ဟာ ... မသောက်ဘူး"

"ဟေ့ကောင် မင်း ငါ့ကိုမခင်ရင် မခင်ဘူးပြောလိုက်

"ဟာ ... ဘာလဲ ဘာမှမဆိုင်တာ၊ ငါဘာသာ မသော

ချင်လို့ မသောက်တာ မင်းကို ခင်တာ မခင်တာနဲ့ မဆိ

ဘူး"

ဒါပေမဲ့လည်း နောက်ဆုံးတော့ ဟန်မင်းဆက်ဟ

နီတူးအလိုကျ စီးကရက်ကို သောက်ဖြစ်သွားပါတယ်။

အဲဒီလိုနဲ့ပဲ ပထမတော့ တစ်ပတ်မှာမှ တစ်ရ

လောက် ဆယ်ရက်မှာမှ တစ်ရက်လောက် ကျောင်းပြေးသည

ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်ရင်ကြည့်၊ မကြည့်ရင် အင်းလျား

ရေသွားကူး၊ မြို့ထဲလျှောက်လည်၊ ဗရုတ်ကျ။ ဗရုတ်ကျသည်

သည်မှာ သူများအိမ်မှာ အစောင့်ထားသည့်ခွေးဆိုးကို သွား

ထွက်ပြေးတာမျိုး၊ သူများအိမ်က ဘဲလ်ကို သွားတီးပြီး အိမ်တံ

လာမဖွင့်ခင် ပြေးပုန်းနေတာမျိုး၊ သူများခြံထဲက မာလကာသီး





ခိုးခူးစား၊ သရက်သီးကင်းတွေ မစားပါဘဲ ခဲနဲ့ပစ်၊ ခွေးချေးတွေ လမ်းမမှာ မရွံမရှာ ကြွပ်ကြွပ်အိတ်နဲ့လိုက်ကျုံးထည့်ပြီး သူများအိမ်ရှေ့အဝင်တံခါးဝတည့်တည့်မှာ အထုပ်လိုက်ကြီး သွားပစ်ချထားတာမျိုး၊ ကောင်မလေးတွေ ကျောင်းရှေ့သွားပြီး မိန်းကလေးအုပ်စုကြား ရာဘာပျော့နဲ့လုပ်ထားတဲ့ မြွေရုပ်၊ ဖားရုပ်၊ ပင့်ကူရုပ်တွေပစ်သွင်းပြီး စနောက်လှောင်ပြောင်တာမျိုး စသဖြင့် ကလေးမကျ လူကြီးမကျ အရွယ်တွေလုပ်သမျှ အဟုတ်ကြီးထင်၊ အတုခိုးပြီး နီတူးနဲ့ ဟန်မင်းဆက် နှစ်ကောင်ဟာ ဆယ်နှစ်ကျော်အရွယ်လေးနဲ့လိုက်လုပ်တတ်လာသည်။

စီးကရက်လည်း သောက်တတ်လာသည်။ အဖေ့အိတ်ထဲ အမေ့အိတ်ထဲက ပိုက်ဆံလည်း ခိုးနှိုက်တတ်လာသည်။ မုန့်ဖိုးလည်း မိဘက ကလေးမို့ သင့်တင့်ရုံသာပေးပြီး သုံးစေသော စည်းကမ်းတကျ မိသားစုဝင်တွေပီပီ ပိုက်ဆံများများ ကိုင်မသုံးဖူးသော နီတူးနဲ့ ဟန်မင်းဆက်တို့ဟာ အကြီးတွေမြှောက်ပေးတာ အဟုတ်ထင်ပြီး မိဘအိတ်ထဲက ပိုက်ဆံကို ခိုးနှိုက်ပြီး သုံးရမှန်းသိတတ်လာသောအခါ ပိုက်ဆံသုံးရတဲ့အရသာကို နှစ်ခြိုက်ခုံမင်လာသည်။

"ကလေးတွေ ဘာဖြစ်သလဲ မသိဘူး၊ ခုတလော ထမင်းဘူးလည်းမကုန်ဘဲ ပြန်ပြန်ပါလာတာ ခဏခဏပဲ။ ထမင်းကောင်းကောင်းမစားကြဘူး မေမွန်ရယ်။ ရှင် သတိထားမိလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန်မင်းဆက် အမေကို နီတူးအမေက တစ်
မှာ ပြောလာသည်။

"ဟုတ်တယ် ယဉ်ယဉ်ရယ်၊ သားလည်း ခုတလော
တွေ တအားဆိုးပြီး အသီး ခဏခဏပိုရောင်လို့ ဆရာ
သွားပြရတယ်၊ ကလေးက ပိုလည်းပိန်လာတယ်၊ သူ့
လိုက်ရင် ပင်ပန်းနွမ်းနယ်နေသလိုပဲ။ နီတူးနဲ့လည်း
ခဏပြေးဆော့ရုံရှိသေး သားက ပိုမောနေတာ သတိ
တယ်"

အမှန်တော့ ဆေးလိပ်သိပ်သောက်ပြီး ငယ်ငယ်
ရွယ်နဲ့ အမောမခံနိုင်တော့တာဖြစ်သည်။ ကျောင်းပြေးပြေး
လျှောက်လည်နေသဖြင့် ဗိုက်ဆာလည်းပေါ်နေသဖြင့် အပြင်စာ
စာတွေပဲ ဝယ်ဝယ်စားနေလေရာ အိမ်ကထည့်ပေးလိုက်
ထမင်းဟင်းကို ကောင်းကောင်းမစားဖြစ်တော့ပေ။ စားချိန်မှ
ကျောင်းမှာ နားနားနေနေ စာထိုင်မသင်ဘဲ မြို့ရိုးကိုးပေါက်နီး
လျှောက်လည်၊ ရေတွေသွားကူးလုပ်သဖြင့် ကလေးအရွယ်
မမျှနေတာမို့ အားအင်နည်းပါးလာတာလည်းပါပါသည်။

ကျောင်းပြေးရခြင်း အရသာကို နှစ်ခြိုက်ခုံမင်
လေရာ(လူဆိုတာမျိုးက လူကောင်းဖြစ်အောင်လုပ်ဖို့က ခက်
လူဆိုးဖြစ်အောင် လုပ်ဖို့ကျ လွယ်ကူလှတာလည်း ပါပါသ
ကျောင်းကို တစ်ပတ်မှာ နှစ်ရက်သုံးရက်လောက်ပဲ တက်တဲ့
ဆိုးရွားလာလေသောအခါ ...





"အမယ်လေး ... ဘယ်လိုများဖြစ်သလဲ မသိဘူး၊ ကျောင်း
အုပ်ကြီးဆီက တိုင်စာ အိမ်ကိုလာတယ်၊ သား ကျောင်းပျက်
ရက်တွေများနေပြီတဲ့"

အမေ့ထိုသို့ အံ့ဩတကြီးပြောလို့မှမဆုံးသေး။ နီတူး
အမေလည်း ဒီဘက်ရောက်ချလာသည်။

"မေမွန် စာရပြီးပြီလား၊ သားနီတူးလည်း တိုင်စာရလို့
ယဉ်ယဉ် ဆူနေတော့ သူကပြောတယ်၊ မောင်ဟန်လည်း
သူနဲ့အတူတူပဲ မောင်ဟန်လည်း အတိုင်ခံရမှာပဲဆိုလို့ သူ
ပြောတာမယုံတာနဲ့ လာမေးတာ"

ဒေါ်ယဉ်ယဉ်က အမေ့လက်ထဲမှာကိုင်ထားလက်စ
စာကိုကြည့်ပြီး ရင်ဘတ်ဖိလျက်ပြောပါသည်။

"နီတူးကို မေးပြီးပြီလား"

"မေးပြီးပြီ၊ မေးပြီးပြီ၊ သူတို့တိုင်ပင်ပြီး ကျောင်းပြေးကြ
တာတဲ့"

"အမယ်လေး ... ဘုရားရေ၊ ဒီအရွယ်လေးနဲ့ ကျောင်းပြေး
တတ်ပြီလား၊ ဟင် ... ဟုတ်လား မောင်ဟန် ... ပြောစမ်း၊
ပြောစမ်း၊ နင်တို့ ဘာတွေလျှောက်လုပ်နေကြတာလဲ"

အမေက ဒိုသံပါကြီးနဲ့ ယူကျုံးမရလည်းဖြစ်ကာ
ဟန်မင်းဆက် နားရွက်ကို လိမ်ဆွဲပြီး မေးလေသည်။

နှစ်အိမ်စလုံးမှာ ဖုန်း ဒိုင်း အုန်း ဂွမ်းနဲ့ ရိုက်သံ
ဆူသံ၊ ငိုသံတွေ ပြိုင်တူမြိုင်ဆိုင်သွားခဲ့ပါသည်။ နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



မနက်မှာတော့ မိသားစုနှစ်စုမှာ သားကိုယ်စီဖြင့် ကျောင်းအုပ်ကြီး ရုံးခန်းသို့ ရောက်ကြရလေသည်။

အဲဒီကျမှ ဟန်မင်းဆက်တို့၏ အပြစ်တွေ အကုန်ထ သိရပြန်သည်။

"အတန်းပိုင်ဆိုကလည်း ရိုဗိုဒ်တွေရတာ ကြာပြီ၊ ကလေး နှစ်ယောက်စလုံး အတန်းထဲမှာ စာလည်းမလုပ်ဘူး၊ အိမ်စာ တွေလည်းမပြီးဘူးတဲ့။ အရင်က အဆူခံ အရိုက်ခံ ရရင် သိပ်ရှက် သိပ်ကြောက်တတ်ကြတဲ့ ကလေးနှစ်ယောက်ဟာ အခုတော့ အတန်းရှေ့မှာ သူတို့ဒဏ်ပေးခံရရင် အရိုက် ရရင် သူတို့ကိုယ်သူတို့ ဟီးရိုးကြီးတွေလိုလို၊ အများ အားကျပြီး အကြည့်ခံရတဲ့ စံပြကြီးတွေလိုလိုပုံစံနဲ့ ဒဏ် ခံတာတဲ့။ အိမ်စာမရလို့ မလုပ်တာမဟုတ်ဘဲ တမင်မလု ဘဲ အမေ့ခံလာတဲ့ ပုံစံမျိုးလိုပဲတဲ့။ ပြီးတော့ အိမ်သာဆို အကြောင်းပြပြီး ခဏခဏထွက်တယ် ထွက်တိုင်းလည် ဆယ်မိနစ်ထက် စောပြန်တာမရှိဘူးတဲ့။ ဒါကြောင့် အတန်း ပိုင်ဆရာမကတောင် သူတို့ကို အိမ်သာရှေ့လိုက်စောင့်ပြီး ခေါ်ထုတ်ရတယ်တဲ့။ ပြောရရင် အားလည်းနာပါတယ် ကလေးတွေဆိက စီးကရက်နံ့၊ ဆေးလိပ်နံ့တွေလည်း တယ်လို့ အတိုင်ခံထားရတယ်"

အမေတွေမှာ ကိုယ့်သားတွေဆိက မကောင်းသတင် အစုံကြားသိလိုက်ရသောအခါ ရင်ထဲမှာ ဆို့သွားတော့မတတ်





ခံစားလိုက်ရသည်။ အသက်ဆယ်နှစ်ကျော် အရွယ်လေးတွေနဲ့ ဒီလောက်ကြီး ဆိုးသွမ်းပေတော့သွားသည်မှာ ဘယ်သူ့ကြောင့်လဲ ဆိုသောမေးခွန်းတွေ အသီးသီးခေါင်းထဲမှာ ပေါ်လာသည်။ ဝန်ခံ ချက်တွေ အသီးသီးလက်မှတ်ထိုးပြီးသောအခါ အိမ်သို့ ပြန်သာ ပြန်ခဲ့ကြရပေမဲ့ ရင်ထဲမှာမချိလှတာချင်းကတော့ နှစ်ဖက် မိဘနှစ်ဦး လုံးရင်ထဲမှာ အတူတူပင်။

နှစ်အိမ်စလုံးမှာ သားယောကျ်ားလေးတစ်ဦးတည်း ရှိ မှုးဖူးမှုတ်ထားကြချင်းလည်းအတူတူ၊ ရည်မှန်းချက်ကြီးကြီး ထားကြတာချင်းလည်း အတူတူဖြစ်လေရာ ထိုသို့မထင်မှတ်ထား သော သတင်းဆိုးအတွက် ယူကျုံးမရဖြစ်ကြသည်မှာ အိပ်မပျော်၊ စားမဝင်ဖြစ်ကြရတဲ့အထိ။

နှစ်အိမ်စလုံး ကိုယ့်သားကိုယ် မျက်ခြည်ပြတ်မခံ ပြန်ထိန်း၊ ကျောင်းဝင်းတံခါးပိတ်တဲ့အထိ ကျောင်းထဲ သူတို့ဝင် သွားတဲ့အထိ စောင့်ကြည့်ပြီးမှ အိမ်ပြန်သလို၊ ကျောင်းမဆင်းခင် နာရီဝက်လောက်တည်းက ကြိုရောက်ပြီး လာကြိုတာမျိုး။ ထမင်း စားချိန် ကျောင်းခဏအလွတ်မှာ တမင်တကာပဲ လာစောင့်ကြည့်ပြီး စစ်ဆေးတာမျိုး စသဖြင့် အပင်ပန်းခံ လုပ်လာကြသည်။

ကျောင်းကပြန်လာရင်လည်း ကျောပိုးအိတ်ထဲကို မှောက်ချပြီး ရှာတာဖွေတာ၊ အိမ်စာလုပ်ဖို့ အဖေအမေကိုယ်တိုင် စာအုပ်ယူပေးပြီး ဘေးကထိုင်စောင့်တာ၊ စာကျက်ပြီး အဖေအမေ ဆီမှာ စာပြန်အံစေတာမျိုးလည်း အချိန်ပေးပြီးလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာလည်း အတန်းပိုင်ကိုရော ဘာသာရပ်…
ရာ ဆရာ၊ ဆရာမတွေကိုရော အသေအချာ အပ်ထားလိုက်…
ကာ ...

"သူတို့ဆိုးတာ၊ အိမ်စာမလုပ်တာ၊ စာမရတာရှိရင် …
သာရိုက်ပါ ဆရာ၊ မကျိုးမပဲ့ရင်ပြီးရော၊ အရိုးရာ …
ထပ်ဖြစ်မှ မှတ်မယ်ဆိုလည်း အဲဒီလိုဖြစ်တဲ့အထိ ရိုက်…
ပါတယ်၊ ကလေးလိမ္မာဖို့ ဆရာလက်ထဲ အပ်ပါတ…

ဟု ကျောင်းမှာ အရိုက်ကြမ်းသည့်လို့ နာမည်…
သော ဆရာကြီးတစ်ယောက်ဆီလည်း တကူးတကတောင် …
အပ်ကာ ရိုက်ဆုံးမဖို့ ခွင့်ပေးထားကြသည်။

ထိုသို့ ပြန်ကြီးကြပ် ထိန်းချုပ်လိုက်သောအ…
နီတူးနဲ့ ဟန်မင်းဆက်တို့ ပြန်၍ ခြေငြိမ်သွားရလျက် အိမ်…
ကုပ်နေရတော့လေသည်။

❋ ○ ❋





# ၁၁

တစ်လလောက်ငြိမ်ဝပ်ပိပြားနေခဲ့ပြီးမှ တစ်ရက်မှာ (မှတ်မှတ်ရရ ကျောင်းပိတ်သော တနင်္ဂနွေတစ်ရက်မှာဖြစ်သည်) နီတူးဟာ ဟန်မင်းဆက်အိမ်ဘက် ကူးလာပြီး ...

"မောင်ဟန် ငါတော့ ဒီလိုကြီးနေရတာကို လုံးဝ မကြိုက်တော့ဘူးကွာ"

ဟူ၍ အတူတူကစားရင်း လူကြီးတွေမကြားအောင် တိုးတိုးပြောလာသည်။

ဟန်မင်းဆက်ကတော့ အစတည်းက နီတူးဆွဲခေါင်လို့သာ ဒီလိုဖြစ်ခဲ့ရသူဖြစ်ရာ လူကြီးတွေ ပြန်ထိန်းချုပ်ခံရတာကို သိပ်ပြဿနာမရှိ။ အရိုက်ခံ အဆူခံရတာလည်း နားတွေပူ၊ ကျောတွေပူလှပြီဖြစ်သဖြင့် ပြန်၍ လိမ္မာစွာနေလိုက်ဖို့ ဝန်မလေးခဲ့ပါ။ နီတူး ဒီလိုလာပြောတော့ အံ့တောင်အံ့သြနေသည်။ အရင်



www.burmeseclassic.com

www.burmeseclassic.com



တည်းကလည်း ဒီလိုပဲနေလာတာ။ တစ်ချက်လမ်းမှားပြီး ဆိုးမိုက်ကြည့်မှုးတာဟာ ပြန်တမ်းတစရာ မရှိဘူး။ ဒီလိုပုံမှန်ပြန်နေတာဟာ မနေတတ်စရာမရှိဘူးဟု ထင်သည်။

"ဘာလို့မကြိုက်ရတာလဲကွာ၊ ငါတို့က ကလေးပဲ၊ ကလေးလို ပြန်နေတာကောင်းပါတယ်၊ ကိုမျိုးဇော်တို့၊ ကိုတိုးကြီးတို့က ဆယ့်ငါးနှစ်ရှိပြီကွ၊ သူတို့က ကြီးကောင်ဝင်နေပြီ။ သူတို့ဆိုးတာက သိပ်မဆန်းဘူး။ ငါတို့က ကလေးလေးတွေဖြစ်ပြီး ဆိုးပြတော့ အားလုံး စိတ်ပူကုန်ကြတာပေါ့"

ဟန်မင်းဆက်မှာတော့ ဘာမှပြောစရာ မရှိသဖြင့် နီတူး ပြောလာတာကိုသာ အသာနားထောင်ပေးလိုက်ပါသည်။

"အဖေ အမေတို့က အရမ်း တင်းကျပ်လာတယ်ကွ၊ ငါ အဲဒါကို မကြိုက်ဘူး။ ပိုဆိုးတာက မမကြီးတို့ မမလေးတို့ပဲ၊ သူတို့ကပါ ဝင်ဟောက်ရ၊ ဆရာလုပ်ရနဲ့"

"မင်းကို သိပ်ချစ်ကြပါတယ်ကွာ၊ မင်း ပြန်ဆိုးသွားမှာစိုးရိမ်လို့ တင်းကျပ်တာဖြစ်မှာပါ"

"မင်းကတော့ ဘာမှမဖြစ်တဲ့ အတိုင်းပါလား"

"ငါ့အဖေ အမေတွေလည်း တင်းကျပ်တာပဲလေ၊ ဒါပေမဲ့ အရင်တည်းကလည်း ဒီလိုပုံစံနေတာပဲကွာ၊ ငါတော့စိတ်မညစ်ပါဘူး"

"ငါ အိမ်က ထွက်ပြေးမလို့ ..."



ရုတ်တရက် နီတူး ပြောချလိုက်သော စကားတစ်ခွန်းကြောင့် ဟန်မင်းဆက်မှာ ပါးစပ်ပင်ပြန်မပိတ်နိုင်အောင် အံ့အားသင့်သွားသည်။

"ငါသွားရင် မင်းလိုက်ခဲ့"

နီတူး အသံက အမိန့်ပေးသံ ဆန်နေသည်။ အဖော်ညှိတဲ့သဘောပင် မဟုတ်တော့။

လိုက်ကိုလိုက်ခဲ့ရမယ်လို့ အမိန့်ပေးပြီးခေါ်တဲ့ ပုံစံမျိုးဖြစ်နေပါသည်။

"ဟာ ... မဖြစ်ပါဘူးကွာ၊ အိမ်ကထွက်ပြေးရင် ဘယ်မှာသွားနေမလဲ"

"တည်းခိုခန်းမှာ နေမှာပေါ့"

ကလေးပီပီ ကလေးသာသာအတွေးပဲ ရှိသေးလေရာဆိုသို့ လွယ်လွယ်ဖြေရှင်းသောအဖြေကို ကြားရသည်။

"မင်းက ဘယ်တည်းခိုခန်းမှာ တည်းမှာလဲ"

"ရန်ကုန်မှာနေရင် လူကြီးတွေလိုက်ရှာမှာပေါ့၊ ပြန်ဖမ်းမိမှာပေါ့၊ ပဲခူးလောက် ထွက်ပြေးရမယ်"

"ထွက်ပြေးပြီး ဘာလုပ်မှာလဲ"

"သူတို့နောက်တစ်ခါ ငါတို့ကို မတင်းကျပ်ရဲတော့အောင်ပညာပြမှာကွ။ ခဏထွက်ပြေးပြမှာ။ တစ်လလောက်ထွက်ပြေးပြီး ပုန်းနေပြမှာ"

www.burmeseclassic.com



“ဘယ်သူက ငါတို့ကို ပိုက်ဆံပေးမှာမို့လဲ။ ထွက်ပြေး
ရင် တည်းခိုခန်းမှာနေရင် ပိုက်ဆံပေးရမှာပေါ့၊ ပြီးတော
ထမင်းစားရင်လည်း ဝယ်စားရမှာ၊ ပိုက်ဆံအများကြီးကု
မယ်”

“ဟာ ... လွယ်ပါတယ်၊ မင်းလည်း မင်းအဖေအ
အိတ်ထဲက ရှိသမျှ အကုန်နှိုက်လာခဲ့။ ငါလည်း ငါ့အ
အမေအိတ်ထဲကရော ငါ့အစ်မတွေအိတ်ထဲကရော ရှိသ
အကုန်ယူခဲ့မယ်လေ”

“ငါ မသွားရဲဘူးကွာ”

“ဘာလို့မသွားရဲရမှာလဲ ငါပါတာပဲ”

“မင်းကို အိမ်ကထွက်ပြေးဖို့ ကိုမျိုးဇော်တို့ သင်ပေးလိုက
တာလား”

“သင်ပေးတာမဟုတ်ပါဘူး၊ ငါ သူတို့ပြောတာကြားဖူးလို
ကိုမျိုးဇော်တို့က မိဘကို မကျေနပ်ရင် ဒီလိုပဲ အိမ်က
ထွက်ပြေးပြတယ်တဲ့၊ အဲဒါ အဖေရော အမေရာ ငိုယိုစိတ်
ပူပြီး လိုက်ရှာကြ၊ ချော့ကြနဲ့ အရင်ကထက်တောင် ပိုပြီး
အလိုလိုက်ပြီး နောက်ထပ်ထွက်မပြေးအောင် ချော့ထား
တာ ခံရတယ်တဲ့ကွ”

ဟန်မင်းဆက် ဒီလိုလုပ်ဖို့ကိုတော့ လုံးဝ စိတ်မပါ
ပါ။ သူက နိတူးလိုလည်းမဟုတ်။ သတ္တိလည်းနည်းသည်။ နိတူး



က သူ့ထက် ပိုသတ္တိရှိသည်။ ပိုပြီးတော့လည်း အသားနာခံနိုင်သည်။ ပြီးတော့ ပိုပြီး စွန့်စားလိုစိတ်လည်းရှိသည်။ သူ လုံးဝ ထွက်မပြေးချင်။ ကလေးပေမဲ့ အိမ်ကထွက်ပြေးတာဟာ မကောင်းဘူးလို့တော့ သိနားလည်နေသည်။ တစ်ခါမှ အဖေအမေ မပါဘဲ ခရီးဝေးလည်း တစ်ယောက်တည်း မသွားဖူးလေရာ တွေးရုံနဲ့ပင် ကြောက်မိသည်။

“ငါ မလိုက်ချင်ဘူးကွာ”

“မင်း မလိုက်လို့ မဖြစ်ဘူး”

“ဘာဖြစ်လို့လဲ”

“မင်းကို ငါက အကုန်ပြောပြပြီးနေပြီ၊ မင်းက ငါ ဘယ်သွားမယ်ဆိုတာ သိနေပြီ။ ဒီတော့ မင်း မလိုက်ဘဲနေခဲ့လို့ မရဘူး။ အေးနော် မင်းမလိုက်ရင် ငါ မင်းကို တစ်သက်လုံး မခေါ်တော့ဘူး။ အဖေ အမေတို့ ငါ့ကို ပြန်ရှာတွေ့ပြီး အိမ်ပြန်ရောက်လာတဲ့အခါ မင်းနဲ့ငါ သူငယ်ချင်းမဖြစ်တော့ဘူး။ ငါ ကျောင်းလည်းပြောင်းမယ်၊ မင်းနဲ့လည်း ဟုမ်း(မ)ကျူးရင် အတူတူမသင်တော့ဘူး။ မင်း ငါနဲ့လည်း မကစားနဲ့၊ ငါလည်း မင်းဆီ လာမကစားဘူး။ မင်းမှာ ငါကလွဲရင် ပေါင်းစရာကောင် မရှိပါဘူး။ ငါ့မှာက ကိုမျိုးဇော်တို့လို တခြားသူငယ်ချင်းတွေရှိသေးတယ်၊ ငါနဲ့မခေါ်ရင် မင်းတစ်ယောက်တည်း ဘယ်လိုနေမလဲ တွေးသာကြည့်”

www.burmeseclassic.com

www.burmeseclassic.com



နီတူးက ခြိမ်းခြောက်သံအပြည့်နဲ့လည်းပြောသ

ခုချက်ချင်းပင် ထ,ပြန်တော့မလိုပဲ မတ်တတ်ရပ်လိုက်ပါသ

နီတူး မခေါ်တော့ဘူး။ သူနဲ့ မပေါင်းတော့ဘူး။ သူနဲ့ နီ

ဘယ်တော့မှ သူငယ်ချင်းမဖြစ်ရတော့ဘူးဆိုတာ သိလျှင် ဟန်

ဆက်တစ်ယောက် သေလုမျောပါးကြောက်ကာ ခြေမကိုင်မိ လ

မကိုင်မိဖြစ်နေသည်။ နီတူး ခြိမ်းခြောက်လည်း ခြိမ်းခြောက်

ပင်။ သူ့မှာ နီတူးကလွဲရင် သူငယ်ချင်းမရှိ။ ပေါင်းစရာပင်မ

အတန်းထဲမှာရော၊ လမ်းထဲမှာရော၊ အိမ်နားဝန်းကျင်မှာ

သူက သီးသန့်ကြီးလိုဖြစ်နေကာ နီတူးကလွဲရင် သူ့မှာ အ

ဆိုတာရှိပင်မရှိခဲ့။ မထားခဲ့ပါ။ ဒါကြောင့် နီတူးနဲ့ မခေါ်ဘဲနေ

လုံးဝမဖြစ်နိုင်ပါ။

"ငါ ... ငါ မလိုက်ချင်လို့ မဟုတ်ပါဘူးကွာ၊ ကြော

လို့ပါ"

"ဘာကြောက်စရာရှိလဲ"

"အဖေအမေ မပါဘဲ ငါတို့နှစ်ယောက်တည်း သွားရင်

လူဆိုးတွေကဖမ်းပြီး ခိုင်းစားတာခံရမှာ ကြောက်လို့ပါ"

"ဟား ဟား ... ဘယ်လူဆိုးကိုမှ တွေးကြောက်နေစရာ

မလိုဘူး၊ ကိုယ့်ဘာသာ ခပ်တည်တည်နဲ့သွားပေါ့။ ကြောက်

သလိုပုံစံနဲ့ လုပ်နေရင် လူဆိုးကတော့ အနားကပ်လာမှာ

ပဲ။ မင်းကလည်းကွာ ဘာကြောက်စရာရှိလဲ။ ပဲခူးနဲ့ရန်ကုန်



နီးနီးလေး သွားတာပဲ။ အဝေးပြေးကားစီးရုံ။ ကားပေါ်က

ဆင်းတာနဲ့ တွေ့တဲ့တည်းခိုခန်း ဝင်ပြီးတည်းလိုက်ရုံပဲ။

ဘယ်မှလျှောက်သွားနေစရာ မလိုတော့ ဘယ်လူဆိုးနဲ့မှ

လဲ တွေ့မှာမဟုတ်ဘူး၊ စားချင်တာရှိရင် ထွက်ဝယ်စား၊

ကိုယ့်အခန်း ကိုယ်ပြန်နေ"

"ငါက အသီးရောင်းပြီး ခဏခဏနေမကောင်းဖြစ်တတ်

တယ်ကွ။ ငါ အသီးရောင်းရင် ဘယ်လိုလုပ်မလဲ"

"ဆေးခန်း ကိုယ့်ဘာသာပြပြီး ဆေးသောက်ပေါ့"

ဟန်မင်းဆက်လည်း ကလေးအတွေးလောက်သာရှိ

လေရာ နီတူး လွယ်လွယ်ပြောသမျှ ဟုတ်မှာပဲထင်ကာ နီတူးနဲ့

အတူ ထွက်ပြေးဖို့ သဘောတူလိုက်တော့လေသည်။ သူတို့အချိန်း

အချက်လုပ်ပြီးကြသောအခါ နီတူး အိမ်ကိုပြန်သွားသည်။

နီတူး ပြန်သွားတာနဲ့ ဟန်မင်းဆက်လည်း နီတူး

မှာခဲ့သည့်အတိုင်း ကျောင်းသွားလျှင်လွယ်သော ကျောပိုးအိတ်ထဲ

မှ ကျောင်းစာအုပ်တွေ၊ ဘောလ်ပင်န်တွေ၊ ပေတံတွေကို သွန်ချ

ပြီး ရှင်းလိုက်သည်။ ထိုအိတ်ထဲကို ဝတ်ဖို့အဝတ်အစားတွေ

ရသလောက် ထိုးထည့်ပါသည်။

"သိပ်အများကြီး ဖောင်းနေအောင်လည်း မထည့်နဲ့၊ ကျောင်း

သွားတဲ့အတိုင်း ဖြစ်နေအောင် ထည့်ထားပေါ့ကွာ။ ဒါမှ

မင်းအမေ မရိပ်မိမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု နီတူး ဆရာလုပ် မှာသွားသမျှ လိုက်နာပြီး အများကြီးတော့ မထည့်ပါ။ တီရှပ်လေးသုံးထည် သရီးကွာတားလေး သုံးထည်နဲ့တင် အိတ်က ဖောင်းဖောင်းဖောင်းနေသည်။

"ပိုက်ဆံလည်း ရသလောက်သာ 'တို'လာခဲ့"

နီတူး မှာထားတဲ့အတိုင်း အဖေ့အလစ်မှာ အဖေ့အိတ်ထဲကရော၊ အမေ့အလစ်မှာ အမေ့အိတ်ထဲကရော တစ်ထပ်ကြီး နှိုက်ယူထားလိုက်ပါသည်။ ခါတိုင်း ခိုးနှိုက်ရင်တော့ ဥပမာ တစ်ထောင်တန် အထုပ်ထဲကဆိုရင် နှစ်ရွက်စီလောက် နှစ်ထုပ် မျှယူတာမျိုး လုပ်သည်။ အခုတော့ တစ်ထောင်တန်အုပ်ကိုပဲ တွေ့သမျှ အကုန်ယူလိုက်သည်။

"တိုပြီးတာနဲ့ မင်း ကျောပိုးအိတ်ထဲထည့်လွယ်ပြီး ငါ့အိမ်ဘက် လာခဲ့တာ။ နီတူးနဲ့ စာသွားကျက်မယ် ပြောလိုက်ပါဆို သူတို့ ယုံလိမ့်မယ်၊ ငါကတော့ အသင့်ပဲ။ အိတ်ကို ပြင်ဆင်ပြီးလို့ ခြံထောင့်က ပန်းချုံထဲမှာ ကြိုဖွက်ထားပြီးပြီ။ မင်းကိုခင်လို့ မခေါ်သွားရရင် မနေနိုင်လို့ လာခေါ်တာ။ မင်း မလိုက်ခဲ့ရင်လည်း ငါက သွားဖို့ အသင့်ပဲ။ အိတ်ကို အိမ်ထဲပြန်သိမ်းစရာ အကြောင်းမရှိဘူး"

နီတူးက ထိုသို့ အပိုင်ကို ပြင်ဆင်ထားခဲ့ပြီးပြီဖြစ်လေသည်။ ဟန်မင်းဆက်သည် ကျောင်းလွယ်သော ကျောပိုးအိတ်ကို လွယ်နေကျအတိုင်းလွယ်ကာ အိမ်ပေါ်ရှိ သူ့အခန်းထဲမှ ဆင်းလာခဲ့သည်။ အဖေက CNN သတင်း ကြည့်နေသဖြင့် ဟန်





မင်းဆက်ကို သတိမထားမိ။ အမေကတော့ ဘုရားပန်းကပ်နေသည် ဖြစ်ရာ ဟန်မင်းဆက်ကို မြင်သွားပါသည်။

"သားလေး ... ဘယ်လဲ"

"ဟို ... အမေ ... ဟိုဟာ"

ဟန်မင်းဆက်မှာ ကတုန်ကယင်ဖြင့် ရုတ်တရက် ပြောမထွက်သလို ဖြစ်နေသည်။

"ကျောပိုးအိတ်ကြီးနဲ့ ဘယ်လဲ"

"နီတူး ... နီတူးနဲ့ ..."

"ဩော် ... စာကျက်မလို့လား။ ခုန အမေ့ကို နီတူး ပြန်ခါနီး ပြောပြီး ခွင့်တောင်းသွားပါတယ်"

"ဟုတ်လား"

နီတူးက ကြိုပြီးတော့တောင် ခွင့်တောင်းပေးသွားသည်တဲ့။ ဘယ်လောက် အားကိုးရတဲ့ နီတူးလဲ။

"ဟုတ်တယ်လေ ... မောင်ဟန်နဲ့ စာအတူတူမကျက်ရတာ ကြာလို့တဲ့၊ ဒီနေ့ စာကျက်ပါရစေ အန်တီတဲ့၊ သူ့သားဆီလာပြီး စာကျက်ရင် ခွင့်ပြုပေးပါခင်ဗျာတဲ့။ အံ့မယ် နီတူး လိမ္မာနေလိုက်တာလေ။ အမေ့ကိုတောင် ဘုရားပန်းအိုး ကူသယ်ပေးသွားသေးတာ။ စာကျက်တာပဲ ဘာခွင့်မပြုစရာရှိလဲ၊ သွား ... သွား။ စာရအောင်ကျက် သချာလည်း နည်းနည်းတွက်ခဲ့ဦး။ သားက သချာတွက်ရင် သိပ်မသွက်ဘူး များများကျင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေက သွား ... သွား ဆိုတာနဲ့ ဟန်မင်းဆ
သည့် နောက်ကိုပင် လှည့်မကြည့်ရဲတော့သလိုပုံစံနဲ့ အိမ်ထဲ
ထွက်လာတော့လေသည်။ နီတူးတို့ ခြံထောင့်က စက္ကူပန်းချုံ
မှာ နီတူး စောင့်နေမယ်ဆိုတာ ယုံကြည်ပြီးသား ဖြစ်ပါသည်

* ○ *





## ၁၂

နေဝင်ပြီး မှောင်စပြုလာသောအခါ ဟန်မင်းဆက် ကြောက်လာသည်။ လူက ငိုချင်သလိုလို ဖြစ်လာသည်။ နီတူးကတော့ လုံးဝမျက်နှာမပျက်ဘဲ လူကြီးကြီးတစ်ယောက်လိုပဲ ကားလက်မှတ်ကိုကိုင်ပြီး ကားအလာကို စောင့်နေသည်။ သူတို့စီးရမည့်ကားက စ,ထွက်မည့်ဂိတ်ရှေ့ကို လာခိုက်မှ တက်ရမည်ဟု သိထားလေရာ ကားကိုမြင်နေပေမဲ့ တက်ခွင့်မရသေး။

"ဟော့ကောင် ... နီတူး"

ဟန်မင်းဆက် နည်းနည်းငိုသံပါလျက် နီတူးကို အားကိုးတကြီး ခေါ်လိုက်သည်။ နေရင်းထိုင်ရင်း အာခေါင်ထဲက နာလာကာ ကိုယ်ပူချင်သလိုလိုလည်း ဖြစ်လာသည်။

"ဘာလဲ"

"ငါ ... ငါ အိမ်ပြန်ချင်တယ်"

"ဟာကွာ ... မင်းကလဲ၊ အရေးထဲမှာ",



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ ငါ ဖျားလာပြီ ထင်တယ်"

"မှန်း"

နီတူးက သူ့လက်ဖဝါးဖြင့် ဟန်မင်းဆက်ကို စမ်းကြည့်၏။

"ဟာ ... မင်းက ဖြစ်ရပြန်ပြီ၊ ခုနက အကောင်းကနေ ဘာလို့ နေရင်းထိုင်ရင်း ဖျားလာရတာလဲ"

"မင်းကို ငါ ပြောသားပဲ၊ ငါ ရေခဲပါတဲ့ ကြံရည်မသောက်ပါဘူးဆိုတာ။ မင်း အတင်းတိုက်လို့ သောက်လိုက်ပြီး နေပူထဲ ထိုင်လိုက်တော့ အာသီးက ချက်ချင်းရောင်လာပြီး ဖျားတာပေါ့"

နီတူးလည်း ဟန်မင်းဆက် မျက်နှာအမူအရာကို ကြည့်ပြီး သနားသွားပါသည်။

"အိမ်တော့ မပြန်နဲ့ကွာ၊ ထွက်လာပြီးမှ ချက်ချင်းကြီးပြန်ရရင် မမိုက်ပါဘူး"

"ငါ နေမကောင်းဘူးကွ၊ ငါနေမကောင်းရင် မင်းကအမေလို ပြုစုတတ်မှာ မဟုတ်ဘူး။ အမေဆို ငါဖျားရင် ငါ့နဖူးပေါ် ရေပတ်အဝတ်တင်ပြီး တစ်ချိန်လုံး ဘေးကထိုင်စောင့်တယ်။ နောက်ပြီး ငါက ဆေးသောက်ရင် ခုထိ ဆေးလုံးမျိုမချတတ်ဘူး။ မျိုချကြည့်တိုင်း လည်ချောင်းဝမှာ နင်တတ်လို့ အမေက အမှုန့်ကြိတ်ပြီး ရေနွေးနဲ့သကြား ဖျော်





ထားတဲ့ အရည်နဲ့ ရောမွှေပြီး ဖွန်းနဲ့တိုက်ရတယ်၊ တစ်ခါတလေ ငါက အန်ချတတ်သေးတယ်။ ငါ နေမကောင်းရင် ဘာမှမစားဘူး။ ဘာမှလဲ စားမဝင်ဘူးဆိုတော့ အမေ လုပ်ကျွေးတဲ့ ကြက်ဥပူတင်းပျော့ပျော့လေးပဲ အမေ စိတ်ရှည်လက်ရှည် ခွံ့လို့ စားဝင်ပြီး အားရှိနေတယ်။ အားမပြတ်ဘူးပေါ့ ဒါကြောင့် ငါ စိတ်ပူပြီး အိမ်ပြန်ချင်လာတာပါကွာ"

"ငါတို့ ဘတ်စ်ကားက မထွက်သေးပါဘူး၊ လာ ... လာ... ဘတ်စ်ကား မထွက်ခင် နာရီဝက်လောက်အချိန်ရသေးတယ်။ သွားရအောင် ဒီအနီးအနားမှာရှိတဲ့ ဆေးခန်းကို ခဏဝင်ပြရအောင်ကွာ၊ ဒါဆို ဆရာဝန်ပေးတဲ့ ဆေးကို ချက်ချင်းသောက်လိုက်ရင် သက်သာမှာပါ၊ လာပါကွာ မင်းကလည်း အိမ်မပြန်ချင်ပါနဲ့ ငါရှိနေသားပဲ"

နီတူးက ဇွတ်အတင်းပဲ လက်ဆွဲခေါ်ပြီး ကားဂိတ်ကြီးရဲ့ တစ်ဖက်ခြမ်း လမ်းမကျယ်ကြီး ခြားထားသော နေရာမှာရှိသည့် ဆိုင်ခန်းတွဲကြီးတွေဆီသွားဖို့ ခေါ်သည်။ တစ်ဖက်ခြမ်းမှာ စည်ကားအသက်ဝင်နေလှပြီး လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ထမင်းဆိုင်၊ စတိုးဆိုင်တွေအပြင် ဆေးဆိုင်တွေရော ဆေးခန်းပါ ဖွင့်ထားတာ တွေ့နေရသည်။ အားလုံးဟာ ကားဂိတ်ကို အမှီပြုပြီး စီးပွားရေး လုပ်နေကြပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ဝင်းကြီး၏ တစ်ဖက်ခြမ်းကိုရောက်
ခြောက်လမ်းသွားစနစ်ဖြင့်မောင်းသော ကားတွေ ဥဒဟိုသွား
သည့် လမ်းကျယ်ကြီးကို ဖြတ်ကူးကြရမည်ဖြစ်သည်။ နှစ်လ
မောင်းမို့ တစ်ဖက်သုံးလိုင်းစီမှာ အသွားအပြန် မောင်းနေကြသော
ကားတွေက ပြတ်သည်ရယ်မရှိ။

နီတူးက ဆရာကြီးလုပ်ပြီး ...

"လာ ... မောင်ဟန်၊ ငါ့လက်ကို မြဲမြဲကိုင်ထား၊ ငါက
ဆိုတာနဲ့ ပြေးပြီးကူးမယ် ဟုတ်ပြီလား"

ဟု ပြောပါသည်။

"ရရဲ့လားကွာ၊ မီးပွိုင့်ဆီရောက်အောင်သွားပြီး ကူးပါလား
အလယ်က ဖြတ်ကူးတော့ ဘယ်ကားမှ ရပ်မနေဘူး။
ရခက်တယ်"

"မီးပွိုင့်က အဝေးကြီး လျှောက်ရမှာ။ ပြီးတော့ ကြည့်ဦး
ဆေးခန်းကို၊ ဒီတည့်တည့်က ဖြတ်ကူးရင် ဒါရိုက်ပဲရောက်
တယ်ကွ။ အချိန်လည်း သိပ်မရှိဘူး၊ ဆေးခန်းပြီးပြီးတာ
ဒီကားဂိတ်ဘက် ပြန်ကူးတာနဲ့ ငါတို့စီးမဲ့ကားက ထွက်
အသင့်ဖြစ်နေလိမ့်မယ်။ မီးပွိုင့်ကို လျှောက်နေရင် ကြာ
တယ်"

ဒါနဲ့ပဲ သူတို့နှစ်ယောက်သား လက်ကိုတွဲထားလိုက်
ကြပြီး ခေါင်းတွေ ဘယ်ပြန်ညာပြန် လည်နေအောင် ကြည့်လျက်
ကားလမ်းမကျယ်ကို ဖြတ်ပြေးဖို့ ကြိုးစားလေသည်။ ကားတွေ





င်တုန်စရာကောင်းလောက်အောင် မောင်းနေသည်မှာ လမ်းဘေး
လက်ဖောင်းတွင် ရပ်နေသောသူတို့ကိုပင် လေဟပ်ပြီး ယိုင်သွား
သည်။

"ရပြီ ... ရပြီ ... ရှင်းပြီ ... ကူးမယ်၊ မောင်ဟန် ... လာ
လာ ... မြန်မြန်"

နီတူး ပြောလိုက်တာနဲ့ ဟန်မင်းဆက်လည်း နီတူး
လက်ကို ကျစ်နေအောင်ဆုပ်ကိုင်ကာ အပြေးကူးပါသည်။ တစ်
ခြမ်းတော့ အဆင်ပြေပြေနဲ့ ကူးလိုက်နိုင်ပြီး နောက်တစ်ခြမ်းကို
ကူးရန် အလယ်က အဖြူလိုင်းကြီးမှာ ခဏရပ်စောင့်ရလေသည်။
တစ်ဖက်ခြမ်းက မရှင်းသေးပါ။

"ရှင်းတာနဲ့ ကူးမယ်နော် မောင်ဟန်၊ ခုနကအတိုင်းပဲ၊
အရှိန်လည်း မလျှော့နဲ့ ပြေးသာပြေး။ ဟိုဘက်ပလက်
ဖောင်းရောက်ရင် ပြီးပြီ"

"အပြန်ကျ တစ်ခါကူးရဦးမှာကွာ၊ ငါ ဖျားလာတော့ ရင်
ထဲမှာ မောပြီးတုန်နေတယ်၊ ကြောက်လည်း ကြောက်တယ်၊
ထပ်မကူးရဲတော့ဘူး"

"လျှာရှည်မနေနဲ့၊ လာ ... လာ ... ရှင်းပြီ ကူးမယ်"

နီတူးက ပြောပြောဆိုဆို အတင်းဆွဲလည်းဆွဲခေါ်၊
ပြေးလည်းပြေး။ ဟန်မင်းဆက်မှာ ဒရောသောပါး နောက်ကပြေး
လိုက်ရလေရာ စီးလာသော ခြေညှပ်ဖိနပ်တစ်ဖက်က လမ်းမကျယ်
ကြီးမှာ ကျွတ်ကျပြီး ကျန်ခဲ့တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီတူး ... နီတူး ... ငါ့ဖိနပ် ကျွတ်ကျကျန်ခဲ့ပြီကွ ဖိနပ် ... ဖိနပ်"

တစ်ဖက်ခြမ်းမရောက်မီကတည်းက အော်ပြော သော ဟန်မင်းဆက်ကို နီတူး ဂရုမစိုက်အားပါ။ လမ်းဘေးပလ ဖောင်းဆီသာရောက်ဖို့ စိတ်အားထက်သန်နေသည်။ ပလက်ဖော ပေါ်ရောက်တော့မှ နီတူးက ဟန်မင်းဆက် လက်ကို လွှတ် လိုက်ပြီး ခါးထောက်လိုက်ကာ ...

"ကဲ ... ဘာဖြစ်ရပြန်တာလဲ"

ဟူ၍ လူကြီးကြီးတစ်ယောက်ရဲ့ အိုက်တင်နဲ့ လိုက်တော့လေသည်။

"ငါ့ဖိနပ်တစ်ဖက် ကျွတ်ကျကျန်ခဲ့ပြီ"

"မင်းကလည်း ကလေးကျနေတာပဲ၊ ခြေထောက်မှာမြဲအော တော့ မစီးထားဘူး"

"စီးထားတာပဲကွ"

"ဖိနပ်ကျွတ်ကျတာများကွာ ငိုတော့မဲ့ပုံနဲ့"

"ငါ့ဖိနပ်ကျွတ်တာကွ၊ မင်းဖိနပ်မှ မဟုတ်တာ၊ မင် ဘယ်ငိုချင်မလဲ"

"ငါ သွားကောက်ပေးမယ်"

ဟန်မင်းဆက် မတားလိုက်နိုင်ခင်မှာပင် နီတူး ကားလမ်းမကျယ်ကြီးပေါ် ပြန်ပြေးတက်သွားလေပြီတည်း။





ကို ပြေးပြီး ဆတ်ခနဲ ကောက်လိုက်ပြီးနောက် ဟန်မင်းဆက်ဘက် သို့ ဂုဏ်ယူဝင့်ကြွားစွာ ပြန်လှည့်လိုက်ပြီး ဖိနပ်တစ်ဖက်ကိုပါ မြှောက်ပြလိုက်သေးလေသည်။

အဖြစ်အပျက်မှာ တကယ့်ကို ခဏလေးပဲ။ မိနစ် ပိုင်းလေးပဲ မျက်တောင်တစ်ချက် ခတ်လိုက်သလိုပဲ ဖြစ်ပျက်သွား ခဲ့ပါသည်။

ဟန်မင်းဆက်၏ ဖိနပ်တစ်ဖက်ကိုကိုင်ပြီး ပြန်ပြေး လာသော နီတူးကား မြှောက်ခနဲ တစ်ချက်တက်သွားပြီး ကတ္တရာ လမ်းပေါ် ပြန်အကျမှာ သွေးအိုင်ထဲတွင် လဲနေရက်သား ဖြစ်သွား ပါသည်။ နီတူး လဲကျနေရာမှာ သွေးရူးသွေးတန်း ပြန်ထလိုက် ပြီး ...

"မောင်ဟန် ... မင်းဖိနပ် ငါပြန်ကောက်လာပြီ"

ဟု ဗလုံးဗထွေး၊ မပီမသ အော်ပြောကာ ပါးစပ်ထဲ မှ သွေးတွေ ပွက်ခနဲ တစ်ချက်အန်ချလိုက်သေးသည်။

ပြီးမှ လုံးဝခွေလဲသွားပါသည်။

"ဟာ ... တိုက်သွားပြီ၊ တိုက်ပြီ၊ ကလေးလေးတစ်ယောက် ကို ကားတိုက်မိသွားပြီ"

"ကားသမားလည်း ကြောက်ပြီး မောင်းပြေးသွားပြီ"

"ဟာ ... ကားက ကြောက်ပြီး မောင်းပြေးရင်းနဲ့ လမ်းဘေး မာတ်တိုင်ကို ဝင်တိုက်မိသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးလေးတော့ အသက်မှ ရှိသေးရဲ့လား မသိဘူး ကြည့်ကြပါဦးဟဲ့"

"သွေးတွေမှ နည်းတာ မဟုတ်ဘူး၊ အများကြီးပဲ"

"လမ်းမပေါ်တက်ပြီး ဘာသွားလုပ်တာလဲ၊ ဒီလောက် ကားတွေရှုပ်နေတာ၊ မိဘမပါဘဲ ကားလမ်းကူးတာကိုး"

"ဖိနပ်တစ်ဖက် ပြေးကောက်တာ တွေ့တယ်၊ အဲဒီဖိနပ်ကို ခုထိ လက်ထဲမှာ ဆုပ်ကိုင်ထားတုန်းပဲ၊ လက်ချောင်းလေး ကို ဖြေပြီးယူတာတောင် မရဘူး။ တင်းကျပ်နေအောင် ဆုပ်ထားတာဟယ်"

ထိုသို့သော ပတ်ဝန်းကျင်မှ အသံမျိုးစုံ၊ ဝေဖန်သံ မျိုးစုံတွေသည် ဟန်မင်းဆက်ကို ဝင်တိုက်သွားကြပါသည်။

လူတွေအားလုံးဟာ ဟန်မင်းဆက်ကို သတိမထားမိ ကြဘဲ သွေးအိုင်ထဲတွင် ငြိမ်သက်စွာလဲလျောင်းနေခဲ့သော နီတူး ကို ပွေ့ချီသူကချီ။ ဆေးရုံပို့ဖို့ ကြိုးစားသူက ကြိုးစားဖြင့် ဗျာများ ရှုပ်ထွေးနေတော့သည်။

ဟန်မင်းဆက်သည် မျက်လုံးကြီး ပွင့်လျက်သား သတိမေ့နေသည်လား၊ အသက်ပျောက်နေသည်လား မသိသော နီတူး မျက်လုံးပြူးကြီးနှင့် သွေးတွေဖြင့် ပေကျံနေသော နီတူး မျက်နှာပြင်ကို ငေးကြည့်ရင်း ... ကြည့်ရင်း ... ကြည့်ရင်းနဲ့ ...။





ရင်ထွေ တလှပ်လှပ်ဖြစ်လာကာ၊ ရင်ထဲမှာ ကွဲထွက် တော့မလို ဆို့နင့်လာကာ ...။ မျက်ရည်ပေါက်ကြီးတွေ ကျလာ ရင်း ...

"နီတူး ..."

ဟု အော်ခေါ်လိုက်ပြီးသောအခါ ဟန်မင်းဆက်က နေရာမှာတင် သတိမေ့လဲသွားခဲ့ပါတော့သည်။

* O *

www.burmeseclassic.com



## ၁၃

မြကြာယံသည် အခုမှပင် အိပ်မက်တစ်ခုထဲမှ
လာခဲ့သလိုပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ ဟန်မင်းဆ
ကို ကြည့်လိုက်တော့ ခုထိ အိပ်မက်ထဲမှာ ရှိနေဆဲလူလိုပဲ
ဝေဝေဝိုင်နေဆဲ။ သူ့မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေပင်
နေတာတွေ့ရသဖြင့် မြကြာယံ အံ့သြငြိမ်သက်နေရသည်။ အ
ကြီး ငြိမ်နေသေးပြီးတဲ့အထိ ဟန်မင်းဆက်က မလှုပ်မယှက်
နေသောအခါ မြကြာယံ မနေနိုင်တော့ပဲ ...

"နီတူး ... ဘာမှမဖြစ်ဘူး မဟုတ်လား၊ ဒါကြောင့် ခု
မောင်ဟန့် သူငယ်ချင်း ဖြစ်နေသေးတာပဲ"

ဟု ဖြေသိမ့်သလို ပြောလိုက်ပါသည်။

ဟန်မင်းဆက်ဆီမှ မွကြေနေသော အသံဖြင့် ...

"အားလုံးက ပြောကြတယ်၊ နီတူး သေသွားတယ်တဲ့"



မြကြာယံ ဘာပြန်ဖြေရမှန်း မသိဘဲ ကြောင်နေသည်။ ဟန်မင်းဆက် ဘာတွေများ ပြောနေသလဲလို့ စဉ်းစားမရဖြစ်နေသည်။

နီတူး သေသွားခဲ့တယ်ဆိုရင် ဘာကြောင့် ဟန်မင်းဆက်မှာ နီတူး ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိနေတော့မလဲ။

"နီတူး တကယ်မသေပါဘူး၊ တကယ်တော့ အားလုံးက အထင်မှားတာပါ။ နီတူး ကျွန်တော့်ဆီ ပြန်လာခဲ့ပါတယ်။ သူ သိပ်ပေးချင်တဲ့ သူ ကောက်ပေးခဲ့တဲ့ ဖိနပ်တစ်ဖက်ကို ပြန်လာပေးတာလေ။ ဒါပေမဲ့ အားလုံးကတော့ နီတူးသေသွားတာပဲ ပြောကြတယ်။ နီတူး မိဘတွေနဲ့ ကျွန်တော့် မိဘတွေလည်း နီတူး အဖြစ်ကြောင့် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အပြစ်တွေတင်ကြ၊ အထင်တွေလွဲကြ၊ သူ့သားကြောင့်၊ ငါ့သားကြောင့်။ သူ့သားမှာ အပြစ်မရှိဘူး၊ ငါ့သားမှာ အပြစ်မရှိဘူး။ သူ့သားဖျက်ဆီးလို့၊ ငါ့သား ဖျက်ဆီးလို့ အဲဒီလိုမျိုးတွေပေါ့ အဖြစ်ဆိုးတစ်ခုကို ကြုံလိုက်ရတော့ တစ်ဖက်နဲ့တစ်ဖက် အမုန်းတွေ ပွားကြပြီး အဲဒီထဲကစပြီး အခေါ်အပြော သိပ်မလုပ်ကြတော့ဘူး။ ပိုပြီးဆိုးတာက ကျွန်တော့်ကြောင့်ပဲ၊ ကျွန်တော်က နီတူး မသေပါဘူး။ နီတူး ကျွန်တော့်ဆီ ပြန်လာပြီး ဖိနပ်လာပေးတယ်။ နီတူးနဲ့ အမြဲကစားရတယ် စကားတွေပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလည်း အတူတူသွားတယ်လို့ အားလုံးရှေ့မှာ ပြောမိတော့ တစ်ဖက်နဲ့တစ်ဖက် ပိုမုန်းစရာတွေ ဖြစ်သွား ကြတယ်လေ"

မြကြာယံမှာ နားထောင်ရင်း နားထောင်ရင်း နားလည်တာတွေ နားလည်သလိုလို၊ ဒါပေမဲ့ နားမလည်တော့ မလိုလိုတွေ ရှုပ်ထွေးလို့နေသည်။ ဟန်မင်းဆက်ကိုလည်း မြင်ဖူး တွေ့ဖူးနေကြပေမဲ့ မမြင်ဖူးတဲ့ လူစိမ်းတစ်ယောက်လို ထင်ကာ စိုက်ကြည့်နေမိပါသည်။

"နီတူးအဖေနဲ့ အမေကလည်း ကျွန်တော့်တာသာ ကျွန်တော် စိတ်အထိခိုက်လွန်ပြီး အကြောက်လွန်ပြီး ရူးကြောင်ကြောင် ဖြစ်လို့ ပြောတာတဲ့၊ သူ့သားကို မကျွတ်မလွတ်ဘူးလို့ အထင်ခံရအောင် ပြောတာတော့ မကြိုက်ဘူးဆိုပြီး စိတ် တအားဆိုးကြတယ်"

မြကြာယံသည် ရင်ထဲမှာ ဘာကို ကြောက်ရွံ့စိုးရိမ် နေမှန်းမသိ ဖြစ်လာသည်။

"ကျွန်တော့်အဖေအမေတွေကလည်း နီတူး ဒုက္ခပေးသွားခဲ့ လို့ ကျွန်တော်ဟာ လူကောင်းကနေ ရူးသလိုလို ဖြစ်ရတယ် ဆိုပြီး နီတူးကို ပိုပြီးစိတ်ဆိုးကြတယ်၊ နောက်ပြီး နီတူး ဟာ ကျွန်တော့်ကို စိတ်စွဲပြီး တကယ်မကျွတ်ဘဲ လိုက်ကပ် နေတယ်လို့လည်း ထင်ကြတယ်"





ဟန်မင်းဆက် မျက်လုံးတွေထဲ အကဲခတ်ကြည့်လိုက် တော့လည်း တကယ့်ကို လူကောင်းတစ်ယောက်လိုပဲ ကြည်လင် လျက် ပြောပြနေတာမျိုး ဖြစ်နေသည်။

"ကျွန်တော့်ကို အဖေအမေတို့က ဆေးကုလိုက်ကြသေး တယ်၊ စိတ်ရောဂါကုခံရတာလေ၊ ဟား ဟား ... တကယ် တော့ ကျွန်တော်မှ မရူးတာ။ နီတူး မသေဘူး။ ကျွန်တော့် ဆီ ပြန်လာတယ် ပြောတာကို သူတို့မှ မယုံတာ"

မြကြာယံသည် ဟန်မင်းဆက် စကားအဆုံးမှာ ချက်ချင်း ဖြတ်မေးလိုက်သည်။

"ဒါဖြင့် နီတူးက တကယ်သေတာလား၊ မသေဘူးလား။ ကြာယံ ဘာမှနားမလည်တော့ဘူး။ မောင်ဟန် ပြောပြတဲ့ အထဲမှာ နီတူး သေတာလည်း ပါတယ်၊ မသေတာလည်း ပါတယ်၊ ဘယ်ဟာက အမှန်လဲ"

"နီတူးမှ မသေတာလေ၊ ကြာယံ အသိပဲ၊ သူ မသေလို့ပဲ ကြာယံ့ဆီ ဖုန်းဆက်တာပဲ။ ကြာယံ့ဆီ e-mail တွေပို့နေ တာပဲ။ သူ မသေလို့ပဲ ကြာယံ့ကို ချစ်တဲ့အကြောင်းပြော လို့ရတာပဲ"

မြကြာယံပင် ဇဝေဇဝါ ဖြစ်သွားပါသည်။ ဟုတ် သားပဲ။ ဖုန်းလည်း တစ်ခါဆက်ဖူးတာပဲ။ e-mail တွေပို့ပြီး ရည်းစားစကားတောင် ပြောသေးတာပဲ။ ဘာတွေပါလိမ့်။ ဒါဖြင့် ဘယ်ဟာက အမှန်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်မိန်းကလေးကိုမှလဲ မချစ်ဖူးပါဘူး။ ကြာယံကို
မြင်မှ သူ တကယ်ချစ်သွားတာ ဖြစ်မယ်။ သူက ဘယ်
နေရာမဆို ကျွန်တော့်ကို ဦးစားပေးပါတယ်၊ ကျွန်တော်
ကို ဘယ်တော့မှ မပြိုင်တတ်ပါဘူး။ ဒီတစ်ခါတော့ သူ
တကယ်ချစ်သွားလို့ ဖြစ်မှာပါ၊ ဒါကြောင့် သူ့ကို ကျွန်တော်
နားလည်ပေးလို့ ရတယ်။ ခွင့်လွှတ်လို့ ရတယ်။ သူ့ကို
ကျွန်တော် မပြိုင်ချင်ပါဘူး ကြာယံရယ်"

ဟင် ... ဒါဖြင့် ...။ သူ ... သူ ... ငါ့ကို ဘယ်
တော့မှ ဖွင့်မပြောတော့ဘူးပေါ့။

မြကြာယံ ထိုသို့ ဖျတ်ခနဲ တွေးမိသလို နီတူး ချစ်
တာ တကယ်ရှိသလား၊ မရှိဘူးလား ဆိုသော သံသယကလည်း
ဖြစ်လာပါသည်။ ဟန်မင်းဆက် ပြောတာတွေ နားထောင်ပြီး
သူမပင် ရူးချင်သလိုလို ဖြစ်လာသည်။

"သူ့ကို ကြာယံ မြင်ဖူးချင်တယ်"

"ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်"

"လူကိုယ်တိုင် လာတွေ့ပါလို့"

"စိတ်ချ"

"မောင်ဟန် နောက်တစ်ခါ ကြာယံ့ဆီလာရင် သူ့ကို
ခေါ်လာခဲ့မယ်လို့ ကတိပေး"

"ဒါဆို ကြာယံ့ဆီကလည်း ကတိတစ်ခု ကြားချင်တယ်
ပေးမလား"





"ဘာလဲ"

"အမေ့ကို ကျွန်တော့်ဆီက သိထားတာတွေ သွားမမေးပါ
ဘူးလို့"

အံမယ် ... တယ်လည်ပါလား။ ငါ့စိတ်ထဲမှာ အဲဒီ
လိုတွေးနေမယ်ဆိုတာ သူ သိနေပါလား။ မရဘူး။ ငါကတော့
မေးကိုမေးရမှာပဲ။ ဒီကိစ္စကို စုံစမ်းရတော့မှာပဲ။ နီတူး အိမ်ကို
ရော၊ ဟန်မင်းဆက် အိမ်ကိုရော စုံစမ်းရမယ်။ ဘာဖြစ်လဲ ...
ငါ အဖြစ်မှန်ကို သိရဖို့ စုံစမ်းတာပဲ။

သို့ပေမဲ့ အခုတော့ ဟန်မင်းဆက် စိတ်ကျေနပ်
အောင်တော့ ...

"မမေးပါဘူး၊ ဘာလို့ မေးရမှာလဲ"

လို့ ပြန်ဖြေလိုက်ရပဲပေါ့။

"တခြားကြောင့်တော့ မဟုတ်ပါဘူး၊ အမေတို့က နီတူး
ကို အဲဒီတစ်ခါ အိမ်ကထောင် ထွက်ပြေးအောင် ကျွန်တော့်
ကို ခေါ်ထုတ်တာရော၊ ကျွန်တော် အဲဒီလို နီတူးကို ကား
တိုက်ခံလိုက်ရတာကို မြင်လိုက်ရပြီး အကြီးအကျယ် အိပ်
ရာထဲလဲတာ အသက်တောင် မနည်းလုယူပြီး ဆေးကု
လိုက်ရတာရော ပေါင်းပြီး နီတူးကြောင့် နီတူးကြောင့်နဲ့
အပြစ်တင်ကြတယ်။ နီတူးကိုလည်း တအားမုန်းသွားကြ
တယ်။ နီတူးဆိုတဲ့ နာမည်ကို မကြားချင်တော့တဲ့ အထိ
ပဲ။ နီတူးနဲ့ ဆက်ပြီးပေါင်းတာလည်း မကြိုက်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ ဒါကြောင့် ကြာယံ နီတူးနဲ့ပတ်သက်တာ အ...
မေးရင် သူတို့ ကြာယံ့ကိုပါ စိတ်ဆိုးကြမှာ စိုးရိမ်လို့...
အမေက ကြာယံ့ကို အရမ်းသဘောကျပြီး ချစ်နေတာ...
အမေ စိတ်မကွက်စေချင်လို့ပါ"

ဟင် ... ပြောပြန်ပြီ။ အမျိုးမျိုးပဲ။ ခုနက... နီတူးကို မပြိုင်ချင်ပါဘူး။ နီတူးကို ကြာယံ ပြန်လက်ခံရင် ... ခံလိုက်ပါဆိုတဲ့ သဘောမျိုး။ နီတူးကိုငဲ့ပြီး ဘယ်တော့မှ ... ပြောတော့ပါဘူးဆိုတဲ့ သဘောမျိုး ပြောခဲ့သေးတယ်။ အခု... တော့လည်း သူ့အမေက သဘောကျနေတဲ့ ကြာယံ့ကို အ... စိတ်ကွက်သွားမှာ မလိုချင်ပြန်ဘူးတဲ့။ ဘာတွေလဲ မောင်ဟန်ရ... ရှင် တကယ်များ ရူးနေခဲ့သလား။

မြကြာယံသည် ထိုနေ့က အိမ်ပြန်သောအခါ နော... နေ့တွေမှာ ဘာဆက်လုပ်ရမလဲ ဆိုသော အစီအစဉ်ကိုသာ ခေါင်... ထဲမှာ အစီအရီ တွေးထားလိုက်တော့လေသည်။

* ○ *



## ၁၄

"ကြာယံလားဟင်"

မြကြာယံသည် ဖုန်းကိုင်ကိုင်ချင်း ကြားလိုက်ရ...ာ အသံကြောင့် ဆံပင်မွှေးတွေပင် ထောင်သွားသလို ခံစား...ရပါသည်။ မှတ်မိတာပေါ့။ ဒါ ... ဒါ ... သူ့အသံပဲ။ နီတူး...သံပဲ။ တစ်ခါပဲ ဖုန်းထဲမှာ ကြားဖူးလိုက်ပေမဲ့ ဒီအသံကို ဘာ...ကြောင့်မှန်း မသိဘူး။ တစ်ခါပဲ ကြားဖူးလိုက်ပေမဲ့ မှတ်မိနေ...ယ်။ အသံခပ်ဝင်ဝင် ခပ်အက်အက်၊ တစ်ခုခု နင်နေသလိုလို။ ...စ်ခုခုနဲ့ ကာထားသလိုလို အက်ကွဲရှတဲ့အသံ။

"နေ့လယ်က မောင်ဟန်နဲ့ အင်းလျားမှာ စကားတွေပြော ခဲ့ကြတယ်လို့ မောင်ဟန် ပြန်ပြောလို့ သိရတယ်"

ဪ ... ချက်ချင်းကို သတင်းက ရောက်တာပါ...လား။ ဟယ် ... နေဦး။ နီတူးဟာ သေပဲသွားသလား။

www.burmeseclassic.com

www.burmeseclassic.com



မသေဘူးလားဆိုတာ ငါ ခုထိ ကွဲကွဲပြားပြား မသိရသေး ဘာကိုယုံရမလဲ။ မောင်ဟန် ပြောသွားတာတွေဟာ ရှင်းသလို နဲ့ မရှင်းဘူး။ ဘာတွေမှန်းကို မသိဘူး။ စဉ်းစားရခက်လိုက်တာ

"ကျွန်တော် ကြာယံ့ကို လာတွေ့ချင်ပါတယ်။ ဒါ ပြန်တွေးကြည့်ရင် ကျွန်တော်လုပ်နေတာတွေဟာ မောင် အသည်းကို တမင်ခွဲနေသလို ဖြစ်မှာစိုးလို့ နောက်ဆု လိုက်တဲ့ သဘောပါ"

"ဘာရယ် ... ဘာပြောတယ်"

"စိတ်မဆိုးပါနဲ့ ကြာယံ။ ကျွန်တော် ပြောထားတာတွေ ပြန်ရုပ်သိမ်းပါတယ်။ ကျွန်တော် မောင်ဟန် အသည်း ပြီး ကျွန်ခဲ့မှာကို မမြင်ရက်ပါဘူး၊ ဒါကြောင့် မောင်ဟ အတွက် နောက်ဆုတ်ပေးလိုက်ပါပြီ၊ ကြာယံ သူ့ကို စဉ်းစားပါတော့နော်"

မြကြာယံ စိတ်ပေါက်ပေါက်ဖြင့် ...

"အံမာ ... ကြာယံ့ကိုများ ဘောလုံးထင်နေသလား၊ ဟိုဘက် ပုတ်ထုတ်လိုက်၊ ဒီဘက် ပုတ်ထုတ်လိုက် လုပ် တိုင်း လုပ်လို့ရမလား။ နောက်ပြီး ရှင့်သူငယ်ချင်းက ဘာသဘောလဲ။ သူဖြင့် ဘာမှဖွင့်မပြောဘဲနဲ့ ကြာယံ ဘာကြောင့် စဉ်းစားရမှာလဲ၊ တဖြည်းဖြည်းနဲ့ ရှင်တို့ ယောက်စလုံးကို ကြာယံ မုန်းမုန်းလာပြီ"





ဟု ချက်ချင်းပဲ ပြန်ရန်တွေ့ပစ်လိုက်မိပါသည်။

ထိုအခါ တစ်ဖက်မှ နီတူး တစ်ယောက် စိုးရိမ်သွား သော အသံဖြင့် ...

"မမုန်းပါနဲ့ ကြာယံ။ ကျွန်တော့်ကိုမုန်းရင် မုန်းပါ၊ မောင်ဟန့်ကိုတော့ မမုန်းလိုက်ပါနဲ့ဗျာ၊ ဒီကောင်က လူ လိမ္မာပါ၊ လူကောင်းပါ။ သူ ကြာယံ့ကို တကယ်ချစ်တာ ပါ"

အံမယ် ... ဒီတစ်ခါပဲ နီတူးဆီက ဟန်မင်းဆက် ပေါ် ဖေးဖေးမမနဲ့ အကောင်းပြောတာ ကြားဖူးတော့တယ်။

"သူက ရှင့်ကို တစ်ဆင့်ပြောခိုင်းလို့လား"

"မဟုတ်ပါဘူး။ သူ မပြောရဲသေးလို့ပါ၊ သူ တစ်နေ့ကျ ဖွင့်ပြောမှာပါ။ ကြားထဲက ကျွန်တော် ဝင်ရှုပ်လိုက်သလို ဖြစ်သွားတော့ သူ တွေဝေသွားပြီလို့ ကျွန်တော်ထင်လို့ ဒီကိစ္စကို အမြန်ဝင်ရှင်းတာပါ"

"ဒါနဲ့ နေပါဦး၊ မေးခွန်းတစ်ခု မေးချင်တယ်"

နီတူးဘက်မှ အသံခဏ တိတ်သွားပါသည်။ နီတူး ဘာမှမပြောခင် မြကြာယံကပဲ ...

"အဲဒီမေးခွန်းကိုမေးလို့ ကြာယံ့ကို တစ်မျိုးတော့ မထင်နဲ့ လို့လည်း ကြိုမှာထားချင်တယ်"

"ကြာယံ ... ဘာမေးချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စိတ်ထဲမှာ ရှင်းရှင်းလင်းလင်းနဲ့ နားထောင်ပေးနိုင်တယ်လို့ ကတိတော့ ပေးရမယ်"

"ပေးပါတယ်၊ ကတိပေးတယ်၊ ကြာယံ့ကို ကျွန်တော် ဘယ်လိုမှ မထင်ဘူး၊ စိတ်ချ"

"ကြာယံ မေးချင်တာက ဒီလိုပါ၊ ရှင် ကြာယံ့ကို တစ် လည်းမချစ်ဘဲနဲ့ ဘာကြောင့် ရည်းစားစကားပြော ဘာကြောင့် ရည်းစားစာတွေ e-mail နဲ့ ပို့နေလဲ။ အဲ မေးတာ တစ်မျိုးတော့ မထင်နဲ့နော်။ ကိုယ့်ကို ယော လေးတစ်ယောက်က သိပ်ကြိုက်စေချင်လို့၊ သိပ်သ ကျစေချင်လို့ မေးတာမဟုတ်ဘူး။ ကြာယံ့ စိတ် သိချင်လို့"

နီတူး ခပ်သဲ့သဲ့အသံဖြင့် ရယ်ပါသည်။ သူ့အ တိုးသွားလိုက်၊ ဝင်သွားလိုက်နဲ့ တိုးလွန်းလှလို့ မနည်းနား ရတာလည်းရှိရဲ့။ ဘယ်လိုယောက်ျားလေးမှန်းကို မသိဘူး။ ပြောတာ ပီပီသသလည်းမရှိ။ အက်ဝင်ရှတနေတဲ့ အသံနဲ့ ပြောတာ။ နားထောင်ရတဲ့သူက အားမရဘဲ "အဟင်းဟ အဟမ်းဟမ်း" တွေတောင် ခဏခဏယောင်ပြီး လုပ်မိ လည်ချောင်းထဲမှာ တစ်ခုခုပဲ ကပ်နေသလိုလို ထင်ရစေတဲ့ လေ။ ဒီအသံမျိုးကို တချို့ကတော့ သီချင်းဆိုရင် (အထူးသ ရော့(ခ်)သီချင်းတွေဆိုရင် အရမ်းမိုက်တဲ့အသံလို့တော့ တ ကြမယ်ထင်တယ်။





ဒါနဲ့ နေပါဦး၊ မောင်ဟန် ပြောသွားတဲ့ အကြောင်း အရာတွေဟာ အမှန်ပဲလား၊ မမှန်တာပါလားလည်း မသေချာဘူး။ နီတူး ဆိုတာ ရှိရောရှိရဲ့လား ဆိုပြီး သံသယဝင်နေတဲ့ အချိန်မှာ အချိန်ကိုက်လိုပဲ နီတူးက ဖုန်းဆက်ချလာတာမို့ ခေါင်းထဲထောင် ချာချာလည်အောင် နားမလည်နိုင်တော့ဘူး။ မောင်ဟန်ကပဲ လုပ်ကြံဇာတ်လမ်းတွေ ပြောသွားသလား။ ဒါမှမဟုတ် သူ့မိဘ တွေက သူ့ကို စိတ်အကြီးအကျယ် ထိခိုက်ဒဏ်ရာရသွားလို့ စိတ်ရောဂါဝင်တယ်ဆိုပြီး ဆေးကုခံထားရသူမို့ ဒီလိုပေါက်ကရ ဇာတ်လမ်းတွေပဲ ပြောသလား။

"အမှန်အတိုင်း ပြောရရင် ကျွန်တော် ကြာယံ့ကို အရင်မြင် တာ"

"ဘာရယ်"

"ကြာယံကို အရင်ဆုံး စတွေ့တာ ကျွန်တော်။ လှတယ် ရင်ထဲကို အေးသွားစေတယ်၊ ရင်ထဲမှာ နေရာယူစေတယ် လို့ မှတ်ချက်ပေးတာက ကျွန်တော်။ အဲဒီတုန်းက မောင် ဟန်ဟာ ကြာယံနဲ့ ပတ်သက်ပြီး ဘာမှတောင် ခံစားတုတ် ခဲ့တာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် ဘာကြောင့်မှန်း မသိဘူး။ မောင်ဟန့်ကိုပဲ တွန်းပို့ပြီး ကြာယံ ရှေ့ရောက် အောင် သွားခိုင်းခဲ့မိတယ်၊ မောင်ဟန့်ကိုပဲ မြှောက်ပေးခဲ့ ပြီး ကြာယံ့ကို သူ စိတ်ဝင်စားပြီး ချစ်လာအောင် တိုက် တွန်းပေးခဲ့မိတယ်၊ ကျွန်တော်ကတော့ နောက်လျှို့နေခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒါ ဘာကြောင့်မှန်း ကျွန်တော် ခုထိမသိ ကျွန်တော် ကြာယံ့ကို ချစ်တော့ ချစ်ခဲ့ပါတယ်၊ ဒါ ပိုင်ဆိုင်ချင်စိတ်တော့ မရှိပါဘူး။ မောင်ဟန့်ကိုပဲ ကြာ ရွေးစေချင်တယ်"

"ရှုပ်နေတာပဲ၊ နားကို မလည်တော့ဘူး"

"နားမလည်ရင်လည်း ဒီအတိုင်းပဲ ထားလိုက်ပါ၊ ကြာ မောင်ဟန့်ကိုပဲ ခေါင်းထဲထည့်ပေးပါ"

ဒီနေ့တော့ နီတူး စကားပြောတာဟာ အေး ဆေးဆေးနိုင်လှပြီး ကြာယံ့ အပေါ်မှာသာ တရင်းတနှီး ဆက် ဟန်တွေ တွေ့နေရသဖြင့် စိတ်ထဲမှာ အနည်းငယ်တော့ ထူးဆ နေသည်။

တကယ်ဆို ကြာယံနဲ့ သူဟာ ခုတစ်ခါနဲ့ပေါင်း ဖုန်းထဲမှာ နှစ်ခါ စကားပြောဖူးတာပါ။ ဒါပေမဲ့ သူ့လေသံ ကြာယံ့အပေါ် တရင်းတနှီး ရှိနေသည်။ ကြာယံကလည်း သူ အပေါ် မစိမ်းတော့သလိုလို အရင်တည်းက သိဖူးသလိုလို စိတ် ထဲမှာ ခံစားရပြီး စကားတွေ ပြောမိတာဖြစ်ကြောင်း သူမကိုယ် သူမ သတိထားမိလာလေသည်။

"ကြာယံ အိပ်တော့မယ်ဆိုရင် ပြောနော်၊ ကျွန်တော် ဖုန်း ချလိုက်မယ်"

"မေးစရာ ရှိသေးတယ်"

"အဟား ဟား ... ဘာတွေ မေးဦးမှာလဲ"





"မောင်ဟန် ပြောပြတယ်၊ ရှင်နဲ့သူ ငယ်ငယ်က ဆယ်နှစ် လား၊ ဆယ့်တစ်နှစ်လား မသိဘူး။ အဲဒီတုန်းက အိမ်က ထွက်ပြေးကြတယ်ဆို"

"ဆယ့်တစ်နှစ် မပြည့်သေးဘူး၊ အဲဒီတုန်းက ..."

"အင်းပါ ... ထားပါတော့၊ အဲဒီလို ထွက်ပြေးတုန်းမှာ ရှင် ကားတိုက်ခံရတယ်ဆို"

နီတူး အသံတိတ်သွားပါသည်။ ကြာယံလည်း ဆက်မေးရင် ကောင်းမလား၊ မမေးရင် ကောင်းမလား၊ ဇဝေဇဝါ ဖြစ်ပြီး သူမပါ အသံတိတ်သွားမိသည်။

ခဏလောက် နှစ်ဖက်လုံး အသံတိတ်နေပြီးမှ ...

"အဲဒီအကြောင်း မပြောပြချင်တော့ဘူး ကြာယံရယ်၊ ပြန် သတိမရချင်ဘူး။ အိပ်မက်ဆိုးကြီးလိုပဲ သတိရလိုက်တိုင်း အရမ်းကြောက်မိတယ်၊ ဒါကြောင့် အဲဒီအပိုင်းကို ခေါင်း ထဲက Memory ထဲမှာ တမင်ဖျောက်ထားမိတယ်"

ကြာယံ ရင်ထဲမှာ အားနာပြီး သနားသလိုလိုတောင် ဖြစ်သွားပါသည်။ အေးပေါ့လေ ကလေးတစ်ယောက်အနေနဲ့ခံစား ခဲ့ရတဲ့ အဖြစ်ဆိုးကြီးက ကြောက်စရာ ကောင်းလှတာဆိုတော့ သူလည်း ပြန်သတိရရင် ကြောက်မှာပဲ။

"ဆောရီး ... ဆောရီး၊ ဒါဆို ကြာယံ မမေးတော့ပါဘူး"

"ကျွန်တော်ပဲ အရင်ဖုန်းချချင်တယ်၊ ဖုန်းချရင်ရမလား ကြာယံ"



www.burmeseclassic.com

www.burmeseclassic.com


"ရပါတယ်"

"ကြာယံနဲ့ ကျွန်တော် သူငယ်ချင်းတော့ ဖြစ်ချင်ပါတ… ဖြစ်ရမလားဟင်"

"ရပါတယ်၊ ကြာယံ လက်ခံပါတယ်၊ ဒါပေမဲ့ ရှင်… ကြာယံ အပြင်မှာတွေ့ပြီး စကားပြောချင်တယ်၊ မောင်… လည်း ပါမယ်လေ။ ဘယ်လိုလဲ … သုံးယောက်… စကားပြောကြတာပေါ့"

"ကျွန်တော် ကြိုးစားပါ့မယ်"

ပြောပြောဆိုဆို နီတူး ဖုန်းချသွားလျှင် ကြာယံ… မကျေမချမ်းဖြစ်ပြီး အံ့ကြိတ်နေခဲ့ရသည်။ မဟုတ်မှ လွဲ… မောင်ဟန် ပြောပြတဲ့အထဲမှာ နီတူးဟာ ကားတိုက်ခံရပြီး ဒုက္ခိ… ဖြစ်သွားတာမျိုး၊ ခန္ဓာကိုယ်က တစ်စုံတစ်ခု ချွတ်ယွင်းသွား… မစွမ်းမသန် ဖြစ်သွားတာမျိုး၊ လူတွေ့မခံချင်လောက်အော… မျက်နှာမှာ ဒဏ်ရာရသွားပြီး ရုပ်ဆိုးနေတာမျိုးတွေ မပါဘူး… တယ်။

သူ့သူငယ်ချင်းကို ငဲ့ညှာပြီး အဲဒီလို အဖြစ်ဆိုး… တွေ ထည့်မပြောခဲ့ဘူး ထင်တယ်။ ဒါကြောင့် နီတူးဟာ လူချ… လာတွေ့ပါ ပြောလိုက်ရင် အကြောင်းတစ်ခုခုပြပြီး ငြင်းနေတ… ဖြစ်မယ်။ သူဟာ ကြာယံနဲ့ ရင်မဆိုင်ရဲလောက်အောင်များ ရု… ဆိုးနေသလား။ ဒုက္ခိတဖြစ်နေသလား။ ဝှီးချဲနဲ့သွားရတဲ့ လူတ… ယောက်များလား။ ခြေတု လက်တု တပ်ထားရတဲ့ သူများလား…



ကြာယံသည် ရုပ်ရှင်တွေထဲကလို စိတ်ကူးယဉ်ဆန်ဆန် အဖြစ်အပျက်တွေ လျှောက်တွေးကြည့်ပြီး ဇာတ်လမ်းဆင်နေမိသည်။

ထိုနေ့ညက ကြာယံ ထူးဆန်းသော အိပ်မက်တစ်ခုကိုပင် မက်ခဲ့သည်။ အိပ်မက်ထဲမှာ ကြာယံဟာ သင်တန်းက ဆင်းလာပြီး အောက်မှာရပ်စောင့်နေမဲ့ မောင်ဟန့်ကို ရှာသတဲ့။ မောင်ဟန့် အနားမှာ နီတူးလို့ အိပ်မက်ထဲမှာ ကြာယံ အလိုလိုသိနေပြီးဖြစ်တဲ့ ကောင်လေးတစ်ယောက်ကိုပါ တွေ့တာတဲ့။

ဒါနဲ့ ကြာယံလည်း သူတို့နှစ်ယောက်နားကို ဝမ်းသာအားရ လျှောက်သွားပြီး နှုတ်ဆက်မလို့ လာခဲ့တယ်။ တဖြည်းဖြည်း အနားလည်း ရောက်သွားရော မောင်ဟန့်ကိုပဲ တွေ့ရပြီး မောင်ဟန့်နားက နီတူးကို မတွေ့ရတော့ပဲ ဖြစ်သွားတယ်။ ကြာယံက …

"မောင်ဟန် … နီတူးရော"

လို့ မောင်ဟန့်ကို မေးလိုက်တော့ မောင်ဟန်က ကြာယံ့ကို သေသေချာချာ ပြန်ကြည့်ပြီး …

"နီတူး … ကျွန်တော့်ဘေးမှာလေ ကြာယံရဲ့။ ဘာဖြစ်လို့ မေးတာလဲ"

ဟု ပြန်ဖြေလိုက်လေသည်။

"ဟင် … ဘယ်မှာရှိလို့လဲ၊ မရှိပါဘူး။ ခုနက လှမ်းတွေ့လိုက်သေးတယ်။ အခု အနားလည်းရောက်ရော မောင်ဟန့် အနားမှာ မရှိတော့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

“ရှိပါတယ် ကြာယံရဲ့။ ကြာယံ မမြင်လို့ပါ၊ နီတူးက ကျွန်တော့်အနားမှာ အမြဲတမ်း ရှိနေပါတယ်”

အဲဒီလို တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ငြင်းခုန်နေကြရင်းနဲ့ပဲ ကြာယံဟာ စိတ်ထဲမှာ မခံချင်ဖြစ်လာပြီး စိတ်ပေါက်ပေါက်နဲ့ ကြီးအော်ပစ်လိုက်တာ။

“နီတူး တကယ်လည်း မရှိဘဲနဲ့”

အဲဒီမှာ အိပ်မက်ကနေ လန့်နိုးသွားခဲ့လေသည်။ အိပ်မက်ထဲမှာ အော်လိုက်တဲ့ အသံသည် အပြင်ထိပါ အော်ပစ်လိုက်သလို ဝူးဝူးဝါးဝါးအသံ ဖြစ်သွားသဖြင့် ကြာယံပါ လန့်နိုးသွားပြီး ဖြစ်သွားပါသည်။

ကြာယံသည် စိတ်စွဲပြီး ထိုအိပ်မက်ကို မက်တာပါလို့ သတ်မှတ်ဆေမယ့် မသိစိတ် တစ်နေရာမှာတော့ ပဟေဠိများစွာ ဖြစ်နေခဲ့လေသည်။

* ○ *





၁၅

ကိုတင်ကြီးစည်ထားတဲ့အတိုင်း ကြာယံ့အိမ်ရှေ့ ဝင်းတံခါးမှာ လက်ဆောင်ပန်းစည်းရယ်၊ ကြာယံ သဘောကျသော Bratz အရုပ်မလေးတွေပုံပါသည့် ကီးချိန်းလေးရယ်ကို သေချာ စွာကပ်၍ ပူးချည်ပြီး သွားထိုးထားလိုက်ပါသည်။ အမှောင်ထု သိပ်မပျောက်သေးခင် ဒီလို မနက်လေးနာရီလောက် အစောကြီးမှာ ပန်းစည်းလက်ဆောင် လာပေးဖို့ အကြံကို နီတူးကို တိုင်ပင် မိတော့ ...

“That's good idea !”

လို့ ဒီတစ်ခါတော့ ထောက်ခံမဲ ပေးလေသည်။

ဘာကြောင့်လဲဆိုတော့ ခါတိုင်းဆို နီတူးက ဟန် မင်းဆက် ဘာလုပ်လုပ် ဟားဖို့၊ လှောင်ပြောင်ဖို့ ဝေဖန်ကဲ့ရဲ့ဖို့ လောက်သာ စိတ်ကူးသူ ဖြစ်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုတလော သဘောကောင်းနေတယ် နီတူး"

"အံမာ"

"ဟုတ်တယ်၊ ငါ တကယ်ပြောတာ၊ အရင်ကဆို မင်းက ငါ့ကို ဝေဖန်ကဲ့ရဲ့ဖို့ပဲ စောင့်ကြည့်နေတဲ့ အတိုင်းပဲလေ"

"ခွေးကောင် ... ဆောင့်ကန်ထည့်လိုက်ရ"

"အံမာကွာ ... ငါ့အဖေလေသံမျိုးနဲ့ မပြောနဲ့"

နီတူးက "ခွေးကောင် ... ဆောင့်ကန်ထည့်လိုက်ရ" ဆိုသော လေသံကို ဟန်မင်းဆက်၏ အဖေ့လေသံအတိုင်း တထေရာတည်းတူအောင် အတုခိုးပြောတတ်သေးလေသည်။ နီတူးမှာ ပါရမီတစ်မျိုးပါတယ်ဟုပင် ချီးကျူးရမလိုပင်။ ဘာကြောင့်လဲဆိုတော့ နီတူးက သူများအသံနဲ့တူအောင် ဖျက်ပြီးပြောတဲ့နေရာမှာ အင်မတန်တော်လှသည်။ ဒါ့အပြင် တိရစ္ဆာန်တွေ့ရဲ့အော်သံမျိုးစုံ၊ ကားစက်သံ၊ မော်တော်ဆိုင်ကယ်သံ၊ လေယာဉ်ပျံသံ၊ ရဟတ်ယာဉ်အသံတွေလည်း ကြံဖန်ပြီး လုပ်တတ်သေးသည်။

"မင်း အသံတုဝိဇ္ဇာလုပ်ဖို့ သင့်တယ်"

လို့ ငယ်ငယ်ကဆို တခြားသူငယ်ချင်းတွေကပင် အားကျပြီး တိုက်တွန်းတတ်ကြသည်။

သို့သော် နီတူးက ဒီအသံတုနဲ့ လုပ်စားဖို့ မစဉ်းစားဘဲ သူများကို လိုက်နောက်ဖို့လောက်သာ အသုံးချတတ်လေသည်။

"မင်းက ပန်းစည်း သိပ်ပေးချင်တဲ့ဆန္ဒ ပြင်းပြနေတော့လည်း ငါက တားမနေတော့ဘူးပေါ့ကွ။ နောက်ပြီး တစ်ခါ တလေလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ် ပေးလုပ်ခိုင်းလိုက်တဲ့ သဘောပါပဲ။ မင်း စိတ်ကူးဟာ ဘယ်လိုတုံ့ပြန်မှုတွေရှိလာမလဲဆိုတာ စောင့်ကြည့်ချင်တဲ့ သဘောပေါ့ကွာ"

"မင်း သေချာရဲ့လား နီတူး"

"ဘာလဲ ... ဘာသေချာတာလဲ"

ကားထဲမှာ သူတို့နှစ်ယောက်သား မနက်စောစောကြီးထိုင်ရင်း ပန်းစည်းကို ဘယ်သူအရင်ဆုံးတွေ့မလဲဆိုတဲ့ စိတ်လှုပ်ရှားမှုနှင့် စောင့်ကြည့်နေကြတာ ဖြစ်ပါသည်။ တကယ်တော့ ကြာယံကို ခိုးကြောင်ခိုးဝှက် သွားပေးစရာ မလိုဘဲ လူကိုယ်တိုင်သွားတွေ့ပြီး ပေးရင်လည်း ရပေမဲ့ ဒီလိုလေး surprise လုပ်ပြီးပေးကြည့်ရင် ဘယ်လိုနေမလဲဆိုသော ခံစားချက်ကြောင့် ဟန်မင်းဆက် ဒီလိုလုပ်မိတာလည်း ဖြစ်ပါသည်။ ဒီတစ်ခါတော့ နီတူးတပါ စိတ်ပါလက်ပါ ဝင်ကူညီပြီး လိုက်ပေးမည်ဆိုသဖြင့် ဟန်မင်းဆက် ပို၍တက်ကြွနေပါသည်။

"မင်း ကြာယံ့ကို တကယ်မချစ်ဘဲ ငါ့ကို ကလိချင်လို့ တမင်ဝင်ရှုပ်တယ်ဆိုတာ"

ညက နီတူး ထိုသို့ဝန်ခံသဖြင့် ဟန်မင်းဆက်မှာ ယုံလည်းယုံလိုက်ချင်။ မယုံလည်း မယုံချင်။ နီတူးဟာ သူ့ကို သနားပြီး အလျှော့ပေးသည်ဟု ထင်နေမိသည်။ ဒါပေမဲ့လည်း နီတူးနဲ့ သူ မပြိုင်ရတော့ဘူးဆိုတာ တွေးမိပြန်တော့ ရင်ထဲမှာ ရှင်းလင်းပြီး ပေါ့ပါးနေခဲ့ပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ကွာ၊ မင်းက မတုန်မလှုပ် လုပ်နေပြီး ခုပဲ ဖွင့်ပြောတော့မလိုလို၊ နောက်မှပဲ ဖွင့်ပြောတော့မလိုလို အချိန်ဆွဲနေလို့ အမြင်ကတ်လာတာနဲ့ မင်း လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး မြန်မြန်ကြီးစားအောင် ငါက ဝင်ရှုပ်တာပါကွာ။ ငါ ကြာယံကို မကြိုက်ပါဘူး။ စိတ်ထဲမှာ မြင်မြင်ချင်း သဘောကျမိတာတော့ ဖြစ်ပေမဲ့ ဘယ်လိုခေါ်မလဲကွာ၊ လှတဲ့ပုစ္ဆည်းတစ်ခုခုကို သဘောကျတဲ့ သဘောမျိုးလောက်ပဲ။ သဘောကျတာနဲ့ ချစ်တာက မတူဘူး၊ ပြီးတော့ ကြာယံကို စိတ်ထဲမှာ ခင်ချင်တာပဲရှိတယ်၊ ချစ်သူလို ဘယ်လိုမှ ချစ်ကြည့်လို့ကို မရဘူး ဆိုတာ တဖြည်းဖြည်း သိလာတယ်"

ထိုအချိန်မှာပင် ရိုမှဒ်ဖြင့် ဖွင့်လိုက်ပုံရသော သံတိုင်ဖြင့် ကာရံထားသည့် ခြံတံခါး တဖြည်းဖြည်း ပွင့်သွားပါသည်။ မလှမ်းမကမ်းမှ စောင့်ကြည့်နေသော ဟန်မင်းဆက်နဲ့ နီတူးတို့လည်း တံခါးအပွင့်ကို စိတ်ဝင်တစားဖြင့် ငြိမ်သက်စွာ စောင့်ကြည့်နေမိကြသည်။

ခြံထဲမှ ကားလေးတစ်စင်း မောင်းထွက်လာသည်။ ကြာယံ မောင်းနေကျ ကားမျိုးတော့ မဟုတ်။ ကားထဲမှ ခေါင်းပြူကြည့်လိုက်သူက အန်တီကြီးတစ်ယောက် ဖြစ်နေရာ ...

"ကြာယံ့အမေ ထင်တယ်"





ဟူသော စကားကို နီတူးနဲ့ ဟန်မင်းဆက်တို့ ပြိုင်တူပဲ ရေရွတ်လိုက်မိကြသည်။

အန်တီကြီးက ခြံစည်းရိုးမှာ ချိတ်ထားသော ပန်းနုရောင်နှင်းဆီပန်းစည်းကို မြင်သဖြင့် ကားပေါ်ကဆင်းကာ ဖြုတ်ယူပါသည်။

ကတ်ပြားလေးနဲ့ ကီးချိန်းလေး တွဲရက်ပါနေသော ပန်းစည်းကို အန်တီကြီး ကြည့်ရင်း အိမ်ဘက်သို့ တစ်ခုခု ပြန်လှည့်ပြောသံသဲ့သဲ့ (မသဲမကွဲ)ကို ကြားရသည်။

ဟန်မင်းဆက် ရင်ခုန်စွာ အသက်မရှူမိစတမ်း ထွက်လာပြီး ယူမဲ့သူကို စောင့်ကြည့်နေခဲ့ပါသည်။ ဘာကြောင့်လဲဆိုတော့ ကတ်ပြားလေးမှာ ...

"ကြာယံ အတွက်"

ဟူ၍ ရေးသားထားသဖြင့် ကြာယံ့အမေဟာ ဒီစာကို ဖတ်မိမှာပဲ။ ဒါကြောင့် ဒီပန်းစည်းဟာ ဘယ်သူ့အတွက်ပါဆိုတာကို သိပြီး အဲဒီ သက်ဆိုင်သူကို အော်ခေါ်ရင် ခေါ်မှာပဲ၊ သက်ဆိုင်သူ ကြာယံ ထွက်ပြီးတော့များ ယူမလား။ မနက်ခြောက်နာရီကျော်အချိန်ဟာ ကြာယံ အိပ်ရာကနိုးပြီးချိန်ဆိုရင် ကြာယံ အမေ့ရှေ့မှာ ရဲရဲဝံ့ဝံ့ ထွက်လာပြီး ယူရဲမှာပဲလား။

"ဟော့ကောင် ... ကြာယံ ထွက်ယူတာကွ"

နီတူး အသံက ဟန်မင်းဆက် အတွက် ကျေနပ်အားရစွာ ပြောလိုက်သော အသံမျိုး ဖြစ်နေသည်။ ကြာယံသည်



www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာမှ ထခါစ မျက်နှာပြောင်ပြောင်လေးနဲ့ ညအိပ်ရာဝင်
ဝတ်အိပ်သော Pyjama (ပဂျားမား)ဝတ်စုံပင် မလဲရသေး
ကြာယှံ ပုံစံလေးက အင်္ကျီအောင်းဘီရှည် ပွယောင်းယောင်း
ကလေးဆိုးရုပ်လေး ပေါက်နေကာ စချင် နောက်ချင်စရာ။

"ဒီလိုကျတော့လည်း ဘာပဲမှ မများတဲ့ပုံနဲ့ ကလေး
ထွက်နေတယ်၊ ချစ်စရာလေးပဲ"

ဟန်မင်းဆက် အလန့်တကြား နီတူးကို လှည့်
တော့ နီတူး တဟားဟား အော်ရယ်ရင်း ဟန်မင်းဆက် ပခုံး
လက်သီးဖြင့် တစ်ချက်ထိုးလိုက်သည်။

"မစိုးရိမ်ပါနဲ့ ကိုယ့်လူရာ၊ ချစ်စရာကောင်းလို့ ချစ်
ကောင်းတယ် ပြောတာပဲ။ သူ ရုပ်ဆိုးပြီး မုန်းစရာ
ထွက်နေရင်လည်း ငါက မုန်းစရာကောင်းတယ်လို့
မှာပဲ"

"ကြာယံ ပန်းစည်းလာယူတော့ သူ့အမေ ဘာမှမပြော
ကွ"

"ပြောစရာလားကွာ၊ သမီးမိန်းကလေး အပျိုချော
ဒီလို မကြာခဏ ပန်းစည်းပေးခံရတာတွေ၊ အိမ်ကို ပို့
ပန်းခြေး လက်ဆောင်တွေ ရောက်ရောက်လာတာ၊ စာတို
ပုံးထဲကို ရည်းစားစာတွေ ကတ်ဒ်တွေ ရောက်နေတာ
မကြာခဏ ကြုံရမှာပဲ၊ သူ့အဖေအမေတွေ ဒါကို ရိုး
ကွ။ ဘာမှ အံ့သြနေစရာမလိုဘူး"





"မင်းကတော့ ဖောက်လာပြီ၊ သူများဖိလင်ကို အမြဲအောက်
သွားအောင် လုပ်တတ်တယ်"

"ဟောဗျာ ... ငါက ဘာများပြောလို့လဲ၊ မင်းက ကြံဖန်
ဖိလင်တက်ချင်နေလို့လား။ ခြံစည်းရိုးမှာ အဲလေ ... ခြံ
တံခါးဝမှာ ပန်းစည်းတစ်စည်း တွေ့တယ်၊ သမီးတစ်
ယောက်နာမည်တပ်ပြီး လာမို့ထားမှန်း သိရတယ်။ ဒီတော့
အဲဒီသမီးကို ခေါ်ပေးတယ်၊ သူ့သမီး လာယူတယ်လေ
ဒါပဲ။ အဖြစ်အပျက်က ဘာမှ မဆန်းတာကို မင်းဘာလို့
အကျယ်ချဲ့ချင်နေရတာလဲ၊ ကဲ ... ကဲ ... လာ ... သွားကြ
ရအောင်၊ ငါ့ကို ဒင်း(မ်)ဆမ်း ကျွေးမယ်လို့ ကတိပေးထား
တာ မမေ့နဲ့။ ဖိလင်တက်တာက ဗိုက်မဝဘူး အစာစားမှ
ဗိုက်ဝမှာ"

နီတူးက သူ့ထုံးစံအတိုင်း ချက်ချင်းဆို ချက်ချင်းပဲ
ကားကို မောင်းထွက်ခိုင်းနေတော့သည်။

"ငါ သူ့ဆီ ခုဝဲ ဖုန်းဆက်ချင်တယ်ကွာ"

မှာ ဟန်မင်းဆက် ခွင့်တောင်းသလို ပြောမိ၏။

"ဆက်လေ"

"မင်း ရှိနေရင် ငါ မပြောရဲဘူး"

"ဟား ဟား ... ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်မျိုးကြီး
ရှောင်ပေးပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ နီတူး ပြောပြောဆိုဆိုပဲ ကားပေါက...
ပေးပြီး အနီးတစ်ဝိုက်ကို ခေါက်တုံ့ခေါက်ပြန် လမ်းလျှော...
တော့သည်။

ဟန်မင်းဆက်လည်း မိုဘိုင်းလ်ဖုန်း၏ ...
ထဲမှာ ထည့်ထားသော လူနာမည်နဲ့တွဲရက် ဖုန်းနံပါတ်များ...
ကြာယံ့ဖုန်းနံပါတ်ကိုရှာပြီး ခလုတ်နှိပ်လိုက်ပါသည်။ ဖုန်း...
သဲ့သဲ့ကို နားထောင်ရင်း ရင်ခုန်လာမိသည်။ ဘယ်သူများ ...
လာကိုင်မလဲ။ ဘယ်သူ့အသံကို အရင်ကြားရမလဲ။

"ဟယ်လို"

ဟူသော ထူးသံကိုကြားလျှင် ဒါဟာ ကြာယံ့...
ပါပဲဟု အလိုလို မှတ်မိနေခဲ့သည်။

"အဟင်းဟင်း ... နေဦး၊ မပြောနဲ့ဦး၊ အခုဆက်...
မောင်ဟန်ပဲ မဟုတ်လား"

ဟန်မင်းဆက် ဘာမှမပြောခင် ကြာယံက ရယ်...
ပြုံလျက် အရင်ကြိုမေးနှင့်လေသည်။

"ကြာယံ ဘယ်လိုလုပ် သိလဲ"

"ပန်းစည်းကို ဘယ်သူလာပို့ပေးမှန်းတော့ မသိဘူး...
ပေးတဲ့သူက နာမည်မှ ရေးမထည့်ပေးလိုက်တာ။ ဒါ...
ကြာယံ့စိတ်ထဲမှာ ဒါ မောင်ဟန်ပဲလို့ ထင်ကိုထင်...
တယ်။ မောင်ဟန် ဖုန်းဆက်လာလိမ့်မယ်လို့လည်း ...
နေတယ်၊ ဒါကြောင့် စွတ်ရွတ်ပြီး မှန်းဆမေးလိုက်တာ...





မဟုတ်ခဲ့ရင်တော့ ကြာယံ မှားသွားတယ်ပဲပေါ့၊ အခု ဟုတ်နေခဲ့တော့လည်း ပျော်သွားတာပေါ့"

"ဘာဖြစ်လို့ ပျော်သွားတာလဲ"

"ဟမ် ... မသိဘူးလေ၊ ပျော်တာပဲ ဘာဖြစ်လို့ ပျော်ရတယ် ဆိုတာ ရှိဦးမှာလား"

"ကျွန်တော့်ပန်းတွေကို လက်ခံရပြီး ကျွန်တော့်ဆီကဖုန်း ကိုလည်း ကြားရလို့ ကြာယံ ပျော်တာ သိရတော့ ကျွန်တော် အားတက်သွားပြီ"

ဟန်မင်းဆက် အသက်ကို တစ်ချက်ရှူလိုက်ပြီး ...ဆုံးဖြတ်ပြီးသော မျက်လုံးတွေဖြင့် နီတူးကို လှမ်းကြည့်လိုက် ...သည်။

သူ ဖွင့်ပြောလိုက်တဲ့အတွက် နီတူး ရင်ထဲကို မထိ ...ဘူးလို့ မျှော်လင့်တော့ မျှော်လင့်နေချင်ပါရဲ့။

"ဘာကြောင့်လဲ ဆိုတော့ ကျွန်တော် ကြာယံ့ကို ချစ်တယ် လို့ အခုပဲ ဖွင့်ပြောလိုက်တော့မှာမို့ပါ၊ ကျွန်တော် ကြာယံ့ကို ချစ်နေတယ် ကြာယံရယ်။ ကျွန်တော့်ကို ကြာယံ စဉ်းစား ...ပေးနိုင်မလားဟင်"

ကြာယံ့ဘက်မှ ရုတ်တရက်တော့ အသံတိတ်သွား ...ည်။ မထင်မှတ်ထားပဲ ကြားလိုက်ရ၍လား။ ဒါမှမဟုတ် ...လေးပီပီ ဏှာ့ခွေရရလေး တုံ့ပြန်တဲ့အနေနဲ့ အသံတိတ် ...ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



"ကြာယ်"

"…… ……"

"ကြာယ် … ကြာယ်"

"ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ခဏခဏ နာမည်ေ
နေရတာလဲ"

"ကြာယ် စိတ်ဆိုးပြီး အသံတိတ်သွားတယ် ထင်လို့
ကြာယံရယ်"

"စိတ်မဆိုးပါဘူး"

"တော်ပါသေးရဲ့"

"ဘာတော်ပါသေးရဲ့လဲ၊ ရှင်တို့နှစ်ယောက်ကို စိတ်ထဲ
ယုံတောင်မယုံတော့ဘူး။ ဘာတွေမှန်းလဲ မသိဘူး။ ရှင်
နဲ့ ပတ်သက်ရတာ ကြာယံ ခေါင်းတောင်နောက်လာတယ်

"ကျွန်တော်တို့ … ဟုတ်လား"

"ဟယ် … ဘာကြောင်နေတာလဲ၊ ရှင်နဲ့ နီတူးကို ပြေ
တာ၊ ဘယ်သူများ ရှိလို့လဲ။ တစ်ယောက်က ရည်း
စကား အရင်လာပြောလိုက်၊ နောက်တစ်ယောက်က ရှော
ပေးလိုက်။ ဟော … အခု နီတူးက ရှောင်သွားတော့
ရှင်က လာပြောလိုက်နဲ့ ကြာယံကို ဘောလုံးလိုပဲ ပုတ်ထ
ပြီး သူယူ၊ ငါယူနဲ့ ခွဲပေးနေတာ ဘာသဘောမှန်းကိုမ
ဘူး။ တကယ်ဆို မိန်းကလေးတစ်ယောက်ကို တန်ဖိုးထ
ပြီး တကယ်ချစ်တယ်ဆိုရင် ဘယ်သူကမှ အလျှော့မပေ





စတမ်း ကိုယ်ချစ်တဲ့သူကို ရအောင် ကြိုးစားကြမှာပဲလေ၊
ဒါကြောင့် ရှင်တို့ နှစ်ယောက်စလုံးကို မယုံနိုင်တော့ဘူး"

ကြာယံ့စကားကို ကြားလိုက်ရတော့ ဟန်မင်းဆက်
တော်တော် စိတ်ဓာတ်ကျသွားပါသည်။ နီတူးကိုလည်း အားကိုး
သူလို လှမ်းကြည့်မိသည်။ နီတူးကလည်း ဟန်မင်းဆက် မျက်နှာ
အမူအရာကို အကဲခတ်မိလျက် အနားသို့လာတော့မလာဘဲ အဝေး
အရပ် ပြန်ကြည့်ရုံ ကြည့်နေပါသည်။

"ကျွန်တော် ကြာယံကို တကယ်ချစ်ပါတယ်"

ဟန်မင်းဆက် အသံမှာ အားပျော့နေသည်။ စိတ်
ထဲမှာ သူ့ကို ကြာယံ မယုံတော့ဘူးဆိုတဲ့ အတွေးက ကြီးစိုးနေ
သေရာ ကြံရာမရ ဖြစ်နေသည်။ ကြာယံ ယုံအောင် ဘယ်လို
လုပ်ပြရမလဲ။ ဘာနဲ့ သက်သေပြရမလဲ။

"ကြာယံ စဉ်းစားရဦးမယ်၊ အခုတော့ ဘာမှမဖြေချင်သေး
ဘူး။ ဒါပေမဲ့ ကြာယံ တစ်ခုတော့ သိချင်တယ်"

"ရပါတယ် ကြာယံ။ ကြာယံ အဖြေပေးချင်တဲ့အချိန်ကျမှ
ပေးပါ"

"ကြာယံ သိချင်တာ တစ်ခုရှိတယ် ပြောထားတယ်၊ အဲဒါ
ဖြေမှာလား"

"ဖြေမှာပါ၊ ဘာလဲ … ကြာယံ"

"နီတူးကို ဘာကြောင့် ကြာယံနဲ့ ပေးမတွေ့တာလဲ၊ ဘာ
ကြောင့် ကြာယံ့ဆီ ခေါ်မလာရတာလဲ။ နီတူး ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြာယံ အသံပဲ ကြားဖူးတယ်၊ သူ့ e-mail တွေပဲ ဖတ်ဖူးတယ်။ မောင်ဟန် ပြောပြောနေတာကိုပဲ ကြားဖူးတယ်။ နီတူးဟာ ကြာယံ့အတွက် ဓာတ်လမ်းတစ်ပုဒ် ဖန်တီးပေးထားသလိုပဲ၊ ဘာမှမမြင်မတွေ့ရဘဲ အသံကြားကြားပြီး လူကိုသိနေရတယ်၊ ဒါကို ကြာယံ မကျေနပ်ဘူး။ ဒါကြောင့် သူ့ကို ကြာယံ မြင်ဖူးချင်တယ်။ ကြာယံ့ဆီ ခေါ်လာပေးပါ"

"ကြာယံ ... ဘာလဲဟင်၊ ကြာယံက နီတူးကိုပါ ရွေးချယ်မှုအထဲမှာ ထည့်ပြီး စဉ်းစားချင်လို့လား"

"အဲဒီလို အတွေးမခေါင်ပါနဲ့၊ ကြာယံ ရှင်းရှင်းလင်းလင်း သေသေချာချာ သိချင်လို့ပါ"

"အင်းလေ ... ကြာယံ့ သဘောပါပဲ၊ ကျွန်တော် သူ့ကို ပြောကြည့်ဦးမယ်"

"ဘာ ... ပြောကြည့်ဦးမယ်၊ ဟုတ်လား"

"ကျွန်တော် သူ့သဘောမပါဘဲနဲ့ ဘာမှမလုပ်ခိုင်းစေချင်လို့ပါ"

"အံမယ်လေး ... သူငယ်ချင်း ရောင်းရင်းကြီးဆိုလို့ ဒီနှစ်ယောက်တည်းရှိတာ။ ကိုယ့်သူငယ်ချင်းက ဒီလောက်တောင်းဆိုတာလေးကိုပဲ မလိုက်လျောနိုင်ပါဘူး။ မကူညီနိုင်ပါဘူးဆိုတဲ့ လူစားမျိုး ရှိသေးလို့လား"

ဟန်မင်းဆက် ငြိမ်နေမိသည်။ သူ သိသည်။ နီတူးဟာ ကြာယံ့ကို ချစ်နေမိရက်သားနဲ့ တမင်နောက်ဆုတ် ရှောင်



ွားပေးလိုက်တာ။ သူ့ကို ဒီတစ်ခါမှာ ညှာပြီး ကြာယံ့ကို သူ့ဆီအရောက်ပို့ပေးလိုက်တာ။ ဒါကြောင့် နီတူး အသည်းကိုက်ခွဲမိသလိုမျိုး ဖြစ်နေစေမဲ့ အကြောင်းအရာမျိုးကို မလုပ်ရက်လုပ်ချင်။ နီတူးရှေ့မှာ ကြာယံ့ကို သူ ဘယ်လိုမျက်လုံးတွေနဲ့ကြည့်ပြီး စကားပြောပြရမလဲ။ နီတူးကို အကူအညီတောင်းရင်တော့ နီတူးက လိုက်လျောမှာပင်။ ဒါပေမဲ့ နီတူး ရင်ထဲမှာ ကွဲမှာ။

"ကြာယံ ဖုန်းချလိုက်တော့မယ် မောင်ဟန်"

"ခဏ ... ခဏ နေပါဦး ကြာယံ"

"ဘာလဲ"

ကြာယံ့ အသံမှာ သူ့အပေါ် စိတ်ပျက်ခြင်း၊ စိတ်ညည်ခြင်း၊ စိတ်အလိုမကျခြင်းတွေ ပါဝင်နေကြောင်း ခံစားလို့ပါသည်။

"ကြာယံ့အတွက် ကျွန်တော် အရာရာကို ရင်ဆိုင်ရဲတယ်။ ဒါပေမဲ့ ကျွန်တော့်ကြောင့် နီတူး ပိုပြီးအသည်းကွဲသွားရမှာကို မလိုလားတဲ့အတွက် ကျွန်တော် တွေဝေနေမိတယ် ကြာယံ"

ကြာယံ၏ ခွပ်ခနဲ တမင်အသံမြည်အောင် ဖုန်းချသွားသံကို ကြားလိုက်ရလေသည်။

✻ ○ ✻

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ကြာယံ ...

စိတ်ဆိုးနေတာလား ကြာယံရယ်။ တကယ်တော့ ကျွန်တော်ဟာ ကြာယံ့ကို ချစ်ရုံပဲ ချစ်တတ်ပြီး ကြာယံ့အတွက်ကျတော့ ဘာမှ ထည့်မစဉ်းစားပေးမိတဲ့ လူစားမျိုး ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သိပါတယ် ...

ဒါပေမဲ့ ကြာယံ့ကို ကျွန်တော် ပြောဖူးသားပဲ။ ကျွန်တော် နီတူးကို ချစ်တယ်၊ ခင်တယ်၊ ညီအစ်ကိုရင်းလိုကို ချစ်တာ။ ညီအစ်ကိုတောင်မှ တစ်ယောက်ပြီးမှ နောက်တစ်ယောက် မွေးလာတဲ့ ညီအစ်ကိုပုံစံမျိုး မဟုတ်ဘဲ၊ ဗိုက်ထဲမှာ နှစ်ယောက်အတူ တစ်ပြိုင်တည်း သန္ဓေတည်၊ တစ်ပြိုင်တည်းကြီးပြီး အမေ့ဗိုက်ထဲက တစ်ပြိုင်တည်းမွေးလာတဲ့ အမြွှာလိုပဲ၊ စိတ်ချင်းအတူတူ၊ ခံစားချက်ချင်း





အတူတူ ဖြစ်နေတဲ့ အမြွှာညီအစ်ကိုလိုပဲ ချစ်မိတာပါ။ ဒါကြောင့် နီတူး စိတ်ထဲမှာ ဘာရှိသလဲ ကျွန်တော် သိတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာရှိသလဲကိုလည်း နီတူး သိပါတယ် ...

နီတူး ကျွန်တော့်ကိုငဲ့ပြီး နောက်ဆုတ်ပေးလိုက်ရတဲ့အတွက် သူ အသည်းကွဲနေပြီ ကြာယံ။ ကြာယံ့ကို သူ ချစ်ရက်နဲ့ ကျွန်တော့်ကို ဦးစားပေးခဲ့တဲ့ နီတူးကို အသည်းကွဲရစေမဲ့ အပြုအမူမျိုး ကျွန်တော် ထပ်မလုပ်ချင်ဘူး။ ဒါကြောင့် နီတူး ရှေ့မှာ ကျွန်တော်နဲ့ ကြာယံ ကြည်နူးပျော်ရွှင်ပြရမှာ၊ တရင်းတနှီး ရှိပြရမှာ မဖြစ်ချင်တာနဲ့ နီတူးကို ကြာယံနဲ့ ပေးမတွေ့ဖြစ်တာပါ။ နီတူး အတွက် ကြာယံ့နေရာမှာ အစားထိုး ချစ်နိုင်မဲ့ မိန်းကလေးရလာမှ နီတူးနဲ့ ကြာယံ့ကို ပေးတွေ့တော့မယ်လို့ ဆုံးဖြတ်ထားမိပါတယ်။

ကြာယံ မြင်ဖူးချင်တယ်ဆိုရင် ဓာတ်ပုံရှိပါတယ်၊ ကျွန်တော်နဲ့သူ တွဲရိုက်ထားတဲ့ ဓာတ်ပုံရယ်၊ သူ့တစ်ယောက်တည်းပုံရယ်၊ ထည့်ပေးလိုက်ပါတယ်။

ကျွန်တော့်ကို ကြာယံ နားလည်နိုင်ပါစေလို့ မျှော်လင့်ပါတယ်။

ဟန်မင်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



ကြာယံသည် ဟန်မင်းဆက်ကိုတော့ မတွေ့လိုက်ရဘဲ သင်တန်းမှ သူငယ်ချင်း ကောင်မလေး တစ်ယောက်ထံမှ တစ်ဆင့် ...

"ဟေး ... မြကြာယံ၊ ရှင့်ဆီ လာလာစောင့်နေတဲ့ ခပ်ချောချော ကိုယ်တော်က ဘာကြောင့်လဲ မသိဘူး၊ အစောကြီး သင်တန်းကို ရောက်လာပြီး ကျုပ်ကို ဒီစာအိတ်ကြီးပေးသွားလေရဲ့။ မြကြာယံ လာရင် ပေးပေးပါတဲ့၊ ဟီ ဟီ... ဘာတွေလဲ။ ဘာလဲ ... ရှင် စိတ်ကောက်နေလို့ ချော့တာလား"

ဟူသောစကားသံဖြင့် လက်ခံရရှိလိုက်သော စာအိတ်ထဲမှ စာတစ်စောင်နှင့် ဓာတ်ပုံနှစ်ပုံတို့ကို လက်ခံရရှိလိုက်ပါသည်။

ဟန်မင်းဆက်ကို စိတ်ဆိုး၊ စိတ်ခုရတာလည်း ခဏ ခဏမို့ ဒီတစ်ခါလည်း သူ့ကို စိတ်ဆိုးပြီး IELTS သင်တန်းကို တစ်ပတ်လာမတက်ဘဲ အိမ်တွင်းပုန်းပေးနေလိုက်သည်။ ဘယ်သူ့ဆီက ဖုန်းလာလာ မြကြာယံဆို ခေါ်မပေးနဲ့ မှာထားပြီး လာသမျှဖုန်းကိုလည်း ရှောင်ပြီး ဆန္ဒပြပေးလိုက်သည်။ သူ့ဆီက e-mail တွေဝင်ရင် ဝင်နေမှာဖြစ်သဖြင့် တမင်ပဲ e-mail ကို မစစ်ဘဲ ကွန်ပျူတာရှေ့တောင် မထိုင်ဖြစ်အောင်နေပြီး စိတ်ကို အဆက်ဖြတ်ထားပေးလိုက်ပါသည်။





ဒီတော့ မြကြာယံ လက်ခံရရှိတာက သင်တန်းကို ပြန်စတက်သောနေ့မှာ ဟန်မင်းဆက်ကို လူချင်းမဆုံရဘဲ စာတစ်စောင်ရယ်၊ ဓာတ်ပုံနှစ်ပုံရယ်ကို ရရှိခြင်း ဖြစ်လေသည်။

ဓာတ်ပုံတွေကို သေချာစွာကြည့်တော့ ဟန်မင်းဆက်နဲ့ နီတူးတို့ ဘယ်နေရာမှန်း မသိသော နေရာတစ်ခုက မြက်ခင်းစိမ်းစိမ်းပေါ်တွင် အတူထိုင်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံဖြစ်သည်။ ဟန်မင်းဆက်က ကင်မရာကိုကြည့်ပြီး ရယ်နေသလို နီတူးကလည်း ကင်မရာကိုကြည့်ရယ်ရင်း သူ့လက်တစ်ဖက်ကတော့ ဟန်မင်းဆက် ခေါင်းနောက်မှ လက်ညှိုးနဲ့ လက်ခလယ် ထောင်ထားကာ နောက်တီးနောက်တောက် လုပ်နေတဲ့ပုံ ဖြစ်သည်။

နှစ်ယောက်စလုံး အရုပ်အမောင်းချင်းလည်း ညီပုံရသည်။ ကိုယ်လုံးကိုယ်ထည်လည်း မတိမ်းမယိမ်း ဖြစ်သလို အရွယ်လည်း အတူတူ။ ဟန်မင်းဆက်က ဆံပင်တိုတိုထောင်ထောင်ထားပြီး မျက်နှာမှာ ဘာအမွေးအမှင်မှမရှိ သပ်ရပ်ပေမဲ့ နီတူးကတော့ မျက်နှာမှာ အခုခေတ်ပေါ်စတိုင်လ်လား မသိ။ ပါးရိုးတစ်လျှောက်နှင့် အောက်နှုတ်ခမ်းများမှစပြီး မေးစေ့ထိတွေမှာ အမွေးအမှင် ခပ်ရိပ်ရိပ်လေး ထားထားပါသည်။ ပုံစံက ခပ်ကြမ်းကြမ်း၊ ခပ်မိုက်မိုက်စတိုင်လ်ပုံ ပေါက်နေပေမဲ့ ဆံပင်တွေကကျတော့ မိန်းကလေးဆံပင်လိုပဲ ပျော့ပျော့ပါးပါးနှင့် ဖြောင့်စင်းနေကာ ရှည်လည်းရှည်သည်။ မိန်းကလေးတွေထားတတ်သော ဂျပန်ဆံတောက်ပုံစံလိုပဲ ဆံပင်ကို ထားထားပြီး မျက်နှာတစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ခပ်အုပ်အုပ် ရှိလှသည်။ ရှေ့သွားနှစ်ချောင်းကလည်း ခပ်ကြီးကြီး ဖြစ်နေပုံရသည်။ ရယ်နေတဲ့ပုံမှာ သွားကပိုထင်ရှားနေသည်။

ဒါပေမဲ့ အားလုံးကို ခြုံကြည့်ရင်တော့ နီတူးဟာလည်း ဟန်မင်းဆက်ကို မမီပေမဲ့ မိန်းကလေးတွေ သဘောကျလောက်သော ခပ်မိုက်မိုက် စတိုင်လ်တစ်မျိုးလေးနဲ့ ကောင်လေးတစ်ယောက်မှန်း အမှတ်ပေးလို့ ရပါသည်။

နီတူး တစ်ယောက်တည်း ရိုက်ထားတဲ့ပုံမှာလည်း သူက ခေါင်းကိုငုံ့ထားပြီး ဂစ်တာတီးနေတဲ့ပုံစံမျိုး ဖြစ်လေရာ ဆံပင်တွေက လုံးဝကို တစ်ခြမ်းလုံး အုပ်နေတော့သည်။ နီတူး ခတ်ပုံကို မြင်ရပေမယ့် ကြာယံ့ ရင်ထဲမှာ ဘာ့ကိုမကျေနပ်မှန်း မသိ မကျေမနပ် ဖြစ်နေမိပါသည်။

ဒါပေမဲ့ ကြာယံ ဆုံးဖြတ်ချက်တစ်ခုကိုတော့ ရပြီး နေပါပြီ။

ဒါကြောင့် ဟန်မင်းဆက်ကို ဖုန်းဆက်ပြီး ဖြန်ဆော် သွယ်ဖို့ အသင့်ဖြစ်နေတော့သည်။

"ကြာယံ ... ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်နော်၊ ဝမ်း သာလိုက်တာ ကြာယံရယ်"

အိမ်ပြန်ရောက်ရောက်ချင်း အိမ်ဖုန်းဖြင့် ဟန်မင်း ဆက်၏ မိုဘိုင်းလ်ဖုန်းကို ခေါ်သည်ဖြစ်ရာ ဖုန်းခေါ်သံကြောင့် သူ့ဖုန်းကိုကြည့်လျှင် မြကြာယံထံမှ ဖြစ်ကြောင်း ဖုန်းမှာပြသပြီး





သူ ဖုန်းကိုလက်ခံလိုက်လျှင် လက်ခံလိုက်ခြင်းပဲ ထိုသို့တန်းပြောတာဖြစ်ပါသည်။

"ဓာတ်ပုံနဲ့စာ ရတယ်လို့ ပြောတာ"

"ကြာယံ မြင်ဖူးချင်တယ် ဆိုလို့ပါ"

"ရှင့်သူငယ်ချင်း ကိုရုပ်ဆိုးကြီးမို့ လာမတွေ့ရဲဘူး ထင် နေတာ ... ဟင်း ဟင်း"

"ဘယ်လိုလဲ ... သူက ချောတယ်မဟုတ်လား"

"မချောပါဘူး၊ ကြည့်ကောင်းရုံပါပဲ"

"ကျွန်တော်ကရော"

"ဒါတော့ ဘယ်သိမလဲ၊ သိချင်ရင် ကိုယ့်ရုပ်ကိုယ် မှန်ထဲ ပြန်ကြည့်ပေါ့"

"မှန်ထဲကြည့်တော့လည်း မဆိုးပါဘူးလို့ ထင်တယ်၊ နီတူး ကတော့ ကျွန်တော့်ကို ရုပ်သိပ်သန့်နေအောင်ထားလို့ ယောကျ်ားပုံ မပေါက်ဘူးလို့ ဝေဖန်တယ်"

"ဘာလဲ ... သူ့လိုမျိုး နှုတ်ခမ်းမွေးတို့ ပါးမြိုင်းမွေးတို့ ခပ်ရေးရေးထားမှ ယောကျ်ားပီသတယ် တဲ့လား။ အဲဒီ သဘောလား"

"ကြာယံကရော ... ဘယ်လိုထင်လဲ"

"ကြာယံကတော့ မကြိုက်ဘူး။ လူဆိုးရုပ်ပေါက်တယ်လို့ ထင်တယ်"

"နီတူးက လူဆိုးရုပ်ပေါက်လား"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ရှင့်သူငယ်ချင်းပဲ၊ ရှင့်ဘာသာ အဲဒါပြ
တော့ပေါ့"

"ကြာယံ့ဆီ ကျွန်တော် အရင်ကလိုပဲ လာတွေ့လို့ရပြီလား
ဟင်"

"ရှင့်သဘောပဲ၊ ကြာယံ့ သင်တန်းက ပြီးခါနီးနေပြီ၊ နှ
ပတ်ပဲ ကျန်တော့တာ။ ကြာယံလည်း စာကျက်ပြီး စာမေ
ပွဲဝင်ဖြေရခါနီးနေပြီလေ"

"ဟုတ်လား ... အောင်ရင် ကျောင်းသွားတက်ရတော့မှ
ပေါ့"

"အမယ်လေး ... အဲဒါက ကြာဦးမှာပါ၊ ဒါနဲ့ ရှင်တို့
ရော။ Chef သင်တန်း ပြီးပြီလား"

"ပြီးသွားပြီ ကြာယံ"

"စင်ကာပူကို ဘယ်တော့ သွားတက်မလဲ"

"အခုမှ အေးဂျင့်ဆီမှာ စုံစမ်းထားတယ်၊ အဲဒါလည်း သုံး
လေးလတော့ ကြာဦးမှာပါ။ ကျောင်းဝင်ခွင့် သေသေချာ
ချာရရင် သွားတက်တော့မှာပါ"

ဒီလိုနဲ့ပဲ ကြာယံ တစ်ယောက် ဟန်မင်းဆက်နဲ့ အဆက်အသွယ် ပြန်ဖြစ်လာကာ အရင်တွေ့နေကျလိုပဲ ကြာယံ့ သင်တန်းမှာ လာစောင့်လိုက်၊ တွေ့လိုက်၊ စကားပြောလိုက်နဲ့ပဲ တစ်ပတ်လောက်အကြာမှာ ကြာယံဟာ ဟန်မင်းဆက်ကို အဖြေ ပေး လက်ခံလိုက်ပါသည်။





ကြာယံ စိတ်ထဲမှာ သူ့ကို ချစ်လည်း ချစ်မိပြီးပြီ
လေရာ ဘာကိုမှ စိတ်ထဲမှာ မထားချင်တော့ဘဲ လက်ခံအဖြေ
ပေးလိုက်ဖို့ မြန်မြန်ဆုံးဖြတ်တာလည်း ဖြစ်သလို သူနဲ့ နီတူးရဲ့
ဆက်သက်မှုကို ပိုပြီးစုံစမ်းချင်တာလည်း ပါပါသည်။ ဒါကြောင့်
ဟန်ကို ကိုယ့်ဘက်ပါအောင် အမြန်စည်းရုံးပြီး နီတူး
ကြောင်း ပိုသိရအောင်လုပ်ဖို့ တွေးမိလေသည်။

"ကိုယ်နဲ့ ကြာယံ ချစ်သွားကြပြီဆိုတာ အမေ့ကို ပြောပြ
မိတယ်"

အဖြေပေးပြီး နောက်တစ်နေ့ကျတော့ ဟန်မင်းဆက်
ထိုသို့ ဝမ်းသာအားရ ပြောပြသည်။

"ဟယ် ... ဘာလို့ ပြောရလဲ"

"အမေ့ဆီကတစ်ဆင့် အဒေါ်ခါ်ကောက်အောင်"

"ဘယ်အဒေါ်လဲ"

"ကိုယ့်မှာ အဒေါ်တွေရှိတယ်၊ စင်ကာပူမှာ နေကြတာလေ။
အဲဒီ အဒေါ်ထဲမှာ အဒေါ်တစ်ယောက်ကတော့ ကိုယ့်ကို
ဘယ်တော့မှ မယုံဘူး။ ဒီအရွယ်ရောက်နေပြီ သူငယ်ချင်း
လည်း တစ်ယောက်မှ မရှိဘူး၊ ဘယ်ကောင်မလေးမှလဲ
စိတ်မဝင်စားဘူး၊ ရည်းစားလည်း မထားဘူးဆိုတော့ဟာ
ပုံမှန်မဟုတ်ဘူးလေ၊ ဘာလေးနဲ့ ကိုယ့်ကို အမြဲစစ်ဆေး
ချင်တယ်။ ကိုယ် ငယ်ငယ်က နီတူး အဖြစ်ကြောင့် စိတ်
ရောဂါရသွားဖူးတာကို ပြန်ပြန်အစဖော်ပြီး စစ်ဆေးသင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာဖြစ်တယ်နဲ့လေ။ ဩော် ... သူက စိတ်ရောဂါ အထူးကု ဆရာဝန်ဆိုတော့ တွေ့သမျှလူကို စိတ်ရောဂါ နည်းနည်းဝင်နေတယ်လို့ ထင်တာလည်း ပါတာပေါ့ ကြာယ်ရယ်။ ဒါကြောင့် ကိုယ့်အကြောင်း အမြဲ အမေ့ကို သတိပေးသလိုလိုနဲ့ စုံစမ်းတတ်တယ်၊ ဒီတော့ အခု အမေပြောလို့ ရပြီလေ။ ဟန်မင်းဆက်ဟာ ရည်းစားတောင် ရနေပြီလို့ အမေ ပြောပြမှ သူလည်း ကိုယ့်ကို normal လို့ ထင်တော့မယ်"

ကြာယ် ထိုစကားကို အသေအချာ စဉ်းစားရင်း နားထောင်နေပါသည်။ ထိုအခေါ်ဟာ အလကားနေရင်း သံသယ ဖြစ်တာတော့ မဟုတ်။ ကိုယ်တိုင်က စိတ်ရောဂါအထူးကုပဲ။ မောင်ဟန့်ဆီမှာ သံသယဖြစ်စရာကောင်းတဲ့ စိတ်အခြေအနေ တစ်စုံတစ်ရာများ သူ သိထားလို့လား။ ကြာယ်တောင် သူ့ကို သိပ်ချစ်မိလွန်းလို့သာ ချစ်သူအဖြစ် မျက်စိမှိတ်ပြီး လက်ခံလိုက် ရတာ။ စိတ်ထဲမှာ တစ်ခါတလေကျ သူ့ကို နားမလည်နိုင်ဘူး။ သူ့အပြုအမူ သူ့အမူအရာတွေကို မယုံချင်ဘူး။ အထူးသဖြင့် နီတူး အပေါ် လွန်လွန်ကဲကဲ ခင်မင်အနစ်နာခံခြင်းနဲ့ နီတူးကို သိပ်ဦးစားပေးလွန်းခြင်းတွေဟာ ပုံမှန်မဟုတ်သလိုပဲလို့ ကြာယ် စိတ်ထဲမှာ ခံစားရမိတယ်လေ။

"အမေက ကြာယ့်ကို အိမ်အလည်ခေါ်ခဲ့ပါဦးတဲ့"

"ကြာယ်လည်း လာမလို့ပါ"





"ဒါဆို အခုအပတ် လာခဲ့"

"အံမယ်"

"တကယ်ပြောတာ၊ ကိုယ် ကြာယ့်ကို ချက်ကျွေးမလို့၊ Chef သင်တန်းတက်ပြီး ဘာမှလဲ မချက်ဘူး ပြောနေကြ တော့ ချက်ပြရမယ်လေ၊ ဟိုတယ်စာ ချက်ပြမယ်"

"စားကြည့်ရသေးတာပေါ့လေ၊ ဒါနဲ့ ကြာယ်ကရော ဘာ ယူလာရမလဲ"

"ဘာမှမယူလာနဲ့၊ အချိုပွဲကအစ ကိုယ်ပဲပြင်ဆင်ထားမှာပါ"

ဒီလိုနဲ့ ဟန်မင်းဆက် ဖိတ်ထားသော ပိတ်ရက် တစ်ရက်ကို ရောက်လာခဲ့သည်။ မြကြာယ်ကလည်း တမင်ပဲ ဟန်မင်းဆက် ဖိတ်ခေါ်တာကို လက်ခံလိုက်ခြင်းဖြစ်သည်။ သူ့ အိမ်ကို သိပ်သွားချင်လို့၊ သူ့မိသားစုနဲ့ သိပ်တွေ့ချင်လို့တော့ မဟုတ်။ သူ့အိမ်ဘေးမှာရှိသော နီတူးကို တစေ့တစောင်း အကဲ ခတ်လို၍ ဖြစ်သည်။ ပြီးတော့ နီတူးနဲ့ ပတ်သက်ပြီး ဟန်မင်းဆက် အမေဆီက မသိမသာ လေ့လာစုံစမ်း မေးမြန်းကြည့်လို၍ဖြစ် သည်။

အဲဒီနေ့ရောက်လာသောအခါ ဟန်မင်းဆက်ကတော့ ဘာမှယူမလာခဲ့နဲ့ ပြောပေမဲ့ မြကြာယ်မှာ သူများအိမ် သွားလည် လျှင် တစ်ခုခု လက်ဆောင်ယူသွားရမှ နေတတ်သော အကျင့်ရှိ သူဖြစ်ရာ City Mart ဝင်ပြီး အသီးအနှံတချို့ ဝယ်ပြီးမှ ရောက် လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မင်းဆက် အိမ်ရှေ့ပေါ်တီကိုမှာ ကားဝင်ရပ်ပြီး ကားပေါ်ကဆင်းလျှင် မြကြာယံ မျက်လုံးတွေက နီတူးရှိမည်ဖြစ်သော တစ်ဖက်ခြံသို့သာ တန်းတန်းမတ်မတ် ကြည့်ရှုအကဲခတ်မိလေသည်။

"ဟော ... သမီး ... လာ လာ ... ဝင်လေ၊ ဘာတွေရပ်ငေးနေတာလဲ"

ဟန်မင်းဆက် အမေက အိမ်ရှေ့မှာ ကားတံခါးပိတ်သံကြားသဖြင့် ပြေးထွက်လာခြင်းဖြစ်သည်။

မြကြာယံက မသိမသာ အကဲစမ်းသောသဘောဖြင့်—

"ဪ ... ကြာယံ လာတိုင်း အဲဒီအိမ်ကြီးက တိတ်ဆိတ်ပြီး လူမနေတဲ့အတိုင်းပဲလို့ စိတ်ထဲမှာ ခံစားရလို့ ကြည့်မိတာပါ။ ဒါပေမဲ့ ပန်းခြံလေးကတော့ လှတယ်နော်၊ ပန်းလေးတွေ အစုံပဲ ပွင့်နေတာ"

ဟု စကားစကြည့်လိုက်ပါသည်။

ဟန်မင်းဆက်အမေက အသာအယာပင် ခေါင်းညိတ်နားထောင်နေသည်။

"အဲဒီအိမ်နဲ့ ပတ်သက်လို့ သမီး သိအောင် နောက်မှပဲ ပြောပါတော့မယ်ကွယ်"

"ရပါတယ် အန်တီ။ ကြာယံ သူများအကြောင်း သိပ်စပ်စုသလို ဖြစ်သွားမှာ စိုးရိမ်မိတယ်။ အန်တီ မပြောချင်တဲ့ အကြောင်း ရှိရင်လည်း မပြောပါနဲ့"





"မပြောချင်စရာ မရှိပါဘူး၊ သမီးလည်း မကြာခင် အန်တီတို့မိသားစုနဲ့ တစ်မျိုးမဟုတ် တစ်မျိုး ပတ်သက်လာတော့မှာပဲလေ။ သိသင့်တာတော့ ပြောထားရဦးမယ်။ ကဲ ... ထိုင် ... ထိုင် ... လက်ထဲမှာ ဘာတွေလဲ၊ တစ်ပုံတစ်ခေါင်းကြီး ဝယ်လာပြန်ပါပြီ"

အိမ်ရှိ အိမ်ဖော်ကောင်မလေးကတော့ အလိုက်တသိပဲ မြကြာယံ လက်ထဲမှ ကြွပ်ကြွပ်အိတ်ကို လာဆွဲယူပေးပါသည်။

"သားတော့ လက်စွမ်းပြနေလေရဲ့"

"ဟုတ်လား"

"တော်ရုံတန်ရုံ သူ့ချက်ခိုင်းရင် ဝင်မချက်ဘူး၊ ဘယ်လိုကြောင့် စားဖိုမှူးကြီးသင်တန်း တက်ရသလဲတော့ မသိဘူး၊ ဒါမျိုးက တကယ်ဝါသနာပါတဲ့သူမှ တက်ရင်ကောင်းတာ။ သူ့ကြည့်ရတာ ဝါသနာလည်း ပါပုံမရဘဲနဲ့ အဲဒီသင်တန်း တက်နေသလိုပဲ။ သင်တန်းသာ ပြီးသွားရော သူ ချက်ပြတာဆိုလို့ အိမ်မှာ တစ်ခါပဲ ရှိတယ်။ အခု သမီးကို ချက်ကျွေးတာနဲ့ ပေါင်းမှ နှစ်ခါပဲ မှတ်မှတ်ရရပါပဲ"

နီတူးကြောင့် သူ ဒီသင်တန်း တက်တာ၊ နီတူး ဝါသနာပါလို့ လိုက်တက်တာဟူ၍ သူ့အမေ သိထားပုံမရ။ မြကြာယံကလည်း အချိန်အခါကိုစောင့်ပြီး သူ့အမေကို နီတူးနဲ့

www.burmeseclassic.com



ဟန်မင်းဆက်တို့အကြောင်း ပြောပြဦးမည်ဟု တေးထားပါသည် ရင်ထဲမှာ ဘာကြောင့်မှန်း မသိ။ ကိုယ်ချစ်ရတဲ့ ချစ်သူအထေ ဘာမှ သွေးမတော် သားမစပ်သော သူငယ်ချင်းဆိုသူ တစ်ယော က . သိပ်ပြီးလွှမ်းမိုးလွန်းတာ။ အနိုင်ယူလွန်းတာ။ ထိုသူ့ကို ဦးစားပေးရလွန်းတာတွေကို မကျေမနပ်နိုင်သလို ဖြစ်နေမိသည်

"သူ့ ချက်တော့ ဘယ်သူမှ မကူရဘူးလား"

"ကောင်မလေးတွေကိုတော့ လိုအပ်တာလေးတွေပေါ့၊ ကြ သွန်လှီးခိုင်း၊ ကြက်သွန်ဖြူခွာခိုင်း၊ ချင်းထောင်းဖို့လို ထောင်းခိုင်းပေါ့၊ ဒီလောက်ပါပဲ။ ကျန်တာ သူ့ဘာသာ လှီးတယ်၊ ချွတ်တယ်။ ဟိုတယ်ကအတိုင်းတဲ့ မုန်လာဥ တို့ ခရမ်းချဉ်သီးတို့ သခွားသီးတို့ကို ပုံဖော်လှီးရမှာ တော့ ကောင်မလေးတွေ မလုပ်တတ်ဘူးလေ။ ဒီတော့ သူ့ဘာသာပဲ လုပ်တယ်။ ကြက်သားတို့ ငါးတို့လည်း သူ့ဘာသာပဲ ကိုင်တယ်၊ စတော်ဗယ်ရီဆန်းဒေးအိုက်(စ်) ကရင်(မ)တဲ့ အဲဒါကိုလည်း အချိုပွဲ လုပ်ထားလေရဲ့"

"ကြာယံ သူ့ကို သွားစပ်စုလိုက်ဦးမယ်နော်"

"သွား ... သမီး ... သွား၊ ပြောနေ ခွင့်တောင်းနေရမဲ့သူ တွေမှ မဟုတ်တာ။ သွားပါ သမီး ဝင်ချင်ဝင် ထွက်ချင် ထွက် ရပါတယ်။ နေတတ်သလို နေပါ"

ဟန်မင်းဆက် အဖေကတော့ စကားနည်းပုံရသည်။ ဒါမှမဟုတ် သူ့အလုပ်သူ စိတ်အာရုံ ဝင်စားနေပုံရသည်။ မြကြာယံ





ထဲ အသိအမှတ်ပြုအပြုံးနှင့် ခေါင်းတစ်ချက်ဆတ် နှုတ်ဆက်ရုံက လွဲလျှင် laptop ကွန်ပျူတာဖြင့် တထောက်ထောက် အလုပ်လုပ် မပျက်ချေ။ အိမ်အများစုရဲ့ ထုံးစံအတိုင်း ဒီအိမ်မှာလည်း အမေ ကသာ ဦးဆောင်ညွှန်ကြား စေခိုင်းပုံရသည်။

ကြီးမားကျယ်ဝန်းပြီး အလင်းရောင်များလှသော မီးဖိုခန်းကြီးထဲကို မြကြာယံ ခေါင်းပြူကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ စားဖိုမှူးကြီး၊ ပင်ပန်းနေပြီလား"

ဟု အသံပြုလိုက်လျှင် Chef စားဖိုမှူးတွေဆောင်း သော အဖြူရောင်ဦးထုပ်ရယ်၊ ရင်ဘတ်အရှေ့ဘက်ခြမ်းကိုကာ ပြီး လည်ပင်းနဲ့ ခါးမှာ ကြိုးချည်ပြီး ထမ်ဝတ်ရသော Apron (အေပရွန်)ဟုခေါ်သော အကျီဖြူရယ် ဝတ်ဆင်ထားပြီး ဓွန်းကြီး တစ်ချောင်းနဲ့ ဟင်းချိုအိုးကို မွှေနေသော ဟန်မင်းဆက် လှည့် ကြည့်လေသည်။

"ဟောဗျာ ... စားမဲ့သောက်မဲ့ Customer (ကက်စတန်မာ) ကတောင် ရောက်လာပြီ၊ ကျွန်တော် စားဖိုမှူးကြီးကတော့ ဒီနေ့ရဲ့ မီနူးကို ပြီးအောင်မချက်နိုင်သေးပါလားဗျာ"

"ကျွတ် ... ကျွတ် ... တော်တော်ညံ့သေးတာပဲ၊ ဒီလိုပုံမျိုး နဲ့ဆို ရှင်ဖွင့်မဲ့ ရက်စတောရင့် နာမည်ပျက်လိမ့်မယ်"

"ဟား ဟား ဟား ... အလကား ပြောတာပါဗျာ၊ အကုန် လုံး ချက်ပြီးနေပါပြီ၊ မမဖုရား စားသုံးတော်မူဖို့ အဆင် သင့်ပါပဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန်မင်းဆက်က လက်တစ်ဖက် နောက်
ကျန်လက်တစ်ဖက်ကို ခါးရှေ့ထားလျက် ခါးကိုင်း ခေါင်း
အမူအရာဖြင့် ခပ်နောက်နောက်လေး ပြန်ပြောလိုက်ပါသည်။

"ဒီနေ့ရဲ့မီနူးက ဘာလဲ"

"စားမဲ့အချိန်ကျမှ ပြောမယ်လေ"

"အံမယ်"

"မီနူးပဲ ပြောမှာနော်၊ Recipe (ရီဆက်ပီ)ကိုတော့ လျှို့
ထားမယ်၊ သေတောင် မပြောဘူး"

"ဟား ဟား"

မြကြာယံမှာ ချစ်သူ၏နောက်တီးနောက်တော
ရွှင်မြူးနေသော အသွင်ကို မြင်ရလျှင် ရင်ထဲမှာ ပေါ့ပါးလန်းဆ
သလို ဖြစ်ရပါသည်။ အထူးသဖြင့် ဟန်မင်းဆက်ဟာ ဟန်
ဆက် သီးသန့်လို ဖြစ်နေတဲ့ အချိန်တွေကို မြင်ရခဲ့ပြီး ဘယ်အ
မှာဖြစ်ဖြစ် "နီတူးက"တို့။ "နီတူးကြောင့်"တို့။ "နီတူးက
တယ်"တို့။ "နီတူးနဲ့"တို့ စကားဆယ်ခွန်းမှာ ရှစ်ခွန်းလော
ကို ကြားရတတ်သည် ဖြစ်ရာ ထိုသို့ကြားရတိုင်း မြကြာယံမှ
သူ့အစား မကျေမနပ်နဲ့ စိတ်ထဲမှာ အလိုမကျတာမျိုး မကြာခ
ခံစားရတတ်လေသည်။ အဲဒီ "နီတူး"ဆိုတဲ့ အမည်ကို ကြားလိ
ရတိုင်း မြကြာယံ စိတ်ထဲမှာ မရှင်းလင်းတော့။ မလန်းဆန်းတော့
နီတူး အရိပ်မည်းကြီးက ဟန်မင်းဆက် အပေါ် ဖုံးနေရုံမက သူ့
ထံပါ ကူးဆက်လာသည်ဟု ခံစားရလေသည်။





အခုတော့ ဒီနေ့မှာ ရှားရှားပါးပါး ဟန်မင်းဆက်
ချည်း သီးသန့်လို မြင်ရတာမို့ မြကြာယံ ရင်ထဲမှာပါ လန်းဆန်း
ပျော်ရွှင်နေမိသည်။

*○*



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"Bon Appetit (ဘွန်အပက်တီး)"

ထမင်းစားပွဲကြီး အလယ်သို့ ကြက်သားအကောင်လိုက် ဟင်းပွဲကိုချလျှင် ဟန်မင်းဆက်က ထိုသို့ ပြောလိုက်ပါသည်။ သူ ပြောလိုက်သော ပြင်သစ်စကားသံမှာ ကော်တော်ပီသလှပြီး သူ့ဟန်အမူအရာကလည်း ရုပ်ရှင်ကားတွေထဲမှာ မြင်ဖူးသော Chef ပုံစံမျိုး လက်တစ်ဖက် ခါးနောက်ပစ်၊ ကျန်လက်တစ်ဖက်နှင့် ဟင်းပွဲပြင်ဆင်လာသော ပန်းကန်ပြားလုလုကြီးကို လက်ဖဝါးပေါ်တင်ပြီး သယ်လာပြလေရာ မိသားစုအားလုံး ရယ်မောမိကြသည်။

အထူးသဖြင့် သူ့အမေ့မေကဆို ...

"သား ဒီနေ့ သိပ်သွက်ပြီး ပျော်လည်း အရမ်းပျော်နေတာကွယ်၊ သူ့ကို အဲဒီလို မြင်ရခဲတယ်လေ"





"သြော် ... သွက်မှာပေါ့ကွာ၊ မင်းကလည်း သိရက်သားနဲ့ ထုတ်ပြောနေပြန်ပါပြီ"

သူ့အဖေက ရယ်မောကာ စနောက်သလို ဝင်ပြောသည်။

"ကြက်သားအကောင်လိုက်ပေါင်းက ဘာဟင်းလို့ခေါ်လဲ"

"မမေးနဲ့ဦးလေ၊ ပြီးမှ Today Menu ကို ဝေမယ်"

"အံမယ် ... တကယ့်ဆိုင်ကြီးကျနေတာပဲ"

ဟန်မင်းဆက် ကြက်ကောင်လုံးကို စားပွဲပေါ်တင်ပြီးလျှင် နောက်ဖေး ပြန်ဝင်သွားပါသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ ဘဲဥပုံ ပန်းကန်ပြားကြီး လက်ဖဝါးဖြန့်တင်လာပါသည်။ ပန်းကန်ပြားနဲ့ အရွယ်တညီတည်းနီးပါးရှိမဲ့ ငါးအကောင်လိုက်ကို လှပစွာ ပြင်ဆင်လာသည်။ ငါးအောမှာ မုန်လာဥနီတွေ၊ သခွားသီးတွေ၊ ကြက်သွန်နီတွေကို ပန်းပွင့်ပုံစံလေးတွေဖော်ပြီး လှပစွာ ပြင်ဆင်ထားသည်။

"ငါးက အရိုးပါနူးတယ်နော်၊ အရိုးကြောက်စရာမရှိဘူး၊ ဒါ ကကတစ်ငါး အကောင်အကြီးစား"

"ဟုတ်ကဲ့ပါရှင်၊ အမေ မသိလို့ ဘာငါးလဲ ပြောပြပါဦး"

သူ့အမေက ချစ်စနိုးနဲ့ လှမ်းစလေသည်။ သူတို့မိသားစုကြည့်ရတာ ဒီနေ့ ပိုပြီးတော့ ပျော်နေပုံရသည်။ အဖေရော အမေပါ သားဖြစ်သူရဲ့မျက်နှာကို တကြည့်ကြည့်နဲ့ သားလည်းသမျှ ကိုင်သမျှတွေကို သဘောကျ ကျေနပ်နေပုံလည်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ပြန်ထွက်လာတော့ ပုစွန်တုပ်အလယ်စားလေးတွေ အကောင်လိုက်ကြော်ထားတဲ့ တစ်ပွဲနဲ့ ပြန်ထွက်လာသည်။ နောက်တစ်ခါ ထပ်ဝင်သွားပြန်လေရာ မကြာယ်လျှင် ...

"ဟင်းပွဲတွေလည်း အများကြီး၊ ဟင်းတွေလည်း အများကြီး၊ ဘယ့်လိုလုပ် ကုန်အောင်စားရမလဲတောင် မသိဘူး။ သူ့ကို ချက်ပြောဆိုတာနဲ့ အရမ်းလက်စွမ်းတွေပြပြီးထည့်တယ်"

"ကုန်မှာပါ ကုန်အောင်သာစား၊ သမီးအိမ်လည်း ထည့်ပေးလိုက်မယ်၊ ထမင်းမစားနဲ့ ဟင်းသာ များများစားလိုက်ပေါ့"

"ဒီဟင်းလျာတွေချက်ဖို့ သူကိုယ်တိုင်ပဲ ဈေးသွားဝယ်တာ၊ သူလိုချင်တဲ့ ငါးအရွယ်အစားတို့၊ ကြက်အကောင်လိုက်တို့ မရမှာစိုးလို့တဲ့"

ဟန်မင်းဆက် နောက်တစ်ခါ ပြန်ထွက်လာတော့ ထုံးစံအတိုင်း ဟင်းပွဲတွေမှာ မပါမဖြစ်တဲ့ ဝက်နံရိုးကြော်တစ်ပွဲ ပါလာပါသည်။ ဟင်းချိုကတော့ ထိုင်းစတိုင်လ် တွန်ယမ်ဟင်းချို ဖြစ်ပါသည်။

ဟင်းပွဲတွေ အကုန်ချပြီးသောအခါမှ ဟန်မင်းဆက် ကိုယ်တိုင်ပဲ ကြက်အကောင်လိုက်ကို စလီးသည်။





"ကွမ်ကျိုးစတိုင် ကြက်သားကောက်ညှင်း အစာသွပ်ကောင်လိုက်ပေါင်းတဲ့၊ ကြက်အကောင်လိုက်ထဲမှာ အထဲက ကလီစာတွေကို ရှင်းပစ်လိုက်တယ်။ ကောက်ညှင်းရယ် ချင်း ကြက်သွန်ဖြူရယ် နမ်းဆီရယ်ကို ရောပြီး အရင်နယ်ပြီးမှ အထဲကို အစာသွပ်တယ်။ ပြီးမှ ရင်အုံကနေစပြန်ချုပ်တယ်။ အပေါ်ကနေ ထောပတ်ဆီရယ်၊ မုန်ညင်းဆီ နည်းနည်းရယ်၊ ပဲငံပြာရည်ရယ်ကို ဘရပ်ရှ်နဲ့ ကြက်တစ်ကောင်လုံးကိုသုတ်ပြီး Oven (မီးဖို)ထဲထည့်ပြီး အရင်နှပ်တယ်၊ နာရီဝက်လောက်ပေါ့။ ပြီးမှ ပြန်ထုတ်ပြီး ပေါင်းအိုးကြီးထဲမှာ အောက်က ရေနွေးငွေ့ခံပေါင်းရတယ်လေ၊ မီးနည်းနည်းလေးနဲ့ပဲ ဖြည်းဖြည်းလေး တစ်နာရီလောက် ပေါင်းလိုက်တဲ့အခါ ဟော... ရပါပြီ၊ အခုလိုမျိုး ကောက်ညှင်းဆီအိနေတဲ့ ကြက်သားပေါင်း"

ထက်သော ဓားပြားလေးနဲ့ အလွှာလိုက် လှီးယူလိုက်သော ကြက်သားနှင့်အတူ ကောက်ညှင်းအိအိတွေကို ပန်းကန်ပြားတွေထဲ အသေအချာ လှပစွာ လိုက်ထည့်ပေးရင်း သူ့ချက်နည်းစတိုင်လ်ကို ရှင်းပြသေးသည်။

"ငါးအကောင်လိုက်ကတော့ အီတာလျံစတိုင်လ် ချက်ထားတာ၊ ချိ(စ်)နဲ့ ခရမ်းချဉ်သီးဆော့ များများသုံးထားတယ်။ မြန်မာငါးသလောက်ပေါင်းပုံစံ ပေါင်းတာမို့ ငါးက အရိုးပါနူးတယ်"

www.burmeseclassic.com



"တကယ့်ကို နိုင်ငံတကာစားပွဲကြီးပါလား၊ ဇာရုတ်ပြည်က ကွမ်ကျိူးစတိုင်လ်၊ အီတာလျံစတိုင်လ်။ ဒါဖြင့် ပုစွန်ကရော ဂျပန်စတိုင်လ် တန်ပူရာကြော်လား"

"အံမယ် ... ကြာယံ မဆိုးဘူး၊ ကျိုပြောထားတယ်"

"မသိဘူးလေ၊ ပုစွန်ဆို တန်ပူရာကြော်ပဲ သိတယ်လေ။ ဟင်းချိုက ထိုင်းစတိုင်လ် တွန်ယမ်ဟင်းချို၊ ဝက်နံရိုးကြော်ကရော ဘယ်စတိုင်လ် ဝက်နံရိုးကြော်လဲ"

"ဟား ဟား ... ဝက်နံရိုးကြော်ကတော့ မြန်မာကြိုက်ပုံစံ Hot & Spicy (ဟော့(ထ်)အင်န်စပိုက်စီး)ပေါ့၊ အကြော်မှုန့်မှာ အစပ်နဲ့ အပူလေးကဲပြီး တမင်ကြော်ထားတာ"

"ကြာယံက အစပ်ကြောက်တယ် မစားနိုင်ဘူး"

"သိပ်မစပ်ပါဘူး၊ ထိုင်းဟင်းချိုလောက်တောင် မစပ်ဘူး"

ထမင်းစပြီးစားသောအခါ ဟင်းကများများ ထမင်းနည်းနည်းစားသော စားဓွဲမျိုး ဖြစ်နေတော့သည်။ အချိုပွဲရောက်လာတော့လည်း တကယ့်ကို အရသာရှိလှသော စတော်ဗယ်ရီဆန်းဒေးကို စားရတာမျိုး ဖြစ်နေသည်။ ဟန်မင်းဆက် လက်ရာမှာ ကောင်းလှသဖြင့် မြကြာယံမှာ တဖွဖွ ထုတ်ဖော်ချီးကျူးမိတော့သည်။ ဒီတော့ ဟန်မင်းဆက် မိဘတွေက ဘာပြောသလဲဆိုရင် ...

"အမယ်လေး ... ကြာယံတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တတ်နေပြီ"

ဟု ကြည်နူးပီတိဖြစ်စွာ ဝေဖန်တော့သည်။





ထမင်းစားပြီးကြသောအခါ အပေါ်ထပ် ဝရန်တာကျယ်ကြီးပေါ်မှာရှိသည့် ကြိမ်ခုံဝိုင်းတွေမှာထိုင်ပြီး မိသားစုစကားပြောကြလျှင် (ဟန်မင်းဆက် အဖေကတော့ မပါပါ၊ ထမင်းစားပြီးတာနဲ့ Laptop ဖြင့် ပြန်အလုပ်လုပ်နေတော့သည်။) မြကြာယံကတော့ တစ်ဖက်မှာ လှမ်းမြင်နေရသည့် နီတူးရှိမည်ဖြစ်သော အိမ်ဆီ မသိမသာ ခဏခဏ လှမ်းအကဲခတ်မိသည်။

ဘာပဲဖြစ်ဖြစ် နီတူး အိမ်မှာရှိနေခဲ့လျှင် ဒီဘက်ကို ချောင်းကြည့်ရင် ကြည့်နေမှာပဲ။ မြကြာယံ ရောက်နေကြောင်း သိကိုသိမှာပဲ။ ဟန်မင်းဆက်ကတော့ နီတူးကို မပြောဘဲနေမှာမဟုတ်။ ဘာပဲလုပ်လုပ် ဘယ်ပဲသွားသွား သူ့မှာ နီတူးကို အရင်သံတော်ဦးတင်ရတာလေ။

စကားထိုင်ပြောကြလေရာ အများစုကတော့ မြကြာယံမိသားစုအကြောင်း ဟန်မင်းဆက်အမေက မေးလို့ ပြောပြတာမျိုး၊ IELTS ဖြေပြီးရင် ကျောင်းသွားတက်မယ့် အကြောင်းအရာမျိုး၊ သူ့ဘက် ကိုယ့်ဘက် အမျိုးတွေအကြောင်း စသဖြင့် ပြောကြဆိုကြတာ ဖြစ်ပါသည်။

စကားပြောနေစဉ် အိမ်ဖော်မိန်းကလေးတစ်ယောက် ရောက်လာပြီး ...

"အစ်ကိုမောင်ဟန် ... အစ်ကိုမောင်ဟန့် ဆရာတဲ့၊ ဖုန်းလာတယ်။ ကျောင်းကိစ္စ ပြောပြချင်လို့တဲ့"

ဟု သတင်းလာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဩော် ... ဟုတ်တယ် ... ဟုတ်တယ်၊ Chef သင်တန်းက ဆရာပဲလေ၊ စင်ကာပူကကျောင်းကို ဆက်သွယ်ပြီး ဆက်တက်ဖို့ ဆရာ့ရဲ့အေဂျင်စီကနေ လုပ်ထားတာ ကြာယ်ရဲ့။ ကိုယ် စကားသွားပြောလိုက်ဦးမယ်နော်”

“အမယ်လေး ... ရပါတယ်၊ သူကလည်းလေ၊ ခွင့်တောင်းနေရသေးတယ်”

မြကြာယ်မှာ အမေရှေ့တွင် သူမအပေါ် သိပ်ပြီး အရေးတယူ နေရာပေးပြနေသဖြင့် အနေခက်သလိုဖြစ်ကာ သူ့အမေကို အကဲခတ်ရင်း ပြောမိ၏။

သူ့အမေကတော့ တစ်ဦးတည်းသော သားပိုင်ရှင် အမေနဲ့မတူဘဲ ဒါကိုပဲ သဘောကျစွာ ကြည့်နေပါသည်။ ဟန်မင်းဆက် ဖုန်းသွားပြောနေစဉ် ...

“သားနဲ့ သမီးက ပညာတွေ အသီးသီး ဆက်သင်ကြဦးမှာဆိုတော့ ဘယ်တော့လောက် လက်ထပ်မယ် စိတ်ကူးထားကြလဲ”

ဟု မေးလာသည်။

“အဲဒါတော့ မတိုင်ပင်ရသေးပါဘူး အန်တီ”

“စေ့စပ်ထားချင်ရင်လည်း စေ့စပ်လေ၊ အန်တီဘက်ကတော့ လုပ်ပေးဖို့ အသင့်ပဲ။ သမီးရဲ့မိဘတွေကို ပြောလို့ရမလား”





“ဟုတ်ကဲ့ ... ကြာယ် ပြောပြပါမယ်၊ ခုလောလောဆယ်တော့ မေမေ သိပါတယ်။ မေမေ့ကိုတော့ အသိပေးပြီးပါပြီ”

“ဩော် ... ဩော် ...”

“ကြာယ် သိချင်တာလေး တစ်ခုတော့ ရှိတယ် အန်တီ၊ အန်တီ့ကိုမေးရင် စိတ်မရှိပါနဲ့နော်”

“ဘာများလဲကွယ်”

ဟန်မင်းဆက် အမေက စိတ်ဝင်စားဟန်ဖြင့် ကိုယ်ကိုပါ ရှေ့ကိုကိုင်းပြီး မျက်ခုံးပင့်ကာ မေးသည်။

“မောင်ဟန်ဟာ ကြာယ့်အတွက် ဘာမှပြင်းစရာမရှိတဲ့ လက်တွဲဖော်ပါ။ အဘက်ဘက်က ပြည့်စုံတယ်၊ လူလည်း လူကောင်းပါပဲ။ အခုဆို ကြာယ့်အပေါ် မိဘတွေကဒါ တကယ့်သမီးတစ်ယောက်လိုပဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုတာကို ခံရတော့ မိန်းကလေးတစ်ယောက်အနေနဲ့ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝမ်းသာမိပါတယ်”

မြကြာယ်သည် ရင်ထဲမှာရှိတာကို [illegible]မညာတတ်သူ ဖြစ်လေရာ အမှန်အတိုင်းပဲ ပြောလိုက်ပါသည်။ ဟန်မင်းဆက်၏ မိခင်ကတော့ မြကြာယ် ဘာကိုပြောချင်သ[illegible] ဆိုတာကိုသာ အာရုံစိုက်နေလေသည်။

“ဒါပေမဲ့ ကြာယ့် ရင်ထဲမှာ သိပ်မကျေနပ်နိုင်တာ တစ်ခုကတော့ ရှိနေတယ်”


www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ သမီးရယ်"

"သူကလေ သူ့ကိုယ်သူလည်း ရပ်တည်နိုင်ရက်သားနဲ့ သူလည်း အရည်အချင်း ရှိရက်သားနဲ့ လူတစ်ယောက်ရဲ့ လွမ်းမိုးမှုကို သိပ်ခံယူလွန်းနေတယ်၊ ကြာယံ အဲဒါကို လုံးဝ မကျေနပ်နိုင်ဘူး။ ကြိုက်လည်း မကြိုက်ဘူး အန်တီ။ ဖြစ်နိုင်ရင် အန်တီပါ မသိမသာ ကူပြီးဆုံးမပေးနိုင်ရင် ကောင်းမယ်ထင်လို့ပါ"

"ဟုတ်လား ... ဘယ်သူကများ သူ့ကိုလွမ်းမိုးလို့ပါလိမ့်။ သူ့မှာ ဘယ်အပေါင်းအသင်း ဘယ်သူငယ်ချင်းမှကို သတ်သတ်မှတ်မှတ် ပေါင်းတာလဲ မရှိပါဘူး"

မြကြာယံသည် ပြောသင့် မပြောသင့် ချိန်ဆရင်း တစ်ဖွက်ခြံသို့လည်း တစ်ချက်အကဲခတ်လိုက်ကာ ...

"ဟို ... အန်တီ စိတ်မဆိုးနဲ့နော်၊ အန်တီနဲ့ ဟိုဘက်ခြံနဲ့ မတည့်ဘူးဆိုတော့ ကြာယံ ပြောရင် ကြိုက်ပါ့မလားလို့"

"ဘာရယ် ... ဟိုဘက်ခြံ။ ဟိုဘက်ခြံမှာ ဘယ်သူရှိတယ် ဆိုတာ သမီး သိလို့လား"

"ဟို ... ဟိုဟာ ... နီတူးတို့မိသားစု ရှိတယ်လေ၊ ကြာယံ အဲဒါတော့ သိပါတယ်"

"နီတူး ... ဟုတ်လား"

ဟန်မင်းဆက်၏မိခင် ဒေါ်ယဉ်ယဉ်မှာ အံ့သြသလို ရေရွတ်တာမျိုးဖြစ်သည်။





"နီတူး အကြောင်း မောင်ဟန် ပြောပြထားလို့ သိထားပါတယ် အန်တီ"

"ဪ ... ဪ"

"အန်တီတို့နဲ့ သိပ်အဆင်မပြေကြလို့ သူတို့ချင်း တိတ်တိတ်ခိုးပေါင်းပြီး သူငယ်ချင်း လုပ်နေရတယ်လို့ မောင်ဟန် ပြောတယ်"

"ဘာ ... ဘာရယ်"

"ဟို ... အန်တီ စိတ်ဆိုးပြီး မောင်ဟန့်ကို သွားတော့ မဆူပါနဲ့နော်"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ စိတ်ဆိုးပြီး မေးတာမဟုတ်ဘူး။ မယုံနိုင်လို့ ပြန်မေးတာ"

"ရှင်"

မြကြာယံပင် ဒီစကားဟာ ဘာအဓိပ္ပာယ်မှန်းမသိ ဖြစ်လျက် အံ့သြသွားပါသည်။

"မယုံနိုင်ဘူး၊ လုံးဝယုံနိုင်စရာကို မရှိဘူး ကြာယံ။ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး အန်တီ"

"နီတူးနဲ့ သူ ဘယ်လိုလုပ် သူငယ်ချင်းဖြစ်လို့ ရနိုင်တော့မလဲ။ နီတူးက သေသွားပြီးပြီလေ၊ နီတူး ရှိမှမရှိတော့တာ၊ ဆယ်နှစ်ကျော်အရွယ်တည်းက သေသွားပြီးပါပြီ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား"

ဒီတစ်ခါ အံ့သြပြီး ရေရွတ်ရသူက မြကြာယံ ဖြစ်နေသည်။

မြကြာယံမှာ ယုံလည်းမယုံနိုင်။ ဒါပေမဲ့ မယုံစရာလည်း မရှိ။ တစ်ဖက်အိမ်က မိသားစုကို မကြည်လင်တာနဲ့ သူတို့သားဟာ သေသွားပြီးပါပြီလို့တော့ ဘယ်သူကမှ လိမ်လည်ပြီး ပြောမယ်မထင်။

"အန် ... အန်တီ တကယ်ပြောတာနော်"

မြကြာယံသည် ဘာရယ်မဟုတ် ထပ်ပြီးတော့တောင် မေးမိသလို ဖြစ်သွားပါသည်။

"သြော် ... တကယ်ပြောတာပါ သမီးရယ်၊ သူ ဘာကြောင့် သေသွားတယ်ဆိုတာရော သမီး သိချင်လား"

"ဟို ... ဟိုဟာ ... မောင်ဟန် ပြောပြဖူးတာတော့ သူတို့ ငယ်ငယ်က အိမ်ကနေ တစ်ခါထွက်ပြေးဖူးတယ်၊ အဲဒီမှာ နီတူး ကားတိုက်ခံရတယ်လို့ ပြောပြဖူးတယ်"

"ဟုတ်တယ်လေ၊ အဲဒီကားတိုက်တဲ့နေရာမှာပဲ ပွဲချင်းပြီး သေသွားတာပါကွယ်။ သားလည်း သူ့သူငယ်ချင်းရဲ့အဖြစ်ဆိုးကိုမြင်ပြီး နေရာမှာတင် သတိမေ့လဲသွားတာ။ သတိပြန်ရတော့ ကလေးက စိတ်ပုံမှန်မဖြစ်တော့ဘဲ ဟိုပြောဒီပြောတွေ ဖြစ်နေတယ်။ ငိုလိုက် ရယ်လိုက်နဲ့ စိတ်ကယောင်ချောက်ချားတွေ ဖြစ်တယ်။ ညညကျ အိပ်မက်





ဆိုးတွေမက်ပြီး အသံနက်ကြီးနဲ့ ထထအော်တယ်။ ခဏခဏလည်း ဖျားတယ်၊ အဲဒီလိုတွေဖြစ်တော့ ကုလိုက်ရတာဆိုတာ။ တစ်နှစ်လုံး ကျောင်းတောင် မတက်ဘဲ သူ့ကို ဆေးကုရတာပေါ့။ အစုံပါပဲ တစ်မျိုးပြီးတစ်မျိုး လှည့်ဖြစ်နေတာ၊ ကလေးက နာလန်မထူတော့ဘူး။ စိတ်ရောဂါလည်း ဝင်သွားတယ်လေ၊ သူ့အဒေါ်အငယ်တစ်ယောက်က စိတ်ရောဂါအထူးကုကို၊ အဲဒီတုန်းကတော့ ဘွဲ့လွန်တက်နေတုန်းပဲဆိုတော့ ကိုယ်တိုင်မကုနိုင်သေးပေမယ့် သူ့ရဲ့ဆရာကြီး တကယ့်သမားတော်ကြီးလက်ထဲအပ်ပြီးတော့ကို ကုပေးလိုက်တာပါ၊ ဒါကြောင့် သားမှာ အခုစိတ်ရောဂါမရှိတော့တာပေါ့"

မြကြာယံသည် သူမ၏လက်ကိုင်အိတ်ကြီးထဲတွင် ထည့်ယူလာသော ဓာတ်ပုံလေး နှစ်ပုံကို အသာထုတ်ယူလိုက်ပါသည်။

ဒေါ်ယဉ်ယဉ်ဘက် ကမ်းပေးရင်း ...

"ကြာယံ့ကို မောင်ဟန် ပေးထားတဲ့ သူနဲ့ နီတူး တွဲရိုက်ထားတဲ့ပုံရယ်၊ နီတူး တစ်ယောက်တည်းပုံရယ်ပါ အန်တီ ကြည့်ပါဦး"

ဟု ပြောလျှင် ဒေါ်ယဉ်ယဉ်မှာ မယုံကြည်စွာပင် လှမ်းယူကြည့်သည်။ ဓာတ်ပုံကို အသေအချာ စူးစိုက်မျက်မှောင်ကြီးကြုတ်၍ပင် ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာယံ့ကို နီတူး အကြောင်းတော့ ခဏ ခဏ ပြောပြီး နီတူးနဲ့ ပတ်သက်တာတွေလည်း သိထားရပြီး လူကိုတစ်ခါမှ မမြင်ဖူးဘူး ဆိုလို့ သူက ဓာတ်ပုံပဲ ယူလာပြတယ်။ ကြာယံက လူချင်းတွေ့မယ်ပြောတော့ သူ တစ်ခါမှ ခေါ်မလာပြဘူး။ ပြီးတော့ နီတူးက ကြာယံ့ဆီ ဖုန်းလည်းဆက်ဖူးတယ်၊ ဟို ... ဘယ်လိုပြောမလဲ၊ e-mail ပို့ပြီး ရည်းစားစာလည်း ပေးဖူးတယ်။ နီတူးက ကြာယံ့ကို အရမ်းကြိုက်နေတယ်ဆိုပြီး မောင်ဟန်က နီတူးကိုငဲ့ပြီး ရှောင်တောင် ရှောင်ပေးသေးတယ် အန်တီ။ နောက်မှ နီတူးက မောင်ဟန့်အတွက် သူပဲ နောက်ဆုတ်ပေးပါ့မယ်လို့ သူ့ဘသဘောနဲ့သူ ဆုံးဖြတ်ပြီး နောက်ဆုတ်သွားမှ မောင်ဟန်က ဖွင့်ပြောလာတာပါ အန်တီ။ အဲဒါကြောင့် နီတူး ဆိုတာ တကယ်ရှိတယ်လို့ကို ကြာယံ ထင်နေတာပါ"

ထိုအချိန်မှာပင် ဖုန်းပြောပြီး မောင်ဟန် ပြန်လာတဲ့ခြေသံ စ,ပြီးကြားလိုက်ရသဖြင့် ဒေါ်ယဉ်ယဉ်မှာ ကပျာကယာပင် ...

"သမီး ... သားကို ဘာမှသွားမပြောနဲ့ မမေးပါနဲ့ဦးနော်၊ ဓာတ်ပုံတွေ အန်တီ သိမ်းထားလိုက်မယ်။ သမီးနဲ့အန်တီ သေသေချာချာ စကားပြောရအောင် မနက်ဖြန်ချိန်းကြမယ်လေ ဘယ်လိုလဲ"





ဟု ဓာတ်ပုံကိုပါဖွက်ရင်း မေးလိုက်သည်။ ဒေါ်ယဉ်ယဉ်၏ မျက်နှာမှာ အစိုးရိမ်ကြီး စိုးရိမ်နေကာ အင်မတန်မှ စိတ်ဆင်းရဲသောက ရောက်နေဟန်လည်း တွေ့လိုက်ရသည်ဖြစ်ရာ မြကြာယံလည်း ထိုသို့ စီစဉ်တာကို လက်ခံလိုက်ဖို့ တွေးမိသည်။ ဘာတွေမှန်းမသိ ပဟေဠိလိုလိုတွေဖြစ်လျက် ခေါင်းရှုပ်ရစေသော ဟန်မင်းဆက်၏ လျှို့ဝှက်ချက်တွေသည် မြကြာယံကို များစွာ နားမလည်နိုင်မှုတွေ ပေးနေတော့သည်။

"ကြာယံ့ဆီ အန်တီ ဖုန်းဆက်ချိန်းမလား၊ ကြာယံ ချိန်းရမလား"

"အန်တီ သမီးကို ဖုန်းဆက်မယ် သမီး"

ဟန်မင်းဆက် အနားရောက်လာသဖြင့် နားစွန်နားဖျား ကြားသွားပြီး ...

"အဟား ... အမေ ဘာတွေ ဖုန်းဆက်မှာဦးမလို့လဲ"

ဟူ၍ မေးလိုက်သည်။

"သြော် ... သမီးရဲ့မိဘတွေကိုပါ တစ်ရက်လောက် ထမင်းစားဖိတ်ချင်လို့ တိုင်ပင်နေတာပါ သားရယ်"

ဒေါ်ယဉ်ယဉ်မှာ ဟန်မပျက် လိမ်ညာပြောလိုက်၏။

"ကြာယံ့ အဖေအမေတွေကိုလည်း သားလက်ရာချက်ကျွေးရမှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်မင်းဆက်ကား အမေ့စကားကို ယုံလျက် ဝမ်းသာအားရ ပြောနေတော့သည်။ ထိုနေ့က မြကြာယံထံသို့ အိမ်ရောက်ရောက်ချင်းမှာ ဒေါ်ယဉ်ယဉ်ဆီမှ ဖုန်းခေါ်သံကို လက်ခံရရှိခဲ့လေသည်။

* ၀ *





## ၁၀

ဒေါ်ယဉ်ယဉ်က အရင်ရောက်နှင့်နေသော မြကြာယံ၏ စားပွဲသို့ တန်းတန်းမတ်မတ်ပဲ လျှောက်လာခဲ့သည်။ အမေတစ်ယောက်ရဲ့သား တစ်ယောက်အတွက် ပူပင်သောက ရောက်နေမှုတွေ အတိုင်းသား မြင်နေရသော ဒေါ်ယဉ်ယဉ် မျက်နှာအမူအရာကိုကြည့်ရင်း မြကြာယံ စိတ်မကောင်းတော့ ဖြစ်မိသည်။

"သမီး ရောက်တာ ကြာပြီလား"

"မကြာသေးပါဘူး အန်တီ၊ ခုလေးတင်ပါ၊ အန်တီဘာသောက်မလဲ"

"သံပရာရည်ပဲ သောက်တော့မယ် သမီးရယ်၊ ရင်ထဲမှာ ပူလည်းပူ၊ ပြည့်လည်းပြည့်နဲ့ ဘာမှတောင် စားချင်စိတ်မရှိဘူး"

"စိတ်မပူပါနဲ့ အန်တီရယ်၊ တကယ့် အဖြစ်မှန်ကိုသိရင် သမီးတို့ မောင်ဟန့်ကို တစ်ခုခု လုပ်ပေးနိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်တည်းက ဒီလိုဖြစ်နေမှန်းတောင် မသိတာ စိတ်မကောင်းဆုံးပဲကွယ်။ ကိုယ့်သားလေးတစ်ယောက်တည်း ရှိတာကို ဂရုမစိုက်ဘဲ ပစ်ထားမိသလို ဖြစ်ခဲ့တယ်"

"အန်တီ ထင်တာက ဘယ်လိုထင်လို့လဲဟင်"

"ညက စင်ကာပူမှာရှိတဲ့ သူ့အဒေါ် စိတ်ရောဂါအထူးကုဆရာဝန်ဆီ ဖုန်းဆက်ပြီး ပြောပြမိတယ်၊ ဒီတော့ အန်တီ ညီမက ပြောတယ်၊ သူ စိတ်ရောဂါပြန်ရနေတာတဲ့"

"ဟို ... နီတူး ဓာတ်ပုံကိုပါ ပြနိုင်တာ ကျတော့ရော အဲဒါ ဘယ်သူ့ပုံလို့ အန်တီ ထင်လို့လဲ"

ဒေါ်ယဉ်ယဉ်မှာ စားပွဲထိုး လာချပေးသော သံပရာရည်ကို တစ်ချက် ငုံသောက်လိုက်ပြီးမှ ...

"အဲဒါ ဘယ်သူရှိမလဲ၊ သားကိုယ်တိုင်ပဲ ကြာယံ၊ သူ့ကိုယ်သူ ရုပ်ဖျက်ပြီး နီတူး ဟန်ဆောင်ပြီး သမီးဆီ ဓာတ်ပုံ ညာပို့တာပါ"

ဟု ရှင်းပြပါသည်။

"နှစ်ယောက်တွဲပုံ ဆိုတာကလည်း ဓာတ်ပုံပညာနဲ့ ဖြတ်ညှပ်ကပ်လုပ်ပြီး တစ်ပုံစီ သီးသန့်ရိုက်ထားတာကို နှစ်ယောက်တွဲပုံလုပ်လို့ ရတာပဲလေ။ ဒီတော့ သူ့ကိုယ်သူ မောင်ဟန်၊ သူ့ကိုယ်သူပဲ နီတူး လုပ်လိုက်တာပေါ့"

"မောင်ဟန် ရုပ်ဖျက်ထားတာလား အန်တီ"





"ဟုတ်ပါတယ်ကွယ်၊ ကိုယ်မွေးထားတဲ့သားပဲ ဘယ်လိုပုံဆိုတာ အန်တီ သိပါတယ်။ နီတူးဆိုတာ မောင်ဟန် ရုပ်ဖျက်ထားတဲ့ပုံပါ။ နီတူး အသက်ရှင်လို့ ဒီအရွယ်ရောက်ခဲ့ရင်လည်း သား သူ့ကိုယ်သူ ရုပ်ဖျက်ထားတဲ့ပုံမျိုး ဖြစ်မှာမဟုတ်ဘူး။ နီတူးက ငယ်ငယ်တည်းက ဆံပင်ကောက်ကောက် လိမ်လိမ်လေးတွေနဲ့ အသားလည်းညိုတယ် သမီး။ ဒီတော့ ကြီးလာလို့ သားနဲ့ရွယ်တူ ဖြစ်ရင်တောင် ဓာတ်ပုံထဲမှာ သားရုပ်ဖျက်ထားသလို ဆံပင်ပျော့ပျော့ရှည်ရှည်၊ အသားဖြူဖြူ ကောင်လေးတော့ ဖြစ်မယ်မထင်ဘူး"

မြကြာယံမှာ ယုံပင်မယုံနိုင်သလို ဖြစ်နေသည်။

"ကြာယံ့ကိုလည်း ဖုန်းတွေဆက်၊ e-mail တွေပို့ပြီး ရည်းစားစာလည်း ပေးသေးတာ"

"အဲဒါတွေလည်း အန်တီ သူ့အဒေါ်ကို ပြောပြတယ်၊ သူ့အဒေါ်က ပြောတော့ ဖြစ်နိုင်ချေက သူဟာ သူ့ကိုယ်သူ မောင်ဟန်ဖြစ်လိုက်၊ တစ်ခါတလေ နီတူးဖြစ်လိုက်နဲ့ လူတစ်ယောက်တည်းမှာ နှစ်စိတ်ဖြစ်နေတဲ့ ရောဂါမျိုးတဲ့။ သူတို့ဆေးပညာနဲ့ဆို Multiple Personality (မာလ်တီပယ်လ်ပါဆင်နယ်လ်တီ)လို့ ခေါ်တယ်တဲ့၊ သူ့စိတ်ထဲမှာ အစွဲအလမ်းကြီးပြီး မရှိတော့တဲ့ သူငယ်ချင်းကို ဖန်တီးတယ်။ အဲဒီ သူငယ်ချင်းနဲ့ စကားတွေပြောတယ်။ သူငယ်ချင်းနဲ့အတူတူ လျှောက်သွားတယ်။ မြကြာယံ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို တွေ့တော့လည်း ပြိုင်တူကြိုက်ကြတယ်ဆိုတာမျိုး သူ့ဘာသာစိတ်က ထင်ချင်ရာထင်ပြီး လျှောက်လုပ်နေတာပါ။ သူ့အခေါ်ကပြောတော့ သူ့ဟာ မောင်ဟန် ဖြစ်နေချိန်မှာ မောင်ဟန့်အသံနဲ့ မောင်ဟန့်ပုံစံပဲတဲ့။ အကယ်၍ နီတူး စိတ်ဝင်လာရင်တော့ နီတူးအသံ၊ နီတူးစိတ် ပြောင်းသွားရောတဲ့။ သမီး ကြားတော့ နီတူးအနေနဲ့ ဖုန်းဆက်တဲ့ အသံက ဘယ်လိုမျိုး ဖြစ်နေလဲ"

မြကြာယံ တွေးတွေးဆဆ လုပ်ရင်း ...

"အသံက ခပ်တိမ်တိမ်၊ ခပ်ဝင်ဝင် အသံမျိုးပါပဲ အန်တီ။ ဘယ်လိုခေါ်မလဲ။ တချို့လူတွေ ရှိတယ်လေ။ အသံဝင်နေတဲ့ ပုံစံမျိုး စကားပြောတာမျိုးလေ။ ကြာယံ အဲဒီလို မောင်ဟန့်ကို ပြန်ပြောပြတုန်းကတောင် မောင်ဟန်က သူမဟုတ်တဲ့အတိုင်း ရယ်မောပြီး နီတူးအသံက အဲဒီလိုပဲ အဆိုတော်လုပ်ရင် Rock (ရော့ခ်)ဆိုရင် သိပ်လိုက်တဲ့ အသံမျိုး ဘာညာနဲ့ ပြန်ဝေဖန်သေးတယ်"

ဟု သတိတရ ပြန်ပြောပြပါသည်။

"သားဟာ သမီးဆီ မောင်ဟန် အနေနဲ့လာတဲ့အချိန်၊ စကားပြောတဲ့ အချိန်မှာ သူ့ကိုယ်သူ နီတူး အဖြစ်ပြောင်းလဲသွားတာ၊ နီတူးက စကားပြောတယ်ဆိုပြီး ပြောတာ၊ နီတူးအနေနဲ့ လုပ်ခဲ့တာတွေကို ဘာမှမမှတ်မိနိုင်ဘူးလေ။





ဒီတော့ သမီးက နီတူး ဘာဖြစ်တယ် ညာဖြစ်တယ်ပြောလဲ သူက သူလို့ကို မထင်ပါဘူး"

မြကြာယံမှာ ခေါင်းထဲ ရှုပ်ထွေးလှသဖြင့် ...

"နီတူး တကယ်သေသွားပါတယ်နော်"

ဟုပင် မယုံသယောင် ပြန်မေးမိတဲ့အထိ။ ဒေါ်ယဉ်ယဉ်ကတော့ မချိတရိ ပြုံးလိုက်ကာ ...

"နီတူး တကယ်သေသွားတာပါ သမီးရယ်။ အဲဒီပြဿနာကြောင့်ပဲ ဟိုဘက်မိသားစု ဒီဘက်မိသားစုတွေဟာ သူ့သားကြောင့်၊ ကိုယ့်သားကြောင့်လို့ အပြစ်တွေ တင်ကြ။ စကားတွေ အကြီးအကျယ် များကြနဲ့ အမုန်းပွားကုန်ခဲ့တာပါ။ အဲဒီတည်းကပဲ အဆက်အဆံ မလုပ်တော့တာပါ။ အန်တီတို့ကလည်း ကိုယ့်သားလေး လူအကောင်းကနေ စိတ်ဝေဒနာရရလို့ ဒေါသဖြစ်ရသလို သူတို့ကလည်း သားတစ်ယောက်လုံး ဆုံးရှုံးရတော့ မချိတင်ကဲ ဖြစ်ကြရတာပေါ့။ တကယ်တော့ နီတူးပဲ အိမ်ကနေထွက်ပြေးဖို့ဆွယ်လို့ မောင်ဟန် ပါရတယ်ဆိုတာ အန်တီတို့ သိပါတယ်။ သားက နီတူးနောက်လိုက်လေ၊ နီတူး ဘာလုပ်လုပ် လိုက်လုပ်တတ်တာ သိထားပြီးသားပါ။ ဒီအဖြစ်အပျက်မှာလည်း နီတူးခေါ်လို့ သားပါသွားရတယ်ဆိုတာ သိရက်နဲ့ သူတို့ကတစ်ပြန် မောင်ဟန် ခေါ်လို့ နီတူးပါ ထွက်ပြေးရတယ်လို့ စွပ်စွဲတော့ အားလုံး အငြင်းပွားကုန်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အန်တီ အခုလို ရှင်းပြတာလည်း နီတူးတို့ကို အပြစ်မြင်လို့ မဟုတ်ပါဘူး။ သေတဲ့သူလည်း သေသွားပြီးပြီ။ ကလေးအရွယ်လေးနဲ့ လူ့ဘဝကို စွန့်သွားရတာ သားချင်း ကိုယ်ချင်းစာပြီး သနားမိပါတယ်။ ဒီအကြောင်းတွေကို မေ့ထားတာ ကြာပြီ၊ အခုမှ ပြန်ပြောဖြစ်တာပါ"

မြကြာယံမှာ ဟန်မင်းဆက်နဲ့ ပတ်သက်ပြီး ဘာဆက်ပြောရမှန်းပင် မသိသလို ဖြစ်နေတော့သည်။

မြကြာယံ၏ အမူအရာကိုကြည့်ပြီး ဒေါ်ယဉ်ယဉ်က တော့ စိုးရိမ်တကြီးနဲ့ ...

"သားကို ခုလောလောဆယ်တော့ ဘာမှသွားအသိမပေးနဲ့ဦး၊ မပြောနဲ့ဦးနော် သမီး။ ပြီးတော့ သားကို စိတ်အခြေအနေ ပုံမှန်မရှိလို့ဆိုပြီး အဆက်ဖြတ်တာတွေ ဘာတွေလဲ မလုပ်ပါနဲ့ဦး။ အခြေအနေ ပိုဆိုးသွားမှာ စိုးလို့ပါ၊ သူ့အပေါ် စင်ကာပူကနေ ပြန်လာခဲ့မယ်၊ သူတူကို သူကိုယ်တိုင် ကုသမယ်တဲ့၊ အဲဒီအထိ စောင့်ပါနော်"

ဟူ၍ တောင်းတောင်းပန်ပန် ပြောပါသည်။

"အို ... ကြာယံ့မှာ အဲဒီစိတ်သဘောမျိုး မရှိပါဘူး အန်တီ။ ကြာယံ ဟို ... တကယ်ပြောတာပါ၊ မောင်ဟန်က ကြာယံ့ ရည်းစားဦးပါ။ သူ့ကိုလေ ဟို ... အဲ ... တကယ်လည်း ချစ်သွားလို့ ရွေးခဲ့တာပါ၊ အလွယ်တကူ ပြန်အဆက်မဖြတ်ရက်ပါဘူး"





မြကြာယံမှာ အမေတစ်ယောက်ရှေ့မှာ သူမရဲ့သားကို တကယ်ပဲ ချစ်မိကြောင်း ဝန်ခံရသဖြင့် ရှက်လည်းရှက်၊ မရဲ့တရဲလေးလည်း ပြောပြမိသည်။

"သူ့ကို လူကောင်းဖြစ်လာတဲ့အထိ အန်တီတို့နဲ့အတူ စောင့်ရှောက်ပြီး ကြည့်နေပါ့မယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ်။ ကဲ ... ပြောပြပါဦး။ အန်တီ မသိသေးတဲ့ အကြောင်းတွေ"

"ဘာများလဲ အန်တီ"

"သမီးနဲ့ စတွေ့တော့ သားက ဘယ်လိုစ,ပြောလဲ၊ အဲဒီထဲက နီတူး ဆိုတာကို စကားထဲ ထည့်ပြောလား"

"စတွေ့ကတည်းကကို နီတူးဟာ သူနဲ့အတူ ပါလာတဲ့ သူငယ်ချင်းအဖြစ် သူ့စကားထဲထည့်ပြောခဲ့တာပါပဲ အန်တီရယ်"

"အစအဆုံးပေါ့၊ အခုချိန်ထိ သမီးကြုံရတဲ့ အပိုင်းကိုပေါ့ ပြောပြမလား။ အန်တီ သိချင်လို့ပါ"

မြကြာယံသည် စိတ်ရှည်လက်ရှည်ပင် သူမနဲ့ ဟန်င်းဆက်၏ ဇာတ်လမ်းစ,အဖွင့်တည်းက ပါနေခဲ့သော နီတူး ာတ်ကောင်အကြောင်းကို မှတ်မိသမျှ အသေးစိတ် ပြောပြလိုက် ါသည်။

ဒေါ်ယဉ်ယဉ်မှာ တအံ့တသြဖြစ်လိုက်၊ စိတ်မကောင်း ဖြစ်လိုက်၊ အို ... ဟုတ်လားဟု ထောက်ခံလိုက်ဖြင့် မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာကောင်းလှသည့် နီတူး ဖြစ်တည်နေမှုကို တမေ့တမော နှားထောင်နေခဲ့သည်။

မြကြာယံ ပြောပြသောဇာတ်လမ်း ဆုံးသောအခါ ဒေါ်ယဉ်ယဉ်မှာ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်သွားလျက် ...

"သားကို ပုံမှန်ဖြစ်အောင် ဘယ်လိုများ ပြန်လုပ်ယူရမလဲ တောင် မသိတော့ပါဘူးကွယ်"

✻ ○ ✻





## ၁၉

"အိမ်မှာ အန်တီနွယ် ရောက်နေတယ် သိလား"

မြကြာယံသည် သိထားပြီးသား သတင်းစကားပေမဲ့ အခုမှ သိရဟန်ဖြင့် ဟုတ်လားလို့ ပြန်မေးလိုက်ပါသည်။

ဟန်မင်းဆက် မသိသေးတာက အန်တီနွယ်ဟာ ရောက်ပြီး သိပ်မကြာခင် နာရီပိုင်းအတွင်းမှာပဲ ဟန်မင်းဆက်အမေ သူ့အစ်မကြီးနဲ့အတူ ကြာယံ့ဆီ ဖုန်းဆက်ချိန်းပြီး အပြင်မှာ တစ်ခေါက် အတူတူ တွေ့ဆုံစကားပြောကြပြီးပြီ ဆိုတာပဲဖြစ်သည်။

အန်တီနွယ်က ...

"သမီးဟာ သားနဲ့ အနီးကပ်ဆုံး ဆုံတွေ့သိကျွမ်းခဲ့ပြီး သားစိတ်ထဲမှာ ဖန်တီးထားတဲ့ နီတူး Character (ကာရက်တာ)ကို အသိဆုံးမို့လို့ အန်တီတို့က သမီးနဲ့ အရင်ဆုံး စကားပြောချင်ကြတာပါ"

ဟု ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြကြာယံကလည်း သိထားဖူးသမျှ ဟန်မင်းဆက် စိတ်ထဲရှိ စိတ်ကူးယဉ်ဇာတ်ကောင် နီတူး အကြောင်းတွေ မချွင်း မချန်ပဲ ပြောပြထားပြီးပါပြီ။

ဒီဘက်မှာ ဟန်မင်းဆက် မသိလိုက်သေးတာက တော့ သူ့အကြောင်းကို အမေရယ်၊ အဖေရယ်၊ ကြာယံရယ်၊ အန်တီနွယ်တို့ တိုင်ပင်ဆွေးနွေးကြပြီး အကောင်းဆုံး လုပ်ပေးနိုင်မဲ့ နည်းလမ်းကို ရှာနေကြပြီ ဆိုတာပင်။

"အန်တီနွယ် ဒီတစ်ခေါက် ရောက်လာတဲ့ပုံကို မကြိုက် ဘူးကွာ"

"ဟယ် ... ဘာဖြစ်လို့လဲ"

"ကိုယ့်ကို စစ်သလို ဆေးသလိုနဲ့၊ ဟိုမေး ဒီမေး သိပ်လုပ် တယ်"

"ဘာတွေ မေးလို့လဲ"

"မင်း တစ်သက်လုံး သူငယ်ချင်းတစ်ယောက်မှ မရှိဘဲ ဘယ်လိုများ နေလာသလဲတဲ့။ လျှို့ဝှက်ထားတဲ့ သူငယ် ချင်းများ ရှိသလားတဲ့။ နီတူးနဲ့ ပေါင်းတာ ရိပ်မိသလိုလို မေးတယ်ကွ"

"သူက စင်ကာပူမှာ နေတာပဲ၊ တစ်ခါတလေမှ ပြန်လာ တာ၊ ဘယ်လိုလုပ် နီတူးနဲ့ပေါင်းတာ သိနေလဲ"

"သူက သိပ်ပါးတာကွ။ အဖေအမေတို့လို ကိုယ့်ကို သိပ်ချစ်ပြီး ကိုယ်ဘယ်သွားသွား ဘာလုပ်လုပ် အပြစ်မ





မြင်တဲ့ သူတွေလို မဟုတ်ဘူး။ အန်တီနွယ်က အဲဒီလိုပဲ ကိုယ့်ကို ငယ်ငယ်လေးတည်းက အပြစ်ပဲ ရှာကြည့်တတ် တာလေ"

"နီတူးနဲ့ပေါင်းတာ အပြစ်မှမဟုတ်တာ၊ ပြောပြလိုက်ပါ လား"

"ဟာ ... အန်တီနွယ် သိရင် အမေတို့ပါ သိကုန်မှာပေါ့"

"ဘာဖြစ်လို့ မပေါင်းစေချင်တာလဲ"

"နီတူးက ကိုယ့်ကို ဖျက်ဆီးမယ်ပဲ ထင်နေကြတာ"

"ပြောပြလိုက်ပါလား၊ နီတူးက မဖျက်ဆီးပါဘူး၊ အခု လိမ္မာနေပါတယ်၊ မောင်ဟန်နဲ့လည်း chef သင်တန်း အတူတူတက်ပြီးသွားပြီ ဆိုတာတွေ ပြောပြရင် သူတို့ အထင်မမှားတော့ပါဘူး"

"ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့ ပြဿနာကို သူတို့ ကျေနပ် ကြဦးမှာ မဟုတ်ဘူးလို့ ထင်နေတာ"

"အဲဒီလိုလည်း မဟုတ်ပါဘူးလေ၊ လူကြီးတွေပဲ စဉ်းစား ဆင်ခြင်တတ်မှာပါ မောင်ဟန်ရယ်။ မောင်ဟန့် ဘာသာ တလွဲတွေတွေးပြီး စိုးရိမ်စရာမရှိ ရှာကြံစိုးရိမ်နေတာများ လား၊ အသေအချာ ပြန်စဉ်းစားပါဦး"

"မဖြစ်ပါဘူးကွာ၊ မဖြစ်ပါဘူး၊ ကြာယံ ဘာမှသိတာ မဟုတ်ဘူး။ ကိုယ့်အိမ်အကြောင်း ကိုယ့်လောက်သိမှာလည်း မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြကြာယံသည် သက်ပြင်းအသာချရင်းသာ ချစ်သူကို စိတ်မကောင်းဖြစ်မိသော မျက်လုံးတွေဖြင့် ငေးကြည့်နေမိတော့သည်။ အန်တီနွယ် ကိုယ်တိုင်က ...

"သူ့ဆီမှာ စိတ်ကူးယဉ် ဖန်တီးထားတဲ့ နီတူး တစ်ယောက် ရှိနေကြောင်း သူ ကိုယ်တိုင် လူကြီးမိဘတွေကို စိတ်လိုလက်ရ ဖွင့်ပြောလာဖို့ သမီး အပေါ်မှာလည်း မူတည်တယ်။ သမီးလည်း ကြိုးစားပြီး တိုက်တွန်းလို့ ရသလောက် တိုက်တွန်းပေးပါကွယ်၊ သူ မပြောမချင်း နီတူး မရှိဘူး တကယ်မရှိဘူးဆိုတာ အန်တီတို့ ဘာမှပြောဆိုကုသလို့ ရမှာမဟုတ်ဘူးလေ"

ဟူ၍ မြကြာယံကို အားကိုးစွာ ဖွင့်ပြောတိုင်ပင်ထားခဲ့လေရာ သူ့နဲ့ဆုံတိုင်း နီတူးအကြောင်း ဖွင့်ပြောဖို့ မြကြာယံဘက်က တိုက်တွန်းဖို့ လိုအပ်နေသည်။

"အန်တီနွယ့်ကို ကြာယံနဲ့ မိတ်ဆက်မပေးတော့ဘူးလား"

"ကြာယံ့ သဘောပါ၊ တွေ့ချင်ရင် အိမ်လိုက်ခဲ့လေ"

"အန်တီနွယ်က အားရဲ့လား"

"အားပါတယ်၊ ဒီကို ယောလီးဒေး အလည်လာတာပဲ၊ အားတာပေါ့"

"ဘယ်မှ လျှောက်မသွားကြဘူးလား"

"မသိဘူး၊ သူတို့ သွားရင် သွားမှာပေါ့"

"ဟင် ... သူတို့ဆိုတော့ မောင်ဟန် မလိုက်တော့ဘူးလား"





"ကိုယ် လူကြီးတွေနဲ့ မလိုက်ချင်ဘူး"

မြကြာယံက အကဲခတ်သော အနေဖြင့် ...

"နီတူးနဲ့ရော တိတ်ကိတ်နိုးပြီး ခရီးဝေးတွေ ဘာတွေ လျှောက်လည်ဖူးလား"

ဟု မသိမသာ ဆက်မေးကြည့်မိသည်။

"နီတူးက သူ ငယ်ငယ်က အဖြစ်ကြောင့် ခရီးဝေးသွားဖို့ကို တော်တော်ကြောက်သွားပြီ"

"ငယ်ငယ်က ဟုတ်လား"

"ဟာ ... မြကြာယံကလည်း မေ့သွားပြန်ပြီ၊ ကိုယ်တို့ ဆယ်နှစ်ကျော် အရွယ်တုန်းက နှစ်ယောက်အတူတူ ထွက်ပြေးတော့ အဝေးပြေး ကားဂိတ်နားမှာ နီတူး ကားတိုက်ခံရတယ်လေ။ သူ့အတွက် အဲဒါကြီးက အိပ်မက်ဆိုးလို ဖြစ်နေပြီး အမြဲလန့်နေတော့ သူက ရန်ကုန်မြို့ပြင်ကိုတောင် မထွက်ရဲသလို ဖြစ်နေတယ်"

မြကြာယံလည်း အမြင်ကတ်ကတ်နဲ့ ...

"မောင်ဟန် ပြောတာကလည်း ဘာတွေမှန်းမသိဘူး ရှုပ်နေတာပဲ။ အဲဒီတုန်းက တခြားလူတွေပြောတော့ နီတူးသေသွားတယ်ဆို။ မောင်ဟန်ကပြောတော့ နီတူး မသေဘူး မောင်ဟန့်ဆီ ပြန်လာတယ်ဆို။ ဘာတွေမှန်း မသိဘူး၊ တကယ်သေတာလား။ မသေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောချလိုက်မိလျှင် ဟန်မင်းဆက်သည် မြကြာယံ တစ်ခါမှ မတွေ့ခဲ့ဖူးသော အမူအရာမျိုးဖြင့် ဒေါသတကြီး ဝုန်းဆို ထရပ်လိုက်ပါသည်။ မြကြာယံပင် လှိုက်ခနဲ တုန်ယင်သွားပါသည်။

"ကြာယံ ... ဘယ်လိုဖြစ်နေတာလဲ၊ ဘာပြောလိုက်တာလဲ၊ ဘာလို့ အဲဒီလို ပြောရတာလဲ။ ကျွတ် ... ငါကွာ၊ ကြာယံမို့လို့ သည်းခံပြီး ဒီစကားကို နားထောင်တာ သိလား။ တခြားလူဆို ဆွဲထိုးပစ်လိုက်ပြီးပြီ။ နီတူးကို သေတယ်မပြောနဲ့ လုံးဝမကြိုက်ဘူး၊ ဟုတ်လည်း မဟုတ်ဘူး။ လုံးဝ မဟုတ်တာကို ပြောနေကြတာကို လုံးဝမခံနိုင်ဘူး။ တောက် ... အဲဒီလိုပြောသံကြားရင် အကုန်လုံးကို သတ်ပစ်ချင်လာတယ် သိလား"

မျက်ထောင့်နီကြီးဖြင့်ကြည့်၊ လေသံမာမာတွေလည်း ပြောကာ ရန်လိုနေသော၊ ဒေါသကြီးနေသော ဟန်မင်းဆက်၏ မူမမှန်မှုကို မြင်ရလျှင် မြကြာယံမှာ သာမန်ချစ်သူတွေသာဆိုရင် ကိုယ့်ချစ်သူက အော်လို့ ငေါက်လို့ စိတ်ကောက်လို့ ရမှာဟု တွေးမိသည်။ မြကြာယံကတော့ စိတ်ပင်မကောက်နိုင်၊ စိတ်လည်း မဆိုးနိုင်ပဲ ကိုယ့်ချစ်ရသူ၏ စိတ်အခြေအနေဆိုးကို သနားကရုဏာဖြစ်လို့မဆုံး၊ ယူကျုံးမရဖြစ်လို့မဆုံးနဲ့ ဝမ်းနည်းကြေကွဲစွာပင် ငေးကြည့်နေမိပါသည်။





ငါ သူ့ကို ဘယ်လိုနည်းနဲ့များ အကူအညီ ပေးနိုင်တော့မလဲ။ ဟန်မင်းဆက်ကို ဟန်မင်းဆက်လို့ပဲ ဘယ်တော့များမှ ခွဲခြားမြင်နိုင်တော့မလဲ။ သူ့စိတ်မှာ ဝင်ပူးနေတဲ့ နီတူးဝိညာဉ်ကို ဘယ်လိုများ ဖယ်ရှားပစ်နိုင်ပါ့မလဲ။ ဖြစ်မှဖြစ်ရလေ မောင်ဟန်ရယ်။

မြကြာယံသည် ဝမ်းနည်းပြီး မျက်ရည်ဝဲလာမိသည်။ ဒါကို ဟန်မင်းဆက် မြင်တော့ သူ့ကြောင့် ဝမ်းနည်းသည်ထင်ကာ မြကြာယံ၏ ငယ်ထိပ်ကို ဖိကိုင်အုပ်ထားရင်း ...

"ဆောရီး ... ကိုယ် အော်မိသွားတယ် ကြာယံ။ ကြာယံကလည်း ဆင်ခြင်မှပေါ့။ ကိုယ့်သူငယ်ချင်း နီတူးကို အဲဒီလို မပြောနဲ့လေ၊ ကိုယ်မှ မကြိုက်တာ။ ကဲ ... တော်ပြီ ... တော်ပြီ၊ ဒီနေ့ တကယ်ကို Bad Day ပဲ၊ ကိုယ်လုံးဝမပျော်တော့ဘူး။ ပြန်တော့မယ်၊ ကြာယံလည်း ပြန်တော့နော်"

ထိုသို့ တောက်လျှောက်ပဲ ချောမော့ပြောဆိုလိုက်ကာ ချက်ချင်းလိုပဲ ထပြန်သွားနှင့်ပါတော့သည်။ တခြားချစ်သူစုံတွဲလိုသာဆိုရင် ရည်းစားကောင်လေးက တစ်ပြန်ကြီး ဒီလိုပစ်ပစ်ခါခါ လုပ်ပြသွားတာခံရလျှင် ကောင်မလေးအနေနဲ့ တော်တော်ကို စိတ်ဆိုးဒေါသဖြစ်စရာ၊ အထင်လွဲစရာကြီး ဖြစ်ပေမဲ့ မြကြာယံကတော့ ချစ်သူရဲ့အပြုအမူတလွဲတွေကို မြင်ရတိုင်း ရင်ထဲမှာနာပြီး စိတ်မကောင်း ဖြစ်ရခြင်းတွေ ပိုပိုလာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြကြာယံသည် အိမ်ပြန်ရောက်သောအခါ မနေနိုင်တော့ဘဲ ဟန်မင်းဆက်တို့အိမ်သို့ ဖုန်းခေါ်မိ၏။

"အန်တီဒေါ်ယဉ်ယဉ် ဖြစ်ဖြစ်၊ အန်တီနွယ်နွယ်နဲ့ ဖြစ်ဖြစ် စကားပြောချင်တယ်လို့ ပြောလိုက်ပါ"

ဟု ဖုန်းလာကိုင်သော ကောင်မလေးကို ပြောလိုက်လျှင် ချက်ချင်းပဲ တစ်ယောက်ယောက် လာကိုင်သည်။

"ဘယ်သူလဲ ... အန်တီနွယ်ပါ"

"သမီး မြကြာယံပါ အန်တီနွယ်"

"အေး ... ထင်တော့ ထင်သားပဲ၊ ဒီနေ့ သား အပြင်ထွက်သွားပြီး ကြာယံ့ဆီ သွားဦးမယ် သူ့ကို ရှော့ပင်းစင်တာ လိုက်ပို့ရဦးမယ် ပြောသွားတော့ အိမ်အပြန် လမ်းခွဲပြီးကြရင် သမီးဆီက တစ်ခုခုပြောမယ့်ဖုန်းကို ကြားရမှာပဲထင်ပြီး စောင့်နေကြတာ"

အန်တီနွယ်တို့ မှာထားတဲ့အတိုင်း အခုရက်ပိုင်းတွေမှာ မောင်ဟန်နဲ့ မြကြာယံ တွေ့ကြပြီးလျှင် သူ့ဆီက ဘာတွေကြားရသလဲဆိုတာ မြကြာယံက ပြန်သတင်းပို့ပါမည်ဟု ကတိပေးထားလေရာ မြကြာယံ ဖုန်းဆက်လာသည်ကို မဆန်းပေမဲ့ အန်တီနွယ်မှာတော့ စိတ်လှုပ်ရှားနေပုံ ပေါက်နေသည်။ အသံတွေတုန်ပြီး သိချင်စိတ် များနေပုံရသည်။





"ရှော့ပင်းတောင် လိုက်ပို့တဲ့အဖြစ် မရောက်လိုက်ပါဘူး အန်တီနွယ်ရယ်၊ ကြာယံ့ကို စိတ်ဆိုးပြီး သူက ကော်ဖီဆိုင်မှာ ထားသွားတာလေ"

"ဟယ် ... ဟုတ်လား"

"ထုံးစံအတိုင်းပေါ့၊ နီတူး အကြောင်းကြောင့်ပေါ့"

"ပြောပါဦးကွယ်"

မြကြာယံ အစအဆုံးပဲ ပြောပြလိုက်ပါသည်။ စကားဆုံးသောအခါ မြကြာယံရော အန်တီနွယ်ပါ ပြိုင်တူ သက်ပြင်းတွေချလိုက်မိကြသည်။

"ကြာယံ တိုက်တွန်းလည်း ရချင်မှရမှာ အန်တီ။ မောင်ဟန့်ကို ဒီအတိုင်း ပစ်ထားလို့ရမယ် မထင်တော့ဘူး။ ကြိုးစားပြီး နီတူး အကြောင်းကို ဗိုင်းအစ်အောက်မေးမှပဲ ရတော့မယ်ထင်တယ်"

"လက်မလျှော့ပါနဲ့ဦး သမီးရယ်၊ တို့တွေ ဒီနည်းကို ငါးခါလောက် ကြိုးစားကြည့်ကြတာပေါ့"

"အန်တီနွယ် ... သူက ... သူကလေ ..."

မြကြာယံသည် ပြောရမှာ ပါးစပ်မရဲသလို ဖြစ်နေပြီး ခေတ္တနှုတ်ဆွံ့အသလို ဖြစ်နေမိသည်။

"ပြောပါ သမီးရဲ့၊ ဘာပြောချင်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com

"ဟို ... ဒီလိုပါ၊ ကြာယံ စိတ်အထင်လေ၊ သူက ကြာယံ့ကို သိပ်ကြီးအသည်းအသန် အရူးအမူးချစ်တဲ့သူမျိုး မဟုတ်ဘူးလို့ ထင်တယ်"

"အင်း ... ဆက်ပြောပါဦး"

"ယောကျ်ားလေးတစ်ယောက်ဟာ သူ သိပ်ပြီး အရူးအမူးမချစ်လှတဲ့ မိန်းကလေးရဲ့စကားကို စိတ်ပါလက်ပါ နားထောင်ပါ့မလား။ အဲဒီမိန်းကလေး တိုက်တွန်းတာကို လက်ခံပါ့မလားလို့ပါ"

မြကြာယံမှာ ဝမ်းနည်းတဲ့ အသံလေးနဲ့ ပြောမိသလို ဖြစ်နေပါသည်။

"ဩော် ... စိတ်မကောင်း ဖြစ်မနေပါနဲ့ သမီးရယ်။ အန်တီတို့ သိသလောက်ကတော့ သူ သမီးကို သိပ်ချစ်တာပါ၊ သူ့စိတ်မှာ နီတူး လွှမ်းမိုးထားခဲ့တာကို တစ်ချိန်လုံး ခံနေရတဲ့ အချိန်မှာ သူ့စိတ်တွေကို နေရာဝင်ယူနိုင်တဲ့သူဟာ မြကြာယံ ဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိတာကို လေ့လာခြင်းအားဖြင့် သမီးရဲ့လွှမ်းမိုးနိုင်မှုကလည်း ကြီးနေတယ်။ ဟိုဘက် ဒီဘက် အားပြိုင်ဖို့ပဲ လိုနေတာ၊ ကြိုးစားပေးပါဦး သမီးရယ်။ လေးငါးခါလောက်ပေါ့၊ အဲဒီကျမှ မရခဲ့ရင် အဲဒီ မျက်နှာချင်တဲ့ ကုထုံးတွေနဲ့ သူ့ကိုကုပြီး မေးမြန်းရတော့မယ်လေ"

"ဟုတ်ကဲ့ပါ အန်တီ၊ မြကြာယံ ကြိုးစားပေးပါ့မယ်"



"Good Girl"

အန်တီနွယ်က အားပေးနှစ်သိမ့်သံ တစ်ဝက်ဖြင့် ရေရွတ်၊ စကားအနည်းငယ် ထပ်ပြောကြကာ ဖုန်းချသွားပါသည်။

မြကြာယံလည်း ရှေ့ဆက်ပြီး ဘာတွေကြံရမလဲ ဆိုတာ စိတ်ထဲမှာတွေးရင်း ကွန်ပျူတာရှေ့ထိုင်မိလျှင် e-mail စစ်လိုက်တော့ မောင်ဟန့်ဆီကရော၊ နီတူးနာမည်နဲ့ပို့တဲ့ e-mail တွေရော ဝင်နေတာ တွေ့ရသည်။

"ကြာယံ ...

ကိုယ် ဒီနေ့ ကြာယံ့ကို ရှော့ပင်းလိုက်မပို့ပေးမိဘဲ ထားခဲ့မိတဲ့အတွက် အခုမှ စိတ်မကောင်း ဖြစ်နေမိတယ်။ မနက်ဖြန် လိုက်ပို့ပေးမယ်နော်၊ ကြာယံ သွားမလား၊ သွားမယ်ဆို ကိုယ့်ဆီ e-mail နဲ့ပဲ စာပြန်လိုက်၊ ကိုယ်စောင့်နေမယ်။ ကြာယံက ဆိုးတာကိုးကွာ၊ ကိုယ် နည်းနည်းစိတ်တိုသွားမိတာပေါ့၊ တကယ်ဆို ကြာယံ မသိတဲ့ နီတူးနဲ့ ကိုယ့်ရဲ့ ခင်မင်မှုအကြောင်းကို စွက်ဖက်ဖို့ မသင့်ဘူးလေ၊ ကဲ ... ကဲ ... ဒါပဲ ... အချစ်လေး ကိုယ့်ကို စိတ်ကောက်မနေဘူးဆိုရင် စာပြန်လိုက်ပါ"

ဟူသော ဟန်မင်းဆက်ထံမှ e-mail ကို ဖတ်ရလျှင် ခုထိတောင် နီတူးနဲ့ သူ့အကြောင်း ကြာယံ မစွက်ဖက်ဖို့ ဆက်ရေးထားတုန်းပါလားလို့ တွေးမိပါသည်။

www.burmeseclassic.com



နီတူးအမည်ဖြင့် ပို့ထားသော e-mail ကိုတော့ ကြာယံ ပိုစိတ်ဝင်စားပါသည်။ အရင်ကတော့ နီတူးကို နီတူးလို့ သီးသန့်ထင်သည်ဖြစ်ရာ သူ့ဆီက e-mail တွေ များနေလျှင်ပင် ကြာယံ အကုန်မဖတ်ဖြစ်ခဲ့ပါ။ delete လုပ်ပစ်တတ်တာပင်များသည်။ တမင်သက်သက် သူငယ်ချင်း၏ ချစ်သူမိန်းကလေးကို ရှိသဲ့သဲ့လုပ်သည်။ အရောဝင်သည်။ သူငယ်ချင်းအပေါ် သစ္စာဖောက်သည်ဟုပင် ထင်သဖြင့် ကြာယံ သူ့ e-mail တွေကို အကုန်မဖတ်ခဲ့ပါ။

အခုတော့ နီတူးဟာလည်း မောင်ဟန်ရဲ့ ကိုယ်ခွဲတစ်ခုပဲ။ မောင်ဟန်ရဲ့ စိတ်ကူးထဲမှာ ဖန်တီးထားတဲ့ နောက်တစ်ကိုယ်ပဲလို့ သိလိုက်သောအခါ မောင်ဟန်ဟာ နီတူးစိတ် ဝင်လျှင် ဘာတွေများရေးမလဲ။ ကြာယံ့ အပေါ် ဘယ်လိုသဘောထားမလဲလို့ သိချင်မိပါသည်။

"မကြာယံ ...

မောင်ဟန်နဲ့ ပြဿနာဖြစ်ကြတယ်လို့ သိရတယ်။

မောင်ဟန်တစ်ယောက် စိတ်တွေဆိုးပြီး ကျွန်တော့်ကို ပြောပြတယ်ဗျာ။

မကြာယံနဲ့ မောင်ဟန် ကြားမှာ စကားများကြတာ ဒါပထမဦးဆုံးအကြိမ်ပဲ မဟုတ်လား။

ကျွန်တော် အဲဒီအတွက်စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မကြာယံကို တစ်ခုတော့ သတိပေးလိုက်မယ်။ ကျွန်တော်နဲ့





မောင်ဟန်ရဲ့ ခင်မင်မှုကို ဝင်မစွက်ဖက်ပါနဲ့။ ဘယ်လိုနည်းနဲ့မှ ဖြိုခွဲဖို့မကြိုးစားပါနဲ့။ ကျွန်တော်တို့ကို ဘယ်သူမှ ခွဲလို့မရဘူး။ မိဘတောင်ခွဲလို့မရတာ မကြာယံလို သူစိမ်းမိန်းကလေးက ဝင်ခွဲတာတော့ မခံနိုင်ဘူး။ မောင်ဟန့်ဆီက အချစ်ကိုပဲ လိုချင်ရင် ကျွန်တော်နဲ့ သူ့အကြောင်း မကြာယံ ဝင်ပါဖို့ မလိုဘူး။ အမုန်းကို လိုချင်ရင်တော့ ဝင်ပါလေ။ ဆက်ပြီးဝင်ပါလေလေ မောင်ဟန့်ဆီက အမုန်းကို ရလေလေ ဖြစ်မှာပဲ၊ ကျွန်တော် ဒီလောက်ပဲ သတိပေးထားတော့မယ်"

ဘုရားရေ...။ မကြာယံမှာ ထိုစာကိုဖတ်ပြီး အလန့်တကြား ဘုရားတောင် တ,မိသလို ဖြစ်သွားပါသည်။ မောင်ဟန်... မောင်ဟန် ... ကြည့်စမ်း။ ပထမတစ်စိတ်မှာတော့ ကိုယ့်ချစ်သူကို ချစ်ရမယ်၊ ချော့မော့ရမယ်၊ ခွင့်လွှတ်ပေးရမယ် ဆိုတာမျိုး ရှိနေပေမဲ့ နောက်တစ်စိတ်ဖြစ်တဲ့ နီတူးစိတ်မှာတော့ ငါ့အပေါ် အတော့်ကို မကျေနိုင် မချမ်းနိုင်၊ ဒေါသဖြစ်လို့မဆုံး၊ မုန်းလို့မဆုံး ဖြစ်နေတာပါလား။ အမယ်လေး ... ကြောက်စရာကောင်းလိုက်တာ။ မကြာယံ တော်တော်လည်း ဝမ်းနည်းကြေကွဲသွားမိပါသည်။

မကြာယံ ချက်ချင်းပဲ အန်တီနွယ့်ဆီ ဖုန်းထပ်ခေါ်မိသည်။

"ဘာများလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကြာယံ့ဆီကို နီတူး အနေနဲ့ပို့တဲ့ e-mail ရယ်၊ မောင်ဟန်အနေနဲ့ပို့တဲ့ e-mail ရယ် ခုပဲ ဝင်လာတယ် အန်တီနွယ်။ အန်တီနွယ် ဖတ်ကြည့်ပြီး သုံးသပ်လို့ရအောင် ကြာယံ for ward (ဖော်ဝါဒ်)လုပ်ပေးချင်လို့။ အဲဒါ အန်တီနွယ့် e-mail လိပ်စာ သိချင်လို့ပါ"

"အို ... အို ... ဟုတ်ပြီ။ ဒီနည်းက အကောင်းဆုံးပဲ သမီးရေ၊ အခု အိမ်မှာ သားပြန်ရောက်နေတော့ အန်တီနဲ့သမီး ဖုန်းပြောတာ သိပ်ထွင်ထင်ရှားရှား လုပ်လို့မဖြစ်ဘူးလေ။ သူ သိသွားရင် တစ်မျိုးတွေ ဖြစ်ကုန်မယ်"

"ဒါဖြင့် ကြာယံ့ကို အန်တီနွယ့် e-mail ပဲ ပြောလိုက်ပါ၊ ကြာယံ ခုပဲ ပို့လိုက်မယ်"

မြကြာယံသည် ရင်ထဲမှာ ရှုပ်ထွေးနေရသော အချစ်ရေးကို ကိုယ်တစ်ယောက်တည်း ပူပင်သောကဖြစ်နေရုံမက အရပ်ကူပါ လူဝိုင်းပါ အဖြစ်မျိုး ရောက်နေပြီလားလို့ပင် သူမကိုယ်သူမ ဝေဖန်ချင်နေတော့လေသည်။

✽ ○ ✽





## ၂၀

နီတူးက ဟန်မင်းဆက်၏ အိပ်ရာပေါ်မှာ ခေါင်းအုံးနှစ်လုံး မှီဆင့်ပြီး ခေါင်းတင်လှဲရင်း လက်ကတော့ အငြိမ်မနေ။ ဂေါ့(ဖ)ဘောလုံးကို နံရံဆီ တဗုန်းဗုန်း ပစ်ပေါက်လိုက်၊ သူ့ဆီ အချိန်အဆမှန်စွာ ပြန်ရောက်လာအောင် ပစ်တာမျိုး ဖြစ်သဖြင့် ဘောလုံးက သူ့ဘက်ပြန်ကန်လာလျှင် လက်ဖြင့်ဖမ်းလိုက်ဖြင့် လုပ်နေသည်။ ဟန်မင်းဆက် အခန်းထဲမှာ ဒီလိုတဗုန်းဗုန်း အသံကြားရလည်း အဖေအမေတို့က နီတူး ရောက်နေပြီး လုပ်နေတယ်ရယ်လို့ မထင်။

ဟန်မင်းဆက်ကို အပြင်ကနေ အော်မေးလျှင် ...

"ဟဲ့ ... ဟဲ့ ... တဗုန်းဗုန်းနဲ့ ဘာဖြစ်နေတာလဲ၊ ဘာလုပ်နေတာလဲ"

"အမေ ... သားပါ။ ဘောလုံးပစ်ကစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်မင်းဆက်က ထိုသို့ လိမ်ညာတတ်ပြီး သူ့အခန်းတံခါးကိုလည်း ဖွင့်မပေးချေ။ ဒါကြောင့် အမေအမေတို့ ထင်တာက ဟန်မင်းဆက် ဆော့နေတယ်ပဲ ထင်နေကြတာ။ အမှန်တော့ နီတူး အိမ်ထဲခိုးဝင်လာပြီး ဆော့နေတာပါ။

ဒီနေ့တော့ ဆော့နေတဲ့ပုံစံမျိုး မဟုတ်တော့ဘဲ တစ်စုံတစ်ယောက်ကို မကျေမနပ်ဖြစ်ပြီး နံရံကို အငြိုးတကြီး ပစ်ပေါက်နေပုံမျိုး ဖြစ်နေသည်။

"မင်း ငကောင်မလေးက ခုတလောမှ အဲဒီအချိုး ချိုးလာတာ၊ ငါ လုံးဝမကြိုက်ဘူး၊ ကျေလည်းမကျေနပ်ဘူးကွာ"

ဟန်မင်းဆက်မှာ အပြစ်ရှိနေသူလိုပဲ ခေါင်းကြီးငုံ့၍ ငြိမ်နေမိသည်။ ရင်ထဲမှာ ကြာယံ့ကို ချစ်လည်းချစ်သည်။ ဒါပေမဲ့ ကြာယံ ခုတလောမှာ နီတူးနဲ့ ခင်မင်မှုကို တားဆီးချင်သလိုလို၊ မကျေနပ်သလိုလို လုပ်လာတာကို သူကိုယ်တိုင်လည်း မကြိုက်လှပါ။ ကြာယံ ဘာကြောင့် ဒီလိုဖြစ်လာရသလဲလို့ အဖြေရှာတော့လည်း မတွေ့။ ကြာယံ့ကို ချစ်လည်းချစ်၊ စိတ်လည်းပျက်။ ဒီကြားထဲ နီတူးကပါ ကြားထဲက ကြာယံ့ကို အမုန်းကြီးမုန်းလာလျက် ဟန်မင်းဆက် ရှေ့မှာ ဖိပြောနေပြန်တော့ အပြစ်တွေအားလုံး ဟန်မင်းဆက်ပေါ်မှာပဲ ပုံကျနေသလိုလို ခံစားနေရသည်။

သူကလည်း သူပဲလေ။ ကြာယံနဲ့ ဖြစ်လာတဲ့ ပြဿနာမှန်သမျှ နီတူးကို သွားသွားပြောပြောပြနေမိတာကိုး။ တကယ်ဆို မပြောပြဘဲ နေခဲ့ရင် နီတူး သိစရာမရှိ။ နီတူးနဲ့





ကြာယံ့ကြားမှာလည်း ဘာအနှာအတေးမှ ရှိလာမှာမဟုတ်ချေ။ အပြစ်တွေအားလုံးက ဟန်မင်းဆက်ကြောင့် ဖြစ်လာသကဲ့သို့ ထင်ရစေလေသည်။

"မောင်ဟန် ... မင်း ထင်လား၊ မင်းဟာ့မ,က မင်းအမေတွေ အဒေါ်တွေနဲ့များ ဆက်သွယ်ပြီး ငါ့အကြောင်း ပြောကြမယ် ထင်လား"

"အန်တီနွယ်နဲ့ ကြာယံကို ငါ မိတ်တောင်မဆက်ပေးရသေးပါဘူး"

"ဒါပေမဲ့ သူက ငါနဲ့ မင်း ပေါင်းတာကို အလိုလိုနေရင်း မျက်မုန်းကျိုးပြီး မင်းအမေကို သွားပြော၊ မင်းအမေကတစ်ဆင့် မင်းအဒေါ်သိ ဆိုရင်ရော"

"ကြာယံက မင်းကို မျက်မုန်းကျိုးစရာ အကြောင်းမရှိပါဘူးကွာ"

"မသိဘူးလေ၊ ငါက မင်းနဲ့သူ့ကြားမှာ ဝင်ပြီးအနှောင့်အယှက်ပေးသလို လုပ်ခဲ့ဖူးတယ်လေ။ မင်း သူ့ကိုကြိုက်နေမှန်း သိရက်နဲ့ ငါက ဝင်ကြိုးစားကြည့်ပြီး မင်းတို့ရဲ့ အချစ်ရေးကို နှောင့်နှေးအောင် လုပ်ခဲ့ဖူးတာကို သူက ခုထိ မကျေမနပ် ဖြစ်ရင်ဖြစ်မယ်။ အငြိုးအတေး ထားရင်ထားမယ် ... ကဲ"

နီတူးက စကားအဆုံးမှာ "ကဲ"ဟုပင် အဆုံးသတ်လိုက်ပြီး မင်း ဘာငြင်းချင်လဲဆိုတဲ့ အမူအရာမျိုးဖြင့် မေးဟန်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နီတူး ထောက်ပြမှ ဟန်မင်းဆက်လည်း ကြာယံ့ကို သံသယဖြစ်ရမလားလို့ တွေးကြည့်မိသည်။ ကြာယံ နီတူးကို မုန်းများ မုန်းနေလား။ နီတူးနဲ့ ငါ လုံးဝကွဲသွားအောင် လုပ်များ လုပ်ချင်နေလား။

ဘယ်မိန်းကလေးကမှ ကိုယ့်ချစ်သူဟာ ကိုယ့်အပေါ်ထက် သူငယ်ချင်းအပေါ် သိပ်ပြီးဦးစားပေးလွန်း အရေးပေးလွန်းတာကို ကျေနပ်သဘောကျကြမယ် မထင်ဘူး။ ကြာယံရော … အဲဒီလိုများ သဝန်တိုစိတ် ဝင်နေခဲ့ပြီလား။

"ဒီတစ်ခါလည်း ငါ့အကြောင်း ထပ်မေးသေးတယ်ဆိုတော့ ငါ သူ့ကို လုံးဝကြည့်မရဲတော့ဘူး၊ သူကများ ငါ့ကိုပြောစရာလား။ ငါ့ကိုပဲ သေလူလို့ သဘောထားချင်စရာလား"

ဒီနေ့ နေ့လယ်မှာ ကြာယံနဲ့အတူ ချိန်းပြီးလျှောက်လည်နေကြအတိုင်း ထပ်ဆုံပြီး သွားကြပြန်လျှင် အရင်တစ်ခါကလိုပဲ ကြာယံကထပ်ပြီး …

"နီတူး ဆိုတာ မောင်ဟန့် စိတ်ထဲမှာ မသေဘူး၊ အသက်ရှင်နေတယ်၊ မောင်ဟန်နဲ့ သူငယ်ချင်းအဖြစ် အနားမှာရှိနေသေးတယ်ဆိုရင်လည်း လူတွေအားလုံးသိသွားအောင် ဘာကြောင့် ဖွင့်မပြောရဲစရာရှိလဲ။ ဘယ်သူက မဟုတ်ဘူး ငြင်းမှာမို့လဲ။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး သေချာနေရင် မောင်ဟန် ပြောပြရဲရမယ်၊ အားလုံး လက်ခံနားလည်လာအောင် နီတူးကို ခေါ်ပြရဲရမယ်လေ။ ဘာမှနိုးကြောင်ခိုးဝှက်





ပေါင်းနေစရာမလိုဘူးလို့ ကြာယံ ထင်တယ်၊ ဒီတော့ နီတူး မသေဘူး။ တကယ်မသေဘူး။ မောင်ဟန်နဲ့ သူငယ်ချင်းဖြစ်နေသေးတယ်လို့ အဖေအမေတို့ အန်တီနွယ်တို့ လက်ခံလာအောင် ပြောပြလိုက်ပါလား။ ကြာယံလည်း ဝိုင်းကူပြောပေးမယ်လေ"

ထိုသို့ နှောက်ထပ် တစ်နည်းတစ်ဖုံနည်းနဲ့ အားလုံးသိအောင် ပြောရမယ် ဆိုလာပြန်သည်။ ဒီနေ့တော့ ဟန်မင်းဆက်လည်း ကြာယံ့ကို စိတ်ဆိုးလို့ မရဘဲ …

"ကြာယံနဲ့မဆိုင်တဲ့ ပြဿနာတွေထဲ ဝင်မပါပါနဲ့ ကြာယံရယ်။ အေးအေးဆေးဆေးသာနေပါ။ ကြာယံ ကိုယ့်ကိုချစ်ရင် ဘာမှဆက်မပြောပါနဲ့"

ဟူ၍သာ စကားကို ပိတ်ပြောလိုက်သည်။

ဒီတစ်ခါတော့ ကြာယံ ဆက်ပြီး ငြင်းခုံပြောဆိုနေတာမျိုး မလုပ်ဘဲ သူ့ကို စိတ်မကောင်းသလို မျက်နှာပေးလား။ …းမလည်နိုင်တဲ့ မျက်နှာပေးလား ခွဲခြားမသိနိုင်တဲ့ မျက်နှာအမူ…ရာနဲ့ ကြည့်နေခဲ့ပါသည်။

အိမ်ပြန်လာတော့ နီတူးကို အချက်ပြပြီး အခန်းထဲ… လှမ်းခေါ်လိုက်ကာ နီတူး ကြိုက်တတ်သော မိုလ်ချုပ်ဈေးမှာ …ရောင်းတဲ့ ဦးကြွ ဘဲပေါင်းဆီချက် ဝယ်လာတာကို လာပြီးစား…င်းလိုက်တာပါပဲ။ နီတူး ဒီဘက်ရောက်လာပြီး စားရင်းသောက်…င်း ကြာယံ့အကြောင်းကို မေးလာသဖြင့် ဟန်မင်းဆက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



နီတူးကိုဆိုလျှင် ဘာမှညာမပြောတတ်သည်မို့ ဒီနေ့ ပြောသ စကားတွေ ပြန်ပြောပြမိပါသည်။ ထိုအခါ နီတူး တစ်ယောက် အလိုလိုနေရင်း ဝုန်းဒိုင်းနဲ့ ဒေါသတွေဖြစ်ပြီး သူ သိပ်ကြိုက် သော ဘဲပေါင်းဆီချက်ကိုပင် ကုန်အောင်မစားတော့ဘဲ ဆွဲမှောက် ပစ်လိုက်သေးသည်။

ဟန်မင်းဆက်၏ စာကြည့်စားပွဲပေါ်မှာ တင်ပြီး တာ ဖြစ်သဖြင့် နီတူးက စားပွဲပေါ်တမင်မှောက်ချပစ်လိုက်လျှ စားပွဲတစ်ခုလုံး ညစ်ပတ်ပေပွသွားပါသည်။ အခန်းထဲမှာထား Bar Fridge (ဘားဖရစ်ချ်)ဟုခေါ်သည့် ရေပုလင်း၊ အအေး အသီးတချို့ ထည့်လို့ရသော ရေခဲသေတ္တာအသေးလေးထဲမှ ထု သောက်သည့် Coke ဘူးကိုလည်း ကုန်အောင်မသောက် ခေါက်ဆွဲဖတ်တွေပေါ် မှောက်ချပစ်လိုက်ပြန်တာ။

နီတူး စိတ်ထင်တိုင်း ကြဲသမျှ ဟန်မင်းဆက်ဟ ခွင့်လွှတ်စိတ်နဲ့သာ ကြည့်ရင်း မဟန့်တားမိ၊ မလုပ်နဲ့ မဖွနဲ့ လည်း မပြောမိ။ ငါ့စားပွဲတော့ ညစ်ပတ်သွားပါပြီလို့လည် မထင်မိ။ နီတူး ရင်ထဲက ခံစားချက်ကိုမြင်ပြီး ပို၍ပင် သနား မိသည်။ နီတူး အသည်းကွဲ လေလွင့်နေတာလေ။ လုပ်ချင် လုပ်ပြီး ထင်ရာစိုင်းနေတာ။ တကယ်တော့ နီတူး ရင်ထဲ ကြာယံ့ကို ချစ်တော့ ချစ်နေဦးမှာပဲ။ ဟန်မင်းဆက်ကို သိပ် လို့ နောက်ဆုတ် အလျှော့ပေးလိုက်ပြီး မချစ်ပါဘူးလို့ ဟန်ဆော ပြရပေမဲ့ သူ့ရင်ထဲမှာ ချစ်နေမယ်လို့ ဟန်မင်းဆက် ရိပ်မိသည်





ဒါကြောင့် ချစ်နေတာကို သူမသိအောင် ဟန်ဆောင် ပြီး အပြင်ပန်းမှာ အမုန်းကြီး မုန်းပြနေတာ၊ မုန်းချင်ဟန်ဆောင် ပြနေတာ၊ အဲဒါတွေကြောင့် တစ်ခါတလေမှာ မှန်မဟုတ်တဲ့ ပေါက်ကွဲမှုတွေနဲ့ နီတူးဟာ ဟန်မင်းဆက်ကို လာရမ်းတတ်တယ် လို့ ထင်ပါသည်။

"ငါဟာ ဘယ်တော့မှ မသေဘူးလို့ သူ သိအောင်ပြော လိုက်စမ်းပါ"

"သူ သိပါတယ်ကွာ၊ သူက မင်းနဲ့ ငါ နီးကြောင်နီးဖှက် ပေါင်းတာကို မကြိုက်လို့ပါ။ အဲဒါကြောင့် အမေတို့ကို ပြောလိုက်ဖို့ ခဏခဏ တိုက်တွန်းနေတာပါ"

"အံမာ ... အံမာ ... မင်းလေသံကပါ မ,ဘက်လိုက်ပြီး မိုက်,ဘက်ပါနေတဲ့ အသံမျိုး"

"နီတူးရာ ... ငါ့ကိုပါ မကျေမနပ် မဲမနေနဲ့ကွာ၊ ငါ မင်း နဲ့ ကြာယံ့ကြားမှာ ပြဿနာဖြစ်ရမှာကို မလိုလားပါဘူး။ ငါ အချစ်ရဆုံး လူသားနှစ်ယောက်ကို အဆင်ပြေပြေနဲ့ မိတ်ဆွေဖြစ်တာပဲ မြင်ချင်တယ်"

"ငါက သူ့ကို မိတ်ဆွေမဖြစ်ချင်တော့ဘူး"

ဟန်မင်းဆက် တစ်ချက်တော့ ...

"သိပါတယ်ကွာ၊ မင်းက သူ့ကို ချစ်သူပဲ ဖြစ်ချင်ခဲ့တာ မဟုတ်လား ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ယောင်ပြီး လွှတ်ခနဲ ပြောလိုက်မိတော့သည်။
ထိုအခါ နီတူး ရှက်ရမ်းရမ်းသလို ဖြစ်သွားလျက် အုန်း ...
နှင့် အခန်းထဲမှာ တွေ့သမျှတွေကို လျှောက်ကန်ပစ်လိုက်
လေသည်။ DVD တွေ စီပြီးတင်ထားတာ စင်ကလေးလည်း
ကျ၊ စားပွဲတင်နာရီလေးလည်း အောက်ကျနှင့် တစ်ခန်းလုံး
သွားလျှင် အပြင်ကနေ တံခါးခေါက်သံတွေ ဆက်တိုက်ကြ
လေသည်တည်း။

"ဟဲ့ ... သား ... သားလေး ... မောင်ဟန်၊ သား
ဖြစ်နေတာလဲ၊ ဖွင့်စမ်း ... ဖွင့်စမ်း၊ တံခါးဖွင့်စမ်း၊
ရင် အမေတို့ သော့ဖျက်ပြီး ဝင်လာမိတော့မယ်နော်"

နီတူး မျက်မှောင်ကြီးကြုတ်ပြီး ဟန်မင်းဆက်
ပခုံးနှစ်ဖက်ကိုလည်း တစ်ချက်ဆောင့်တွန်းသွားကာ သူ လျှို့ဝှက်
စွာ လာနေကျ နောက်ဖေးလှေကားလေးမှ ပြန်ဆင်းသွားပါသည်
နီတူး သူ့ခြံဘက် ပြန်ဝင်သွားတာ မြင်ရတဲ့အထိ စောင့်ကြည့်ရင်း

"သား ဘာမှမဖြစ်ပါဘူး"

ဟု အခန်းဝကိုလည်း ပြန်အော်ပြောရသည်။ မပြော
လို့မဖြစ်။ အမေက ခုချက်ချင်းပဲ ဘုန်းပိပြီး သော့(ခ)လုပ်ရတဲ့
တံခါးကိုဖွင့်ဖို့ အိမ်ရှိအလုပ်သမားတွေကို အော်ခေါ်နေတဲ့အသံ
ကြားနေရပြီလေ။

နီတူးကို မမြင်ရတော့မှ တံခါးကို ပြေးဖွင့်ပေးလိုက်
လေရာ အခန်းဝမှာ အဖေ၊ အမေ၊ အန်တီနွယ်တို့ တသီတတန်း





ကြီး စိုးရိမ်နေသော မျက်လုံးအစုံဖြင့် စောင့်ကြည့်နေကြတာ
တွေ့ရသည်။

"ဟာ ... ဘာဖြစ်နေကြတာလဲဗျာ၊ ဘာတွေ အလကားနေ
ရင်း စိုးရိမ်နေကြတာလဲ"

ဘယ်သူမှ ဘာမှမပြောဘဲ အခန်းထဲမှာ ပွစာကြဲနေ
သော မြင်ကွင်းကို အံ့သြတကြီး စူးစမ်းကြည့်ရှုနေကြလေသည်။

"သား ... ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"စာကြည့်စားပွဲပေါ်မှာလည်း ခေါက်ဆွဲတွေရော အအေး
တွေရော မှောက်လို့ပါလား"

"ဟုတ်တယ်၊ စားရင်းနဲ့ မတော်တဆ မှောက်သွားတာပါ၊
ဟဲ့ ... မိဘုတ်တို့ မိညိုတို့ ငါ့အခန်းကို လာရှင်းပေးကြ
ဦး။ အနံ့ပျောက်အောင် သုံးတဲ့ spray ဘူးပါ တစ်ခါတည်း
ယူလာခဲ့ကြ"

ဟန်မင်းဆက်သည် နီတူးဖွခဲ့ကြောင်း ဖွင့်မပြောဘဲ
ဟန်ဆောင်ကောင်းစွာပင် အိမ်ရှိကောင်မလေးတွေကို ခိုင်းစေနေ
လိုက်ပါသည်။

"DVD တွေရော ပြန့်ကျဲနေတာပါလား၊ အိပ်ရာလည်းပွ
လို့။ သား ဘာဖြစ်နေတာလဲ၊ မှန်းမှန်ပြောစမ်းပါ သား
ရယ်၊ အဖေတို့ စိတ်သိပ်ပူနေပြီ"

ဟန်မင်းဆက် အဖေ့ကို ကြောင်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... အစ်ကိုကြီးကလည်း အဲဒီလိုပြောပြီး မမေးနဲ့လေ၊ စောင့်ကြည့်ရဦးမယ်လို့ နွယ် မှာထားသားနဲ့၊ အခု သူ့ကို အေးအေးဆေးဆေးပဲ မေးပါ။ သူ ဘာပြဿနာဖြစ်လာလို့ ပေါက်ကွဲနေတာလဲသာ မေးပါ"

အန်တီနွယ့် လေသံကို ဟန်မင်းဆက် သိပ်မကြိုက်လှပေမဲ့ နီတူး အကြောင်း လျှို့ဝှက်ထားချင်သဖြင့် ဟန်မင်းဆက်သည် မျက်နှာသေလေးနဲ့သာ အားလုံးကို ကြည့်လိုက်သည်။

"သား နေကောင်းရဲ့လား"

အမေကတော့ မျက်ရည်တွေဝဲပြီး ဟန်မင်းဆက်ကို လာပွေ့ဖက်လိုက်လေသည်။ အမှန်မှာတော့ အဖေ၊ အမေနဲ့အဒေါ်တို့ဟာ အခန်းပြင်ကနေ စောင့်ပြီးနားထောင်နေကြတာမျိုး မဟုတ်ပါ။ ဟန်မင်းဆက် အခန်းထဲမှာ လျှို့ဝှက်စွာ သွားတပ်ဆင်ထားသော ကင်မရာသေးသေးလေးတွေကတစ်ဆင့် ဒေါ်နွယ်နွယ်၏ အခန်းထဲရှိ မော်နီတာမှ ပြန်မြင်ရတဲ့ ဟန်မင်းဆက်၏ အဖြစ်အပျက်ကို အစအဆုံး တွေ့ပြီးနေ၍ ဟန်မင်းဆက် ဘာတွေဖြစ်သလဲဆိုတာ သိပြီးနေကြလေပြီ။

ဟန်မင်းဆက် အိမ်မှာမရှိတုန်း တတ်ကျွမ်းနားလည်သူတွေကိုခေါ်ကာ လျှို့ဝှက်ကင်မရာလေးတွေကို ငွေသိန်းပေါင်းများစွာ အကုန်ခံလျက် တပ်ထားခဲ့ကြသည်။ ကင်မရာလေးတွေက သေးလွန်းပြီး ပြားစေ့အရွယ်လောက်သာ ရှိလေရာ ဟန်မင်းဆက် ဘယ်လိုမှ သတိမထားမိခဲ့။





ကင်မရာလေးတွေကို ဟန်မင်းဆက်၏ အခန်းမျက်နှာကြက်မှာရှိသော ဖန်မီးဆိုင်းကြားမှာ၊ အခန်းထဲရှိစာအုပ်စင်မှ စာအုပ်ထူကြီးတွေကြားမှာတစ်ခု၊ မွေ့ရာအောက်၊ ခုတင်ခြေရင်းမှာတစ်ခု ထားထားပြီး ရှထောင့်မျိုးစုံမှ ချိန်ထားတာ ဖြစ်သည်။ ဒါကြောင့် ဟန်မင်းဆက်၏ လှုပ်ရှားမှု မှန်သမျှကို ဒေါ်နွယ်နွယ့် အခန်းထဲရှိ မော်နီတာမှတစ်ဆင့် မြင်နေရလေသည်။

လူတစ်ယောက်တည်းကနေ အသံနှစ်မျိုးပြောင်းလိုက်၊ အမူအရာနှစ်မျိုးဖြစ်လိုက်ဖြင့် သူ့ကိုယ်သူ နီတူးနေရာဝင်လိုက်၊ ဟန်မင်းဆက်နေရာ ဝင်လိုက် သရုပ်ဆောင်နေခဲ့သော ဟန်မင်းဆက်၏ ဖြစ်အင်ကို သူတို့ ရင်ထဲမချိစွာ စောင့်ကြည့်နေခဲ့ရပါသည်။ တဖြည်းဖြည်းနဲ့ ဝုန်းဒိုင်းကြဲလာမှသာ အန္တရာယ်ဖြစ်မှာစိုး၍ တံခါးပြေးခေါက်ပြီး အခန်းထဲ ဝင်ရဖို့ ကြိုးစားကြတာဖြစ်ပါသည်။

"သား ... ကြာယံနဲ့ အဆင်မပြေဘူးလား"

အန်တီနွယ်က တခြားအကြောင်းအရာဘက်ကို လှည့်မေးသဖြင့် ဟန်မင်းဆက်လည်း ဖြေစရာအကွက်တွေ့သွားပြီး ...

"ဟုတ်တယ် ... ခုတလော ကြာယံ ဘာဖြစ်နေမှန်းမသိဘူး၊ တွေ့လိုက်တိုင်း စကားပြောရတာ အဆင်မပြေဘူး"

"အိမ်ခေါ်လာပြီး အန်တီနွယ်နဲ့ မိတ်ဆက်ပေးပါဦး"

"အိမ်ခေါ်လာလို့ မဖြစ်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာဖြစ်ရပြန်တာလဲ သားရဲ့။ ဟိုတလောက တောင် အိမ်မှာ သားချက်ကျွေးတာတွေ လာစားပါသေး တယ်။ ဘာလို့ မခေါ်လာရမှာလဲ"

အမေကပါ ဝင်ပြောသလို အဖေကလည်း ...

"ကောင်မလေးက လိမ်လိမ်မာမာ ယဉ်ယဉ်ကျေးကျေးလေး ပါ၊ အဖေတို့က သဘောတူနေတာ။ သူက သားအပေါ် လည်း တကယ်ချစ်ပုံရတယ်"

ဟု ကြာယံ့ဘက်က အပြည့်အဝ ထောက်ခံကာ ဝင်ပြောကြလျှင် ဟန်မင်းဆက်မှာ ပြောရကျပ်သွားပါသည်။ ကြာယံ့ကို ဘာကြောင့်ရယ်မသိ။ အန်တီနွယ်နဲ့ ပေးမတွေ့စေချင် ပါ။ ကြာယံ့စိတ်က အခုဆို ခန့်မှန်းရခက်နေပြီမို့ အန်တီနွယ့်ကို တွေ့ရင် နီတူးနဲ့ ဟန်မင်းဆက် အကြောင်းတွေ တိုင်ပြောမလား လို့ သံသယရှိနေသည်။

"ကောင်မလေး အိမ်က သဘောမတူဘူးတဲ့လား၊ အဲဒီလို ဆို အဖေအမေတို့ကိုယ်တိုင် လိုက်ပြောပြီး တောင်းရမ်းပေး နိုင်ပါတယ်ကွယ်"

"ဟာ ... အဲဒီလိုလည်း မဟုတ်ပါဘူး၊ တခြားကိစ္စတွေ ကြောင့်ပါ"

"ဘယ်လိုကိစ္စမျိုးလဲ၊ အမေ့ကို ပြောပါလား"

ဟန်မင်းဆက်သည် အမေက မရမက ဆက်မေးနေ သဖြင့် အနေရခက်လာသည်။ အမေတို့က ကြာယံ့ကို ဘာကြောင့်





များ သိပ်လိုလားပြီး ကြာယံနဲ့ ဟန်မင်းဆက် အဆင်မပြေတော့ မှာကို သိမ်စိုးရိမ်နေကြရသလဲ မသိ။

"ဒီလိုပါပဲ၊ သားနဲ့ မိတ်ဆွေဖြစ်တဲ့သူတွေကို သူကမကြိုက် ပဲ ဝင်ပြီးဝေဖန်တာတို့၊ မပေါင်းနဲ့ မပြုနဲ့ဆိုပြီး ဝင်ပြီး အမိန့်ပေးတာတို့ လုပ်နေလို့ပါ"

"သားမှာ ဘယ်ကမိတ်ဆွေတွေ ရှိနေလို့လဲ၊ အံမယ် ... ပြောစမ်းပါဦး၊ ငါ့သားမှာ မပေါင်းစဖူး မိတ်ဆွေတွေ ဘာ့တွေ တွေ့ပြီး ပေါင်းလို့ပါလား၊ ဘယ်သူများလဲ ပြော ပါဦး"

"အမေရာ ဘယ်လိုဖြစ်ပြီး အမေးအမြန်း ထူနေရတာလဲ၊ တော်ပါပြီဗျာ စိတ်ရှုပ်ရတဲ့အထဲ မပြောချင် ဘူး မမေးနဲ့၊ အဖေတို့ အမေတို့ရော အန်တီနွယ်ရော သားအခန်းထဲက ထွက်ပေးကြပါ၊ သားတစ်ယောက်တည်းပဲ နေချင်တယ်၊ သား အသက်နှစ်ဆယ်ကျော်ပါပြီ၊ ကိုယ့်ပြဿနာ ကိုယ် ရှင်းပါရစေ"

ဒေါ်နွယ်နွယ်က မျက်ရိပ်ပြပြီး ခေါ်ထုတ်သွားသဖြင့် ဟန်မင်းဆက် အဖေနဲ့အမေလည်း စိတ်မသက်မသာဖြင့် အခန်း ထဲက ထွက်လာပေးလိုက်ရပါသည်။ ခုတလောမှာမှ အဖေအမေ ကိုလည်း ဂျစ်ကန်ကန်ပြော၊ အဒေါ်ကိုလည်း အမြင်မကြည်တာ တွေ ပိုပြလာသောကြောင့် ဟန်မင်းဆက်၏ အခြေအနေကို စိုးရိမ်နေကြရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွယ်နွယ့် အခန်းထဲမှာ လှို့ဝှက်စွာထားထားသော မော်နီတာရှေ့ကိုသာ သုံးယောက်ပြန်ရောက်လာပြီး ခေါင်းချင်းဆိုင် ဆွေးနွေးမိကြသည်။

"ဘယ်လိုလုပ်ကြမလဲ မိနွယ်၊ သားကြည့်ရတာ မဟန်ဘူးနော်"

"နွယ်က ကြာယံ့ကို အားကိုးနေမိတာပါ အစ်ကိုကြီး။ သူ ကြာယံ့ကို တော်တော်လေးချစ်တော့ ကောင်မလေးပြောရင် ရမှာပဲ ထင်တာ"

"အခု ရမှမရတာ၊ သူ့ကြည့်ရတာ ကြာယံ့ကိုတောင် အဆက်ဖြတ်ရင် ဖြတ်မဲ့ပုံစံမျိုးပဲ"

"အံ့ဩစရာနော်၊ နီတူး စိတ်ဝင်သွားရင် အသံရော အမူအရာရော လုံးဝပြောင်းသွားတယ်။ သားအမူအရာက အေးပြီး ငြိမ်းချမ်းတယ်။ နီတူးစိတ် ဝင်လာတဲ့ အမူအရာကတော့ ဆူပူပြီး ဝုန်းဒိုင်းကြဲချင်တဲ့စိတ် ဖြစ်လာတယ်"

"အဲဒါ ငယ်ငယ်က သူ ပေါင်းခဲ့ရတဲ့ နီတူး ပုံစံကိုပဲ မွေးစားပြီး နီတူး လူကြီးဖြစ်လာတယ်၊ ဒီပုံ ဖြစ်လာတယ်လို့ ထင်နေတာ မမရဲ့"

ဒေါ်ယဉ်ယဉ်ကတော့ မဆီမဆိုင်ဘဲ ...

"နီတူးဟာ မကျွတ်ဘဲ သားကိုယ်မှာများ ဝင်ပူးနေခဲ့သလား မသိဘူးနော်"





ဟူသော စိတ်ကူးထဲမှ ပေါ်လာသည့် အကြောင်းအရာကို ထုတ်ပြောမိလေသည်။

"ဟယ် ... မမရယ် မဖြစ်နိုင်တာ၊ နီတူး သေသွားတုန်းက ဖြင့် ကလေးအရွယ်လေး၊ ကလေးအရွယ်နဲ့သေရင် ကလေးဘဝပုံစံနဲ့ပဲ သရဲဘဝမှာ နေရတာမျိုး ရှိတယ်လို့ ကြားဖူးပါတယ်၊ အဲဒီ ဝိညာဉ် တစ္ဆေ သရဲဟာ အသက်အရွယ်အလိုက် အသက်ကြီးလာတယ်ရယ်လို့တော့ မကြားဖူးပါဘူး၊ ပြီးတော့ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ နွယ်တော့ မယုံပါဘူး ဝိညာဉ်တွေ သရဲတွေဆိုတာ တကယ်မရှိပါဘူး။ စိတ်အားငယ်နေတုန်းမှာ ထင်ယောင်ထင်မှား ကယောင်ချောက်ချားတွေးလို့ ဖြစ်လာတဲ့ အရာတွေပါ"

ဒေါ်နွယ်နွယ်ကတော့ ဆရာဝန်ပီပီ အယုံအကြည်မရှိဘဲ ဟန်မင်းဆက် ဒီလိုဖြစ်ရတာ ရောဂါကြောင့်လို့ချည်း ယူဆပြီး ငြင်းပါသည်။

ဒေါ်ယဉ်ယဉ်ကတော့ ...

"သားအတွက် အန္တရာယ်ကင်းပရိတ်လေး ခေါ်ရွတ်ပြီး သူ့အခန်းကို ပရိတ်ရည်ဖျန်းမယ်၊ သူ့လည်ပင်းမှာ ပရိတ်ကြိုးချည်ပေးထားမယ်၊ နင် ယုံယုံ မယုံယုံ ငါကတော့ မြန်မာပီပီ တရားဓမ္မနဲ့ကုတဲ့ ကုထုံးကို ယုံသေးတယ်"

လို့ သူလုပ်ချင်တာ လုပ်မဲ့အကြောင်း ရအောင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဆက်ကတော့ မိန်းမနဲ့ ခယ်မ၏ငြင်းခုံမှုကြား ဘယ်သူ့ဘက်မှ ဝင်မပါဘဲ မော်နီတာမှတစ်ဆင့် မြင်နေရသော သားဖြစ်သူ၏ လှုပ်ရှားမှုတွေကိုသာ အကဲခတ်နေသည်။

ဟန်မင်းဆက် ဘာလုပ်နေသလဲဆိုတော့ ကွန်ပျူတာရှေ့ထိုင်ပြီး စာတွေ တတောက်တောက် ရိုက်နေတာ တွေ့ရပါသည်။ ဘယ်သူ့ဆီ e-mail ပို့နေသလဲ။ ဘယ်သူအဖြစ်ပို့လဲ။ ဟန်မင်းဆက် အနေနဲ့လား။ နီတူး အနေနဲ့လား ဆိုတာတော့ မသိနိုင်ပါ။ ဒါပေမဲ့ ကိစ္စမရှိ။ မြကြာယံက ...

"ကြာယံ့ဆီ မောင်ဟန်ပဲ စာပို့ပို့၊ နီတူး အနေနဲ့ပဲ စာပို့ပို့ ကြာယံ အားလုံးကို forward လုပ်ပေးမယ်နော်၊ အန်တီနွယ် အားလုံးကို လေ့လာပြီး စဉ်းစားလို့ ရအောင်ပါ"

ဟု ကတိပေးထားသဖြင့် အကယ်၍ e-mail ပို့ခဲ့ရင် အကုန်ပြန်ဖတ်ရမှာဖြစ်သည်။

အားလုံးကတော့ ဘာကို အကောင်းဆုံးလုပ်သင့်သလဲဆိုတာ ချက်ချင်း မဆုံးဖြတ်သေးဘဲ တိုင်ပင်နေကြဆဲမို့ ဟန်မင်းဆက်၏ အခြေအနေကို မသိချင်ယောင်ဆောင်ပြီး လွှတ်ထားနေသေးတာလည်း ဖြစ်သည်။

* ○ *





## ၂၁

"သမီး အားရင် အိမ်ခဏလာပါဦး၊ အန်တီတို့ ဆွေးနွေးစရာလေးရှိတယ် သမီး"

"မောင်ဟန် အိမ်မှာမရှိဘူး မဟုတ်လား"

"မရှိဘူး ... မရှိဘူး။ သူ ကျောင်းသွားတက်ဖို့အတွက် ပတ်(စ)ပို့လျှောက်ထားတာတွေ၊ လေယာဉ်လက်မှတ် စုံစမ်းတာတွေလုပ်ဖို့ ထွက်သွားတယ်။ ကြာလိမ့်မယ် သမီးနဲ့ အန်တီတို့ နှစ်နာရီလောက် စကားပြောလို့ ရပါတယ်"

ထိုသို့ အချိန်းအချက်လုပ်ပြီးသောအခါမှာ မြကြာယံ တစ်ယောက် ဟန်မင်းဆက် အိမ်သို့ ရောက်လာခဲ့ပါသည်။ အိမ်ရောက်တော့ အသင့်စောင့်နေဟန်ရှိသော ဟန်မင်းဆက်၏မိဘနှစ်ပါးနှင့် အန်တီနွယ်တို့က မြကြာယံကို ...

"သမီးနဲ့ တိုင်ပင်စရာရှိလို့ ခေါ်ရတာ အားတောင်နာတယ်ကွယ်"

ဟု အရင်ဆုံး ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် အန်တီရယ်၊ ကြာယံလည်း အားနေတာ အချိန်ပေးနိုင်ပါတယ်"

"သမီးကို ပြစရာလေးတွေ ရှိလို့"

အန်တီနွယ်က သူမအခန်းထဲ ခေါ်သွားပြီး ကူးထားသော Tape တွေမှ တချို့ကို ဖွင့်ပြပါသည်။

"သူ့အခန်းထဲမှာ လျှို့ဝှက်ကင်မရာ အသေးလေးတွေကွယ်တိတ်တိတ်တပ်ထားပြီး မော်နီတာကတစ်ဆင့် အန်တီစောင့်ကြည့်နေတာ၊ တစ်ပတ်လောက်ရှိပြီ"

"ဘာတွေများ ထူးခြားလဲ အန်တီ"

"ဒီမှာ သမီးကြည့်ပါဦး၊ ဒါ မနေ့ညက သူ့အဖြစ်အပျက်ပဲ၊ သမီးနဲ့လည်း သက်ဆိုင်တယ်ထင်လို့ ပြတာ"

မြကြာယံသည် စိတ်ဝင်တစားကြည့်မိသည်။ အခန်းထဲမှာ မောင်ဟန်တစ်ယောက်တည်းသာ ရှိနေပေမဲ့ သူ့ပုံစံက သူတစ်ယောက်တည်း မဟုတ်ဘဲ တစ်စုံတစ်ဦးဟာ သူ့အခန်းထဲ ရောက်နေတဲ့ပုံစံမျိုး လုပ်နေသည်။

အရင်ဆုံး Bar Fridge လေးထဲမှ coke ဘူးကိုသွားယူပြီး စာကြည့်စားပွဲပေါ် တင်လိုက်သည်။ သူကတော့ ကော်ဖီတစ်ခွက် သောက်လျက်ရှိသည်။

"ကဲ ... ရော့၊ မင်း သောက်တတ်မှန်းသိလို့ ငါ coke ဘူးကိုယူပြီး အခန်းထဲမှာ ယူထည့်ထားပါတယ်ကွာ၊ coke ရှိလားမမေးနဲ့"





ဟု ပြောပြီးပြီးချင်း ချက်ချင်းပဲ သူဟာ ခုတင်ပေါ် ဝုန်းခနဲ တက်ထိုင်လိုက်သည်။ ချက်ချင်းပဲ သူ့အမူအရာဟာ ခပ်ကြမ်းကြမ်း၊ ခပ်တည်တည် မျက်နှာကြီး ဖြစ်သွားလျက် coke ဘူးကို ဆတ်ခနဲဆွဲယူကာ ထပ်ခနဲ ဖွင့်လိုက်သည်။

"မင်းဆီ ငါလာတာ ကြိုက်သေးရဲ့လား"

အသံမှာ မြကြာယံဆီ ဖုန်းဆက်ပြောသော နီတူးအသံ ချက်ချင်းဖြစ်သွားသဖြင့် မြကြာယံ အံ့သြပြီး ...

"ဟယ် ... အဲဒါ ... အဲဒါပဲ၊ အဲဒါ နီတူးပဲ၊ ဟို ... အဲ... ကြာယံ့ဆီ နီတူးစိတ်ဝင်ပြီး မောင်ဟန် ဖုန်းဆက်ရင် ပြောတဲ့အသံဟာ ဒီအသံပဲ အန်တီနွယ်"

ဟု ပြောပြမိသည်။

လူတစ်ယောက်တည်းကနေ မတူသော အသံမျိုး ထွက်လာနိုင်သဖြင့် မြကြာယံ အံ့သြလို့မဆုံး ဖြစ်နေသည်။

"အေး ... အဲဒါပဲပေါ့၊ နီတူး စိတ်ဝင်သွားရင် နီတူးအသံဆိုပြီး သူ့ဘာသာ ပြောင်းသွားတာပေါ့၊ ဒါ မဆန်းပါဘူး၊ အသံတုဝိဇ္ဇာတွေတောင် လူတစ်ယောက်တည်းကနေ အသံဆယ်မျိုးလောက် ထွက်လာလို့ ရသေးတာပဲ"

"ဒါ အခု သူ့ကိုယ်သူ မောင်ဟန် ဖြစ်လိုက် နီတူးဖြစ်လိုက် စိတ်ပြောင်းနေတာပေါ့နော်"

"ဟုတ်တယ် သမီး၊ နီတူးဟာ သူ့ဆီ ညတိုင်းလာလည်တယ်၊ စကားတွေ ပြောတယ်၊ ပြီးရင် နောက်ဖေးလှေကား

www.burmeseclassic.com



တစ်ဆင့် သူ့အိမ်သူ ပြန်တယ်ပေါ့၊ အဲဒီလို သူပဲ သရုပ်ဆောင်နေတာကွယ်၊ အစ်ကိုကြီးတို့ မမတို့ကတော့ တလွဲတွေတွေးပြီး ပရိတ်တွေခေါ်ရွတ်၊ သူ့ကို ပရိတ်ကြိုးတွေချည်လိုချည် လုပ်ကုန်ကြလေရဲ့"

"ဘာဖြစ်လို့ အဲဒီလို လုပ်ကြတာလဲ အန်တီနွယ်"

"နီတူးတစ္ဆေ ပူးနေတယ်တဲ့လေ"

အန်တီနွယ်က ရယ်ရယ်မောမော ပြောသည်။ မြကြာယံကတော့ မိန်းကလေးပီပီ ကျောချမ်းပြီး ကြောက်သွားသလိုနဲ့ မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ် ဖြစ်ကာ မော်နီတာကို အသေအချာ ပြန်စူးစိုက်ကြည့်နေမိသည်။

"ကြိုက်ပါတယ် နီတူးရာ၊ ငါက ဘာလို့ မကြိုက်ရမှာလဲ"

"မင်း ကောင်မလေးကို အဆက်ဖြတ်လိုက်တော့လို့ ငါ မနေ့ညက အကြံပေးခဲ့တယ်လေ။ မင်းနဲ့ ငါတောင် တစ်ယောက်နဲ့တစ်ယောက် ထိုးကြတော့မလို ဖြစ်သွားသေးတာလေ"

မြကြာယံမှာ ထိုသို့ကြားရလျှင် ဝမ်းနည်းပြီး မျက်ရည်ဝဲသွားပါသည်။

"တစ်ယောက်နဲ့တစ်ယောက် ထိုးတယ်ဆိုပြီးတော့ကွယ် သမီးရယ် သူ့ဘာသာပဲ နီတူးဖြစ်ပြီး သူ့ကိုယ်သူ ထိုးလိုက်၊ မောင်ဟန်ဖြစ်ပြီး မောင်ဟန်က နီတူးကို ထိုးလိုက်လုပ်တာ၊ သူ့ကိုယ်သူပဲ သုံးလေးခါ အကြိမ်ကြိမ်ထိုးသလို





ဖြစ်နေတာ မြင်ရက်စရာတောင် မရှိဘူး၊ ဒါကြောင့် အန်တီနွယ်တို့လည်း မနေသာတော့ဘဲ ချက်ချင်း သူ့တံခါးပြေးခေါက်ပြီး သား ဘာဖြစ်ပြန်တာလဲလုပ်ပြီး အခြေအနေကို ထိန်းလိုက်ရတယ်ကွယ်၊ အခုနောက်ပိုင်း တော်တော်ဆိုးလာတယ်၊ အဓိက,ကတော့ နီတူးက သူ့ကို သမီးနဲ့ အဆက်ဖြတ်ခိုင်းလာတာပဲ။ နီတူးက သမီးကို မုန်းလာတယ်၊ ဒါကြောင့် မောင်ဟန်လည်း နီတူးမုန်းတဲ့ မြကြာယံကို အဆက်ဖြတ်ရမယ် ဖြစ်လာတာ၊ သားခမျာ အဲဒီနှစ်စိတ်ကြားမှာ လွန်ဆွဲနေရပြီ"

မြကြာယံ မျက်ရည်သုတ်လိုက်မိသည်ဟု ထင်မိသည်။ ဒါပေမဲ့ သူမကိုယ်သူမ ဘာဖြစ်လို့ဖြစ်မှန်းပင် မသေချာ။ ခံစားချက်တွေ ရှုပ်ထွေးလွန်းသဖြင့် ထုံနေသည်။

"ဆက်ကြည့် သမီး။ သမီးအတွက် အရေးကြီးတဲ့အကြောင်းအရာကို သူ ပြောတယ်၊ ဒါကြောင့် အန်တီလည်း မမနဲ့ အစ်ကိုကြီးတို့ကို တိုင်ပင်လိုက်ပြီးပြီ။ သမီးပါ သိသင့်တယ်ထင်လို့ ခေါ်ပြတာ၊ ရှင်းရှင်းပြောရရင် ခေါ်သတိပေးတာ သမီး"

မြကြာယံ အန်တီနွယ့် စကားကို ဂရုတစိုက်နားထောင်ပြီး သေချာစွာကြည့်လျှင် ...

"ငါက ဘာလို့ အဆက်ဖြတ်ရမှာလဲ နီတူးရာ။ ကြာယံကို ငါ တကယ်ချစ်တာကွာ၊ အမေတို့ အမေတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြာယံ့ကို သိပ်ချစ်ကြတယ်၊ သိပ်လည်းလိုလားကြတယ်၊ ငါ့ဘဝမှာ ကြာယံနဲ့ ဆုံရတာလောက် တစ်ခါမှ စိတ်ချမ်းသာရတာမျိုး မရှိခဲ့ဖူးဘူး။ သူ ငါ့အနားမှာရှိရင် ငါ့ဘဝဟာ Perfect ပဲ သိပ်ပြည့်စုံတယ်လို့ ခံစားရစေတယ်"

မောင်ဟန် ပြောလိုက်သော စကားသည် မြကြာယံရင်ထဲကို နွေးပြီး ကြည်နူးမျက်ရည်ဝဲသွားစေသည်။

ဒါပေမဲ့ နီတူးဖြစ်ပြီး ပုံစံပြောင်းပြောလိုက်သော စကားသံတွေထဲမှာတော့ ...

"ဟား ဟား ဟား... မတရားလိုက်တာကွာ၊ မင်းကတော့ ဘဝမှာ perfect ဖြစ်ပြီး ချစ်တဲ့သူနဲ့ လက်တွဲပျော်နေမယ်၊ ငါကတော့ တစ်ယောက်တည်း အထီးကျန်ပြီး အဖော်မဲ့ရမယ်၊ မင်းကလည်း ငါ့ကို ရည်းစားစကား နားယောင်ပြီး လက်တွဲဖြုတ်ဦးမယ်၊ ဟုတ်လား ... အဲဒီလိုလား"

"ငါ မင်းကို လက်တွဲမဖြုတ်ပါဘူး"

"မဖြုတ်ဘူးသာဆိုတယ် မင်း လည်ပင်းမှာလည်း ပရိတ်ကြိုးကြီးနဲ့၊ ကလေးကလားဆန်ဆန် အလုပ်ခံထားတယ်၊ မင်းအမေထင်သလို ငါကပဲ သရဲဖြစ်ပြီး မင်းဆီကပ်နေတယ်လို့ မင်းပါထင်ပြီး ငါမလာအောင် လုပ်ထားပြီးတော့"

မြကြာယံ ကျောချမ်းသွားမိ၏။ နီတူး တကယ်များ ဝင်ပူးနေခဲ့သလား။ အန်တီနွယ်ကတော့ မယုံသလိုဖြင့် ခေါင်းခါပြီး ငြင်းဆန်နေသည်။





"အဲဒါက အမေစိတ်ချမ်းသာအောင်ပါကွာ၊ ငါက မင်း ငါ့အနားမှာ ရှိနေစေချင်ပါတယ်"

"ငါ ရှိနေစေချင်ရင် မင်း မြကြာယံကို လက်လွှတ်ရမယ်"

"နီတူးရာ ... ငါ့ကို အကျပ်မကိုင်ပါနဲ့၊ ငါ မင်းနဲ့သူ့ကို ယှဉ်ပြီး မရွေးချင်ဘူး"

"ဒီလိုလုပ် ယှဉ်ပြီးရွေးစရာမလိုအောင် ငါ သူ့ကို အစ ဖျောက်ပေးလိုက်မယ်လေ"

"ဘာ ... ဘာရယ်"

"မြကြာယံကို မနိုးသောအိပ်ခြင်းနဲ့ အိပ်သွားရအောင် ငါ သွားသတ်ပစ်လိုက်မယ် ... ကဲ"

မြကြာယံမှာ မောင်ဟန့်နှုတ်က နီတူးအနေနဲ့ပြောသော စကားပေမဲ့ အလွန်အမင်း အံ့သြထိတ်လန့်သွားကာ ထရပ်လိုက်မိသည်။

"သူ ... သူ ... သူ ... သမီးကို ..."

"ဟုတ်တယ် သမီး။ သမီးကို နီတူးစိတ်ဝင်ပြီး လာအန္တရာယ်ပြုဖို့ အခြေအနေ ရောက်နေပြီ"

"သူ သမီးကို မုန်းနေတာ"

"မဟုတ်ဘူး သမီး၊ မဟုတ်ဘူး၊ ဒါ စိတ်မမှန်သူတွေရဲ့ အတွေးအခေါ်ပါ သမီးရယ်၊ ပုံမှန်စိတ်မဟုတ်သူတွေဟာ ကိုယ့်မိဘအရင်းတောင် ပြန်သတ်သွားတာတွေ ရှိတာပဲ၊ သမီး ဝမ်းနည်းမနေပါနဲ့။ သူ့တို့ စိတ်ပြန်လည်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



မေးရင် သူလုပ်တာ မဟုတ်ဘူးလို့ပဲ ဖြေကြတာ၊ သမီး ကြားဖူးပါတယ်။ ရုပ်ရှင်တွေထဲမှာလည်း ပြတာရှိတတ် လေ။ တစ်စုံတစ်ယောက်က ဝင်ပူးပြီး ရာဇဝတ်မှုတွေ ကျူးလွန်ပြီးရင် သူ စိတ်ပြန်ကောင်းတဲ့အချိန်မှာ ပြန်မေး တဲ့အခါ ဘာမှမမှတ်မိတာမျိုးတွေ ရှိတတ်တယ်၊ သမီး လည်း ကြည့်ဖူးမှာပါ"

မြကြာယံမှာ ဝမ်းအနည်းကြီးနည်းလျက် မျက်ရည် တွေသုတ်ရင်း အန်တီနွယ်နဲ့အတူ အခန်းထဲမှ ထွက်လာကာ အသင့်စောင့်နေကြသော ဦးမင်းဆက် ဒေါ်ယဉ်ယဉ်တို့အနီးမှာ ဝင်ထိုင်လိုက်ပါသည်။ မျက်ရည်တွေနဲ့ မြကြာယံကို သူတို့ကရုဏာ သက်စွာကြည့်ရင်း ...

"သမီးကို ခေါ်တွေ့ပြီး သတိပေးတာပါ၊ သားကိုအခုနောက် ပိုင်း လက်ခံမတွေ့နဲ့ ဆိုတာရယ်။ သူ့ကိုလည်း ဒီရက်ပိုင်း အတွင်း အန်တီနွယ့် ဆရာကြီးဆီမှာ သွားအပ်ပြီး ဆေး ပြန်ကုတော့မယ် ဆိုတာရယ် ပြောပြချင်လို့ပါ"

ထိုအချိန်မှာပင် အိမ်ရှေ့မှာ ကားတစ်စီး ခပ်ပြင်း ပြင်း ထိုးရပ်သံ၊ ကားတံခါးပိတ်သံ အုန်းခနဲတို့နဲ့အတူ ဝုန်းဒိုင်း ကြဲ ရောက်ချလာလိုက်သော လျှပ်စီးလက်သလို လျှင်မြန်လှသည့် အဖြစ်အပျက်ကြောင့် မြကြာယံတို့အားလုံး အလန့်တကြားပင် ...

"ဟယ် ... မောင်ဟန်"

ဟု ပြိုင်တူ ရေရွတ်မိလိုက်ကြတော့သည်။





"မောင်ဟန် ... မောင်ဟန် ..." မြကြာယံ ရင်ထဲမှာ တုန်ပြီး ထိတ်လန့်စွာ အကြိမ်ကြိမ် အခါခါ ခေါ်နေမိသည်။

"ဒါ ... ဒါ ... ဘာလုပ်နေကြတာလဲ။ ဟင် ... ကြာယံ မင်း ဒီကို ဘာလို့ရောက်နေတာလဲ"

ဟန်မင်းဆက်သည် ဒေါသတကြီးပင် မြကြာယံ အနား ချက်ချင်းကပ်လာကာ အော်ဟစ်မေးလိုက်သည်။

"အန်တီ ... အန်တီနွယ့်ကို လာတွေ့တာ"

"ဘာလာတွေ့တာလဲ၊ ဘာကိစ္စ လာတွေ့တာလဲ၊ ငါတောင် မှ မိတ်ဆက်မပေးဘဲ မင်း ဘာလို့လာရတာလဲ"

"သား ဒေါသမကြီးပါနဲ့၊ အန်တီနွယ် သမီးကို ဖုန်းဆက် ခေါ်တာပါကွယ်၊ တွေ့ချင်လို့ ဖိတ်တာပါ၊ ဒါကြောင့် သူ လာတာပါ"

အန်တီနွယ်က မြကြာယံ ဘေးနားမှာ အကာအကွယ် ပေးဖို့ အနေအထားနဲ့ ကပ်လာပြီး ဖြေရှင်းဖျောင်းဖျလိုက်ပါသည်။

"မဟုတ်ဘူး ... မဖြစ်နိုင်ဘူး။ သူ ဒီကိုတမင်လာတာ၊ တမင်ရောက်လာတာ။ ငါ မပြောစေချင်တဲ့ အကြောင်းတွေ မင်း တမင်လာပြောတာ မဟုတ်လား မြကြာယံ"

"မောင်ဟန် ... မောင်ဟန် ... သတိထားပါ။ ကြာယံ မောင်ဟန့်ကို ကောင်းစေချင်လို့ ဒီလိုလုပ်တာပါ၊ ကြာယံ့ ကို မမုန်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမုန်းဘူး ... မမုန်းဘူး၊ ဟား ဟား ... မုန်းတာက ငါ မဟုတ်ဘူး။ နီတူး ... နီတူးကွ ... နီတူးက မင်းကိုသိပ် မုန်းနေပြီ၊ မင်းကို သူ လာသတ်တော့မယ် သတိသာထား နေ၊ မင်းကို သူ သတ်ပစ်ချင်နေပြီ ကြာယံ။ သူ ငါ့ဘဝ ထဲမှာ ရှိနေတာကို သိရက်နဲ့ မင်းက သူ့ကိုသေပြီပြောလို့ သူ စိတ်အရမ်းဆိုးသွားပြီး မင်းကို သတ်မယ်လို့တောင် ပြောလာပြီ"

"သား ... သား ... အမယ်လေး သားရယ် မောင်ဟန်ရယ်၊ နီတူး မရှိပါဘူး သားရဲ့။ နီတူး သေပြီးသွားပါပြီ၊ သူ သားကို အနှောင့်အယှက် ပေးနေတာပါ"

ဒေါ်ယဉ်ယဉ်က ဝမ်းပန်းတနည်းငိုကြွေးကာ ပြောရင်း ဟန်မင်းဆက်ကို ပွေ့ဖက်လိုဟန် အနားကပ်သွားလျှင် ဟန်မင်းဆက်က အမေတောင် အကပ်မခံပါ။

"အမေ့ကိုလည်း မုန်းတယ်၊ နီတူးကို သေတယ်ပြောတဲ့ လူတိုင်းကို မုန်းတယ်"

"ဟော့ကောင် ... မောင်ဟန်၊ စိတ်ထိန်းစမ်းပါ။ မင်း ယောက်ျားဖြစ်ပြီး ဘာကြောင့် စိတ်ပျော့ရတာလဲ၊ ဒီလို စိတ်မမှန်တာဟာ စိတ်သိပ်ပျော့လို့ဖြစ်တာ သား"

"အစ်ကိုကြီး မပြောနဲ့လေ ... မပြောနဲ့၊ အို ... ဒုက္ခတော့ များကုန်ပါပြီ၊ သားကို စိတ်ပိုရှုပ်သွားအောင် မလုပ်ကြပါနဲ့"



ထိုအချိန်မှာပင် ဟန်မင်းဆက်၏ အမူအရာမှာ ချက်ချင်းပြောင်းသွားပြီး အသံကလည်း ရုတ်ချည်း အခြားတစ်သံ ပြောင်းသွားပါတော့သည်။

"ဪ ... တယ်ဟုတ်ပါလား၊ ဒီတစ်အိမ်လုံးက ကျွန်တော့် ကိုတော့ သေလူအဖြစ် သတ်မှတ်ပြီး မောင်ဟန့်ကိုတော့ အရူးစာရင်းသွင်းထားကြတာပါလား"

နီတူး အသံ။

နီတူး ဖြစ်သွားပြီဖြစ်သော မောင်ဟန်သည် အားလုံး ကို သူစိမ်းဆန်သည့် မျက်လုံးဖြင့် ကြည့်လိုက်ရင်း ခပ်တွေတွေ မထီတရီ ပြုံးပါသည်။

"ဟော့ကောင် ... မောင်ဟန်၊ ပြောလိုက်စမ်းပါ၊ မင်းအနား မှာ ငါ တစ်ချိန်လုံး ရှိနေခဲ့တယ်လို့"

ထိုအခါ မောင်ဟန် အဖြစ် ချက်ချင်းပြောင်းသွား ပြီး ...

"ဟုတ်တယ် အမေ၊ နီတူး မသေဘူး။ သူ ပြန်လာတယ် သားဆီပြန်လာတယ်၊ သားနဲ့တစ်ချိန်လုံး ရှိနေခဲ့တယ်။ အမေတို့သိရင် မပေါင်းခိုင်းမှာစိုးလို့ သားနဲ့သူ တိတ်တိတ် လေး ပေါင်းတာပါ"

တစ်ဖန် နီတူး အသံ၊ နီတူး အမူအရာ ဖြစ်သွား ပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်ပါတယ် မောင်ဟန်ရာ၊ လာစမ်းပါ။ ဒီတစ်ခါလည်း မင်းနဲ့ငါပဲ နှစ်ယောက်တည်း ထွက်ပြေးကြရအောင်ပါ။ လာစမ်းပါ အားလုံးကို ထားခဲ့စမ်းပါ။ မြကြာယံဆိုတဲ့ ကောင်မလေးကိုလည်း မေ့လိုက်စမ်းပါ။ မင်းနဲ့ ငါ ငယ်ငယ်က မပြီးပြတ်ခဲ့တဲ့ အလုပ်ကို ဆက်လုပ်တဲ့အနေနဲ့ အခုပဲ ထွက်သွားကြရအောင်"

ပြောပြောဆိုဆို နီတူးဖြစ်လိုက်၊ မောင်ဟန်ဖြစ်လိုက် အမူအရာတွေနဲ့ ဟန်မင်းဆက်သည် ချက်ချင်းပဲ ကားသော့ကို ကောက်ကိုင်ပြီး ပြန်ပြေးထွက်သွားပါတော့သည်။

"သား ... သား ... မသွားနဲ့ ... ထွက်မသွားနဲ့"

"ဟော့ ... လာကြစမ်း၊ အားလုံး လာကြစမ်း၊ မောင်ဟန့်ကို ဝိုင်းချုပ်ပေါ်ကြစမ်း၊ မြန်မြန်လာ"

ဒေါ်ယဉ်ယဉ်၊ အသံနောက်မှာ ဦးမင်းဆက် အသံကပါ ဟိန်းထွက်လာလေရာ အိမ်ရှိ ကောင်မလေးတွေရော၊ ခြံထဲရှိ ခြံအလုပ်သမားတွေရော အားလုံး ပြေးလာကြပြီး ဟန်မင်းဆက်ကို ဝိုင်းဝန်းဖမ်းချုပ်ကြလေသောအခါ အဖြစ်အပျက်ဟာ ဝရုန်းသုန်းကားနဲ့ ရှုပ်ထွေးကုန်တော့လေသည်။

ဟန်မင်းဆက်ဟာ လုံးဝဖမ်းချုပ်၍ မရဘဲ အားလုံးလက်မှ လွတ်ထွက်သွားသော တစ်ချက်၌ မြကြာယံဘက်သို့ စူးစူးစိမ်းစိမ်းကြီး တစ်ချက်ကြည့်ကာ ...





"နှင့်ကို ငါသတ်မယ် မြကြာယံ၊ ဒါတွေအားလုံး နှင့်ကြောင့်ဖြစ်ရတာ"

ဟု ကြိမ်းဝါးအော်ဟစ်လျက် မြကြာယံအနား သွားခနဲ ရောက်လာခဲ့တော့သည်။

မြကြာယံ၏လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် အားကုန်ညှစ်ချလိုက်သောအခါ မြကြာယံမှာ သတိမေ့လုမေ့ခင်ကလေးတွင် ...

"မလုပ်ပါနဲ့ နီတူးရယ်၊ ကြာယံ တောင်းပန်ပါတယ်"

လို့ တစ်ခွန်းသာ ပြောလိုက်နိုင်ပြီး သတိလစ်မေ့မြောသွားခဲ့ပါသည်။

* O *



www.burmeseclassic.com

www.burmeseclassic.com



# အစွဲအလမ်းတစ်ခု၏ နောက်ကွယ်မှာ



"နီတူး ... မင်း ဒီအခန်းထဲမှာ နေရတာ မကြိုက်ရင် ထွက်ပြေးလို့ရအောင် ကြိုးစားလေကွာ၊ ငါက မင်းကိုအားကိုးတဲ့ကောင်၊ မင်းလုပ်တာ မှန်သမျှ ငါလိုက်လုပ်မှာပဲ"

"မင်းကြောင့် ဒီအခန်းထဲကို ငါတို့နှစ်ယောက်လုံး ရောက်ရတာကွ၊ မင်းမှာပဲ အပြစ်ရှိတယ်"

"ငါလည်း ပြောသားပဲ၊ အားလုံးကို ပြောသားပဲ ငါ့အပြစ်ပါလို့။ သူတို့က လက်မခံဘဲ မင်းကို ထည့်လိုက်တော့ ငါက ဘယ်လိုလုပ် တားမလဲ"

"အေးပေါ့ကွာ၊ လူအင်အားနဲ့ နိုင်ထားဦးပေါ့၊ အတုံ့အလှည့်ဆိုတာ ရှိတယ်၊ တစ်ချိန်ကျ ငါ ပြန်ကလဲ့စားချေမယ်၊ မြဲမြဲမှတ်ထား မောင်ဟန် စောင့်သာကြည့်နေ။ မင်း ငါ့ဘက်ကပါဖို့ လိုတယ်"

"အေးပါကွာ၊ စိတ်ချပါ၊ ငါက မင်းဘက်မှာ အမြဲပါပါတယ်၊ မင်း စိတ်ချမ်းသာတာ ဘာပဲလုပ်လုပ် ငါလုပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခုလောလောဆယ်တော့ ငါ မြကြာယံကို မသတ်လိုက်ရလို့ မင်းကိုပဲ သတ်ချင်နေတယ်၊ သတ်ရမလား"

"သတ်ကွာ ... သတ် ... သတ် ... ရတယ်၊ မင်းသတ်ရင် ငါ သေရဲပါတယ်"

ဟန်မင်းဆက် တစ်ယောက်တည်း သူ့ကိုလှောင်ထားသော ဆေးရုံအခန်းထဲတွင် ထိုသို့ပြောဆိုနေသည်များကို သူ့အား ကုသပေးသည့် ဆရာဝန်ကြီး အခန်းထဲရှိ မော်နီတာမှ တစ်ဆင့် မြင်တွေ့နိုင်ပါသည်။

"သူ့ကို နီတွေးက လာသတ်တယ်ဆိုပြီး သူ့ကိုယ်သူ ပြန်ရန်ပြုနေလို့ လက်တွေကို ချုပ်ထားတဲ့ အင်္ကျီနဲ့ပဲ ထားထားရတယ်"

ဟု ဆရာဝန်ကြီးက ရှင်းပြပါသည်။ ဆေးရုံဝတ်စုံအဖြူရောင်ပေမယ့် သူ့လက်နှစ်ဖက်လုံးကိုပါ အင်္ကျီထဲထည့်ပူးချည်ရသော အပြင်က ခါးပတ်ကြိုးပါသည့် အင်္ကျီပုံစံမျိုးကို ဝတ်ဆင်ပေးထားသော ဟန်မင်းဆက်ကတော့ တစ်ယောက်တည်း လူ့စိတ်နှစ်စိတ်ဖြင့် ရန်းကန်နေရဆဲ။ အပြင်းအထန် ဟိုဘက်ဒီဘက် လှုန်ဆွဲနေရဆဲ။

မြကြာယံသည့် ဆေးရုံမှ ပြန်လာသောအခါ အခုထိရင်ထဲမှာ အဖြေရှာမရသေးသော အဖြစ်အပျက်ကို ခေါင်းထဲထည့်လာမိပါသည်။



အဲဒါကတော့ သူမ သတိလစ် မေ့မြောတော့မလိုဖြစ်သွားချိန်မှာ မြင်လိုက်ရသော နီတွေး ရုပ်သွင်တစ်ခုကိုပင်။ အဲဒီအချိန်မှာ နီတွေးကို သေသေချာချာ တွေ့လိုက်ရပြီး နီတွေးဟာ သူမကို တကယ်ဒုက္ခပေးနေပြီရယ်လို့ကို ဘာကြောင့် ထင်သွားရသလဲ။ ဘာကြောင့် ဒါဟာ သိပ်ကို တိကျသေချာနေရသလဲ။ ဘာကြောင့် နီတွေး တကယ်ရှိတယ်ရယ်လို့ကို ခံစားလိုက်ရသလဲ။

သူမကိုယ်တိုင် စေ့စေ့ပါဖြင့် အဖြေမရသော အမေးတစ်ခုကို ခုထိ ခေါင်းထဲထည့်ထားမိဆဲ။ သတိလစ်ရာမှ ပြန်သတိရလာပြီးချိန်တွင်တောင်မှ နီတွေး တကယ်ရောက်လာခဲ့ပါတယ်ရယ်လို့ ယုံကြည်နေမိဆဲ ဖြစ်နေခဲ့သည်မှာ ယခုထိတိုင်ပင်။

✻ ○ ✻

www.burmeseclassic.com

www.burmeseclassic.com



"ဟန်မင်းဆက်ဟာ နိတွေးနဲ့
တကယ် စကားတွေ ပြောနေတယ်
နိတွေး တကယ်ရှိနေတယ်
နိတွေးဟာ ဟန်မင်းဆက် နားမှာ
အမြဲရောက်နေတယ်လို့ ယုံသွားခဲ့တဲ့
သူတစ်ယောက်တော့ ရှိနေသည်။
ထိုသူကား ...
မြကြာယံပဲ ဖြစ်လေသည် ...။ ...။"



ရှင်မိုး
(ဆေးတက္ကသိုလ်)
15th July Tuesday
2008.

www.burmeseclassic.com